ဖေမြင့်

ဆတ်သေချောင်းဒဏ္ဍာရီ

နှင့်

အခြားဝတ္ထုတိုများ



WHISPER OF WORDS

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ပုံနှိပ်မှတ်တမ်း။

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၂၀၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၃၁၀၅၀၈

မျက်နှာဖုံးသရုပ်ဖော် - ပိုပို

ထုတ်ဝေသူ ဦးဖေမြင့် (၀၂၂၅၉) ဖေမြင့်စာပေ၊ အမှတ် N-၆၊ ရွှေမာလာရိပ်မွန်
ဘုရင့်နောင်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ပထမအကြိမ်၊ ၂၀၀၅ခုနှစ်၊ စက်တင်ဘာလ၊

အုပ်ရေ

၁၀၀၀

မာတိကာ

ဆတ်သေချောင်းဒဏ္ဍာရီ

ငါမသေဘူးဆိုတဲ့လူ

ဇနီးမယားနှင့် ခရီးသွားခြင်း

ငရဲကြီးရှစ်ထပ်ရှိသည်ဟု ဆိုကြသည်

အရှုံးသမား

ပိုနေမြဲ ကျားနေမြဲ

မရိုးနိုင်သော ဇာတ်လမ်းတစ်ပုဒ်

အဆိပ်

ဇီဝက၏ သားမြေးများ

စာအုပ်ပိုး

ဖေမြင့်

ဆတ်သေချောင်းဒဏ္ဍာရီ

နှင့်

အခြားဝတ္ထုတိုများ

ဆတ်သေချောင်းဒဏ္ဍာရီ

တောသည် တိတ်ဆိတ်လျက်ရှိ၏။

နေ့လည်အချိန် ဖြစ်သော်လည်း ဆောင်းမကုန်တတ်သေးသဖြင့် နေက ခပ်နွေးနွေးမျှသာ။ တိတ်ဆိတ်သော တောအတွင်း တိတ်ဆိတ်ငြိမ်သက်၍နေသော သတ္တဝါတစ်ခုရှိသည်။ ရိုးမ၏ အဆွယ်အပွား တစ်ခုဖြစ်သော ဤတောင်ကြော တောတန်းကလေးအတွင်း ကျက်စားသွားလာ နေထိုင်တတ်သည့် ဆတ်သတ္တဝါတစ်ကောင်။

တောရိုင်းတိရစ္ဆာန်ဖြစ်သည် မှန်သော်လည်း ကျား၊ ခြင်္သေ့တို့ကဲ့သို့ ကြမ်းကြုတ်သော ရုပ်လက္ခဏာ မရှိ။ ကြီးမားသောခွန်အားနှင့် ကြောက်မက်ဖွယ် မာန်စွယ်များ၊ လက်သည်းခြေသည်းများ မရှိ။ သူ၌ မိမိကိုယ်ကို ကာကွယ်မည့် လက်နက်ကိရိယာဟူ၍ ဦးချိုတစ်စုံသာရှိ၏။ သို့သော် သူ့ထက်အင်အားကြီး၍ ရက်စက်ကြမ်းကြုတ်သော သတ္တဝါတို့၏ရန်မှ လွတ်မြောက်အောင် တိမ်းရှောင်တတ်သည့် သဘာဝဗီဇဉာဏ် တစ်ခုတော့ ရှိသေး၏။ သည်ဉာဏ်၏ အကူအညီဖြင့် သူသည် မိမိအသက်ကိုမိမိ ယခုအရွယ်ထိ စောင့်ရှောက်နိုင်ခဲ့ခြင်း ဖြစ်၏။

သည်ကနေ့ဆိုလျှင် သူသည် ပခုံးထိပ်အထိ အရပ်ငါးပေ ကိုယ်အလေးချိန် ပိဿာတစ်ရာ့ငါးဆယ်၊ နှစ်ပေသာသာမျှ ရှည်လျားသော ခက်ရင်းခွဦးချို၊ ပြည့်ဖြိုးသော ကိုယ်ကာယကို ပိုမိုစိုပြည်လှပစေသည့် ညိုရွှေရောင် အသွေးအမွေးတို့ဖြင့် ခံ့ညားသန်မာလှသော ဆတ်ထီးကြီးတစ်ကောင်အဖြစ် သည်တောင်စွယ် တစ်ခွင်ရှိ ဆတ်မတို့၏ စုံမက်နှစ်သက်ခြင်းကို ခံယူရရှိသူတစ်ဦး ဖြစ်နေပေပြီ။

တိတ်ဆိတ်သော တောနှင့် တစ်သားတည်းနှစ်မြုပ် ငြိမ်သက်နေသောသူ့ကို မြင်တွေ့နိုင်ရန် အလွန်ခဲယဉ်းသည်။ သူ့ အသွေးအရောင်က သူ့ကို ကာရံလွှမ်းခြုံထားသော ချုံပင်နွယ်ပင်များနှင့် တစ်ဆင်တည်း တစ်သွေးတည်း ဖြစ်နေသည်။ သူက ညခင်းဆည်းဆာချိန်ကို စောင့်ဆိုင်းနေခြင်း ဖြစ်သည်။ ထိုအချိန်ရောက်လာလျှင် သူ အစာထ၍ စားတော့မည်။ ကိုယ့်ထက်ငယ်သော အင်အားနည်းသော သတ္တဝါတစ်ကောင်ကို သတ်ဖြတ်စားသောက်မည်ကား မဟုတ်။ သူစားသည်မှာ မြက်ပင်နှင့် သစ်ရွက်သစ်သီး မျှသာ ဖြစ်၏။ ဒါကိုပင် နေဝင်ရီတရောလောက်ရောက်မှ သူ လုံခြုံစိတ်ချစွာ ထွက်၍စားမည် ဖြစ်၏။ သူက အလျှင်လိုသူမဟုတ်။ လောလောဆယ် ဆာလောင်မွတ်သိပ်နေခြင်းလည်း မရှိ။

စက္ကန့်တံမပါသည့် နာရီတစ်လုံးပမာ အေးဆေးတည်ငြိမ်စွာပင် အချိန်၏ ရွေ့လျားမှုနောက် စီးမျောလိုက်ပါလျက်ရှိသည်။

ရုတ်တရက်-

သဘာဝမကျသော အသံတစ်ခု သူ့နားမှာ ကြားလိုက်မိသည်။ မျက်နှာနှင့်မလိုက်အောင် ကြီးမားသော နားနှစ်ဖက်က ဘေးသို့ စွင့်စွင့်ကားကား ထွက်သွားသည်။ မျက်စိအားမကောင်းလှသော်လည်း သူ့နားက အလွန်ပါးသည်။ အတော်ဝေးဝေးဆီမှ အသံဗလံတချို့ သူကြားရသည်။ ကြားနေကျ အသံမျိုးမဟုတ်။ သည်အသံမှာ အန္တရာယ်ပါသည်ဟုလည်း အလိုအလျောက်ပင် ထင်လိုက်မိသည်။

လဲလျောင်းနေရာမှ သူ ဆတ်ခနဲ ထလိုက်သည်။ သေသေချာချာ နားစွင့်သည်။ အသံက သူနှင့် သိပ်တော့မနီး။ ပြီး စူးရှကျယ်လောင်သည့် အသံမျိုးလည်း မဟုတ်။ ထို့ပြင် သတ္တဝါတစ်ကောင်ကောင်၏ အသံမျိုးလည်းမဟုတ်။ အစုလိုက် အအုပ်လိုက် ရွေ့လျားသွားလာရာမှ ဖြစ်ပေါ်သည့် အသံမျိုး ဖြစ်သည်။ တစ်ချက်တစ်ချက် ခွေးဟောင်သံ သဲ့သဲ့လဲ သူ ကြားမိသလိုလို။

သူ ဆက်၍ နားစွင့်သည်။

အသံက ကြားတစ်ချက် မကြားတစ်ချက်၊ နောက် သေသေချာချာ မကြားရတော့။ စောစောက လှုပ်ရှားနေသည့်အရာများ ငြိမ်သက်သွားကြဟန်တူသည်။

ပြင်သည်။ အတန်ကြာရပ်၍ နားစွင့်သည်။ သူ စိတ်အေးသွားသည်။ သူ့ခြုံကလေးထဲမှာပင် အသာပြန်ခွေနေမည့်ဟန်။

သည်အခိုက်တွင် စောစောက အသံလာရာ နေရာများဆီမှပင် စူးရှကျယ်လောင်သည့် အော်သံဟစ်သံများ ရုတ်တရက် သူ ကြားလိုက်ရသည်။ တဖြုန်းဖြုန်းတဒိုင်းဒိုင်း ထုသံရိုက်သံများလည်း ပါသည်။ စူးစူးဝါးဝါး ခွေးဟောင်သံများ၊ ခွေးတွေ ပြေးကြလွှားကြသည့် အသံများလည်းပါသည်။

သူလန့်သွားသည်။

သည်အသံထုနှင့် ဝရုန်းသုန်းကား လှုပ်ရှားမှုက သူ့ဘက်ဆီသို့ ရွေ့လျားလာနေသည်ဟု သူထင်သည်

သူ ဘယ်ဆီ ပြေးရမည်မှန်းမသိ။ ချုံထဲမှာပင် ရပ်နေသေးသည်။ အသံတွေက သူ့ဘက်နီးလာတာ သေချာသည်ဟု သူသိလိုက်သည်။ ပို၍ လျင်လျင်မြန်မြန် ရွေ့လျားလာနေသည်ဟုလည်း သူသတိပြုမိသည်။

ချုံထဲမှ ထွက်ကာ အသံလာရာနှင့် ဆန့်ကျင်ဘက်အရပ်သို့ သူပြေးသည်။ အသံလာရာ နေရာတွေက ကျယ်ဝန်းသည်။ အနောက်ဘက်၊ မြောက်ဘက် တစ်ခြမ်းလုံး။

နီးလာပြီ။

သူ ခပ်သွက်သွက် ပြေးသည်။ တောင်စောင်းနှစ်ခုကြား လျှိုထဲ စုန်ပြေးသည်။ ကုန်းစောင်းတစ်ခုပေါ် ပြေးတက်သည်။

သစ်ပင်တွေကြားက ဖြတ်ကာ ကုန်းကြောအတိုင်း ပြေးသည်။ အသံတွေက အဆက်မပြတ် ဆူညံနေဆဲ။ ပို၍ပင် ကျယ်လောင်လာသလို ထင်ရသည်။ ကုန်းစောင်းအတိုင်း ဆင်းပြေးသည်။ နောက်ထပ် ကုန်းနိမ့်ကလေး ပြေးတက်သည်။ ထို့နောက် ပြေးဆင်းသည်။ သစ်ပင်တွေကြား ဖြတ်ပြေးနေရာက ဘွားခနဲ ကွင်းပြင်ကြီး တစ်ခုကို မြင်တွေ့လိုက်ရသည်။

သူသိသော ကွင်းပြင်ပင်။ သို့သော် နွေခင်းပိုင်းအချိန်မျိုးတွင် သည်ကွင်းပြင်အနီးသို့ သူတစ်ခါမှ ချဉ်းကပ်ဖူးလေ့မရှိ။ ကွင်းပြင်ဆိုသည်က အန္တရာယ်ဖြစ်သည်။

သူနောက်ဘက် ပြန်ဆုတ်သည်။ သစ်ပင်ချုံပင်များကြား တိုးဝင်သည်။ သို့သော် ခွေးဟောင်သံ ဝရုန်းသုန်းကား တောတိုးသံတွေက တောတန်းတောင်စောင်း တစ်ခွင်လုံးဆီမှ သူ့ဘက်သို့ ဝန်းရံပိတ်ဆို့ လာနေသည်။ သိပ်နီးလာပြီ။ စောစောက နေရာလေးဆီသို့ သူပြန်ဆင်းလာသည်။ ကွင်းပြင် ကွက်လပ်၏ အရှေ့ဘက်ခြမ်းမှာ တောအုပ်တစ်ခု ရှိသည်။

ကွင်းပြင်ကိုဖြတ်ကာ တောအုပ်ဆီသို့ သူပြေးသည်။ သူ ကွင်းလယ်အရောက်တွင် အရှေ့ဘက်ခြမ်း ဆီကပါ ရုတ်တရက် ဆူဆူညံညံ အော်သံများ ထွက်လာသည်။ ခွေးတစ်ကောင် နှစ်ကောင် ဟောင်ရင်း ပြေးလာသည်။ လူတွေ ရုတ်ရုတ်သဲသဲ မြင်ရသည်။ သူ နောက်ဘက် ပြန်လှည့်သည်။ နောက်ဘက်မှာလည်း လူတွေ ခွေးတွေ အော်ဟစ်လာနေကြသည်။

သူ့ကို သုံးဖက်သုံးတန် ပိတ်ထားကြပြီ။ ပြေးစရာလမ်း တစ်လမ်းပဲရှိတော့သည်။ သို့သော် သည်လမ်းရှေ့မှာ တောမရှိ။ တောင်မရှိ။ ကွင်းပြင်ကိုသာ မျက်စိတစ်ဆုံး မြင်နေရသည်။ သူ သည်လမ်းအတိုင်းပင် အားသွန်၍ ပြေးတော့သည်။

သူ့နောက်က ညာသံပေး၍ လိုက်သူတွေ လိုက်လာသည်။ ခွေးတွေက ရှေ့က။

သူ မောလာသည်။ သို့သော် ရှေ့ဆီသို့ ရှိသမျှ အင်အားဖြင့် သွန်၍ပြေးသည်။

ရုတ်တရက် ကွင်းပြင်က ဆုံးသွားပြီး ကွင်းအဆုံးမှာ ရေပြင်ကို လှမ်းမြင်ရသည်။

သူက ရေကြောက်တတ်သူ မဟုတ်။ ရေကောင်းကောင်း ကူးတတ်သည်။ ချောင်းကမ်းပါးအတိုင်း ဒရောသောပါးဆင်းကာ ရေထဲ သူ ခုန်ချလိုက်သည်။ ရေထဲရောက်လျှင် ရန်သူများလက်က လွတ်မြောက်လိမ့်မည်ဟု သူ ထင်လိုက်မိသည်။

သူ့အထင် မှားသည်။ ရန်သူတွေက ရေထဲထိ လိုက်လာကြသည်။ လှေတစ်စင်းနှင့် သူ့နောက်က ပေါ်လာသည်။ သူ့ကို တစ်ဖက်ကမ်းသို့ အတင်း မောင်းကြသည်။

သူ အမောဆို့လာသည်။ ကြောက်အားလန့်အားနှင့် ဆက်ကူးသည်။ တစ်ကိုယ်လုံး ရေထဲမြုပ်ထားပြီး ချိုနှင့် မျက်နှာလေးသာ ဖော်ကာ အားကုန်ညှစ်၍ ကူးခပ်သည်။

ခြေထောက်တွေက အားမရှိတော့သလို ဖြစ်လာသည်။ ရင်ဘတ်က ကွဲထွက်တော့မတတ် တင်းကျပ်နာကျင်လာသည်။ ဘယ်လောက် ဝေးဝေး ကူးခပ်ရဦးမည်လဲ။ ယခုနေ အားလျှော့လိုက်လျှင် ရေထဲ စုန်းစုန်းမြုပ်သွားတော့မည်မှာ သေချာသည်။

ရုတ်တရက် ရွှံ့မြေကို ခြေနှင့် ကန်မိသည်။ ကမ်းနား ရောက်လာပြီ။ အားခဲ၍ ကူးကာ ကမ်းစပ်သို့ တက်လာသည်။ သဲနုန်းစပ်ကမ်းပေါ် သို့ တစ်လှမ်းနှစ်လှမ်း လှမ်းအပြီးမှာပင် ဘုန်းခနဲ လဲကျသည်။ သူ မလှုပ်နိုင်တော့။ လှုပ်ရှားချင်စိတ်လဲ မရှိတော့။ ကိုယ့်ကိုကိုယ် သေသလား ရှင်သလားပင် မသိချင်တော့။

သည်အချိန်မှာပင် သူ့နံကြားထဲသို့ ချွန်ထက်သော သတ္တုသွားတစ်ခု ထိုးစောင့်ဝင်လာသည်ကို စူးခနဲ အောင့်ခနဲ ခံစားလိုက်ရသည်။

သည့်နောက်တွင်မူ သူ ဘာမှ မသိတော့။

“ဒီလိုနည်းနဲ့ ဒီချောင်းမှာ သေခဲ့ရတဲ့ ဆတ်တွေ မရေမတွက်နိုင်အောင် ရှိခဲ့တယ်။ ဆတ်သေချောင်း ဆိုတဲ့ နာမည်ကို ဘယ်တုန်းက ဘယ်သူစပေးခဲ့သလဲတော့ မသိဘူး။ ဒါပေမဲ့ ဒီနာမည်နဲ့ လိုက်အောင် ဒီနေ့ထိ ဒီချောင်းမှာ ဆတ်တွေ သေနေဆဲပဲ”

သူငယ်ချင်းက ကျွန်တော့အား ဆတ်သေချောင်း၏ ဗျူပွတ်ကို ရှင်းရင်း သည်ချောင်းရိုးတစ်လျှောက် ဒေသခံလူများ၏ အမဲလိုက်ပုံ နည်းလမ်းတစ်ခုအကြောင်း ကွက်ကွက်ကွင်းကွင်း ပီပီပြင်ပြင် မြင်အောင် ပြောပြနေခြင်းဖြစ်သည်။

အင်း... အတော် စာနာမှုနည်းပါးတဲ့ အမဲလိုက်နည်းမျိုးပဲ အမဲလိုက်တဲ့အလုပ်ကို အားကစားလို သဘောထားပြီး သားကောင်ဘက်ကိုပါ အခွင့်အရေးပေးမယ်ဆိုတဲ့ သဘောထားမျိုးရှိတဲ့ မုဆိုးတွေကတော့ တော်တော်မတရားတဲ့ အမဲလိုက်နည်းလို့ မှတ်ချက်ချကြမှာပဲ” ကျွန်တော်က ဝေဖန်လိုက်သည်။

သူငယ်ချင်းက ဘာမှ မပြော။

ကျွန်တော့်အာရုံ၌မူ ရွှံ့နွံစပ်တွင် အမောဆို့ပြီး လဲကျသွားစဉ် လှံတန်းလန်း ထိုးစိုက်ခံလိုက်ရသော ဆတ်ကြီး၏ ရုပ်သွင်ကို မြင်ယောင်ကာ ကိုယ်တိုင် ရင်ထဲမောကျပ်သလို ခံစားလိုက်ရသည်။

“ခင်ဗျား ပြောတဲ့ ဆတ်လိုက်ခန်းသာ ကျွန်တော်စောစောက ကြားထားရင် ဒီချောင်းထဲ ရေဆင်းကူးရဲမှာ မဟုတ်ဘူး။ ညနေက ခင်ဗျား ရောက်မလာခင် ကျွန်တော် ရေကူးသေးတယ်။ ချောင်းက ဒီအတိုင်းကြည့်တော့ သိပ်မကျယ်သလိုနဲ့ ကူးတော့ အတော်ကူးရသားဗျ။ ဟိုဘက်ကမ်းကို ကူးတုန်းက သိပ်မပင်ပန်းသလိုနဲ့ ဒီဘက်ပြန်ကူးတော့ အတော် အမောဆို့သွားတယ်။ ရေစပ်မှာ စိမ့်ထိုင်ပြီး အတော်ကြာကြာ အမောဖြေနေရတယ်။ အဲဒီ အချိန်မျိုး ကမ်းထိပ်က ဆီးပြီး လှံနဲ့ပဲ ထိုးထိုး၊ ဓားနဲ့ပဲ ခုတ်ခုတ် ဘာမှ ပြန်လုပ်နိုင်မှာ မဟုတ်ဘူး၊ ငုတ်တုတ်ခံရမှာပဲ"

သူငယ်ချင်းက ခေါင်းညိတ်သည်။

“မှန်တာပေါ့ဗျာ၊ တစ်ချိန်တုန်းက ဒီချောင်းမှာ ဆတ်မောင်းသလို မောင်းချခံရပြီး ဆတ်သေသလို သေခဲ့ရတဲ့ လူတွေ အများကြီး ရှိခဲ့တာပေါ့။ တကယ်တော့ ဒီနေရာဟာ အတော့်ကို ကြမ်းတမ်းခဲ့တဲ့ နေရာ တစ်ခုပဲဗျ”...

မှန်သည်။ သည်နေရာအကြောင်း ကျွန်တော် တစ်စွန်းတစ်စ ကြားဖူးသည်။ သည်နေရာသည် ကျွန်တော်တို့ နိုင်ငံ လွတ်လပ်ရေးရပြီးစ ကာလ အင်အားစုမျိုးစုံ အုပ်စုမျိုးစုံတို့ တန်ခိုးပြိုင်ကြ ရင်ဆိုင်အနိုင်လုကြစဉ်က အတော်ပင် ဆိုးခဲ့ကြမ်းခဲ့သော နေရာတစ်ခု ဖြစ်ခဲ့သည်။ ဆိုးသည့်ကြမ်းသည့်အရာ၌ ထင်ရှားခဲ့သော ပုဂ္ဂိုလ်အချို့၏ အမည်နာမများကိုလည်း ကျွန်တော် ကြားခဲ့ဖူးသည်။ သို့သော် တိတိကျကျ ရေရေရာရာကား မသိဖူးခဲ့။

ယခု သည်နယ်ပယ်မှ ဖြတ်သန်းသွားသည့် လမ်းသစ်ကို တာဝန်ယူနေရသည့် သူငယ်ချင်း အင်ဂျင်နီယာက အလည်ခေါ် သဖြင့် ဆတ်သေချောင်းနံဘေးရှိ သူ စတည်းချရာ ဌေ့ရိပ်သာတစ်ပိုင်း နေအိမ်တစ်ပိုင်း ဂေဟာမှာ ကျွန်တော် ရောက်ရှိနေခြင်း ဖြစ်သည်။

“မောင်ထွေးရေ လှမ်းအော်သည်။ မရသေးဘူးလားဟ” သူငယ်ချင်းက စကားပြောနေရာက နောက်ဖေးဘက်...

“ရပါပြီ ခင်ဗျ။ အခုပဲ လာပါတော့မယ်” နောက်ဖေးခန်းမှ တပည့်က ပြန်ဖြေသည်။

မကြာခင်ပင် တပည့်ကျော်က ရမ်နှင့် ဆိုဒါပုလင်းများ ထုတ်လာပြီး စားပွဲမှာတင်သည်။ ထိုနောက် ဖန်ခွက်နှစ်ခွက်နှင့် ရေခဲဘူး ရေခဲညှပ်များ ယူလာသည်။ ထိုနောက် မြေပဲကြော်ပန်းကန်နှင့် ဆတ်သားခြောက်ဖုတ်၊ ဆတ်သားခြောက်ဖုတ်ကို မွမွလေးမျှင်ပြီး ဆီဆမ်းထားသည်။ ထိုနောက် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ သံပုရာသီးစိတ်များ၊ ထို့နောက် လက်သုတ်ပုဝါ။

“အမြည်းက ဒါပဲလားကွ" သူငယ်ချင်းက မေးသည်။

“ရှိပါတယ် ဆရာ၊ ချေသားချက်ထားတာ ခဏနေရင် ကျက်မယ်" တပည့်က ဖြေသည်။

“ချေသားက ထမင်းနဲ့ပဲ စားတာပေါ့ကွာ၊ အခု ဟိုကောင်တစ်ကောင် ခပ်မြန်မြန်လေး လုပ်လိုက်ပါလား" သူငယ်ချင်းက အိမ်ရှေ့ခြံထဲသို့ မေးငေါ့ပြလိုက်သည်။ ခြံက အတော်ကျယ်သည်။ ခြံစည်းရိုး အပြင်ဘက်တွင် လမ်းမရှိ။ ခပ်လှမ်းလှမ်းဆီမှ ငြိမ့်ညောင်းစွာ စီးဆင်းသွားနေသည့် ဆတ်သေချောင်းသာ ရှိသည်။

သူငယ်ချင်းတပည့်က “ဟုတ်ကဲ့ ဆရာ” ဟု ဆိုကာ မီးဖိုချောင်ဘက် ပြန်ဝင်သွားသည်။

“ကဲ .. လုပ်ရအောင်” သူငယ်ချင်းက ပြောပြောဆိုဆို ဖန်ခွက်များထဲ ရမ်လက်နှစ်လုံး ရေခဲနှစ်တုံး ဆိုဒါ ပြည့်လုနီးပါး ထည့်ပြီး ကျွန်တော့်ဘက် တစ်ခွက် ကမ်းပေးသည်။

“ကျွန်တော် သောက်နေကျအတိုင်း စပ်လိုက်တာပဲ။ ပျော့သွားရင် ရမ် နည်းနည်း ထပ်ထည့်ဗျာ"

ကျွန်တော်က ရေခဲ ပျော်အောင် ခပ်သာသာ လှုပ်ပေးနေပြီး ဖန်ခွက်

နည်းနည်း အေးလာတော့မှ တစ်ကျိုက်မော့သောက်သည်။ မဆိုး။ “ကောင်းတယ် အနေတော်ပဲ၊ ကျွန်တော်လဲ ဒီလိုဘဲ သောက်လေ့ရှိတယ် ခင်ဗျားရမ် ကောင်းတယ်ဗျ ဆိုဒါလဲ ကောင်းပုံရတယ်"

သူငယ်ချင်းက ကျေနပ်စွာပြုံးသည်။

လေးလေးစားစား “ရမ်ကတော့ ကျွန်တော်တို့ဆီမှာ မခဲယဉ်းဘူးဗျ ဆိုဒါအတွက်သာ အထူးစီစဉ်ရတာ။ ဘိလပ်ရည်လုပ်တဲ့ မိတ်ဆွေ တစ်ယောက်ဆီမှာ စပါယ်ရှယ်မှာပြီး များများ စတိုလုပ်ထားရတယ်၊ ရေခဲအတွက်လဲ နည်းနည်း ကရိကထ ခံရတယ်၊ ကိုယ်က ဆိုဒါလေး ရေခဲလေးနဲ့မှ သောက်ချင်တာဆိုတော့ ဒီကိစ္စကို စီမံဖန်တီးရတာပေါ့ဗျာ ရမ်ကို ပူပူလောင်လောင်ကြီး သောက်ရတာ စိတ်ညစ်တယ်ဗျ၊ မသောက်ဘဲကလဲ မနေနိုင်ဘူး၊ လုပ်စမ်းပါဦး၊ ဆတ်သားခြောက်လဲ မြည်းကြည့်စမ်းပါ၊ ဒါက ချောင်းထဲကကောင် မဟုတ်ဘူး။ ကျွန်တော့အသိ မုဆိုးတစ်ယောက်ဆီက ရတာ၊ သူက သေနတ်သမား၊ သေနတ်နဲ့ ပစ်တဲ့အကောင်က ပိုအရသာ ရှိတယ်ဗျ၊ ပိုချိုတယ်၊ ရေထဲမှာ အမောဆို့ပြီး သေတဲ့အကောင်က အချိုဓာတ် လျော့သွားတယ်။”

ဆတ်အကြောင်း ပယ်ပယ်နယ်နယ် ပြောရင်း ဆတ်သားခြောက်ကို မြည်းရသည်မှာ အားနာစရာ ကောင်းသလိုပင်။ သို့သော် ဒီနေရာက ခပ်ကြမ်းကြမ်းဟု ဆိုထားလေတော့ ကိုယ်လည်း သည်နေရာ ရောက်တုန်းရောက်ခိုက်မှာ ပျော့ပျောင်းတဲ့စိတ်တွေ နည်းနည်း ဘေးဖယ်ထားဦးမှဟု တွေးလိုက်မိသည်။

စားကြည့်တော့လည်း ဆတ်သားခြောက်က တကယ်ပင် အရသာ ရှိနေသည်။ ရွှရွှမွမွ ချိုချိုဆိမ့်ဆိမ့်။

ဆတ်သားခြောက်ကို အရသာခံနေဆဲ သူငယ်ချင်းက ပြောသည်။

“ဟိုမှာ ကြည့်ဦးဗျ၊ ကျွန်တော့် တပည့်ကျော် လက်စွမ်းပြလိမ့်မယ်”

စောစောက မီးဖိုချောင်ဘက် ဝင်သွားသည့် သူ့တပည့်ကျော် မောင်ထွေးက နောက်ဖေးလှေကားမှ ဆင်းသွားသည် ထင်သည်။ အိမ်ရှေ့ခြံဝင်းထဲသို့ လေးခွတစ်လက်နှင့် ရောက်နေသည်။ သူ့ရှေ့ခပ်လှမ်းလှမ်းရှိ သရက်ပင်ငယ်၏ အနိမ့်ပိုင်း ခါးစောင်းလောက် မြင့်မည့် သစ်ကိုင်း တစ်ကိုင်းပေါ်တွင် ခပ်ရွယ်ရွယ် ကြက်ဖတစ်ကောင်။

အန္တရာယ်ကို မသိသည့် ကြက်က ခပ်အေးအေး။ မောင်ထွေးက ငါးကိုက်ခြောက်ကိုက် အကွာလောက်မှ ရပ်ကာ သေသေချာချာ ချိန်ရွယ်ပြီး

ပစ်ထည့်လိုက်သည်။ လောက်စာလုံးက ကြက်ဖနားထင် တည့်တည့်ကို ဖောက်ခနဲ မှန်ပြီး ကြက်ဖ အောက်သို့ လန်ကျသည်။ မောင်ထွေး ကြက်ကို အသာ ကောက်ယူကာ ခြံနောက်ပိုင်းသို့ သွားသည်။

“လွယ်လှချည်လားဗျ” ကျွန်တော်က သူ လုပ်ပုံကိုင်ပုံ သေသပ်လွယ်ကူလှသည်ကို ကြည့်ကာ မှတ်ချက်ချလိုက်မိသည်။

“ဒါလောက်ကတော့ အသာလေးပေါ့ဗျ၊ ဟောဟို လဲပင်တွေ့တယ် မဟုတ်လား၊ လဲပင်ပွင့်တဲ့အချိန် အပင်ထိပ်ဖျား လာနားတဲ့ ဇရက်တို့ ချိုးညှင်းတို့တောင် ဒီကောင်က တစ်လှည့်တစ်ကောင် မှန်အောင် ပစ်ချနိုင်တယ်၊ ဒါပေမဲ့ သူ့ကို သွားပြီး သိပ်လက်ဖြောင့်တာပဲလို့တော့ မချီးမွမ်းလေနဲ့ သူ ငယ်ငယ်တုန်းက လောက်စာလုံး သုံးလုံးတည်းနဲ့ ငှက်လွယ်တစ်ကောင် ရအောင် ပစ်ခဲ့တဲ့ အကြောင်းတွေ လျှောက်ကြွား လိမ့်မယ်”

“သူပြောတာလဲ တကယ် ဟုတ်ချင် ဟုတ်မှာပဲဗျ”

“ဟုတ်ချင် ဟုတ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ကျွန်တော်ပဲ ချီးကျူးချင် ချီးကျူးမယ် သူ့ကိုယ်သူ ချီးမွမ်းပြီး ပြောနေရင် နားထောင်လို့ မရဘူး၊ ‘တော်ပါတော့ကွာ၊ မင်း ကြွားမနေပါနဲ့၊ မင်းကို ချီးကျူးစရာရှိရင် ငါပဲ ချီးကျူးမယ်၊ မင်းဘာသာမင်း မချီးကျူးနဲ့’ လို့ ကျွန်တော် ပိတ်ပြောထားတယ်၊ ဒါပေမဲ့ ဒီကောင် တော်တာတော့ အမှန်ပဲဗျ၊ ဘက်စုံ အားကိုးရတယ်” သူငယ်ချင်းက သူ့ တပည့်ကို သူ သဘောကျစွာ အားပါးတရ ပြောနေသည်။

သူ့တပည့်ကလည်း အတော် အားကိုးရသည့် တပည့်ဟု ဆိုရလိမ့်မည်။ လေးခွစွမ်း ပြသွားပြီး ဘာမှ ကြာသည် မထင်လိုက်ရ၊ ကျွန်တော်တို့ နှစ်ယောက် ကျောင်းနေဖက် သူငယ်ချင်းတွေ အကြောင်း ဘယ်သူက ဘယ်မှာ ကြီးပွားနေ၍ ဘယ်သူကတော့ ဘယ်ရောက်ပြီး ဘာတွေ ဖြစ်နေသည့် အကြောင်းများ ပြောရင်းဆိုရင်း စားသောက်ရင်းနှင့် ဆတ်သားခြောက် ပန်းကန် ကုန်ခါနီးလောက်တွင် တပည့်ကျော်က ကြက်ကျော်ပန်းကန်ကြီးနှင့် ရောက်လာသည်။

ကြက်သားကို သပ်သပ်ရပ်ရပ် လှလှပပ အနေတော် တုံးထားသည်။ အရောင်အသွေးကလည်း အနေတော် အနံ့က စားချင့်စဖွယ် သင်းပျံ့နေသည်။

ကျွန်တော်က ဖန်ခွက်ထဲက လက်ကျန်ကို မော့ချလိုက်ကာ အသားများများပါသည့် ကြက်ကြော်တစ်ဖဲ့ ကောက်စားသည်။ ကြက်ကြော်က နူးအိနေသည်။ ချိုသည်။ ဆိမ့်သည်။

“အင်း… ကောင်းတယ်ဗျ ကြော်တဲ့လူ တကယ်တော်တယ်ဗျာ၊ ကြက်ကလဲ လတ်လတ်ဆတ်ဆတ် မို့လား မသိဘူး။ သိပ်အရသာ ရှိတယ်”

ကျွန်တော်က ချီးကျူးလိုက်သည်။

“လတ်တာတော့ မပြောနဲ့ ဆရာရေ့၊ ပန်းကန်ထဲက ထခွပ်မှာတောင် ကြောက်ရတယ်”

မောင်ထွေးက ပြောသည်။ ပြီးတော့မှ…

“ကျွန်တော် တော်တဲ့အကြောင်းတော့ ကျွန်တော် မပြောပါဘူး၊ ကျွန်တော့် ဆရာ ပြောပါလိမ့်မယ်"

သူ့ဆရာက ရယ်နေရင်း ကျွန်တော့် ဖန်ခွက်ကို ထပ်ဖြည့်ပေးသည်။

“စိတ်ချပါကွာ၊ မင်းတော်တဲ့ အကြောင်း ငါကြွားပြီးပါပြီ”

ကျွန်တော်က သူစပ်ပေးသည့်ခွက်ကို တစ်ကျိုက် သောက်လိုက်ပြီး နောက်တစ်ဖွဲ့ ကောက်ဝါးသည်။

“ကောင်းတယ်၊ အရသာ ရှိတယ်၊ ကျွန်တော်က အသားထဲမှာ ကြက်သား အကြိုက်ဆုံးဗျ ချေသားတို့ ဆတ်သားတို့က တစ်ခါတစ်ရံမှ စားရတာမို့ တန်ဖိုးထားပြီး စားနေရတာ ကြက်ကတော့ အမြဲတမ်း အရသာ ရှိတယ်"

သူငယ်ချင်းက ကျွန်တော့်စကားကို နားထောင်ကာ ခေါင်းညိတ်သည်။

“ဒါဆိုရင် ခင်ဗျား ထွန်းငြိမ်း သူငယ်ချင်းပဲဗျ”

“ဘယ်လိုဗျာ”

“ဒီနယ်မှာတော့ ကြက်သား သိပ်ကြိုက်တဲ့လူဆိုရင် ထွန်းငြိမ်းသူငယ်ချင်းလို့ ပြောကြတယ်၊ ကလေးတွေ ဆိုရင်လဲ ထွန်းငြိမ်းသေလို့ ဝင်စားတာလို့ ပြောလေ့ရှိတယ်"

“ထွန်းငြိမ်းဆိုတာ ဟို .. ထွန်းငြိမ်းလား”

ကျွန်တော်က တစ်ချိန်က သည်နယ်မြေတွင် လှုပ်ရှားခဲ့သည့် နာမည်ဆိုးနှင့် ကျော်ကြားဖူးသော ပုဂ္ဂိုလ်ကြီး တစ်ယောက်ကို ညွှန်းဆို မေးမြန်းလိုက်ခြင်း ဖြစ်သည်။

“မှန်တာပေါ့။ ထွန်းငြိမ်းက လူသတ်တာ နာမည်ကြီးသလို

ကြက်သားကြိုက်တာလဲ နာမည်ကြီးတယ်၊ ထွန်းငြိမ်း အရက်သောက်ရင် အမြည်းက ကြက်ကြော်ပဲ၊ ကြက်အကောင်သေးသေး နူးနူးညံ့ညံ့မှ၊ အစားကလဲ ကြီးတယ်၊ ထမင်းမစားဘဲ ကြက်သားချည်း စားသလား မသိဘူး၊ တစ်ကောင်ပြီး တစ်ကောင် ကြော်ပေးရတယ်လို့ ပြောကြတယ်”

“တစ်ခါတလေ သံပုံးကင် လုပ်ခိုင်းတယ်၊ ကြက်သံပုံးကင် ဆိုတာက ကြက်ကို အမွေးနုတ်၊ ဆေးကြောသုတ်သင်၊ ဆားနနွင်း လူးပြီး တံစို့ထိုး၊ မြေကြီးမှာ တစ်မိုက်လောက် ပေါ်ရုံမြှုပ်ထားတဲ့ ဝါးဆစ်ခေါင်းမှာ တံစို့ကိုစွပ်၊ ပြီးတော့ အဲဒီ တံစို့ထိုးထားတဲ့ ကြက်ကို ရေနံသံစည်ပုံးနဲ့ အုပ်၊ ကောက်ရိုးတစ်ပွေ့လောက် သယ်လာပြီး သံစည်ပုံးကို ကောက်ရိုးနဲ့ အုံလိုက်၊ အဲဒီ ကောက်ရိုးပုံကို မီးရှို့လိုက်ရင် မီးလဲ ငြိမ်းရော သံပုံးထဲက ကြက်ဟာ ကျက်တာပဲ၊ နူးအိသွားတာပဲ”...

“ဒီနေရာမှာ ပညာက ကောက်ရိုး အနည်းအများနဲ့ ကြက်သား အနုအရင့် ချိန်ဆတတ်ဖို့ပဲ၊ တစ်ကြိမ်နှစ်ကြိမ် လုပ်ကြည့်ဖူးရင်တော့ မှန်းလို့ရသွားတယ်၊ ထွန်းငြိမ်း ခေတ်ကောင်းတုန်း သောင်းကျန်းလို့ ကောင်းတုန်းကဆိုရင် ထွန်းငြိမ်းတပည့်တွေ ရောက်လေရာ အရပ်မှာ ကြက်တောင်းလိုက်၊ အရက်တောင်းလိုက် သံစည်ပုံးတောင်းလိုက်၊ ကောက်ရိုးတောင်းလိုက်နဲ့ လူတွေ အတော် စိတ်ညစ်ရတယ်လို့ ပြောကြတယ်၊ အဓိကကတော့ အနီးဝန်းကျင် ရွာတွေပေါ့ဗျာ”

ပတ်ဝန်းကျင်ကို ကျွန်တော် လှမ်းမျှော်ကြည့်မိသည်။ ညှော့ရိပ်သာ၏ အနောက်ဘက် ခပ်လှမ်းလှမ်းတွင် နေအိမ်စုစုကို မြင်ရသည်။ ချောင်းသည်ဘက်ကမ်း ရွာ၏ အစွန်ပိုင်း အိမ်များ ဖြစ်သည်။

ချောင်းတစ်ဘက်ကမ်းတွင်မူ ကမ်းပါးနှင့် ခပ်နီးနီး၌ သစ်ပင်နှစ်ပင်နှင့် တဲအိမ်ငယ်တစ်လုံး၊ ထိုနောက်ဘက် ခပ်လှမ်းလှမ်းမှာ ထုံးဖြူဖြူစေတီနှင့် တောင်ကုန်းတစ်ခု၊ တောင်၏ အရှေ့ဘက် ခပ်ဝေးဝေး တစ်နေရာ၌ ရွာငယ်စုစုတို့ကို လှမ်းမြင်ရသည်။

“အဲဒီတုန်းက အကြောင်းတွေ ပြောစမ်းပါဦးဗျ"

“အဲဒီတုန်းက ဒီနေရာကလူတွေ ဘယ်လိုနေကြရသလဲတော့ မသိဘူး။ အခုအချိန် ပြန်နားထောင်ရတဲ့ ဇာတ်လမ်းတွေကတော့ စိတ်ဝင်စားစရာချည်းပဲဗျ၊ တကယ် အပြတ်မိုက်တယ်ဆိုတဲ့ လူတွေချည်းပဲ၊ ထွန်းငြိမ်းအကြောင်း၊ ထွန်းငြိမ်းတို့ ညီအစ်ကိုသုံးယောက်အကြောင်း၊ သူတို့ တပည့်တွေ၊ သူတို့နဲ့ ဆက်စပ်ပြီး ပြဿနာဖြစ်ကြသူတွေအကြောင်း၊ ဒီအရပ်ကလူတွေ ဒီနေ့ထိ ပြောလို့မရိုးနိုင်ကြသေးဘူး၊ အချိန်က နှစ်ပေါင်းလေးဆယ်လောက် ကြာသွားပြီပေါ့၊ ဒါပေမဲ့ အဲဒီတုန်းက ကိုယ်တွေ့ကြုံခဲ့ရသူတွေ ဒီနားတစ်ဝိုက် ရွာတွေမှာ အများကြီး

ရှိနေကြသေးတာဆိုတော့ သွားပြီး စကားစလိုက်ရင် ခရေစေ့တွင်းကျ ပြန်ပြောပြနိုင်ကြတယ်၊ ထွန်းငြိမ်းအကြောင်း စမိရင် စကား မဆုံးတော့ဘူး ...”

“ထွန်းငြိမ်းတို့က ညီအစ်ကို သုံးယောက်ရှိတယ်ဗျ၊ ထွန်းငြိမ်း ထွန်းသိန်း၊ ထွန်းအောင်၊ အဓိက ကတော့ ထွန်းငြိမ်းပေါ့လေ၊ ထွန်းငြိမ်းဟာ အစတုန်းကတော့ အများနည်းတူ စွန့်စားချင်စိတ်ရှိတဲ့ လူငယ်တစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်.... လွတ်လပ်ရေး ရတဲ့အချိန်ထိ သူနဲ့ပတ်သက်လို့ အပြစ်ပြောစရာ အကြောင်း သိပ်မရှိခဲ့ဘူးလို့ ဆိုတယ်၊ လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်း တိုက်ခဲ့တဲ့ လူတစ်ယောက်လို့ ပြောလို့ရတယ်၊ ဒါပေမဲ့ လွတ်လပ်ရေးရပြီးစ တစ်နိုင်ငံလုံးနည်းတူ ဒီနားတစ်ဝိုက်မှာလဲ အလံနီ၊ အလံဖြူ၊ ပြည်သူ့ရဲဘော်စသဖြင့်၊ အဲဒီအောက်မှာမှ တစ်ခါထပ်ပြီး ဘယ်သူ့ဂိုဏ်း၊ ဘယ်သူ့အုပ်စု စသဖြင့် အုပ်စုတွေ အများကြီး၊ ဗိုလ်တွေ အများကြီး ဖြစ်လာကြပြီး အချင်းချင်း တိုက်ကြခိုက်ကြ၊ နယ်မြေများများ စိုးမိုးထားနိုင်အောင် ကြိုးပမ်းလာကြတဲ့ကာလမှာ ထွန်းငြိမ်းဟာ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ အုပ်စုဗိုလ် တစ်ယောက်အနေနဲ့ နာမည်ကြီးလာခဲ့တယ် အဲဒီတုန်းက ဒီနယ်တစ်ခွင်မှာ ထွန်းငြိမ်းအရှိန်အဝါ ထွန်းငြိမ်းနာမည်ဟာ ဒီခရိုင်တစ်ခုလုံးသာမက ပြည်နယ်အောက်ပိုင်း တစ်ခုလုံးအထိ ပျံ့နှံ့ခဲ့တယ်၊ ထွန်းငြိမ်း တပည့်တွေဟာ သူတို့ သိမ်းပိုက်ထားတဲ့ နယ်ထဲမှာ ပုံမှန်အခွန်ကောက်တယ်၊ သူတို့ မျက်စိကျသမျှ ဟိုဟာ ကောက်သိမ်း၊ ဒီဟာကောက်သိမ်း သိမ်းတယ်၊ သူတို့ မပိုင်တဲ့နယ်တွေထဲလဲ အလစ်ဝင်ပြီး ဓားပြတိုက်တယ်၊ လုတယ်၊ ယက်တယ်၊ လူသတ်တယ်၊ သူ့တပည့်တွေက လက်မရွံ့တွေချည်းပဲ၊ ဒါပေမဲ့ တပည့်တွေ လက်မရွံ့ဘူးဆိုတာ သူတို့ဆရာကြီး အိပ်နေသလောက်ပဲ ရှိတယ်လို့ ပြောကြတယ် ...

“ထွန်းငြိမ်းဟာ လက်နက်ကိရိယာကို အလွန်ခုံမင်တယ်၊ လူသတ်လက်နက်ကို အနုပညာပစ္စည်းလို လည်း တန်ဖိုးထားတဲ့လူမျိုး၊ သူ့မှာ ဓားမြှောင် အမျိုးမျိုးရှိတယ်၊ အကြီးအသေး မျိုးစုံ စုဆောင်းတတ်တယ် သူ့ကိုယ်ပေါ်မှာ ဓားတစ်ချောင်း နှစ်ချောင်း အမြဲရှိတယ်လို့ ဆိုတယ်၊ ဓားကိုင် အင်မတန်ကျွမ်းတယ်၊ ဓားပေါက်တဲ့နေရာမှ သိပ်လက်ဖြောင့်တယ်လို့ ဆိုကြတယ်၊ ဓားဝါသနာပါသလို သေနတ်ကိုလဲ လက်ကမချဘူး၊ ပစ္စတိုတို့ ခြောက်လုံးပြူးတို့လို သေနတ်အသေးစားတွေကို သူပိုကြိုက်တယ်၊ ထွန်းငြိမ်းစခန်းမှာ သူ့ကိုယ်ပိုင် စိတ်ကြိုက်သေနတ် အသေးတွေချည်းပဲ သေတ္တာတစ်လုံး အပြည့်ရှိတယ်လို့ ပြောကြတယ်၊ ဟိုဘက်ကမ်းက စေတီနဲ့တောင်ကုန်းကို တွေ့တယ် မဟုတ်လား၊ အဲဒီတောင်ဟာ ထွန်းငြိမ်း အတော်ကြာကြာ စခန်းချသွားတဲ့ တောင်ပဲ၊ စေတီက ဒီဘက်ခေတ်မှာမှ တည်ထားတာ တောင်ခြေရင်းပိုင်းမှာ ထွန်းငြိမ်း သေနတ်ပစ် လေ့ကျင့်တဲ့ စက်ပစ်ကွင်းနေရာရှိတယ်၊ နေ့တိုင်း အဲဒီတောင်က သေနတ်သံ တဒိုင်းဒိုင်း ကြားရလေ့ရှိတယ် လို့ဆိုတယ် ...

"အစပိုင်းတော့ သေနတ်ပစ် လေ့ကျင့်သံ၊ နောက်ပိုင်းကျတော့ လူသတ်တဲ့အသံပေါ့ လူသတ်ကိရိယာကို ဒီလောက်ခုံမင်တဲ့လူတစ်ယောက် တကယ်လူသတ်လာတာ ဘယ်ဆန်းမလဲ၊ အစကတော့ ရန်သူသူလျှိုတို့ တစ်ဖက်ကို သတင်းသွားပေးတယ်ဆိုတဲ့ လူတို့၊ အဲဒါတွေကို စစ်ဆေးပြီး သေဒဏ်ပေးတယ်ဆိုပြီး သတ်တယ် နောက်တော့ တဖြည်းဖြည်းနဲ့ ထစ်ခနဲရှိသတ်၊ တစ်ယောက်ချင်းလဲသတ်၊ အစုလိုက် အပြုံလိုက်လဲသတ် ဆိုတာမျိုး ဖြစ်လာတယ် အစကတော့ တပည့်တွေကို သတ်ခိုင်းတယ်၊ နောက်တော့ သူကိုယ်တိုင် သတ်လာတယ်၊ ထွန်းငြိမ်းရဲ့ အဆိုးရွားဆုံးနဲ့ နောက်ဆုံးနှစ်ပိုင်းအတွင်း သူ့ဓားဒဏ်၊ သေနတ်ဒဏ်နဲ့ သေကြေခဲ့ရတဲ့ လူဦးရေဟာ ရာဂဏန်းအထိရှိနိုင်တယ်၊ ဒီအနီးအနားရွာတွေက လူကြီးတွေကို မေးကြည့်ရင် ငနီရယ် ငဖြူရယ် စသည်ဖြင့် လက်ချိုးပြီး စာရင်းချရင် မဆုံးဘူး"...

"ဟာ.... အများကြီးပဲ ကျွန်တော်တို့ မသိတဲ့လူတွေ တခြားက ဖမ်းခေါ်လာတာတွေ၊ သူ့လူ သူပြန်သတ်တာတွေလဲ အများကြီး ရှိသေးတယ်လို့ ဆိုကြတယ်၊ အဲဒီတောင်မှာ ထွန်းငြိမ်းနဲ့ သူ့တပည့်တွေ သတ်ခဲ့တဲ့ လူတွေကို တောင်ခြေရင်းမှာပဲ မြုပ်လေ့ရှိတယ်၊ သူတို့ သတ်ထားတဲ့လူတွေဟာ တောင်တစ်ပတ်လုံးပဲ၊ ထွန်းငြိမ်းကတော့ ဒါ သူ့စခန်းကို စည်းချပြီး ကာကွယ်ထားတာ၊ ရန်သူကို ရန်သူနဲ့ စည်းတားထားတာလို့ ပြောလေ့ရှိသတဲ့"

"နောက်ဆုံးတော့ ထွန်းငြိမ်းက ဘယ်လို နိဂုံးချုပ်သွားသလဲ"

"ထွန်းငြိမ်း သေတဲ့အကြောင်းကလဲ တကယ်မိုက်တယ်၊ တကယ့်ဇာတ်လမ်းပဲ၊ အလွယ်တကူ ပြောရရင်တော့ မိန်းမကြောင့် သေတယ် ပြောရမှာပေါ့၊ ဒီလိုဗျ၊ ထွန်းငြိမ်းရဲ့ ထူးခြားချက်တစ်ခုက ဒီလူဟာ အရက်သောက်တယ်၊ အစားကြူးတယ်၊ ဒေါသကြီးတယ်၊ လူသတ်တယ်၊ ဒါပေမဲ့ မိန်းမတော့ ဝါသနာမပါဘူး၊ လူတွေ ဒီလောက် သတ်ခဲ့ပေမဲ့ မိန်းမကိစ္စမှာ ပြောစရာဆိုစရာ မရှိခဲ့ဘူး၊ မိန်းမ တစ်ယောက်ပဲ သူယူတယ်၊ ဒါကလဲ သူအရှိန်အဝါ တက်စ နာမည်ဆိုးနဲ့ သိပ်မကျော်ကြားခင် ကာလလောက်မှာ ယူခဲ့တာ"

"အဲဒီအချိန်က သူ့အသက် သုံးဆယ်ဝန်းကျင်လောက် ရှိမှာပေါ့၊ အမျိုးသမီးက ဟိုတစ်ဖက်ကမ်း ရွာကလို့ ပြောတယ်၊ ထုံးစံရှိတဲ့အတိုင်း လူကြီးသူမတွေနဲ့ တောင်းရမ်းယူတာ၊ ယောက္ခမတွေက လိုလိုလားလား ကြည်ကြည်ဖြူဖြူ ပေးတယ်၊ အမျိုးသမီးကလဲ မငြင်းဘူးလို့ ဆိုတယ်၊ ကောင်းကောင်းမွန်မွန် လက်ထပ်ပြီး ယူခဲ့တယ်၊ ဒါပေမဲ့ အမျိုးသမီးက ထွန်းငြိမ်းထက် အတော်ငယ်တယ်လို့ ပြောတယ်၊ ပြီးတော့ အဲဒီအမျိုးသမီးက ဒီနယ်မှာတော့ အချောအလှ အနေနဲ့ အတော် နာမည်ကြီးတဲ့ မိန်းမ တစ်ယောက်ဆိုပဲ၊ လူကြီးတွေ ပြောတဲ့အရတော့ အမျိုးသမီးက ခုခေတ် အခေါ်

ခပ်မိုက်မိုက် ခပ်ဟော့ဟော့ ဆိုတဲ့ အစားမျိုး ဖြစ်လိမ့်မယ်၊ ဒီအမျိုးသမီးရဲ့ ရုပ်ရည်နဲ့ အဆင်အပြင် ဟန်ပန်မူရာကို အမှတ်တရ ပြန်ပြောတတ်ကြတယ် .."

"အဲဒီခေတ်က ဒီဘက်အရပ်မှာ အမျိုးသမီးတွေ သုံးခဲ့တဲ့ နှုတ်ခမ်းနီကို ရဲရဲဆိုးတာ၊ ဆွယ်တာလက်ရှည် ဒါမှမဟုတ် စစ်အင်္ကျီကို ရင်ဘတ်ဟဟ ဝတ်တာ ထဘီတိုတို ဒါမှမဟုတ် ဘောင်းဘီရှည် ကျပ်ကျပ် ဝတ်တတ်တာ၊ အဘိုးကြီးတွေ မနေ့တနေ့ကလို မှတ်မှတ်ရရ ပြန်ပြောကြတယ်၊ ကျွန်တော့် စိတ်ထင်တော့ ဒီမိန်းမ ကြည့်ရတာ တကယ့် လူဆိုးဗိုလ်မယား စစ်စစ်မျိုးထဲက ထင်ပါရဲ့၊ ထွန်းငြိမ်းကို သူပဲ ဒုက္ခပေးသွားတာ၊ သားသမီးလဲ မရတတ်တဲ့ မိန်းမဆိုတော့ ထွန်းငြိမ်း ရွှေ့သမျှ ပြောင်းသမျှနောက် သူ တကောက်ကောက်ပါတယ်၊ အဲဒီတော့ ထွန်းငြိမ်းတပည့်တွေထဲမှာ ခေါးမကြောက် သေနတ်မကြောက်တဲ့ ကောင်တွေ ပါလေတော့ ဒီမိန်းမနဲ့ ဇာတ်လမ်းတွေ ရှုပ်ကြမှာပေါ့ဗျာ၊ ...

"သူ့မိန်းမနဲ့ မသကာ်လို့ ထွန်းငြိမ်းဆီမှာ အသတ်ခံရတဲ့ တပည့်တွေလဲ မနည်းဘူးလို့ ပြောကြတယ် မိန်းမကိုတော့ မသတ်ဘူးဗျ၊ တိုင်မှာ ကြိုးနဲ့ချည်ပြီး ကျောနဲ့တင်ပါးကို အရိုးရာစေ့အောင် ကြိမ်နဲ့ရိုက်တယ်လို့ ဆိုတယ်၊ အဲဒါ သူ့မိန်းမအတွက် အထူးသီးသန့်ထားတဲ့ ပြစ်ဒဏ်ပဲ၊ ကြိမ်ဒဏ်ပေးပြီးရင်တော့ အဲဒီမိန်းမလဲ တစ်ပတ် ဆယ်ရက်လောက် မှောက်ပြီး အိပ်နေရတယ်လို့ ပြောကြတယ်၊ ...

"ဒါပေမဲ့ ဒီကြားထဲက တစ်နေ့မှာ ဒီမိန်းမ သူ့တပည့်တစ်ယောက်နဲ့ လိုက်ပြေးတယ်၊ ဒီကောင်က စောစောကတည်းကပဲ အလံနီအနွယ်အုပ်စု တစ်ခုနဲ့ တိုးတိုးတိတ်တိတ် အဆက်အသွယ်ရှိတယ်၊ ထွန်းငြိမ်းမိန်းမနဲ့ ဖြစ်နေမှန်းသိတော့ သူ့ကို ဟိုကောင်တွေက မိန်းမပါခိုးပြီး တို့ဘက်ဝင်လာခဲ့လို့ အားပေးအားမြှောက်လုပ်တယ်၊ ဟိုကောင်ကလဲ အဲဒီအုပ်စု အားကိုးမရှိရင်တော့ ခိုးချင်မှ ခိုးပြေးရဲမှာ အခု အကာအကွယ် ကောင်းကောင်းရှိတယ်ဆိုတော့ လက်ရဲဇက်ရဲ ခိုးပြေးသွားတယ်၊ ..."

"ဒါပေမဲ့ ထွန်းငြိမ်းပဲ၊ ဘယ်နေမလဲ၊ ဒီမိန်းမ ဘယ်ရောက်နေတယ်ဆိုတာ တစ်ရက်နှစ်ရက်နဲ့ သိတယ် သိတဲ့ည ထွန်းငြိမ်း အရက်သောက်ရင်း အကြံအကျယ် စဉ်းစားတယ် သူ့ လက်ရင်း တပည့်တွေက ဆရာကြီး ကျွန်တော်တို့ သွားတိုက်ရမလားမေးတော့ ထွန်းငြိမ်း ပြန်ပြောတဲ့စကားက မှတ်သားစရာကောင်းတယ် ပေ့ကောင်တွေ ငါ့ကို မိန်းမကိစ္စနဲ့ စစ်တိုက်တဲ့ ရှေးခေတ်က မင်းသားရူးတွေလို အောက်မေ့လို့လားကွလို့ ပြောတယ်တဲ့၊ ..."

"ပြီးတော့မှ မင်းတို့ စခန်းကို သေသေချာချာ စောင့်ကြပ်ပြီးနေခဲ့၊ ငါ့ကိစ္စ ငါ့ဘာသာရှင်းမယ်၊ ကျန်တဲ့လူတွေ ဘာမှ မသိကြစေနဲ့ဆိုပြီး လူနှစ်ယောက်ပဲခေါ်ပြီး

ထွက်သွားတယ်၊ အလံနီစခန်းချထားတဲ့ ရွာကို တိုးတိုးတိတ်တိတ် ခိုးဝင်တယ် ပြီးတော့ သူကြီးအိမ်ကို တန်းသွားတယ်၊ သူကြီးကို သူကြီး၊ ထစမ်းပါဦးဗျ အရေးကြီးလို့' ဆိုပြီး အလံနီလိုလို ဘာလိုလိုနဲ့ နှိုးပြီး သူကြီး တံခါးထဖွင့်တော့မှ သေနတ်နဲ့တေ့ပြီး သူကြီးကို 'ဟိုကောင်နဲ့ ဟိုကောင်မ ဘယ်မှာလဲ' လို့မေးတယ်၊ ထွန်းငြိမ်း ကိုယ်တိုင်မှန်းသိတော့ သူကြီး အံ့အားသင့်သွားတယ်၊ အကြီးအကျယ်လဲ လန့်သွားတယ်၊ ရွာထဲအုပ်စုက သူတို့ လူတစ်ယောက် မိန်းမ ခိုးလာလို့ အိမ်ခဏပေးစမ်းပါဆိုလို့ သူကြီးက သရက်ခြံထဲမှာ သူ့ အိမ်တစ်လုံး ရှိတာကို ပေးထားရတယ်၊ ထွန်းငြိမ်းရဲ့ မိန်းမကို ခိုးလာမှန်းတော့ သူလဲ မသိဘူး၊ ထွန်းငြိမ်းက အိမ်မှာ ကျန်တဲ့ လူတွေကို 'တံခါးပိတ်ပြီး အိပ်နေကြ ဘေးလူ သိသွားလို့ လှုပ်လှုပ်ရွရွ ဖြစ်ရင် သူကြီး သေပြီသာ အောက်မေ့" လို့ ကြိမ်းခဲ့ပြီး သူကြီးကို သရက်ခြံကအိမ် လိုက်ပြခိုင်းတယ်..."

"အဲဒီအိမ်ရောက်လို့ ထွန်းငြိမ်းတပည့်တစ်ယောက်က အသံဖျက်ပြီး ခေါ်တော့ ဟိုကောင်ကလဲ မရိပ်မိဘူး၊ သူ့လူတွေထင်လို့ တံခါးဖွင့်ပြီး ထွက်လာတယ်၊ ထွန်းငြိမ်းက သူ့ကို ဖိနပ်ချွတ်မှာတင် ဓားနဲ့ထိုးသတ်တယ် အိမ်ထဲက မိန်းမကို ဖမ်းပြီး ပါးစပ်ကို အဝတ်နဲ့စည်း၊ လက်နှစ်ဖက် ကြိုးနဲ့ချည်ပြီး ဆွဲခေါ်လာတယ်၊ ရွာပြင် ကွင်းလယ်လောက်ရောက်တော့ သူကြီးကို ပြန်လွှတ်လိုက်တယ်၊ အဲဒီခဏမှာပဲ ရွာထဲက အလံနီတွေ သိသွားပြီး ရွာပြင်ထွက်လိုက်လာကြတယ်၊ ဒီအခါ မိန်းမကို တရွတ်တိုက်ဆွဲပြီး ထွန်းငြိမ်းပြေးတယ်၊ ရှေ့ဘက်ကွင်းအဆုံးမှာ ချောင်းရှိတယ်၊ ချောင်းကမ်းပါးအောက်မှာ သူတို့ လာတုန်းက စီးလာတဲ့ လှေကလေး ကြိုးနဲ့ချည်ထားခဲ့တာ ရှိတယ်၊ ချောင်းကမ်းပါးရောက်ဖို့က အတော်လိုသေးတော့ ထွန်းငြိမ်း တပည့်နှစ်ယောက်က ဆရာကြီးသွားနှင့်ဆိုပြီး ဟိုလူတွေ လိုက်မလာအောင် လှမ်းပစ်ပြီး တားပေးနေတယ်၊ နောက်ကလူတွေ လိုက်လာပြီဆိုတဲ့အခါ ထွန်းငြိမ်းမိန်းမက သူ ဆွဲခေါ်တိုင်း မလိုက်တော့ဘဲ ရုန်းလားကန်လား လုပ်လာတယ်၊ ပြေးရတာ ခရီးမတွင်ဘူး၊ နောက်က လူတွေက ဖြန့်ခွဲပြီး အတင်းတက် လိုက်လာတော့ ခံပစ်ရင်း ဆုတ်ပြေးလာတဲ့ ထွန်းငြိမ်းတပည့် နှစ်ယောက် ကျသွားတယ်၊ ကမ်းပါးထိပ်နား ထွန်းငြိမ်းရောက်တဲ့အချိန်မှာ နောက်က လူတွေ အတော်နီးလာပြီ၊ ...

"ဒီမိန်းမနဲ့ဆိုရင် ပြေးလို့လွတ်ဖို့ မလွယ်တော့ဘူး၊ ထွန်းငြိမ်း မိန်းမကို ကမ်းပါးထိပ်မှာပဲ နားထင်ကို သေနတ်နဲ့ တေ့ဖြုတ်ပြီး ထားပစ်ခဲ့တယ် ကမ်းပါးအောက်ကို ခုန်ချ လှေကို ကြိုးဖြေပြီး တရကြမ်းလှော်တယ်၊ ချောင်းလယ်လောက်ရောက်တော့ နောက်ကလူစု ကမ်းပါးထိပ် ရောက်လာပြီး ဝိုင်းပစ်ကြတယ်၊ ထွန်းငြိမ်း ရေထဲ ဒိုင်ဗင် ထိုးချပြီး တစ်ဖက်ကမ်းရောက်အောင် ငုပ်ပြီး ကူးလာခဲ့တယ် ...."

“အဲဒီအချိန်က မနက် ဝေလီဝေလင်းရှိနေပြီ၊ စခန်းမှ ကျန်ခဲ့ရတဲ့ ထွန်းငြိမ်း တပည့်တွေက စိတ်မချလို့ လူတစ်စု ကြိုဖို့ လိုက်လာကြတယ်၊ အဲဒီလူစု ချောင်းကမ်းစပ်ကို ရောက်ဖို့ အတော်လေး လိုသေးတဲ့ အချိန် တစ်ဖက်ကမ်းပါးထိပ်က အလံနီတွေက လှမ်းပစ်တော့ ရှေ့အရမ်း တက်မလာနိုင်ဘူး၊ အကွယ်အကာယူပြီး တဖြည်းဖြည်း တိုးရတယ်၊ အကွယ်အကာကလဲ သိပ်မရှိဘူး၊ အဲဒီအချိန် ထွန်းငြိမ်းက သူ့လူတွေဘက် ကမ်းစပ်ကို လေးဖက်တွားပြီး တက်လာတယ် တရကြမ်း ပြေးလာတာနဲ့ ရေငုပ်ပြီး ကူးရတာနဲ့ဆိုတော့ အမောဆို့နေမှာပေါ့ ...”

“အဲဒီအချိန် ဟိုဘက်ကမ်းပါးထိပ်က လှမ်းပစ်တဲ့ ကျည်တစ်တောင့် သူ့ကို စ မှန်တယ်၊ ရေစပ်စပ် နုန်းစပ်စပ်မှာ ထွန်းငြိမ်း လဲကျသွားတယ်၊ သူ့ကို စုပြုံပြီး ပစ်ကြတယ်၊ နောက်ထပ် ကျည်ဆန်တွေ မှန်တယ် ဒါပေမဲ့ ချက်ကောင်းထိပုံ မရဘူး၊ သူ ထပြေးဖို့ ကြိုးစားတယ်၊ မထနိုင်ဘူး၊ ရွှံ့ဗွက်တွေထဲမှာ ငါးခူတိုး တိုးနေတယ်၊ ကျည်ဆံတွေက သူ့ကို တဖုတ်ဖုတ် လာမှန်တယ်၊ အဲဒီနေရာမှာ တိုက်ပွဲဟာ တစ်နာရီ နှစ်နာရီ ကြာတယ်လို့ ပြောကြတယ်၊ အလံနီက ကမ်းပါးထိပ် အပေါ်စီးဘက်က ပစ်ထားတော့ ထွန်းငြိမ်းတပည့်တွေ မလှုပ်နိုင်ဘူး၊ သူတို့ဆရာကို လက်တည့်စမ်းနေကြတာ ငုတ်တုတ်ထိုင်ကြည့်နေရတယ်၊ ဟိုလူတွေက ထွန်းငြိမ်းကို ပစ်လိုက် နောက်ဘက်ကကောင်တွေ တက်မလာအောင် လှမ်းပစ်လိုက် လုပ်နေတယ်၊ အဲဒီအချိန် တဖြည်းဖြည်း ချောင်းရေက တက်လာတော့ ထွန်းငြိမ်းအလောင်းဟာ ရေစပ်မှာ ပေါလောပေါလော ဖြစ်လာတယ်။

“အဲဒီနောက် သူတို့ မျက်စိရှေ့တင်ပဲ ရေထဲမှာ မှောက်ခုံကြီး မပေါ့တပေါ်နဲ့ မျောပြီး ပါသွားတယ်၊ ထွန်းငြိမ်းတပည့်တွေ မနေနိုင်တော့ဘူး၊ အောက်ဘက် ပတ်ပြေးပြီး အလောင်းနောက် လိုက်ကြတယ် အဲဒီအချိန်ကျတော့ တစ်ဖက်ကမ်းထိပ်က လူတွေကလဲ ထွန်းငြိမ်းသေတာ သေချာသွားလို့ သူတို့ နိုင်ပြီဆိုပြီး ကျေနပ်တင်းတိမ်သွားကြလို့လား၊ ဒါမှမဟုတ် သူတို့ကိုယ်တိုင်ကလဲ ထွန်းငြိမ်း အလောင်းကြီး ပျောက်သွားမှာ နှမြောလို့လား မပြောတတ်ဘူး၊ နောက်ထပ် လိုက်မပစ်တော့ဘဲ အလောင်းဆယ်လို့ ရအောင် လွှတ်ပေးလိုက်ကြတယ်လို့ ဆိုတယ်၊ ...”

“ထွန်းငြိမ်း အလောင်းကို သင်္ဂြိုလ်ဖို့ ပြင်ဆင်တဲ့ သူ့တပည့်တွေ ရေတွက်ကြည့်တဲ့အခါ သူ့ကိုယ်ပေါ်မှာ ကျည်ဆံရာပေါင်း (၂၀)ကျော် တွေ့ရတယ်လို့ ဆိုတယ်၊ ထွန်းငြိမ်း အသုဘကို သူ့တပည့်တွေ တခမ်းတနား လုပ်ကြတယ်၊ သေနတ်တွေ ဖောက်လိုက်တာလဲ သောသောညံရောပဲတဲ့၊ ဒါပေမဲ့ သူ သေသွားပြီးတဲ့နော သူ့တပည့်တွေလဲ အစုစု ကွဲပြီး ဖရိုဖရဲ ဖြစ်သွားကြတယ်၊ နောက်ထပ် သူ့လောက် အင်နဲ့ အားနဲ့ ထင်ထင်ရှားရှား မိုက်တဲ့ ရမ်းတဲ့လူ

မပေါ်တော့ဘူး ...”

“ထွန်းငြိမ်းသေပုံက ဆတ်သေချောင်းမှာ ဆတ်တွေ သေကြပုံမျိုး အတိုင်းပါလား”

ကျွန်တော်က မှတ်ချက်ချသည်။

“ဟုတ်တယ်၊ တကယ်တော့ ဒီချောင်းရိုးတစ်လျှောက်မှာ ဒီလို သေခဲ့တဲ့သူတွေ အများကြီးရှိခဲ့တယ်၊ ထွန်းငြိမ်းကတော့ ထင်ရှားတဲ့ ပုဂ္ဂိုလ်မို့လို့ သူ့ဇာတ်သိမ်းခန်းဟာ တခမ်းတနား ဖွဲ့နွဲ့ ပြောဆိုစရာ ဖြစ်ခဲ့တာပဲ"

“သူ့ညီတွေဆိုတာကော ဘာဖြစ်ကုန်ကြသလဲ”

“သူ့ညီတွေက သူ့ထက်အရင် သေသွားကြတယ် ထွန်းသိန်းနဲ့ ထွန်းအောင်၊ ထွန်းအောင်ကတော့ လူကောင်းပါ၊ သူက ကံဆိုးတဲ့လူ၊ ထွန်းငြိမ်းရဲ့ညီ ဖြစ်နေတဲ့အတွက် ဒုက္ခရောက်သွားတာ၊ ထွန်းသိန်းကတော့ အလကားအညံ့စား၊ အပေါစား လူဆိုးပဲ၊ ထွန်းငြိမ်းရဲ့ ညီ ဆိုတဲ့ အရှိန်နဲ့ လျှောက်ရမ်း လျှောက်ဗိုလ်ကျတဲ့လူ၊ မိန်းမကိစ္စလဲ အလွန်ရှုပ်တယ်၊ တွေ့ရာမိန်းမ သူ့မိန်းမပဲ၊ အရက်က အမြဲမူးနေတယ်၊ မူးပြီး သေနတ်နဲ့ ခွေးပစ်ကြက်ပစ်၊ လူတော့ တစ်ယောက်မှ မသတ်ဖူးဘူးလို့ ဆိုတယ်။ အဲဒါကြောင့် “ဒီကောင်က မိုက်ရိုင်းတာပဲရှိတယ် တကယ်တမ်းကျတော့ ဘာမှ သတ္တိရှိတာမဟုတ်ဘူး” လို့ ပြောကြတယ်။

“သူက တပည့်တပန်းအားကိုးနဲ့ ဗိုလ်ကျတာ၊ ထွန်းငြိမ်းအဖွဲ့က တချို့လူတွေကလဲ ထွန်းငြိမ်းရဲ့ညီ ဆိုပြီး မြှောက်ပင့်ပေါင်းကြတာပေါ့ ဒီနားရွာက လူကြီးတစ်ယောက်ကတော့ ထွန်းသိန်းဆိုတဲ့ကောင်ဟာ အရူးတစ်မျိုးပဲလို့ ဆိုတယ်၊ ဒီလူက အရက်သောက်မထားတဲ့ အချိန်ဆိုရင် မခုတ်တတ်တဲ့ကြောင် ဆိုတာမျိုးတောင် မကဘူးတဲ့၊ ဘယ်သူ့မျက်နှာမှ စေ့စေ့မကြည့်ရဲတဲ့ပုံမျိုး၊ တစ်စုံတစ်ခု မေးရင်မြန်းရင်တောင် ရဲရဲမဖြေဝံ့တဲ့ပုံမျိုးတဲ့၊ တစ်ခါတလေ အရက်နာကျနေတဲ့အခါမျိုး၊ .. အရက်က အမြဲတမ်းမူးနေတာ၊ အရက်နာကျနေတဲ့ အခါမျိုးမှပဲ ခဏရပ်တာ၊ အဲဒီလို ရပ်ထားတဲ့ အခါမျိုးကျရင် အခန်းတံခါးပိတ် ပြတင်းပေါက်ပါပိတ်ပြီး မှောက်ကြုတ်ကြုတ်ထဲမှာ တစ်ယောက်တည်း ကုလားထိုင်တစ်လုံးနဲ့ ထိုင်နေတတ်တယ်လို့ ဆိုတယ်၊ အခန်းထဲမှာ တစ်ယောက်တည်း ကျိတ်ပြီး ငိုချင်လဲ ငိုနေတတ်တယ်လို့ ဆိုတယ်။

“အဲ .. အမှောင်ခန်းထဲက ထွက်လာပြီဆိုတာနဲ့ တစ်ပြိုင်နက် စ သောက်တော့တာပဲ အရက်ဝင်ပြီဆိုရင် လမ်းထွက်ပြီ၊ အရက်ကို တစွတ်စွတ်သောက်၊ မျက်ထောင့်နီနဲ့ လူတကာကို ဆဲဆိုလျှောက်ရမ်းနဲ့

နောက်တစ်ကြိမ် အရက်နာ မကျမချင်း ထင်တိုင်းကြဲတော့တာပဲတဲ့၊ ...

"သူလဲ ဒီချောင်းထဲမှာပဲ သေသွားတာပဲ၊ ဘယ်သူမှ သတ်တာ မဟုတ်ဘူး၊ သူ့ဇာတ်သူ သိမ်းသွားတာ၊ တစ်နေ့ ထွန်းသိန်းနဲ့ သူ့လူတစ်စု ချောင်းအောက်ပိုင်း ရွာတစ်ရွာက လှေနဲ့ ပြန်လာကြတယ်၊ ညဘက်လက ခပ်မိုက်မိုက် ထုံးစံအတိုင်း အားလုံး မူးနေကြတယ်၊ ထွန်းသိန်းက တစ်လမ်းလုံး လျှောက်အော်ဆဲလာတယ်၊ လမ်းမှာ လှေပေါ်မှာထလိုက် ထိုင်လိုက် လုပ်တော့ သူ့လူတွေက ရေထဲလိမ့်ကျသွားမှာစိုးလို့ ဝိုင်းတားကြတယ်၊ ပြောမရတော့ အတင်းဆွဲထိုင်ခိုင်းကြတယ် ထိုင်နေရင်း ထွန်းသိန်း ဆဲပြန်တယ်၊ သူနဲ့ အတူပါလာတဲ့ လူတွေကို ငယ်ကျိုးငယ်နာ ဖော်ပြီး လျှောက်ဆဲတယ်၊ သူ့လူတွေက သူ့ဆီမှာ အဆဲခံနေကျဆိုတော့ ဒီလိုပဲ ငြိမ်ခံကြတယ် မဆဲပါနဲ့လို့ မတောင်းပန်ဘူး၊ ..."

"ဒီအခါ ထွန်းသိန်းက လှေကို လှုပ်တယ်၊ မလှုပ်ပါနဲ့လို့ ပြောလဲမရဘူး၊ ပြောလေ သူက ပိုလုပ်လေ၊ အဲဒါနဲ့ နောက်ဆုံးကျတော့ လှေကမြုပ်ရော မြုပ်တဲ့နေရာက ကမ်းနဲ့ ဘာမှ မဝေးဘူး၊ ဒါပေမဲ့ ရေက နက်တယ် လူတစ်ရပ်သာသာလောက် နက်တဲ့နေရာ၊ လှေကို ပြန်ဖော်ပြီး ကမ်းစပ်နား ဆွဲယူလာပြီး ပြန်တက်ကြမယ်လုပ်တော့ ထွန်းသိန်း မရှိတော့ဘူး၊ ရေထဲမှာ ကျန်ခဲ့ပြီ၊ ချက်ချင်းပဲ လူတွေလိုက်ခေါ် ငါးဖမ်းပိုက်တွေနဲ့ တား၊ ကွန်တွေ လိုက်ပစ်တော့ ထွန်းသိန်း အလောင်းကို ပြန်ရတယ်၊ ထွန်းသိန်းခေါင်းမှာ ဖူးယောင်နေတဲ့ ဒဏ်ရာတစ်ခုတွေ့ရတော့ သူနဲ့ လှေအတူ စီးလာတဲ့ လူစုထဲက တစ်ယောက်ယောက် ရိုက်တာဖြစ်ရမယ်ဆိုပြီး ထွန်းငြိမ်းက အဲဒီလူစုကို စစ်ဆေးတယ်၊ လက်သည်မပေါ်ရင် အားလုံးသတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်၊ တစ်ယောက်စီ ခွဲချုပ်ထားပြီး စစ်တယ်..."

"ဒါပေမဲ့ နောက်ဆုံးတော့ မသင်္ကာစရာ အရိပ်အယောင် တစ်ခုမှ မတွေ့ရတာမို့ အားလုံး တစ်ညီတစ်ညွတ်တည်း ထင်ကြေးပေးတဲ့အတိုင်း လှေမှောက်လို့ ရေထဲလိမ့်ကျပြီး ဝူးဝူးဝါးဝါးနဲ့ ပြန်ပေါ်လာတဲ့အချိန် လှေနံရံစောင်းနဲ့ ဆောင့်မိတာဖြစ်လိမ့်မယ် ဆိုတဲ့အချက်ကို လက်ခံလိုက်တယ်၊ ဒါတောင်မှ မကျေနပ်သေးလို့ အဲဒီတစ်စုလုံးကို သူ့ညီကို နိုင်အောင်မထိန်းနိုင်တဲ့ အမှုနဲ့ သူတို့ စခန်းကုန်းကို ဆယ်ပတ်တိတိပတ်ပြေးစေလို့ အမိန့် ချမှတ်သေးတယ်တဲ့"

သူငယ်ချင်းက ဖန်ခွက်ကို ကောက်ကိုင်ကာ တစ်ကျိုက် မော့သောက်လိုက်သည်။

"ထွန်းသိန်းက ထွန်းငြိမ်းရဲ့ညီဖြစ်လို့ စောစောစီးစီး သေသွားတာလို့ ဆိုရမှာပေါ့ သူ့ဘာသာသူဆိုရင် မထင်မရှား ရွာသားတစ်ယောက်အနေနဲ့

ဒီအချိန်လောက်အထိ ရှိချင်ရှိနေဦးမှာ” ကျွန်တော်က ဆိုသည်။

“ဟုတ်တယ်၊ ထွန်းအောင်သေရတာလဲ ထွန်းငြိမ်းညီ မို့လို့ပဲ၊ ထွန်းငြိမ်းရဲ့ ညီဖြစ်တဲ့အတွက်ကြောင့် ပြဿနာတွေ ကြုံရတာ၊ သူသေတာလဲ ဒီချောင်းထဲမှာပဲ၊ သူကျတော့ အလောင်းတောင် မရလိုက်ဘူး"

“သူ့အကြောင်း ပြောစမ်းပါဦး"

“ထွန်းအောင်ကတော့ စောစောက ပြောတဲ့အတိုင်း သူတို့အထဲမှာ လူကောင်းဗျ၊ ပညာလဲ တတ်တယ် ဟိုခေတ်က ကောလိပ်တွေ ဘာတွေ ရောက်တယ်၊ ဘွဲ့တော့ မရဘူး၊ ကောလိပ် တစ်နှစ်နှစ်နှစ်တက်ပြီး ပြန်လာတယ် ရွာမှာ အလွတ်ပညာသင်ကျောင်း ဖွင့်တယ်၊ စာသင်ဖို့ ဝါသနာပါတယ်၊ အသင်အပြလဲ ကောင်းတယ်လို့ ပြောကြတယ်၊ ဒီလူက ကံဆိုးချင်တော့ ကောလိပ်သွားတက်ရင်း ရည်းစားတစ်ယောက် ရခဲ့တယ်၊ ဝေးဝေးလံလံက မဟုတ်ဘူး၊ ဒီမြို့ကပဲ တစ်မြို့ထဲသားချင်း ကောလိပ် အတူသွားရင်း သမီးရည်းစား ဖြစ်သွားကြတာမျိုး ဆိုပါတော့၊ ...

“ဒါပေမဲ့ သူတို့ အချစ်ဇာတ်လမ်းက ရိုမီယိုနဲ့ ဂျူးလိယက် ဇာတ်လမ်းမျိုး ဖြစ်သွားတယ်၊ အမျိုးသမီးအဖေက ဆန်စက်တို့ သစ်စက်တို့ ပိုင်တယ်၊ အရှိန်အဝါ ရှိတယ်၊ တပည့်တပန်း ရှိတယ်၊ တော်ရုံတန်ရုံ လူကို ဦးမညွှတ်ချင်ဘူး၊ အဲဒီတော့ ထွန်းငြိမ်းနဲ့ ပြဿနာ ဖြစ်တယ်၊ ဒီပုဂ္ဂိုလ်ကြီးက မြို့ပေါ်နေတာဖြစ်ပေမဲ့ သူ့လုပ်ငန်းတချို့က ထွန်းငြိမ်း ဩဇာအာဏာ သက်ရောက်တဲ့ နယ်ပယ်ထဲမှာ ရှိတယ်၊ ထွန်းငြိမ်းကို သိပ်အရေး မစိုက်ချင်တဲ့ သဘောမျိုးရှိတဲ့အခါ ထွန်းငြိမ်းက ပုံစံပြတဲ့အနေနဲ့ သူ့သစ်စက် တစ်လုံးကို သိမ်းပစ်လိုက်တယ်၊ စက်က သူ့တပည့်တွေအားလုံး ဒီနယ်ထဲက ချက်ချင်း ထွက်သွားကြလို့ မောင်းထုတ်ပစ်လိုက်တယ်၊ အဲဒီလို ရန်ငြိုးရှိနေတော့ ထွန်းအောင်အတွက်က သူ့ရည်းစားနဲ့ အဆင်ပြေပြေ ပေါင်းရဖို့ မျှော်လင့်ချက် မရှိတော့ဘူးပေါ့”

“ဒါပေမဲ့ သူ့အမျိုးသမီးက သူ့ကို အတော် စွဲစွဲလမ်းလမ်း ချစ်တယ်၊ သူတို့နှစ်ယောက် လျှို့လျှို့ဝှက်ဝှက် ဆက်သွယ်တိုင်ပင်ပြီး ရန်ကုန်ကို ထွက်ပြေးကြမယ်လို့ ဆုံးဖြတ်တယ်၊ ရန်ကုန်မှာ သူတို့ဘာသာ တစ်ဘဝထူထောင်ကြမယ်ဆိုတဲ့ သဘောပေါ့လေ၊ ဒါပေမဲ့ တကယ်ပြေးကြမယ်ဆိုတဲ့အခါ ခင်ဗျားသိတဲ့အတိုင်း ပြေးမယ့်လမ်းက ဘယ်နှစ်လမ်းရှိလို့တုန်း၊ လေယာဉ်နဲ့ သွားဖို့ မဖြစ်နိုင်ဘူး၊ လေယာဉ်လက်မှတ် ဝယ်တာနဲ့ သိမှာပဲ၊ သင်္ဘောနဲ့ သွားဖို့ကလဲ မဖြစ်နိုင်ဘူး မိမှာပဲ ကုန်းလမ်းခရီးနဲ့ သွားဖို့ပဲ ရှိတယ်၊ ကားကို မြို့ကမစီးနဲ့၊ လမ်းက စောင့်ပြီးစီး၊ ဒါပေမဲ့ ဒီနည်းကလဲ သူ့ယောက္ခမကြီးဘက် စဉ်းစားမိနိုင်တဲ့နည်း ဖြစ်လေတော့ ရန်ကုန်ကို ချက်ချင်း

မပြေးဘဲ တစ်နေရာမှာ အသာခိုနေ သတင်းနားစွင့်ပြီး အခွင့်သာပြီဆိုမှ ထွက်ဖို့ ထွန်းအောင်တို့ ဆုံးဖြတ်ကြတယ်၊ ...

"အဲဒီအချိန်က မြို့ပေါ်မှာ အစိုးရ အုပ်ချုပ်ရေး ရှိပေမဲ့ ပတ်ဝန်းကျင်နယ် အတော်များများက ရောင်စုံအုပ်စုတွေရဲ့ အပိုင်နယ်တွေ ဖြစ်နေတယ်၊ ထွန်းအောင် မိန်းမခိုးတော့ တောင်ဘက်ပိုင်းက ရွှေလောင်းဆိုတဲ့ ရွာကြီးကို ခိုးပြေးတယ်၊ ရွှေလောင်းက ဘယ်အုပ်စုမှ သေသေချာချာ ပိုင်မထားတဲ့ရွာ၊ အုန်းခြံတွေများတဲ့ ရွာကြီးဆိုတော့ ခြံတစ်ခြံမှာ သိုသိုသိပ်သိပ် နေမယ်ဆိုရင် သူတို့ရောက်နေမှန်းကို အဲဒီရွာက လူတွေတောင် တော်တော်နဲ့ သိကြမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ထွန်းအောင် ယောက္ခမရော သူ့အစ်ကို ထွန်းငြိမ်းပါ အနံ့ခံကောင်းတဲ့လူတွေ ဖြစ်လေတော့ များမကြာခင်ပဲ ထွန်းအောင်တို့ ရွှေလောင်း ရောက်နေကြောင်း သိသွားကြတယ်၊ ...

"အဲဒီအခါ ယောက္ခမကြီးက ကျားကြီးဆိုတဲ့လူကို ပိုက်ဆံပေးပြီး ခိုင်းတယ်၊ ကျားကြီးဆိုတာကလဲ အဲဒီခေတ်က နာမည်ထွက်ခဲ့တဲ့ လူတစ်ယောက်ပဲ၊ ဒါပေမဲ့ သူပုန်ဗိုလ်တော့ မဟုတ်ဘူး၊ ခားပြအဆင့် လူမိုက်ခေါင်းဆောင် အဆင့်လောက်ပဲ ရှိတယ်၊ ကျားကြီးက သူ့လူစုနဲ့ ရွှေလောင်းကို လိုက်တယ်၊ စက်သူဌေးက သူ့သမီးကို ရအောင် ပြန်ခေါ်လာဖို့၊ အဲဒီအတွက် လိုအပ်ရင် ထွန်းအောင်ကိုပါ ရှင်းပစ်ခဲ့ဖို့အထိ ကျားကြီးကို ညွှန်ကြားချက် ပေးခဲ့တယ်၊ ထွန်းငြိမ်းကလဲ သူ့ညီ ရွှေလောင်း ရောက်နေကြောင်း သိရတဲ့အခါ လုံခြုံရာဖြစ်တဲ့ သူ့နယ်ထဲကို ခေါ်ယူဖို့ တပည့်တစ်စု လွှတ်တယ်၊ ကျားကြီးတို့က အရင်ရောက်တယ် ဒါပေမဲ့ ထွန်းအောင်တို့ကို ရှာမတွေ့သေးခင်မှာ ထွန်းငြိမ်းတပည့်တွေ ရောက်လာတဲ့ သတင်းကြားတော့ အသာလှုပ်ပြီး လစ်လာရတယ်၊ ဟိုကောင်တွေက အင်အားများတာကိုး၊ အခြေအနေ သူဌေးကို ပြန်အစီရင်ခံတော့ သူဌေးက ဆုငွေ တိုးမြှင့်ပေးပြီး သူ့သမီးကို လမ်းက ဖြတ်ပြီး ပြန်လုပေးဖို့၊ အကယ်၍ အပြန်အလှန် ပစ်ရင်းခတ်ရင်းနဲ့ မတော်တဆ သေချင်လဲ သေသွားပစေ၊ ရဲရဲတင်းတင်းသာလုပ် ဆိုပြီး ထပ်ခိုင်းပြန်တယ်၊..."

"ကျားကြီးဆိုတဲ့ လူကလည်း အတော်မိုက်တဲ့လူပဲ၊ လူပဲ၊ သူဌေးက ခိုင်းတယ်ဆိုတာနဲ့ တစ်ပြိုင်နက် ချက်ချင်းလိုက်ပြန်တယ် ထွန်းငြိမ်း နယ်ထဲကို သူ့လူ သုံးလေးယောက်တည်းနဲ့ ဝင်လိုက်တယ်၊ နောက်ဆုံးတော့ ဒီဆတ်သေချောင်းမှာပဲ လာဆုံတယ်၊ ကျားကြီးတို့က ဖြတ်လမ်းက လာပြီး ဒီနေရာမှာ အပိုင်စောင့်တာလား နောက်ကလိုက်ရင်း ဒီမှာ မီကြသလား မသိဘူး၊ ထွန်းအောင်တို့ စုံတွဲပါတဲ့ လှေကလေး ချောင်းကို ဖြတ်ကူးတဲ့အချိန် အပစ်ခံရတယ်၊ အဲဒီမှာ အပြန်အလှန် တိုက်ပွဲဖြစ်ပြီး အတော်သေကြတယ်၊ ကျားကြီးတို့ အဖွဲ့မှာ ကျားကြီးတစ်ယောက်ပဲ လက်လွတ်ထွက်ပြေးသွားနိုင်တယ် ကျန်တဲ့လူတွေ အားလုံး သေကြတယ် ထွန်းငြိမ်းတပည့်တွေလဲ အတော် သေကြ ဒဏ်ရာ ရကြတယ်၊ ထွန်းအောင်ကတော့ ကျားကြီးတို့ လှေကို စ ပစ်လိုက်တဲ့ အချိန်မှာပဲ သေနတ်မှန်ပြီး

ရေထဲ လိမ့်ကျသွားတယ်၊ ရုန်းရင်းဆန်ခတ်နဲ့ လှေကလဲ မှောက်သွားတော့ သေနတ်သံတွေ ကြားထဲမှာ တစ်ယောက်ကို တစ်ယောက် လိုက်ကြည့်မနေနိုင်၊ ကမ်းရောက်အောင်သာ မျက်စိမှိတ်ပြီး ကူးကြရတယ် ...”

“အဲဒီမှာ ထွန်းအောင်က သေနတ်ဒဏ်ရာနဲ့ ပွဲချင်းပြီး သေသလား၊ ရေနစ်ပြီး သေတာလား မသိဘူး သေတော့ သေသွားတယ်၊ ကောင်မလေးကတော့ ရေကူးတတ်တဲ့ လူမို့လို့ တစ်ဖက်ကမ်းကို ရောက်အောင် ကူးသွားနိုင်ခဲ့တယ်၊ တိုက်ပွဲပြီးတဲ့အခါမှ ထွန်းအောင်အလောင်းကို သူတို့ လိုက်ရှာကြတယ်၊ ဒါပေမဲ့ လုံးဝ မတွေ့ကြရတော့ဘူး၊ ထွန်းအောင်ဟာ ဆတ်သေချောင်းထဲမှာ ပျောက်ဆုံးသွားခဲ့တယ်၊ သူ့ အမျိုးသမီးလေးကိုတော့ ထွန်းငြိမ်းက မြို့ကို လူကြုံနဲ့ ပြန်ပို့ပေးလိုက်တယ်လို့ ဆိုတယ်”

“အင်း ... တစ်ချိန်တုန်းကတော့ တစ်နယ်လုံးမှာ ဟိုးလေးတကျော် ပြောရဆိုရတဲ့ ဇာတ်လမ်းတွေ ဖြစ်မှာပဲ၊ အခုတော့လဲ ဒဏ္ဍာရီ ပုံပြင်တစ်ပုဒ် နားထောင်ရသလိုပါပဲ”

ကျွန်တော်က မှတ်ချက်ချမိသည်။

“သေနတ်သံတွေ ကြားမနေရဘူး ဒဏ်ရာတွေ သွေးတွေ ရုပ်အလောင်းတွေ မြင်မနေရဘူးဆိုတော့ ပုံပြင်ဆန်သလို ဖြစ်သွားပြီပေါ့၊ ဆတ်သေချောင်းကလဲ အရင်တုန်းကလို လူစားတဲ့ချောင်း မဟုတ်တော့ဘူး၊ ထွန်းငြိမ်းရဲ့ လူသတ်ကုန်းကလဲ အခု ဘုရားကုန်း ဖြစ်နေပြီဆိုတော့ ဒီနေရာမှာ တစ်ချိန်က ဖြစ်ပွားခဲ့ပါတယ် ဆိုတဲ့ ကြမ်းတမ်းခက်ထန်တဲ့ ဖြစ်ရပ်တွေဆိုတာ ဒဏ္ဍာရီလို ဖြစ်သွားတော့တာပေါ့၊ ဒါပေမဲ့ ဒီ ဒဏ္ဍာရီကို တကယ်ပြန်ပြီး အသက်ဝင်အောင် လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိသေးတယ်"

“ဟုတ်လား၊ သူက ဘယ်လိုလူမျိုးလဲ”

“ဘယ်လိုလူမျိုးဆိုတာ မကြာခင် တွေ့ရလိမ့်မယ်၊ သူငယ်ချင်းကို အဲဒီ ပုဂ္ဂိုလ်ဆီ ခေါ်သွားပေးမယ်၊ သူက ဟိုဘက်ကမ်းမှာ နေတယ်၊ ကဲ ခွက်ထဲက လက်ကျန်ကို ရှင်းရအောင်၊ ပြီးရင် ဟိုဘက်ကမ်း ကူးကြတာပေါ့"

ပတ်ဝန်းကျင်ကား မှောင်ရီပြိုးလျက်ရှိပြီ၊ ဟိုဘက်ကမ်းဆီကို ခပ်ရိပ်ရိပ်မျှသာ လှမ်းမြင်ရသည်။

“မောင်ထွေးရေ ဒီပစ္စည်းတွေ ဆွဲခြင်းနဲ့ ထည့်ကွာ၊ ဟိုဘက်ကမ်း ကူးရအောင်၊ မင်း ကြက်ကြော်ကျန်သေးရင် ပန်းကန်လေး တစ်လုံးနဲ့ သတ်သတ် ထည့်ယူခဲ့၊ ဟိုကျတော့ ပေးရအောင်”

သူငယ်ချင်းက သူ့တပည့်ကို ညွှန်ကြားသည်။

※

ကျွန်တော်တို့ ချောင်းကမ်းစပ်သို့ ရောက်လာကြသည်၊ ရေပြည့်ချိန်ဖြစ်သဖြင့် ချောင်းက အတော်ပင် ကျယ်သည်။ ကမ်းစပ်က ငုတ်မှာ ကြိုးချည်ထားသော လှေကလေးကို ယူကာ တစ်ဖက်ကမ်းသို့ ကျွန်တော်တို့ လှော်ခတ်လာခဲ့သည်။ တစ်ဖက် ကမ်းထိပ်နားတွင် နံနက်ကတည်းက မြင်နေခဲ့မိသည့် တဲကလေးဆီမှ မီးအလင်းရောင် ပေါ်လာသည်ကို သတိပြုမိသည်။

ချောင်းပြင်ကျယ်ထဲတွင် လေတဖြူးဖြူး တိုက်နေသည်။ ချောင်းရေအလျဉ်က ငြိမ့်ငြိမ့်ညောင်းညောင်း။ ဟိုတုန်းက ဇာတ်လမ်းတွေသည် သူနှင့် ဘာမှ မပတ်ခဲ့သလိုပင်။ ဆတ်သေချောင်းက ငြိမ်းအေးလျက်ရှိသည်။

လှေကလေးကို ချည်ထားခဲ့ပြီး ကမ်းပါးထက်သို့ ကျွန်တော်တို့ တက်လာသည်။ ဟိုဘက်ကမ်းက ပြေပြေလျှောလျှော ဖြစ်သော်လည်း သည်ဘက်ကမ်းက မတ်သည်။ ကမ်းပါးယံ ရှိသည်။ လှေဆိုက်သည့် နေရာ၌မူ ကမ်းပါးထက် တက်ရလွယ်အောင် ဆင်ခြေလျှော ပြုလုပ်ထားသည်။

ကမ်းထက် မလှမ်းမကမ်းတွင် တဲအိမ်ငယ် ရှိသည်။ ထွန်းငြိမ်းတို့ စတည်းချခဲ့ရာ လူသတ်ကုန်း သို့မဟုတ် ယခုအခေါ် ဘုရားကုန်းကို ရှေ့နား ကိုက်တစ်ရာခန့် အကွာလောက်တွင် လှမ်းမြင်ရသည်။ ဟိုခပ်ဝေးဝေးဆီတွင်ကား မီးရောင်လဲ့လဲ့နှင့် အိမ်စုစု။

"အခု နည်းနည်းမှောင်သွားလို့ဗျ၊ ညနေ စောစောပိုင်းဆိုရင်တော့ အင်မတန် သာယာတဲ့ နေရာပေါ့။ ဒါပေမဲ့ တစ္ဆေကြောက်လို့ ဘယ်သူမှ ဒီနေရာမှာ ကြာကြာနေလေ့မရှိကြဘူး"

သူငယ်ချင်းက ဆိုသည်။

"တစ္ဆေခြောက်တတ်လို့လား"

"လူ အတော်များများကတော့ ဒီနေရာဟာ တစ္ဆေခြောက်တတ်တဲ့ နေရာလို့ ယုံကြည်ကြတယ် ကျွန်တော်ကတော့ နာနာဘာဝဆိုတာတွေကို ယုံကြည်တတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီနေရာရောက်ရင် အတိတ်တစ္ဆေခြောက်တာကိုတော့ ကျွန်တော်လဲ အမြဲခံစားရတယ်၊ ဆတ်သေချောင်းရိုး တစ်လျှောက်က ပုံပြင်တွေ ဒဏ္ဍာရီတွေ ပြန်ပြီးလှုပ်ရှားရှင်သန်အောင် အသက်သွင်းပေးနိုင်တဲ့ တစ္ဆေတစ်ယောက်က ဒီမှာ ရှိနေတယ်"

“တစ္ဆေတစ်ယောက် ဟုတ်လား၊ တစ်မျိုးပါလား”

“ဟုတ်တယ်၊ သက်ရှိတစ္ဆေပဲ၊ တမလွန်က ထွန်းငြိမ်းတို့၊ ထွန်းသိန်းတို့ကို ပြန်ခေါ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်၊ ဟော .. ပြောရင်းဆိုရင်းပဲ ဟိုမှာ ထွက်လာပါပြီခင်ဗျာ"

သူငယ်ချင်းက တဲကလေးဆီသို့ လက်ညိုးညွှန်ပြသည်။

တဲကလေးရှေ့တွင် တောင်ဝှေးတစ်ချောင်းနှင့် အဘွားအိုတစ်ယောက်။ တဲထဲက ဘယ်အချိန် ထွက်လာလိုက်သည် မသိ၊ ရုတ်တရက် ကျွန်တော် စနိုးစနောင့် ဖြစ်သွားသည်။

“အဲဒါ ထွန်းငြိမ်းတို့ အမေ”

“ဒီနားက ကလေးတွေက စုန်းမကြီးဆိုပြီး ကြောက်ကြတယ် အမှန်တော့ အသက်အရွယ်ကြီးရင့်တာနဲ့ ပြင်းထန်ဆိုးရွားတဲ့ ဘဝအတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး စိတ်သိပ်မမှန်ချင် ဖြစ်နေတဲ့ သဘောလောက်ပါ၊ ကျွန်တော်နဲ့တော့ ခင်ပါတယ်"

သူငယ်ချင်းက ခပ်တိုးတိုး ပြောသည်။

“အဘွား ထမင်းစားပြီးပြီလား"

မောင်ထွေးက ရှေ့မှ သွားကာ အဘွားကြီးကို ခပ်ကျယ်ကျယ် အော်၍ နှုတ်ဆက်သည်။

“လမ်းဗိုလ်ကြီးက ညွှေ့သည်ပါ ခေါ်ပြီး အဘွားဆီ ပျော်ပွဲစား ထွက်လာတာ”

“လမ်းဗိုလ်ကြီးလား၊ လာလေ၊ ညွှေ့သည်ပါ ခေါ်ခဲ့လေ”

“အထဲတော့ မဝင်တော့ဘူး အဘွားရေ၊ ကျွန်တော်တို့ ဒီအပြင်ဘက်နားမှာပဲ လေတဖြူးဖြူးနဲ့ ထိုင်တော့မယ်”

“ထိုင် .. ထိုင်၊ ကောင်းတယ် အပြင်ဘက်က ပိုသာယာတာပေါ့”

အဘွားအိုက သိမ်မွေ့စွာပင် ဆိုသည်။

ထွန်းငြိမ်းတို့အမေဆိုတော့ အသက်က အနည်းဆုံး ကိုးဆယ်၊ ဒါမှမဟုတ် သည့်အထက်မှာပဲ ရှိနေလိမ့်မည်ဟု ကျွန်တော် တွက်ကြည့်မိသည်။ ကိုးဆယ်ဆိုသော အသက်နှင့် စာလျှင်တော့ အဘွားအိုက အလွန်ပင် ကျန်းမာသန်စွမ်းသည်ဟု ဆိုရပေမည်။

လူက အရပ်တိုတို ပိန်ပိန်ပါးပါး၊ ကိုင်းနေသည့် ခါးကို တောင်ဝှေးနှင့် ဆွဲဆန့်ထားသည်။ သူ့အရပ်သာသာမျှ ရှည်သော တောင်ဝှေးကို တင်းတင်း ဆုပ်ကိုင်ထားသည့်လက်က သေးကွေးအိုမင်းသော သူ့ကိုယ်ခန္ဓာထဲတွင် အင်အားတွေ ကျန်ရှိနေသေးကြောင်း ဖော်ပြလျက်ရှိသည်။

"ဆရာ ဒီနေရာမှာ ခင်းမယ်နော်"

မောင်ထွေးက တဲရှေ့ မြေတလင်းပြင် တစ်နေရာမှာ ညှော်ရိပ်သာမှ သူယူလာခဲ့သည့် တာပေါ်လင်စကို ဖြန့်ခင်းပြီး ပုလင်းဖန်ခွက် စသည်တို့ကို နေရာချသည်။

"ပုလင်းလဲသွားဦးမယ်နော်၊ သတိထား၊ ရွှေသာ ကျင်ယူလို့ ရတယ်၊ အရက်ကို ပြန်ကျင်ယူလို့ မရဘူးကွ"

သူငယ်ချင်းက လှမ်းသတိပေးသည်။

"စိတ်ချပါ ဆရာ၊ တွန်းလှဲတောင် မလဲအောင် နေရာချနေပါတယ်"

"အေး ဟုတ်ပါပြီကွာ၊ ပြီးရင် အဘွားအတွက် ယူလာတာလေး ပေးပါဦး၊ အဘွားစားဖို့ ကျွန်တော်တို့ ကြက်ကြော် ယူလာတယ်"

သူငယ်ချင်းက အဘွားကြီးကို ခပ်ကျယ်ကျယ် ပြောသည်။ အဘွားအိုက နားလေးဟန် တူသည်။

"ကြက်ကြော်လား"

အဘွားအိုက သေချာအောင် ထပ်မေးသည်။

"ဟုတ်ကဲ့၊ ကြက်ကြော် အဘွား ကြိုက်တယ် မဟုတ်လား"

"ကြိုက်တာပေါ့ကွယ်၊ သားကြီးက အမေ စားစားနဲ့ အမြဲပဲ အတင်းကျွေးတယ်၊ သူက ကြက်သား သိပ်ကြိုက်တာ၊ သူ အတင်းကျွေးတာနဲ့ပဲ ကြာတော့ အမေလဲ ကြိုက်သွားရော အခုလဲ လမ်းဗိုလ်ကြီး ပေးတာ အမေ တစ်ယောက်တည်း စားလို့မဖြစ်ဘူး၊ သားကြီးအတွက် ချန်ထားရမယ်၊ ဟို အငယ်နှစ်ယောက် အတွက်လဲ ထားရမယ်"

မောင်ထွေးက ကြက်ကြော်ပန်းကန် ပေးတော့... အဘွားအိုက လှမ်းယူပြီး "ကျေးဇူးတင်လိုက်တာကွယ်" ဟု ပြောကာ တောင်ဝှေး တစ်ထောက်ထောက်နှင့် တဲထဲ ဝင်သွားသည်။

ကျွန်တော်တို့က မောင်ထွေး ခင်းထားသော နေရာတွင် ထိုင်ကြသည်။

"ဒီနားမှာ အရက်သောက်တာ အဘွားကြီးကို အားနာစရာ ဖြစ်နေမလား မသိဘူး"

ကျွန်တော်က ပြောသည်။

"မနာနဲ့ဗျ၊ အေးအေးဆေးဆေး သောက်၊ သူ တော်ကြာ ပြန်ထွက်လာရင် ဘာပါမလဲ ခင်ဗျား ကြည့်နေ"

ခဏကြာတော့ အဘွားကြီး ပြန်ထွက်လာသည်။ လက်တစ်ဘက်တွင် တောင်ဝှေး၊ ကျန်တစ်ဘက်တွင်မူ ကြက်ကြော်ပန်းကန်လွတ်နှင့် ပုလင်းလွတ် တစ်လုံး၊ ပုလင်းက ပိုင့်ပိုင့်ပြားပြားလေး ဖြစ်သည်။

"မောင်ထွေး၊ ကိုထွန်းငြိမ်းတို့ သောက်ရအောင် အဘွားပုလင်းထဲမှာ နည်းနည်း ထည့်ပေးလိုက်ပါကွာ"

သူငယ်ချင်းက ညွှန်ကြားသည်။ မောင်ထွေးက ပုလင်းပြားလေးကို ယူကာ ရမ်နှင့်ဆိုဒါတွေ စပ်ပြီး ပုလင်းပခုံးလောက်အထိ ထည့်ပေးသည်။

"အကြီးနှစ်ယောက်က သိပ်ကြိုက်တတ်တာ၊ သားလေးကတော့ တစ်သက်လုံး အရက်ကို လျှာပေါ် တင်တာ မဟုတ်ဘူး၊ အဘွားလဲ သွေးဆုံးကာစလောက်တုန်းက ဆေးဖြစ်ဝါးဖြစ် သောက်ဖူးတာပေါ့ကွယ်"

အဘွားအိုက ဆိုသည်။ ထို့နောက် ပုလင်းပြားလေးကို ရိုရိုသေသေ ကိုင်ကာ တဲဆီသို့ ပြန်ဝင်သွားသည်။

"ပုလင်းသိမ်းတာတော့ နည်းနည်းကြာမယ်ဗျ"

သူငယ်ချင်းက ပြောသည်။ သူ့ မျက်နှာ အမူအရာက တစ်မျိုး။ မောင်ထွေးထပြီး တဲနားဘက် သွားမည်ပြုသည်။

"မသွားနဲ့ကွ၊ သူ့ဘာသာ သူနေပါစေ"

ဆရာက တားသည်။

"ဒီဆရာတပည့် ဘာတွေ ကြံစည်နေကြတာလဲ"

ကျွန်တော်က မေးသည်။

"ဘာမှ မကြံစည်ပါဘူးဗျာ၊ ဒီကောင် အဘွားကြီး အရက်ပုလင်း သိမ်းတာ

သွားချောင်းကြည့်မှာစိုးလို့ မလုပ်နဲ့လို့ တားတာ ကဲ … ကျွန်တော်တို့ ဝိုင်းလေး ပြန် စ ရအောင်”

မှုန်ရီသော ပတ်ဝန်းကျင်ကို ငေးမျှော်ရင်း ကျွန်တော်တို့ဝိုင်း ဆက်ကြပြန်သည်။ ကောင်းကင်၌ ငွေကြယ်ကလေးများ လင်းလက်စပြုပြီ။ ဟိုအဝေးရွာဆီမှ ခွေးဟောင်သံသဲ့သဲ့ကို ကြားရသည်။

သူငယ်ချင်းက အေးအေးဆေးဆေးပင် အရက်သောက်လိုက်၊ အမြည်းစားလိုက် လုပ်နေသည်။ ကျွန်တော့်စိတ်ထဲမှာ ဇဝေဇဝါ။ ဘာအတွက် ဒီနေရာကို အရက်ဝိုင်း ရွှေ့လာရသလဲ၊ ထွန်းငြိမ်းတို့ အမေနှင့် တွေ့ဖူးရအောင် ဆိုလျှင်လည်း နောက်နေ့မှာ နံနက်ဖြစ်ဖြစ်၊ နေ့လယ်ဖြစ်ဖြစ် တွေ့ပေးလျှင်လည်း ရသားပဲဟု ကျွန်တော်တွေးနေမိသည်။

“ပေ့ါလူ သောက်လေဗျာ၊ ဘာငိုင်နေတာလဲ မူးမှာ မစိုးရိမ်နဲ့၊ သောက်ထား တော်ကြာ တစ္ဆေခြောက်ရင် ခင်ဗျား အမူးပြေသွားလိမ့်မယ်'

သူငယ်ချင်းက ပြောသည်။

“အဘွားကြီးက ဘာတွေ လုပ်မှာလဲ”

“တော်ကြာ ခင်ဗျား တွေ့ရပါလိမ့်မယ်"

ခဏကြာတော့ အဘွားအို တဲထဲမှ ပြန်ထွက်လာသည်။ ကျွန်တော်တို့ အနီးမှာ ငုတ်တုတ်ကလေး ထိုင်သည်။ လက်ထဲမှ တောင်ဝှေးကြီးက သူ့ခေါင်းထက် ရှည်လျားစွာ ထိုးထွက်လျက်ရှိသည်။

“အဘွား၊ ဟောဒီက ကျွန်တော့်သူငယ်ချင်းက ကိုထွန်းငြိမ်းတို့ အကြောင်း စိတ်ဝင်စားတယ်ဆိုလို့ အဘွားနဲ့တွေ့ပေးရအောင် ကျွန်တော် ခေါ် လာတာ၊ ဟိုတုန်းက အကြောင်းတွေ သူ့ကို နည်းနည်း ပြောပြလိုက်ပါလား”

သူငယ်ချင်းက ဆိုသည်။

“အင်း … ဟိုတုန်းကလား .. ”

အဘွားအိုက ကျွန်တော့်ကို ကြည့်သည်။

“ဟိုတုန်းက အမေ့သားကြီးက ဒီနေရာမှာ ရှင်ဘုရင်နဲ့ မခြားပေါ့ကွယ်၊ အင်မတန် ဘုန်းတန်ခိုး အာနုဘော် ကြီးတာပေါ့ လက်ညိုးညွှန်ရာ ရေဖြစ်တာပေါ့၊ တောင်စွယ်နေကွယ်ရင် သတ်စေလို့ အမိန့်ထုတ်ပြန်ပြီး ရာဇဝတ်သားတွေကို ကွပ်မျက်ခဲ့တဲ့ မင်းဧကရာဇ်မျိုး ဖြစ်ခဲ့တာပေါ့”

အဘွားအို ပြောဆိုပုံက ဇာတ်ဟန်ပါလှသည်။ သူ့သားကြီး ကောင်းစားစဉ်က အကြောင်းကို ပြန်ပြောင်းသတိရကာ စိတ်အားတက်ကြွလာသည့် အသွင်သဏ္ဍာန်မျိုး။

"အမေ့သားကြီး ရှင်ဘုရင်လို ဘုန်းတန်ခိုးကြီးပေမဲ့ အမေ့ကို အလွန်ရိုသေတယ်၊ အလွန်ချစ်တယ်၊ ညီတွေကိုလဲ ချစ်တယ်၊ အမေ့သား သုံးယောက်လုံး တကယ်လိမ္မာတဲ့သားတွေ၊ လူလိမ္မာလေးတွေ၊ သူတော်ကောင်းလေးတွေ၊ ဒါပေမဲ့ ဘယ်လောက်ပဲ လိမ္မာလိမ္မာ အပေါင်းအသင်း မကောင်းတဲ့အခါ ဒုက္ခရောက်ကြရတယ်၊ လောကကြီးမှာ ကောင်းတဲ့လူ တစ်ယောက်ရှိရင် မကောင်းတဲ့လူ ဆယ်ယောက် ရှိတယ်၊ ဘုန်းတန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပေါ်လာရင် အဲဒီပုဂ္ဂိုလ်ကို ဖျက်ဆီးမယ့် ဒုက္ခပေးမယ့် လူတစ်ရာလောက် ပေါ်လာတယ်"

"ကိုထွန်းငြိမ်းကို ဘယ်သူတွေ ဖျက်ဆီးခဲ့တာလဲ"

သူငယ်ချင်းက မေးသည်။

"သားကြီးကို ဒုက္ခပေးသွားတာ ဟို အယုတ်တမာမနဲ့ သစ္စာဖောက်ကျွန်ယုံတွေပေါ့၊ သားကြီးဟာ လူရိုးလူအ၊ ရိုးလွန်း အ လွန်းလို့ မိန်းမဆီမှာ အလှည့်စားခံရတယ်၊ မိန်းမလည်မဆီမှာ အလိမ်အညာ ခံရတယ်၊ မိန်းမလည်မနဲ့ သစ္စာဖောက်ကျွန်ယုံတွေ ပေါင်းပြီး လုပ်ကြံတာ ခံရတယ်"

သူငယ်ချင်းက ကျွန်တော့်အား 'ဘယ်လို သဘောရလဲ' ဆိုသော မျက်နှာပေးနှင့် လှမ်းကြည့်သည်။

"သားလေး မောင်ထွန်းသိန်းတုန်းကလဲ မင်းမြှောင်ကပ်ပါးလုပ်တဲ့ ကောင်တွေက နေ့စဉ်နဲ့အမျှ ခေါ်ပင့်ပြီး အရက်သောက် ကြက်တိုက် ဖဲရိုက် မဟုတ်တာတွေ စုံအောင် လုပ်ခိုင်းကြတယ်၊ မောင်ထွန်းသိန်းဟာ မိန်းမလျာလေးလိုပဲ အင်မတန် သိမ်မွေ့တယ်၊ စိတ် အင်မတန် ပျော့တယ် သူက သူ့ဘာသာ အေးအေးနေချင်တယ်၊ ဒီလူတွေနဲ့ မတွေ့အောင် ဆိုပြီး တစ်ခါတလေ အိမ်တံခါး ပိတ်ပြီး အခန်းအောင်းပြီးတောင် နေသေးတယ်၊ ... "

"ဒါပေမဲ့ ဒီကောင်တွေကို ရှောင်လို့မလွတ်ဘူး၊ သူတို့ကို သူ မလွန်ဆန်နိုင်ဘူး ဒီကောင်တွေ လာခေါ်ရင် လိုက်ရတယ်၊ သူတို့ သောက်စားသမျှ ပါရတယ်၊ သူများ သားပျို သမီးပျို သူတို့ ဖျက်ဆီးသမှ မောင်ထွန်းသိန်း ခေါင်းပေါ် ပုံချကြတယ်၊ သူတို့ လုသမျှ တိုက်သမျှ မောင်ထွန်းသိန်း လုတယ် တိုက်တယ်လို့ လုပ်ကြတယ် နောက်ဆုံး သူတို့ လိမ်တာညာတာတွေ ပေါ်မှာစိုးလို့ မောင်ထွန်းသိန်းကို ဆတ်သေချောင်းထဲ နှစ်ပြီးသတ်ဖို့ ကြိုးစားကြတယ်၊ ဒါပေမဲ့

ဘယ်ရမလဲ ဆတ်သေချောင်းဆိုတာ အဘွားတို့ ချောင်းပဲ၊ ချောင်းက လက်မခံဘူး၊ သူတော်ကောင်းမှန်းသိလို့ ပြန်လွှတ်လိုက်တယ်၊...”

“သားငယ်လေး မောင်ထွန်းအောင်လိုပဲပေါ့၊ သားကြီးကို အငြိုးထားတဲ့ သူဌေးက သားကြီးရဲ့ ဘုန်းတန်ခိုးကို မယှဉ်သာတော့ သားလေး မောင်ထွန်းအောင်ကို သမီးနဲ့ ဖြားယောင်းပြီး ထောင်ဖမ်းတယ်၊ ပြီးတော့ ဆတ်သေချောင်းအကူးမှာ ချောင်းမြောင်းပြီး လုပ်ကြံတာပေါ့၊ သူဌေးသမီးသူယောင်မယ်ကလဲ သားလေးကို ရေထဲတွန်းချပြီး သူက ကိုယ်လွှန်ရုန်း ထွက်ပြေးတယ်၊ ဒါပေမဲ့ သူတို့ ယုတ်ယုတ်မာမာ ကြံစည်တာတွေကို ချောင်းစောင့်နတ်က သိတာပေါ့၊ အမေနဲ့ သားတွေအကြောင်း ချောင်းစောင့်နတ် သိတာပဲ၊ သားလေးကို နတ်ကောင်းနတ်မြတ်တွေက ကယ်ဆယ်လိုက်တယ်၊ ဒီသူယောင်မယ်ဆီမှာ နောက်တစ်ခါ ဖြားယောင်း မခံရအောင် ဝှက်ပေးထားတယ်"

“အဘွားသားတွေ အခု ဘယ်ရောက်နေကြလဲ”

သူငယ်ချင်းက မေးသည်။

“ရှိတာပေါ့ကွယ်၊ အဘွားဆီမှာ အမြဲရှိတာပေါ့၊ ညကျရင် ရောက်လာကြမှာပေါ့၊ တစ်နေ့လုံးတော့ သွားလာနေကြတာပေါ့၊ ဒါပေမဲ့ ဒီဆတ်သေချောင်းရိုး တစ်လျှောက်ထက်တော့ ပိုမသွားဘူး၊ ဒီနေရာကို သူတို့ မခွာနိုင်ကြဘူး၊ တချို့က ထွန်းငြိမ်းသေပြီလို့ ပြောကြတယ်၊ သားကြီး မသေပါဘူး၊ ညီအစ်ကို သုံးယောက်လုံး သေသွားပြီလို့ ပြောကြတယ်၊ မုန်းလို့ ပြောကြတာ စိတ်ယုတ်မာနဲ့ ပြောကြတာ၊ တမလွန်ကို သွားကြတယ် ဆိုတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ အမေ့ကိုတော့ ပစ်မထားကြဘူး၊ ညကျရင် တစ်ယောက်ပြီး တစ်ယောက် ပြန်ရောက်လာကြတာပဲ၊ ဟိုမှာ မောင်ထွန်းအောင်လေးတောင် လာနေပြီ၊ သူက အမြဲ စောစောပြန်လာတယ်”

အဘွားအိုက ကျွန်တော့်နောက်ဘက်ဆီသို့ ညွှန်ပြရင်း ပြောလိုက်သည်။ ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်တော့ သူက...

“မကြည့်နဲ့ မကြည့်နဲ့၊ လူစိမ်းမြင်ရင် ပြန်လှည့်သွားဦးမယ်၊ ဒီအတိုင်း မသိချင်ယောင်ဆောင်နေ၊ သူ့ဘာသာသူ တဲထဲကို နောက်ဖေးဘက်က ဝင်သွားလိမ့်မယ်” ဟု ဆိုသည်။

“မောင်ထွန်းငြိမ်းနဲ့ မောင်ထွန်းသိန်းက နောက်ကျမယ်၊ ညဉ့်နက်မှ ပြန်လာကြမယ်၊ သားကြီးရဲ့ တပည့်တပန်းတွေကလဲ လိုက်လာကြဦးမယ်၊ သက်တော်စောင့်တွေ သားကြီးကို အသက်အန္တရာယ် မဖြစ်အောင် စောင့်ရှောက်နေကြတဲ့ တပည့်ကောင်းတွေရှိသေးတယ်၊ အမေ့သားတွေ မသေပါဘူး၊

အမေ့သားတွေကို ဘယ်သူမှ သတ်လို့မရဘူး၊ သတ်ဖို့ ကြံစည်တဲ့လူတွေသာ အသေဆိုးနဲ့ သေရမယ်”

အဘွားအိုက ရုတ်တရက် ထရပ်ကာ တောင်ဝှေးနှင့် မြေကို ဆောင့်သည်။

“ဒီအယုတ်တမာကောင်တွေ အားလုံး ဆတ်သေချောင်းရဲ့ ကျိန်စာ သင့်လိမ့်မယ်။ ဆတ်သေချောင်းဟာ လူစားတဲ့ချောင်း၊ ဒီချောင်းမှာ သွေးချောင်းစီးလိမ့်ဦးမယ်၊ အမေ့သားကို သတ်တဲ့ တိရစ္ဆာန်တွေရဲ့ သွေးတွေနဲ့ ချောင်းတစ်ပြင်လုံး ခြင်းခြင်းနီတာ ကြည့်ပြီးမှ သားတို့နောက်ကို အမေလိုက်ခဲ့မယ်”

အဘွားအိုက တောင်ဝှေးတစ်ထောက်ထောက်နှင့် ဆတ်သေချောင်း ကမ်းပါးစွန်းဘက်သို့ လျှောက်သွားသည်။ သူ့နှုတ်မှမူ ကျိန်စာများ အနိဋ္ဌာန်ရုံ အတိတ်နိမိတ် စကားများကို အဆက်မပြတ် ရေရွတ်လျက် ရှိသည်။

အမှောင်ရိပ်ကမ်းပါးစွန်းထိပ်၌ တောင်ဝှေးတစ်ချောင်း ကိုင်၍ရပ်ကာ လက်ညိုးငေါက်ငေါက်ထိုးပြီး ကျိန်စာတိုက်နေသော အဘွားအို၏ ပုံသဏ္ဌာန်မှာ ပုံပြင်စာအုပ်များထဲတွင် မြင်ရဖူးသည့် ကဝေမကြီးများ၏ ရုပ်သွင်နှင့် တထေရာတည်းပင်။

“ကဲ ဘယ်လိုလဲ သူငယ်ချင်း၊ တစ္ဆေအခြောက်ခံနေရပြီလား၊ ဆတ်သေချောင်း ဇာတ်လမ်းတွေဟာ ဒဏ္ဍာရီတွေ မဟုတ်ဘူး၊ မပြီးနိုင်သေးသူတွေ အတွက်တော့ ဒါတွေဟာ မပြီးဆုံးသေးတဲ့ အဖြစ်အပျက်တွေ အနေနဲ့ပဲ ရှိသေးတယ် ကဲ .. ကိုယ့်ဘာသာကိုယ် သောက်စရာရှိတာသောက်၊ စားစရာရှိတာစား၊ အေးအေးဆေးဆေးထိုင် ရှုစားနားဆင်ပေတော့၊ သူက ဗွီဒီယိုတစ်ကားစာ နီးပါးလောက်တော့ ကြာလိမ့်မယ် ဒါမျိုး သူငယ်ချင်း တွေ့ဖူးမှာ မဟုတ်ဘူး”

ကျွန်တော်က သူငယ်ချင်းမျက်နှာကို အံ့သြစွာ ကြည့်မိသည်။ စိတ်ဝေဒနာသည် တစ်ယောက် စိတ်ဖောက်ပြန်ပုံရှုခင်းကို ပွဲကြည့်သလို ထိုင်ကြည့်ရန်အတွက် ကျွန်တော့်အား ခေါ်လာခဲ့ခြင်းပေတကား။

သူငယ်ချင်းက ကျွန်တော့် အတွေး၊ ကျွန်တော့် ခံစားချက်ကို အကဲခတ်မိဟန်တူသည်။

“ဘယ်လိုမှ ခံစားမနေနဲ့ သူငယ်ချင်း ဆတ်သေချောင်းရဲ့ ရှုးသွပ်မှုတွေထဲမှာ ကိုယ်တိုင် တစ်စိတ်တဒေသ ပါဝင်နေရတယ်လို့သာ သဘောထား ပြီးတော့ ကျွန်တော့် အတွေ့အကြုံအရ အဘွားကြီးက ဒီလို တစ်ကြိမ်ပေါက်ကွဲပြီးရင် အတော်ကြာကြာ စိတ်မှန်မှန်ကန်ကန် ပြန်ဖြစ်သွားတတ်တယ် အဲဒီ အခါမျိုးဆိုရင် ဟိုတုန်းက အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး လူကြီးပီပီသသ

ကျိုးကြောင်းဆင်ဆင်ခြင်ခြင်နဲ့ သံဝေဂရတဲ့ လေသံနဲ့ ပြောပြတတ်တယ်၊ သူ့သားတွေဘက်က တစ်ဖက်သတ် မပြောဘူး၊ ...

"အဲဒီတော့ အဘွားကြီး အခု ပေါက်ကွဲထွက်နေတာဟာ သူ့ရင်ထဲက စိတ်ဝေဒနာ အစိုင်အခဲတွေကို ခွဲထုတ်ပစ်နေတာလို့ သဘောထား၊ သူ့ကိုယ်သူ ဆေးကုနေတာလို့ သဘောထား၊ ပြီးတော့ သူငယ်ချင်း အခု သူပြောနေတာတွေကို သေသေချာချာ နားထောင်ကြည့်ရင် ဟိုတုန်းက ဆတ်သေချောင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေ အဲဒီတုန်းက ပါဝင်ပတ်သက်ခဲ့တဲ့ လူတွေရဲ့ စိတ်ခံစားချက်တွေ ခံစားချက်တွေ တစ်ယောက်အပေါ် တစ်ယောက်ရှိခဲ့မယ့် အငြိုးအာဃာတတွေကိုပါ ပီပီပြင်ပြင် မြင်လာလိမ့်မယ်"

သူငယ်ချင်းစကား တကယ်ပင် မှန်လှသည်။

အဘွားကြီး၏ ပြောဆိုဟန်မှာ ပြဇာတ်ထဲတွင် ဇာတ်ကောင်တစ်ဦးက မိမိဘဝအကြောင်း တစ်ကိုယ်တည်း ဇာတ်ကျောင်းလှန် ပြောဆိုနေဟန်မျိုး စာပြောကွက်စိပ်ဆရာတစ်ဦးက ဟန်မာန်ပါပါ ပြောဟောနေပုံမျိုးတွင် ရူးသွပ်မှု ဖြည့်စွက်ထားသည့်သဘော ဖြစ်သည်။

ဆတ်သေချောင်းကို အမျိုးမျိုးအဖုံဖုံ ခေါ်ဝေါ် တိုင်တည်သည်။ သူ့သားတွေကိုလည်း ကြော်ကြော်ခေါ် သည်။ သူ့ချွေးမတွေကို နာမဝိသေသန အမျိုးမျိုးတပ်၍ ဆဲသည်၊ ဆိုသည်၊ ကျိန်စာတိုက်သည်။ အတိတ်က ဇာတ်လမ်းတွေကို ဟိုတစ်ကွက် သည်တစ်ကွက် ပြန်ဖော်သည်။

ထွန်းငြိမ်းတဲ့ဟေ့၊ ဆတ်သေချောင်းရဲ့ အရှင်သခင် ရေမြွေသနင်းပြည့်ရှင်မင်း၊ ဘုန်းတန်ခိုးချင်း မယှဉ်နိုင်ရင် မယှဉ်ကြနဲ့၊ တောင်စွယ်နေကွယ်ရင် စက်ပစ်ကွင်းမှာ စာရင်းရှင်းမယ်၊ သင်းတို့အားလုံး အသက်ဇီဝိန် ချုပ်စေရမဟေ့..."

"ပမာမခန့်ချင်တဲ့ကောင်တွေ၊ အာခံချင်တဲ့ကောင်တွေ၊ တစ်စင်ထောင်ချင်တဲ့ကောင်တွေ၊ သစ္စာဖောက်တွေ၊ သင်းတို့ရဲ့ လည်ချောင်းသွေးနဲ့ ငါခြေဆေးမဟေ့၊ ဟိတ် .. ကျားကြီး၊ ကျားကြီးဆိုတဲ့ တိရစ္ဆာန်ကို အသေရရ၊ အရှင်ရရ အမိ ဖမ်းကြစမ်း တောင်ခြေပတ်လည်က အစောင့်တပ်မှာ ကျားကြီး တစ္ဆေကို အစောင့်ဗိုလ် ခန့်မယ်၊ ကျားကြီး ငါ့ညီကို ကိုက်သွားတဲ့ ကျားစုတ်ကျားနာ အရေဆုတ်ပြီး အရိုးပါ ထုတ်ကြဟေ့..."

သူက အမေ ဖြစ်သည့်အခါ ဖြစ်သွားသည်။ ထွန်းငြိမ်း အဖြစ်နှင့် ကြိမ်းမောင်းသည့်အခါ ကြိမ်းမောင်းသည်။ ထွန်းသိန်းတို့ ထွန်းအောင်တို့ ဇာတ်ကြောင်းတွေ လှန်သည့်အခါ လှန်သည်။

တောင်ဝှေးကို မြေပြင်တွင် တဒေါင်းဒေါင်း ဆောင့်လိုက် ရှေ့တိုးသွားလိုက်၊ နောက်ဆုတ်လာလိုက်၊ မြစ်ရေကို လက်ညှိုးငေါက်ငေါက်ထိုး၍ စွပ်စွဲလိုက်၊ မြစ်တစ်ပြင်လုံး ပွဲ့တင်ထပ်အောင် စူးစူးဝါးဝါး အော်ဟစ်လိုက်နှင့် ကြည့်ရသူပင် မောလာသည်။ ဇာတ်လမ်းတွေက တစ်ခုပြီးတစ်ခု တစ်ကျော့ပြီးတစ်ကျော့။ ပြီးဆုံးနိုင်သည် မရှိတော့။ အမှောင်ရိပ်ကြောင့် သဲကွဲစွာ မမြင်ရသော်လည်း သူငယ်ချင်းတို့ ဆရာတပည့်ကို ကြည့်ရသည်မှာလည်း ကျွန်တော့်နည်းတူ မောနေဟန်တူသည်။

"ကြည့်ရတာ မောတောင်လာပြီ ဆရာ" မောင်ထွေးက ဆိုသည်။

"ခါတိုင်း ဒီလောက် မကြမ်းဘူးထင်တယ်၊ ကြာလဲ ဒီလောက် မကြာဘူး"

"ကြမ်းတာတော့ ကြမ်းပါတယ်၊ ဒါပေမဲ့ ခါတိုင်း ဒီလောက် မကြာတာတော့ အမှန်ပဲ၊ တော်ကြာ အမောဆို့ပြီး သေသွားမှာတောင် ကြောက်ရတယ်၊ ဒါပေမဲ့ ဘယ်လို တားမလဲ"

သူငယ်ချင်းက ပြောသည်။

"ချော့ခေါ်ကြည့်ရအောင်"

ကျွန်တော်က အကြံပေးသည်။

"ပြီးတော့မယ်နဲ့ တူပါတယ်"

သူငယ်ချင်းက ဆိုသည်။

သို့သော် မပြီးသေး၊ အဘွားအိုက မြေကြီးကို ခြေနှင့် ဆောင့်ကာ ဆဲဆိုကြုံးဝါးလိုက် တောင်ဝှေးကို ဒေါသတကြီး ဆောင့်လိုက်နှင့် အရှိန်မသေနိုင်ဘဲ ရှိနေသည်။ တစ်ကြိမ်တွင် ရုတ်တရက် ချောင်းကမ်းပါးထိပ် အစွန်နားထိ ပြေးသွားသည်။ ထို့နောက် ချောင်းရေထဲသို့ လက်ညှိုးထိုးကာ သံကုန်အော်ဟစ်သည်။

"သားကြီး ... သားကြီး ... သားကြီးရေ မောင်ထွန်းငြိမ်း၊ ကူး ကူး လွတ်အောင်ကူး၊ ဟိုမသာတွေ လိုက်မလာကြနဲ့၊ အယုတ်တမာတွေ လိုက်မလာကြနဲ့၊ ငါ့သားကြီးကို မပစ်ကြနဲ့၊ အယုတ်တမာတွေ အသုဘကောင်တွေ မပစ်ကြနဲ့၊ ငါ့သားကို မပစ်ကြနဲ့ မပစ်ကြပါနဲ့တော့ ..."

တအားကုန်အော်ရင်း မြေကြီးကို တောင်ဝှေးနှင့် ဆောင့်သည်။ ကမ်းပါးစွန်းကို ထိုးမိ၍ မြေကြီးပွဲ့သည်ကို လှမ်းမြင်ရသည်။

ကျွန်တော်တို့ သုံးယောက်လုံး အလျင်အမြန် ပြေးလိုက်ကြသည်။ သို့သော် အဘွားကြီးကို ဆွဲမထားနိုင်လိုက်။ တောင်ဝှေးရောလူပါ ချောက်ကမ်းပါးမှ လိမ့်ကျသွားသည်။

သူလိမ့်ကျသည့်နေရာမှာ ချောက်ကမ်းပါးက ခပ်စောက်စောက်ဖြစ်သည်။ သို့သော် သိပ် အမြင့်ကြီးတော့ မဟုတ်။ ဆယ်ပေခန့်လောက်ပဲ ရှိသည်။ အဘွားကြီးက အောက်မှာ ခွေခွေလေး။

ကျွန်တော်တို့အားလုံး ချောက်ကမ်းပါးအောက်သို့ ဒရောသောပါး ပြေးဆင်းကြသည်။ အဘွားကြီး သေများသွားပြီလား။

သို့သော် ကျွန်တော်တို့ အထင်မှားသည်။ ကျွန်တော်တို့ အောက်ဖက်ရောက်တော့ အဘွားကြီးက ထထိုင်နေပြီ။

"အဘွား၊ ကျွန်တော် ပွေ့ယူမယ်" ဆိုကာ မောင်ထွေးက အဘွားကြီးကို ပွေ့ပြီး ကမ်းပါးပြေသော တစ်နေရာမှ အပေါ် သို့တက်သည်။ ကျွန်တော်က တောင်ဝှေးကို ကောက်ယူကာ နောက်မှလိုက်သည်။

တဲထဲက ကွပ်ပြစ်ကလေးမှာ သူ့ကိုချသည်။ ကျိုးပဲ့များသွားသေးလား၊ ကျွန်တော်တို့ စစ်ဆေးကြည့်ကြသည်။ ဘာမှ မဖြစ်။ နည်းနည်း ပွန်းတာပဲ့တာကလွဲ၍ အားလုံးအကောင်း။ လေထဲမှာ တစ်ပတ်လည်၍ အလိုက်သင့်ကလေး ကျဟန်တူသည်။ အဘွားအိုက ကွပ်ပျစ်ပေါ်မှ ဆင်းကာ မြေကြီးမှာ စမ်း၍လျှောက်ကြည့်သည်။ ပြီးလျှင် ကွပ်ပျစ်မှာ ပြန်ထိုင်သည်။ ပြီးလျှင် ကျွန်တော်တို့ကို ပြုံးကြည့်၍ ပြောသည်။

"အဘွားက အသက်ပြင်းပါတယ်ကွယ်၊ ဒါလောက်နဲ့ မသေပါဘူး၊ အဘွားအသက် ၉၆ နှစ် ရှိပြီး တစ်ရာကျော်ပြီးမှပဲ သေမယ်နဲ့ တူပါတယ်။ ယောကျ်ားက အသက် ၆၀ မှာဆုံးတယ်၊ သားတွေ အားလုံးလဲ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားကြတယ်၊ သားကြီးဆုံးတော့ သုံးဆယ့်ခုနှစ်နှစ်ပဲ ရှိသေးတာပဲ"

သူငယ်ချင်းပြောသလိုပင် အဘွားအိုက စောစောက သူ့စိတ် အစိုင်အခဲတွေ ဖောက်ထုတ် ပစ်လိုက်ရ၍လား၊ ဒါမှမဟုတ် ချောက်ကမ်းပါးမှ လိမ့်ကျသဖြင့် တစ်ကိုယ်လုံး လှုပ်ခါပစ်လိုက်သလို ဖြစ်သွားလေသလားမသိ၊ လုံးဝ ရှင်းရှင်းလင်းလင်း ကြည်ကြည်လင်လင် စိတ်ဝေဒနာ ကင်းစင်သူတစ်ဦးလို ပြန်ဖြစ်နေသည်။

"ကဲ အဘွား၊ ဘာမှ မဖြစ်ဘူးဆိုရင် ကျွန်တော်တို့ ပြန်မယ်။ မနက်မှပဲ မောင်ထွေးကို ဆေးပေးခိုင်းလိုက်မယ်၊ အခု မနာပေမဲ့ မနက်ကျရင်

ကိုယ်တွေလက်တွေ နာချင်နာနေမှာ” သူငယ်ချင်းက ဆိုသည်။

အဘွားအိုကို နှုတ်ဆက်ပြီး ကျွန်တော်တို့ ပြန်ခဲ့ကြသည်။

ညက တိတ်ဆိတ်လျက် ရှိသည်။ ကောင်းကင်တွင် ကြယ်ပွင့်ကလေးများ လင်းလက်လျက် ရှိသည်။ ငြိမ်သက်မည်းမှောင်သော ရေထဲ၌ တောက်ပသော ကြယ်ပွင့်ကလေးများ တွဲခိုနေကြသည်။ ရေအောက်မှာလည်း ကောင်းကင်ပြင်တစ်ခု ရှိနေသလိုပင်။

ရုတ်တရက် တစ်ဖက်ကမ်းဆီမှ ညဥ့်ငှက်တစ်ကောင်၏ စူးစူးဝါးဝါး အော်မြည်သံကို ကြားလိုက်ရသည်။

“ဆတ်သေချောင်း တစ်ပြင်လုံး သင်းတို့ရဲ့ သွေးတွေနဲ့ ခြင်းခြင်းနီစေရမယ်” ဟူသော အဘွားအို၏ ကြောက်မက်ဖွယ် ကျိန်စာကို ကြားယောင်ကာ ကျွန်တော် ကြက်သီးမွေးညင်းထသွားမိသည်။

ဆတ်သေချောင်းကား အတိတ်မေ့နေသူတစ်ယောက်ပမာ ငြိမ်သက်လျက်သား။

https://t.me/TheBookR

※※※

ငါမသေဘူးဆိုတဲ့လူ

(၁)

ဆရာဝန်က စာရွက်တွဲတစ်တွဲကို လက်မှကိုင်ကာ သူ့အထက် ဆရာဝန်ကြီး ရုံးခန်းအတွင်းသို့ ဝင်လာသည်။ လူနာက သူ့နောက်နားမှ ကပ်၍ပါလာသည်။ အခန်းထဲတွင် လူနာအား ကုလားထိုင်တစ်လုံးမှာ ထိုင်ခိုင်းပြီး ဆရာဝန်ကြီးထံ စာရွက်တွဲကို ကမ်းပေးသည်။

"လူနာနဲ့ ပတ်သက်လို့ လူနာဆီကရော လူနာရှင်များဆီကပါ ကျွန်တော် မေးမြန်းစိစစ်လို့ရတဲ့ ရောဂါရာဇဝင်နဲ့ သုံးသပ်ချက် အကျဉ်းချုပ်ပါဆရာ"

ဆရာဝန်ကြီးက စာရွက်တွဲကို လှန်လှောကြည့်ရှုသည်။ ရာဇဝင်အကျဉ်းချုပ်က အတော်ပင် ရှည်လျားပေသည်။ လူနာကို သူလှမ်းကြည့်သည်။ လူနာက ကုလားထိုင်တွင် ရိုသေကျိုးနွံဟန်ဖြင့် ထိုင်လျက်ရှိသည်။ လူနာ၏ မျက်လုံးများ၌ စိုးရိမ်ထိတ်လန့်မှု အရိပ်အယောင်များ ယှက်သန်းနေသည်ကို ဆရာဝန်ကြီး သတိပြုမိသည်။ သို့သော် နှုတ်ခမ်းများက ထူးခြားသည်။ နှုတ်ခမ်းများတွင် သရော် လှောင်ပြောင်ရိပ် တွဲခိုလျက်ရှိသည်။ ရပါတယ်။ ခင်ဗျား တတ်သလောက်လုပ်ပါ။ ဒါပေမဲ့ ခင်ဗျားလည်း ဖြစ်မြောက်မှာ မဟုတ်ပါဘူးဟု ပြောဆိုနေဟန်ရှိသည်။

ဆရာဝန်ကြီး အကဲခတ်ဆဲ ရုတ်တရက် လူနာက စကားတစ်ခွန်းပြောသည်။

"ကျွန်တော် မသေပါဘူး ခုထက်ထိ ကျွန်တော် မသေသေးဘူး"

ရုတ်တရက်တော့ ဆရာဝန်ကြီး အံ့အားသင့်သွားသည်။ ခေတ္တမျှ ကြောင်၍ ကြည့်နေမိသည်။ သို့သော် သူ့ဘဝမှာ စိတ်ရောဂါဝေဒနာသည်ပေါင်း ထောင်သောင်းချီ၍ တွေ့ခဲ့ရဖူးပြီ ဖြစ်သည်။ သူက လူနာကို မျက်နှာလွှဲလိုက်ကာ ရောဂါရာဇဝင်ကို စတင် ဖတ်ရှုလေသည်။

ဦးမင်းဟန် အသက် ၅၅ နှစ်ကို ဟသ်ာတမြို့အနီး ရွာကလေးတစ်ရွာမှာ မွေးသည်။ ငယ်စဉ်က ဆင်းရဲချို့တဲ့သည်။ ရွာဘုန်းတော်ကြီး ကျေးဇူးကြောင့် ပညာသင်ကြားခွင့်ရသည်။ ပထမတွင် ဘုန်းတော်ကြီး ကျောင်းပညာရေး။ ၄င်းနောက် အစိုးရအထက်တန်းကျောင်းသို့ ရောက်သည်။ အထက်တန်း ကျောင်းသားဘဝ မှစ၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးပမ်းခဲ့ရသည်။ ဆယ်တန်းအောင်ပြီးနောက် ရန်ကုန်မြို့သို့ ရောက်သည်။ စာရေးအလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ်၌ ပညာဆက်လက်သင်ကြားသည်။

ထို့နောက် နိုင်ငံရေးလောကထဲ ရောက်သည်။ နိုင်ငံရေး လောကခံတွင် ကျင်လည်ရသည်။ ခံရသည်။ စံရသည်။ အဆင့်မနိမ့်သော နိုင်ငံရေး ရာထူးရခဲ့သည်။ ရာထူးလက်လွှတ်သည့်အခါ နိုင်ငံရေးကို စွန့်လွှတ်၍ စီးပွားရေးနယ်ဘက် ကူးပြောင်းခဲ့သည်။

ယခုအချိန်၌ သူ၏ စီးပွားရေး အခြေအနေမှာ သင့်တင့်ကောင်းမွန်ဆဲ ဖြစ်သည်။

သူ၏ရောဂါ သို့မဟုတ် အဓိက ရောဂါလက္ခဏာမှာ 'သွေးအကြောက်လွန်ခြင်း” ဖြစ်သည်။

※

ဦးမင်းဟန်သည် ဗုဒ္ဓဘာသာမိသားစုမှ ပေါက်ဖွားသူ ဖြစ်သည်။ ထို့ပြင် ရွာဘုန်းတော်ကြီးကျောင်းတွင် ငါးနှစ်ကျော်မျှ နေထိုင်ခဲ့ရသည်။

ထို့ကြောင့် သူသည် ဗုဒ္ဓဘာသာ အယူအဆနှင့် ဗုဒ္ဓယဉ်ကျေးမှုဓလေ့များ ကြီးမားစွာ လွှမ်းမိုးခံရသည့် မွေးရာပါ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်သည်ဟု ဆိုရမည်။

သို့သော် ထိုမျှ ဩဇာလွှမ်းမိုးခံရသည့် အခြေအနေ၌ပင် ဦးမင်းဟန်သည် ဘာသာအယူ၌ ဩဇာလွှမ်းမို သက်ဝင်ယုံကြည်မှု နည်းပါးခဲ့ပုံရသည်။ သို့တည်းမဟုတ် ယင်းထက်ကြီးမားသည့် ဝင်ရောက်ခဲ့ပုံရသည်။ သူသည် မူလအယူကိုစွန့်ကာ မာ့က်စ်ဝါဒီအဖြစ် ခံယူသွားခဲ့သည်။ သို့သော် နိုင်ငံရေးဘဝ နောက်ပိုင်းကာလ တွင် ဦးမင်းဟန်သည် မာ့က်စ်ဝါဒကို မယုံကြည်တော့ကြောင်း အခိုင်အမာ ပြောဆိုပြန်သည်။

မော့က်စ်ဝါဒကို စွန့်လွှတ်ပြီးသည့်နောက် မိရိုးဖလာ အယူဝါဒကိုလည်း ပြန်လည်စွဲကိုင်ခြင်းမပြုခဲ့ပေ။ ထို့ကြောင့် ဦးမင်းဟန်သည် ဗုဒ္ဓဝါဒီ မဟုတ်။ မော့က်စ်ဝါဒီလည်း မဟုတ်။ ဘာဝါဒီမှ မဟုတ်တော့။

※

ဘာသာကို စွန့်လွှတ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ဆန်းစစ်သည့်အခါ၊ ဦးမင်းဟန် အဆိုအရ မိမိသည် ……………………. ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

နီးစပ်သူ ဆွေမျိုးသားချင်းများကမူ ဦးမင်းဟန်သည် ငယ်စဉ်ကပင် ဘုန်းကြီးကျောင်း၌ နေထိုင်ရသည့် ဘဝကို မနှစ်မြို့ကြောင်း၊ ဘုန်းကြီးကျောင်းသား ဖြစ်ရခြင်းအတွက် သိမ်ငယ်စိတ်ရှိကြောင်း၊ ဘုန်းကြီးကျောင်းတွင် အတူနေကျောင်းသားများ ကိုရင်ငယ်များနှင့် မကြာခဏ ခိုက်ရန်ဖြစ်ပွားတတ်ကြောင်း၊ သူ့ကို ဘုန်းကြီးကျောင်းသားဟု နောက်ပြောင်သည့် ရွာထဲက ခလေးများနှင့်လည်း မကြာခဏ ထိုးကြိတ် ခဲ့ဖူးကြောင်း၊ သည်အကြောင်းများသည် နောင်အခါ၌ ဘာသာအယူ စွန့်ပယ်ရေးတွင် တွန်းအားပေးသည့် အဓိက အချက်များ ဖြစ်နိုင်ကြောင်းဖြင့် ထင်မြင်ချက်ပေးကြသည်။

မော့က်စ်ဝါဒကို စွန့်လွှတ်ခြင်းနှင့် ပတ်သက်၍ ဦးမင်းဟန်က မိမိသည် အယူအဆတစ်ခုကို မှန်ကန်သည်ထင်လျှင် လက်ခံယုံကြည်ရန် ဝန်မလေးကဲ့သို့ မှားယွင်းပြီထင်လျှင်လည်း စွန့်လွှတ်ရန် လက်မနှေးတတ်သူ တစ်ဦးဖြစ်သည်။ မော့က်စ်ဝါဒသည် … ခဲ့ပြီ။ မိမိ၏ နိုင်ငံရေးအမြင်များသည် မိမိ၏ လက်တွေ့ဘဝ အတွေ့အကြုံများနှင့်အညီ အစဉ်တစိုက် ပြောင်းလဲလျက်ရှိသည်။ မိမိသည် နိုင်ငံရေးကို လက်တွေ့ကျကျ လုပ်ဆောင်တတ်သူဖြစ်သည်။ ဖြစ်နိုင်ချေမရှိသည့် စိတ်ကူးယဉ်အိပ်မက်များနောက် တကောက်ကောက် လိုက်နေတတ်သူမျိုးမဟုတ်။ လက်ငင်းမှာ ဘာတွေ ဖြစ်နိုင်သလဲ၊ အဲဒါကို စဉ်းစား။ အဲသလို စဉ်းစားပြီး တကယ် ဖြစ်နိုင်သည် ထင်ရသော အရာကို လုပ်ခြင်းသာ လက်တွေ့ကျသော နိုင်ငံရေးဟု မိမိမြင်သည်။ ထို့ကြောင့်လည်း နိုင်ငံရေးဆိုသည်မှာ ဖြစ်နိုင်ခြေ ရှိသည့်အရာကို လုပ်သည့် အတတ်ပညာဟု တချို့ ပုဂ္ဂိုလ်များက ဆိုကြခြင်းဖြစ်သည်။ ငယ်စဉ်တုန်းကတော့ မိမိသည် မဖြစ်နိုင်ဆိုသော ဝေါဟာရ ကျုပ်အဘိဓာန်မှာ မရှိဘူးဆိုသော စကားမျိုးကို သဘောကျ ကိုးကွယ်ခဲ့ဖူးသည်။ သို့သော် နောက်ပိုင်း၌ လက်တွေ့ ဘဝအသိအရ မဖြစ်နိုင်ဆိုသော စကားသည် မည်သည့်အဘိဓာန်မှ မကင်းနိုင်သည့် စကားဖြစ်ကြောင်း လက်ခံခဲ့ရသည်။ မူလက မော့က်စ်၊ အိန်းဂဲလ်စ်၊ လီနင် စတာလင် မော်စီတုန်း၊ ကပ်စထရိုတို့လို ကြီးကျယ်ဖို့ မိမိ မျှော်မှန်းခဲ့သည်။ သို့သော် တကယ်လုပ်ကြည့်၍ မအောင်မြင်သည့်အခါ မိမိ ယုံကြည်ချက် ပျက်ယွင်းလာသည်။ မျှော်မှန်းချက်တွေလည်း တဖြည်းဖြည်း နိမ့်ကျလာခဲ့သည်။

ထို့ကြောင့် အခြေအနေ ပေးသော တစ်ချိန်မှာ မဲ့ဗ်စ်ဝါဒနှင့် မာ့က်စ်ဝါဒီ အသိုင်းအဝိုင်းကို စွန့်ခွာခဲ့သည်။ သို့သော် အတွေ့အကြုံ အလေ့အလာအရ တတ်ကျွမ်းနားလည်ခဲ့သည့် နိုင်ငံရေး အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုများကို အသက်မွေးဝမ်းကျောင်း ပညာတစ်ရပ်သဖွယ် အသုံးချနိုင်သည့် အခြေအနေ ရရှိလာသဖြင့် နိုင်ငံရေးလောကတွင် ဆက်လက်ကျင်လည်နေခဲ့သည်။ ထို အနေအထားတွင် ဆက်လက် ရပ်တည်ရန် မလွယ်ကူတော့သည့် အခါ၌မူ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုသာ မိမိ ဇောက်ချ လုပ်ကိုင်ခဲ့သည်။ စင်စစ် မိမိသည် နိုင်ငံရေးနယ်ပယ်တွင် ဆက်လက်ကြာရှည်တည်ရှိတော့မှာ မဟုတ်သည်ကို ကြိုတင်သိမြင်သဖြင့် ခပ်စောစောကပင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်ရာ ယခုအခါ၌ မိမိ၏ စီးပွားရေးမှာ အတော်ပင် အခြေခိုင်လျက်ရှိပြီ။ စသဖြင့် ပြောကြားခဲ့သည်။

ဦးမင်းဟန်၏ ညီဝမ်းကွဲတစ်ယောက်ကမူ ဦးမင်းဟန်သည် နိုင်ငံရေး အယူအဆကို အဓိက ထားသူမဟုတ်ဘဲ မိမိဘဝ တိုးတက်ရေးကိုသာ အစဉ်ရှေးရှုခဲ့သူဖြစ်သည်။ သူသည် ဘာသာတရားကို ခပ်လွယ်လွယ်ပင် စွန့်ပစ်ခဲ့သကဲ့သို့ မာ့က်စ်ဝါဒကိုလည်း ခပ်လွယ်လွယ်ပင် စွန့်ပစ်ခဲ့သည်။ သည်လို စွန့်ပယ်ခဲ့ခြင်းအတွက် သူ့၌ စိတ်မကောင်းခြင်း၊ နှောင့်နှေးခြင်းများ ဖြစ်လေ့မရှိ။ ငါသည် ရွှေထုပ်ကိုတွေ့လျှင် မြက်ထုပ်ကိုချ၍ ရွှေလုပ်ကို ထမ်းသူဖြစ်သည်။ သည်မြက်ထုပ်ကို ထမ်းပိုး ယူဆောင်ခဲ့တာ ကြာပြီဖြစ်၍ ရွှေထုပ်တွေ့သော်လည်း မစွန့်လွှတ်နိုင်တော့” ဆိုသော တရားသေသမားမျိုး မဟုတ်ဟု သူ အမြဲပြောသည်။ သို့သော် မိမိအမြင်၌မူ သူ (ဦးမင်းဟန်) သည် မြက်နှင့် ရွှေလောက် တန်ဖိုး သိသိသာသာ မကွာခြားသော အခါများတွင်လည်း လွယ်လင့်တကူ ပြောင်းရွှေ့လဲလှယ်တတ်သူဖြစ်သည်။ သူ့၌ သံယောဇဉ်ဆိုတာ မရှိ။ သူ့ဖို့သာ သူသိသည်။ သူချမ်းသာဖို့ သူ့အသက် စည်းစိမ် တည်မြဲဖို့သာ သူသိသည်။ သည်လို အတ္တလွန်ကဲသဖြင့်လည်း ယခုကဲ့သို့ စိတ္တဇနာ စွဲကပ်ရခြင်းဖြစ်သည်ဟု ဝေဖန်ပြောဆိုသည်။

※

ဘာသာအယူဆိုသည်မှာ စွန့်လွှတ်နိုင်ခဲသောအရာ ဖြစ်သည်။ စွန့်လွှတ်ပြီးသည့်နောက်တွင်လည်း နောင်တနှင့် သံဝေဂတရားတို့၏ ဖိစီးနှိပ်စက်မှု မခံရဘဲ ပေါ့ပါးလွတ်လပ်စွာ နေနိုင်ဖို့ ခဲယဉ်းသည်။ များသောအားဖြင့် ဤတိုင်းပြည်၌ ဘာသာအယူစွန့်လွှတ်သူတို့သည် မာ့က်စ်ဝါဒီများ ဖြစ်ကြသည်။ သို့သော် မာ့က်စ်ဝါဒီအများစုတို့၌ ဘာသာမကိုးကွယ်မှု အတိုင်းအဆသည် သူ၏ နိုင်ငံရေးလှုပ်ရှားမှု အပြင်းအပျော့ပေါ် တွင် မူတည်နေလေ့ရှိသည်။ နိုင်ငံရေးအရ တက်ကြွချိန်၊ ထိထိရောက်ရောက် လှုပ်ရှားနေချိန်တွင် ဘာသာအယူကို

ပစ်ပယ်ထားသော်လည်း နိုင်ငံရေးဘဝ ကျဆင်းချိန်၊ စိတ်ဓါတ်အင်အားများ ပျက်ယွင်းချိန်၌ စောစောက ပစ်ပယ်ခဲ့သော ဘာသာတရားကိုပင် အတင်း ပြန်လည်ဖက်တွယ်ကာ တောင်းပန်တိုးလျှိုး တတ်သော သဘောမျိုး ရှိတတ်သည်။

ဦးမင်းဟန်ကမူ မာ့က်စ်ဝါဒကို ပယ်ပြီးနောက်တွင်လည်း ဘာသာရေးဘက် ပြန်မလှည့်တော့။ သူ့တွင် တိကျခိုင်မာသော ကိုယ်ပိုင်အယူအဆ တစ်ခုရှိသည်ဟု ယူဆရသည်။ သည်ကိစ္စနှင့် ပတ်သက်၍ ဦးမင်းဟန်အား ဆရာဝန် မေးမြန်းကြည့်ခဲ့သည်။

“ဒါဖြင့် အခု လောလောဆယ်မှာ ခင်ဗျား ဘာအယူအဆကို လက်ခံထားပါသလဲ"

“ဘာ အယူအဆမှ မရှိဘူး။ ဘာဝါဒမှ မရှိဘူး။ ပြောင်ပဲ။ ဟာလာဟင်းလင်းပဲ၊ လုံးဝ သန့်စင်နေတယ်”

“ဘာအယူအဆမှ မရှိဘူးဆို မရှိဘူးဆိုတာမျိုး ရှိနိုင်သလား၊ အဲသလို ဘာမှ လက်မခံခြင်းဆိုတာကော အယူအဆတစ်မျိုးလို့ မဆိုနိုင်ဘူးလား၊ ခင်ဗျားက အတွေးအခေါ် သမားမို့လို့ ဆွေးနွေးကြည့်တာပါ"

“အားလုံးကို ငြင်းပယ်တာလဲ အားလုံးငြင်းတဲ့ဝါဒ သို့မဟုတ် ယုံကြည်မှု ကင်းမဲ့တဲ့ ဝါဒလို့ ပြောရင်လဲ ရနိုင်တာပေါ့ခင်ဗျာ။ ဒါပေမဲ့ ဒါက ကြံဖန် နာမည်တပ်ရတာပါ။ ဘာမှ မယုံကြည်ဘူးလို့ အလွယ်တကူ ပြောလိုက်ရင်လဲ ပြီးတာပါပဲ။ ဒါပေမဲ့ ဆရာကလဲ မေးနေတော့ ဆရာ့ကို ကျွန်တော် တစ်ခုပြောပါ့မယ်၊ ဒါ လျှို့ဝှက်ချက်ပါ၊ ကျွန်တော့်ဘဝကို လမ်းညွှန်ထိန်းကျောင်းခြင်း၊ မောင်းနှင်ခြင်း၊ တွန်းအားပေးခြင်း ပြုနေတဲ့ ကျွန်တော့်ဘဝအမြင် တစ်ရပ်ပါ ဘာလဲဆိုတော့ ....”

“.................. နောက်တစ်ချက် ကျွန်တော်တို့ လူ့အဖွဲ့အစည်းထဲမှာ တရားဥပဒေအရ ရေးသားပြဌာန်းထားတဲ့ စည်းကမ်းတွေအပြင် ဘုရားတရား အဆုံးအမနဲ့ ဆိုင်တဲ့ စိတ်ပိုင်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းတွေ နိုင်ငံရေးအယူအဆ အဆုံးအမနဲ့ ဆိုင်တဲ့ ကျင့်ဝတ်စည်းကမ်းတွေ ရှိနေတယ်။ လူတွေဟာ အဲဒီ အဆုံးအမတွေကို နာခံရတယ်။ မနာခံရင်၊ ကျူးလွန်ဖောက်ဖျက်ရင် အပြစ်ဒဏ်ခံရတယ်၊ ကိုယ်ကာယအားဖြင့် ခံရတယ်၊ စိတ်ပိုင်းအားဖြင့် ခံရတယ်။ အဲဒါ လူအများစုရဲ့ အခြေအနေ။ ကျွန်တော် ကျွန်တော်ကျတော့ ဘယ်လိုလဲ၊ ကျွန်တော် ဘုရား မကိုးကွယ်ဘူး၊ အဲဒီတော့ ဘုရားမကြောက်ရဘူး၊ ဒီလိုပဲ လူ့အဖွဲ့အစည်းထဲမှာ ကျင်လည်လှုပ်ရှားတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ရာဇသတ်ကြီး ဥပဒေသအရ ပုဒ်မနံပါတ် တပ်ထားတဲ့ ကျင့်ဝတ်စည်းကမ်းတွေကလွဲရင် ကျွန်တော် ဘာမှ ကြောက်စရာ မလိုဘူး၊ ဂရုစိုက်စရာ မလိုဘူး၊ ဂရုလဲ မစိုက်ဘူး။ အဲဒီတော့

ကျွန်တော် သိပ် ပေါ့ပါးလွတ်လပ်တယ်။ လူ့အဖွဲ့အစည်းထဲမှာ ကျွန်တော်ဟာ စိတ်ပိုင်းဆိုင်ရာ အခွင့်ထူး ခံစားနေရတဲ့ လူတစ်ယောက်ဖြစ်တယ်။ လူ့လောကကြီးမှာ လူတကာထက် တစ်ပန်းသာတဲ့ အနေအထားက ကျွန်တော် ကျင်လည်ခွင့်ရနေတယ်။ ဒါအတွက် ကျွန်တော် ဝမ်းသာတယ်။ ကိုယ့်ဘာသာကိုယ်လဲ အမြဲ ကျေနပ်တယ်။ ဒါပေမဲ့ သူများတကာတော့ ထုတ်ပြောလို့ မဖြစ်ဘူး။ ဆရာ့ကိုတော့ ကျန်းမာရေးကိစ္စနဲ့ ဆက်စပ်နေလို့ ပြောပြတာပါ။

※

အရပ်သားစကားနှင့် ရိုးရိုးပြောရလျှင် ဦးမင်းဟန်သည် အတွေးအခေါ် အရာ၌ ရှစ်စပ်က လည်သူဖြစ်သည်။ မိမိကိုယ်ကို ကာကွယ်နိုင်မည့် အတွေးအခေါ် ဆင်ခြေဆင်လက်မျိုးစုံ ဖန်တီးတီထွင် ထားသည့် ဒဿနကဝေ ဖြစ်သည်။

သို့သော် သူဘာကြောင့် စိတ်ဖောက်ပြန် ချွတ်ယွင်းသွားရသနည်း။

တရားခံကား သေခြင်းတရား တိကျအောင် ပြောရလျှင် သေခြင်းတရားကို ကြောက်ရွံ့ခြင်း။

လူသည် သေမျိုးဖြစ်သည်ဟု ဆိုကြသည်။ သို့သော် လူတိုင်းလည်း သေမှာ ကြောက်ကြသည်ချည်း ဖြစ်သည်။ သို့သော် သေမှာ တွေးကြောက်ပြီး စိတ်ဖောက်ပြန်သည် ဆိုခြင်းကား သဘာဝမကျ၊ ဖြစ်ရိုးဖြစ်စဉ် မဟုတ်။ မည်သည့် ထူးခြားသော အကြောင်းခြင်း ဘာကြောင့် သည်မျှ အကြောက်လွန်သွားခဲ့ရသနည်း။ မျိုးရိုးဗီဇကြောင့်လား၊ ငယ်စဉ်ကလေးဘဝက ကြုံခဲ့ဖူးသည့် ထိတ်လန့်တုန်လှုပ်ဖွယ် အတွေ့အကြုံ တစ်ခုခုကြောင့်လား၊ ဘဝတစ်လျှောက် အစဉ်တစိုက် ကြုံခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ ရေရှည်ထိခိုက်မှုများ၏ စုပေါင်းအာနိသင်ကြောင့်လား၊ စဉ်းစား စိစစ်ကြည့်လျှင်။

ဘာသာရေးနှင့် ပတ်သက်၍ ဦးမင်းဟန်နှင့် ဆွေးနွေးစဉ်က သူ ပြောခဲ့သော အချက်တစ်ရပ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည် ထင်သည်။

“ဘာသာ မကိုးကွယ်ဖြစ်တဲ့ အဓိက အကြောင်းက ဘာလဲခင်ဗျ”

“ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် စဉ်းစားခဲ့တဲ့ အချက်တွေ အများကြီး ရှိပါတယ်၊ ဒါပေမဲ့ အလွယ်ကူဆုံး အရှင်းဆုံး အချက်ကို ပြောရရင်တော့ သေပြီးတဲ့နောက် ဘဝ အဆက်ဆက် ထပ်ဖြစ်မယ် ဆိုတာကို ကျွန်တော် မယုံဘူး၊ အထက်ဘုံ အောက်ဘုံတွေ ရှိတယ်ဆိုတာ ကျွန်တော် မယုံဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဘာကိုးကွယ်စရာ လိုသေးသလဲ။ လောကကြီးထဲမှာ

ကိုယ်ကောင်းတယ် သင့်တော်တယ် ထင်သလို ကြည့်နေရုံပဲရှိတာပေါ့။ အလိုက်သင့် အလျားသင့် ကျွန်တော် မျှောနေခဲ့တာပဲ”

“ခင်ဗျားမှာ အခု လက်ငင်းဘဝ တစ်ခုပဲ ရှိတယ်။ နောက်ထပ် မရှိဘူး၊ သေရင် ပြီးပြီ၊ အဲသလို ယုံကြည်တယ်ပေါ့"

“အင်း ဟုတ်တယ်၊ သေရင် ပြီးပြီ" သည်လိုပြောပြီး သူစိတ်မကောင်းဖြစ်သွားဟန်တူသည်။ မျက်နှာပျက်သွားသည်။ ပြီးပြီဆိုတော့ နှမြောစရာမဟုတ်လား။ “ဟုတ်တယ်၊ ကျွန်တော်က တစ်ဘဝတည်း ရှိတဲ့ကောင်။ သေရင်ပြီးမဲ့ကောင်။ ကျွန်တော် ဘာလုပ်ရမလဲ။ ရှိတဲ့ အချိန်လေးမှာ ဘာတွေလုပ်သွားမလဲ။ ကျွန်တော် အများကြီး စဉ်းစားခဲ့တယ်။ ပိုက်ဆံလေးတစ်ကျပ်တစ်ပြားပဲ လက်ထဲရှိတဲ့ လူတစ်ယောက်ဟာ ဘာလုပ်မလဲ။ နှစ်မျိုးလုပ်နိုင်တယ်။ ဒီတစ်ကျပ်တစ်ပြား သိမ်းထားလို့ ဘာအကြောင်းထူးမှာလဲဆိုပြီး အလွယ်တကူ သုံးပစ်လိုက်နိုင်တယ်။ ဒါမှမဟုတ် ဒါလေးပဲရှိတာ။ တကယ်တန်ဖိုးရှိတဲ့ နေရာကျမှပဲ သုံးတော့မယ်ဆိုပြီး သိမ်းထားချင် သိမ်းထားနိုင်တယ်။ ဒါပေမဲ့ တစ်ကျပ်တစ်ပြားနဲ့ ဘာတန်ဖိုးရှိတာ လုပ်လို့ရမှာလဲ။ ကျွန်တော့်မှာ အဲဒါပြဿနာ။ ကျွန်တော်က ဒီတစ်ကျပ်တစ်ပြားကို တန်ဖိုးထားတဲ့ကောင်။ တစ်ကျပ်တန် တိုတောင်းတဲ့ ဘဝသက်တမ်းလေးထဲမှာ ကျွန်တော် အများကြီးလုပ်သွားချင်တယ် အများကြီး ဖြစ်သွားချင်တယ်၊ ကျွန်တော့်ဘဝကို ဆွဲဆန့်လို့ရသလောက် ဆွဲဆန့်ထားချင်တယ်။ ဒီဘဝထဲမှာ ထည့်လို့ ရသလောက် ပြွတ်သိပ်ထည့်ချင်တယ်၊ ကျွန်တော် မဝဘူး၊ မတင်းတိမ်နိုင်ဘူး”

သည်အတွေးအခေါ်နှင့် သည်ခံစားချက်များ ဘယ်အချိန်လောက်ကစ၍ သူ့ခေါင်းထဲ ဝင်ရောက် ခဲ့သည်ကို အတိအကျ တွက်ဆရန်ခက်သည်။

သို့သော် အကြမ်းဖျင်း ခန့်မှန်းနိုင်သော အချက်တစ်ရပ်တော့ ရှိသည်။

လွန်ခဲ့သော ငါးနှစ်ခန့်မျှကာလအတွင်း ဦးမင်းဟန်သည် အထွေထွေကုဆေးရုံများသို့ သုံးကြိမ်တိတိ တက်ရောက်ခဲ့ရသည်။ အကြိမ်တိုင်းတွင် ဦးမင်းဟန်သည် အသက်အန္တရာယ်ပေးနိုင်သည့် ရောဂါကြီး တစ်ခုခု၏ ထင်ရှားသော လက္ခဏာတစ်ရပ်ဖြင့် ဆေးရုံတက်ရောက်ခဲ့ခြင်းဖြစ်ပြီး အကြိမ်တိုင်းပင် ရောဂါရှာဖွေ စမ်းသပ်မှု အမျိုးမျိုး ပြုလုပ်ပြီးနောက် ဘာရောဂါမျှ ရှာဖွေမတွေ့ရှိရဘဲ ရှာဖွေမှုများ ပြည့်စုံသည့် အချိန်လောက်တွင် ဝေဒနာလည်း ပျောက်ကင်းကာ ဆေးရုံမှ ပြန်ဆင်းခဲ့ရသည်ချည်း ဖြစ်သည်။

စင်စစ် ဦးမင်းဟန်သည် စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအားနည်းပါးသူ ဟု ဆိုနိုင်ရန် ခဲယဉ်းသူဖြစ်သည်။ သူ့မှာ မိမိကိုယ်ကို ကာကွယ်သော ယန္တရားတွေ အများအပြားရှိသည်။ ထို့ပြင် သတိလည်း ရှိသည်။

သူသည် မိမိကျန်းမာရေးကို ဂရုစိုက်သူ ဖြစ်သည့်အလျောက် ဆေးပညာပေးစာအုပ်များကို အဖတ်အရှုများခဲ့သည်။ ယင်းသို့ ဖတ်ရှုရင်းက စာအုပ်ထဲတွင် ဖော်ပြပါရှိသည့် ရောဂါလက္ခဏာများ မိမိကိုယ်တွင် တဖြည်းဖြည်း ထင်ရှားပေါ်လွင်လာသည် ဟု စွဲလမ်းယုံကြည်ကာ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဆေးရုံများသို့ သုံးကြိမ်တိုင်တိုင် တက်ရောက်ခဲ့ရခြင်း ဖြစ်သည်။ တတိယအကြိမ်မြောက် ဆေးရုံက ဆင်းပြီးသည့် နောက်တွင်မူ ဦးမင်းဟန်သည် မိမိကိုယ်ကို ဆိုင်ကိုဆိုမက်တစ်ရောဂါဖြစ်သူ (စိတ်အစွဲကြောင့် ကိုယ်ကာယဝေဒနာ ခံစားရသူ) ဟူ၍ ရှုမြင်လိုက်သည်။ ထို့နောက် ဤသို့ဖြစ်ရခြင်းမှာ ဆေးပညာပေး စာအုပ်များကြောင့်ဖြစ်သည်ဟု ကောက်ချက်ချပြီး ဆေးစာအုပ် ဖတ်ခြင်းကို စွန့်လွှတ်လိုက်သည်။

သို့သော်။

ဦးမင်းဟန်၏ ခေါင်းထဲတွင် အစွဲအလမ်းတစ်ခု ဝင်သွားခဲ့သည်။ ဆေးရုံတက်သည့် အကြိမ်တိုင်းတွင် ရောဂါ ရှာမရသဖြင့် ဆေးရုံတွင် အချိန် အတော်ကြာကြာစီ သူနေခဲ့ရသည်။ သည်ကာလများ အတွင်းမှာ သေခြင်းတရားကို သူ လက်ပွန်းတတီး တွေ့ကြုံခဲ့ရသည်။ ဆေးရုံဆိုသည်မှာ မရဏတရားကို အထင်အရှား ပြရာနေရာ ဖြစ်ချေသည်။

မိမိအခန်းထဲတွင် သေဆုံးသွားသော လူနာများ ဦးမင်းဟန် မြင်တွေ့ရသည်။ မိမိအဆောင်တွင် သေဆုံးသွားသော အချို့လူနာများ ဦးမင်းဟန် မြင်တွေ့ရသည်။ ဆေးရုံကြီးထဲတွင် သေဆုံးသွားသော အချို့လူနာများလည်း ဦးမင်းဟန် မြင်တွေ့ရသည်။

ဦးမင်းဟန်က ဤသို့ ဆိုသည်။

"သေတဲ့လူနာတွေ မြင်စက ကျွန်တော် ကြောက်တယ်။ တုန်လှုပ်တယ်။ ဒါပေမဲ့ နောက်တော့ တဖြည်းဖြည်း ဆင်ခြင်တယ်။ လူဆိုတာ သေမျိုး။ သေမျိုးဆိုတဲ့အတိုင်း သူများတွေ သေနေကြပြီ။ ငါ မသေသေးဘူး။ ငါ မသေသေးတာ ငါ့ရဲ့ အောင်မြင်မှုပဲလို့ ကျွန်တော် စဉ်းစားမိတယ်။ အဲဒီအခါမှာ ကျွန်တော် အတော် စိတ်သက်သာရာ ရသွားတယ်"

ဦးမင်းဟန်သည် ဤစဉ်းစား ဆင်ခြင်ချက်ကို အမှန်တရားအဖြစ် ယုံကြည်သွားပုံရသည်။ သည်အခါ သူ့၌ စိတ်သက်သာရာရုံမက စိတ်ကျေနပ်မှုပါ ရလာသည်ဟု ယူဆရပါသည်။

ဦးမင်းဟန်၏ ဇနီးက ပြောပြသည်။

"နောက်ဆုံးအကြိမ် ဆေးရုံက ဆင်းပြီးတဲ့နောက် သူဟာ ဆေးရုံကို မကြာခဏ သွားတယ်။ အသုဘတွေ့ရင် ဝင်ကြည့်တယ်။။ သိင်္ချိုင်းကျွမ်းသူမှန်သမျှရဲ့ အသုဘပွဲတွေ မလွတ်တမ်း လိုက်ပို့တယ်။ အိမ်မှာ သတင်းစာ ဖတ်ရင် နာရေးကြော်ငြာက စ ဖတ်တယ်။ နောက်ပိုင်းကျတော့ သူများတွေ သေတဲ့အကြောင်း ပြောပြီးရင် ငါတော့ မသေသေးဘူးကွလို့ ပြောတတ်လာတာ သတိထားမိတယ်။ တဖြည်းဖြည်းနဲ့ ဒီစကားကို ပိုပိုပြောလာတယ်။ အသုဘပို့ပြီး ပြန်လာရင် ကိုဘယ်သူကြီးတော့ သေသွားပြီ။ ငါတော့ မသေသေးဘူးကွလို့ ပြောတယ်။ သတင်းစာဖတ်ရင်းက ဘယ်သူတော့ သေသွားပြန်ပြီ။ ငါမသေသေးဘူးကွလို့ ပြောတယ်။ တဖြည်းဖြည်းနဲ့ သူ့ကြည့်ရတာ သူများတွေ သေနေတဲ့ကိစ္စကို ဝမ်းသာအားရ ဖြစ်တဲ့သဘောမျိုး ဖြစ်လာတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတဲ့လူတွေဆိုရင် သူက လှောင်သလို သရော်သလို ရယ်တယ်။ ဒီအရွယ်လေးနဲ့ သေရသလား။ အတော် အသုံးမကျတဲ့လူတွေလို့ ဆိုတယ်။ သိပ်အောင်မြင်ကျော်ကြားနေတဲ့ လူတစ်ယောက် ရုတ်တရက် သေသွားပြီဆိုရင် ဟားဟား ဟိုကောင်ကြီးတော့ ကြွသွားပြီကွ။ ငါပဲ ကျန်တော့တယ်။ ငါမသေသေးဘူးလို့ ဆိုတယ်။ ငါမသေနိုင်သေးဘူး။ အောင်မြင်အောင် လုပ်ရဦးမယ်။ ကျော်ကြားအောင် လုပ်ရဦးမယ်။ ထိပ်တန်းရောက်အောင် လုပ်ရဦးမယ်လို့လဲ မကြာခဏ ပြောတယ်။ အဲသလို ပြောပြီး အလုပ်ကိုလဲ မနေမနား လုပ်တယ်။ အကြီးအကျယ် ချမ်းသာအောင် လုပ်မယ်လို့ ဆိုတယ်။ နောက်ထပ် ဆယ်နှစ်နေရရင် မြန်မာပြည်မှာ အချမ်းသာဆုံး သူဋ္ဌေးကြီး ငါဖြစ်ရမယ်လို့ ဆိုတယ်။ အလုပ်လုပ်တဲ့ အချိန်မှာ သူ ဘာမှ မပြောဘူး။ အလုပ်ကိုပဲ အာရုံဝင်ပြီး လုပ်နေတယ်။ ကျန်တဲ့အချိန်များမှာသာ ငါမသေဘူး။ ငါမသေဘူးလို့ ပြော ပြောနေတာ။ သေတဲ့ကိစ္စသူ့မှာ အစွဲအလမ်း ဖြစ်နေတယ်ဆိုတာ သိပေမဲ့ အလုပ်အကိုင်လဲ မပျက်၊ တခြားလဲ စိတ်ချွတ်ယွင်းတဲ့ အမူအရာမျိုး မပြတာနဲ့ ကျွန်မ သည်လိုပဲ စောင့်ကြည့်နေခဲ့မိတယ်။

"ပြဿနာဖြစ်တာကတော့ မော်တော်ကား တိုက်မိတဲ့ ကိစ္စပဲ။ သူ့ကို သေသေချာချာ တိုက်မိတာတော့လဲ မဟုတ်ဘူး။ သူက ကျန်းမာရေး ဂရုစိုက်တဲ့လူဆိုတော့ မနက်တိုင်း လမ်း ထွက်လျှောက်တယ်။ ကားက ဘည့်တည့်လာတာ မဟုတ်ဘူး။ ကွေ့မလို့ နောက်ကို ဆုတ်တာ။ အဲဒီမှာ သူ့ကို တိုးမိတယ်။ ဒါပေမဲ့ လူကိုတော့ လုံးဝ မထိသလောက်ပဲ။ ပွန်းခြင်း ပဲ့ခြင်း တစ်ခုမှ မရှိဘူး။ သူကိုင်နေကျ တုတ်ကောက်သာ ကားဘီးအောက် ရောက်ပြီး ကျိုးသွားတယ်။ ဒါပေမဲ့ အဲဒီ ကားတိုက်မှုဟာ လူခန္ဓာကိုယ်ကို မထိခိုက်ပေမဲ့ သူ့စိတ်ကိုတော့ အကြီးအကျယ် ထိခိုက်သွားစေပုံရတယ်။ နောက်ဆုံး တင်လိုက်တဲ့ ကောက်ရိုးတစ်မျှင်ကြောင့် မြင်းခါးကျိုးသွားတယ် ဆိုတာမျိုး ဖြစ်သွားပုံရတယ်။ ကားတိုက်တဲ့ ကိစ္စဖြစ်ပြီး အိမ်ပြန်ရောက်တဲ့ အချိန်ကစလို့ သူ့ပါးစပ်က ငါ မသေဘူး။ ငါ မသေဘူး ဆိုတဲ့ စကားကိုပဲ တတွတ်တွတ် ရွတ်နေတယ်။ တစ်ရက်လဲ

မရပ်ဘူး။ နှစ်ရက်လဲ မရပ်ဘူး။ ညလဲ ကောင်းကောင်း မအိပ်ဘူး။ မိသားစု ဆရာဝန်ကို ခေါ်ပြီး ပြတဲ့အခါ သူက စိတ်ငြိမ်ဆေးတွေ ပေးတယ်။ အိပ်ဆေးတွေ ပေးတယ်။ အဲဒီနောက်မှာတော့ နည်းနည်း သက်သာသလိုရှိတယ်။ တရစပ်ကြီး ပြောမနေတော့ဘူး။ ကောင်းတဲ့အချိန်မှာ လုံးဝ ကောင်းသလို ဖြစ်နေတယ်။ ပြောတာဆိုတာ လုပ်တာကိုင်တာ အားလုံး ပုံမှန်ပဲ။ မှတ်ဉာဏ် မလျော့ဘူး။ အတွေးအခေါ် မပျက်ဘူး။ တစ်ခါတလေ သူ့မိတ်ဆွေတွေနဲ့ ပြောဆို ငြင်းခုံနေတာ ပုံမှန် အတိုင်းပဲ။ ဒါပေမဲ့ ဖောက်ချင်တဲ့ အချိန် ရုတ်တရက် ထဖောက်တယ်။ ဖောက်တယ် ဆိုတာ တခြား ဘာမှလဲ မဟုတ်ဘူး။ ပါးစပ်က တတွတ်တွတ်နဲ့ ငါမသေဘူး ဆိုတာကို ရွတ်တယ်”

(၃)

ဆရာဝန်ကြီးက ရောဂါရာဇဝင် မှတ်တမ်းစာတွဲကို စားပွဲပေါ် ချထားလိုက်ပြီး လူနာကို လှမ်းကြည့်သည်။

သူ့မျက်လုံးများက ကြောင်၍နေသည်။ ပါးစပ်က အသံမထွက်သော်လည်း နှုတ်ခမ်းက တရွရွနှင့် အဆက်မပြတ် လှုပ်ရှားနေသည်။ ဆရာဝန်ကြီးက လက်ထောက်ဆရာဝန်အား အင်္ဂလိပ်ဘာသာဖြင့် ခပ်တိုးတိုး ပြောကြားသည်။

"ကေ့စ်က သိပ်စိတ်ဝင်စားစရာ ကောင်းတယ်။ အသေးစိတ် ခွဲခြမ်းစိတ်ဖြာကြည့်ပြီးမှ ဘယ်လို ကုသမလဲဆိုတာ ဆုံးဖြတ်ကြတာပေါ့။ ဆရာ ပြန်လာခဲ့ပါ"

ဆရာဝန်က လူနာ၏ လက်မောင်းကို ကိုင်ကာ "ကဲ သွားကြရအောင်" ဟု ဆိုသည်။

လူနာ၏ နှုတ်ခမ်းများ တုန်လှုပ်မှု ပြင်းထန်လာပြီး တဖြည်းဖြည်း အသံထွက်လာသည်။ ခပ်တိုးတိုး၊ မတိုးမကျယ် ထို့နောက် ကျယ်လောင်လာသည်။

"ငါ မသေဘူး ... ၊ ငါ မသေဘူး .. ၊ ငါ မသေဘူး ...၊ ငါ မသေဘူး..."

https://t.me/TheBookR

※※※

ဇနီးမယားနှင့် ခရီးသွားခြင်း

"ကိုကိုရေ ခိုင်တို့ မန္တလေး သွားလည်ကြရင် မကောင်းဘူးလား"

အေးအေးဆေးဆေး မီးပူတိုက်နေရာက မိန်းမက ဆိုသည်။

"ဘယ်တော့လဲ"

"အခု ကျောင်းပိတ်တုန်းလေ၊ ကလေးတွေ ကျောင်းပြန်မဖွင့်ခင် သွားမယ်ဆို အချိန် ရှိသေးတယ်"

"ဟ ... ရုတ်တရက်ကြီး ဘယ်လို ဖြစ်လာတာလဲ"

"ဘာ ရုတ်တရက်ရမှာလဲ၊ ဒီကိစ္စ စဉ်းစားနေတာ ကြာပြီ၊ ရှင်က စာပေဟောပြောပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ထွက်နေတော့ ကျုပ်တို့ ထွက်ဖို့ အပေါက် မရဘူးပေါ့။ ကျုပ်တို့လည်း ဟိုနားဒီနား သွားချင်သေးတာပဲ "

"နောက်တော့ ဖြည်းဖြည်း ပို့ပါ့မယ်ကွာ"

"ဘယ် နောက်တော့လဲ၊ နောက် ပို့မယ် ပို့မယ်နဲ့ ဘယ်နှစ်နှစ် ရှိပလဲ။ ကလေးတွေကလည်း ခဏခဏ ပြောလှပြီ၊ အဖေကြီးက သူချည်းပဲ ခရီးသွားနေတယ်၊ သူတို့ကျတော့ ဘယ်မှ မပို့ဘူးတဲ့"

"ပို့ပါ့မယ်ကွာ"

"ဘာ ပို့ပါ့မယ်လဲ၊ ကလေးတွေတင်မက ကျုပ်လည်း ဘယ်မှ မရောက်ဖူးဘူး၊ လူမေးရင်တောင် ရှက်စရာ မွေးကတည်းက ဒီ အင်းစိန်၊ သေတောင် အင်းစိန် ပြင်ပ ရောက်လှ ကြံတောပဲ၊ အင်းစိန်မှာတောင် အိမ်နဲ့ဈေး ဈေးနဲ့အိမ်၊ သူများတွေ ကမ္ဘာပတ်နေတဲ့ ခေတ်ကြီးမှာ ကိုယ်က ကိုယ့်တိုင်းပြည်ထဲတောင် ခြေတစ်လှမ်းနှစ်လှမ်း မလှမ်းနိုင်ဘူးဆိုတော့ ဒီဘဝ ဘာ အဓိပ္ပာယ်ရှိသေးလဲ"

သူ့စကားက ဘဝနှင့် ချီလာသည်။

"အေး၊ ဟုတ်ပါတယ်ကွာ၊ အဓိပ္ပာယ် ရှိအောင် လုပ်ပေးပါ့မယ်၊ ဒါပေမဲ့ အခု လောလောဆယ်ဆော့ ဘယ်လိုလုပ်ဖြစ်နိုင်ပါ့မလဲ၊ စာရေးစရာတွေက ရှိသေးတယ်၊ ဒီလကုန်ရင် ပြီးမယ်လို့ ကတိပေးထားတဲ့ စာအုပ်က အခုပုံအတိုင်းဆိုရင် နောက်လမကုန်ခင် ပြီးအောင်တောင် မနည်းလုပ်ရမယ့် အခြေအနေမျိုး

ဖြစ်နေတယ်”

“ဒါတော့ ရှင်က ကိုယ့်အလုပ်ကိုယ် ဖင်မြဲမြဲမှ ထိုင်မလုပ်ဘဲ၊ ဟောပြောပွဲဆိုလည်း သန့်ခနဲ ကြားတိုင်း ထလိုက်နေတာကိုး၊ အဲဒီစာအုပ် နောက်လကုန်လည်း ပြီးမှာ မဟုတ်ဘူး၊ ကျုပ် လောင်းရဲတယ်၊ စာအုပ် မပြီးတဲ့အတူတူ မထူးဘူး၊ ဒီကြားထဲ တစ်ပတ်လောက် သွားလိုက်ရင် ရတာပဲ”

“အချိန်ကတော့ လုပြီးသွားရင်ရတာ အမှန်ပေါ့ကွာ၊ ဒါပေမဲ့ ခရီးသွားမယ်ဆိုရင် ငွေ လိုသေးတယ်ကွ၊ မိသားတစ်စုလုံး မန္တလေးသွားမယ်ဆိုရင် ခရီးစရိတ်နဲ့၊ စားစရိတ်နဲ့။ တည်းခိုခန်းခနဲ့ မကုန်ဘူးဆိုရင် အနည်းဆုံး နှစ်သောင်းလောက် ကုန်မှာ၊ လက်ထဲ ဒီထက်မက ပါမှ စိတ်ဖြောင့်ဖြောင့် သွားနိုင်မှာ၊ ငွေနှစ်သောင်း သုံးသောင်းဆိုတာ နည်းတဲ့ပိုက်ဆံလား၊ ဖြည်းဖြည်း စီစဉ်မယ်ဆိုရင်တော့ ရမှာပေါ့ကွာ၊ ဒါပေမဲ့ ခု ချက်ခြင်းကြီးတော့ ဘယ်ဖြစ်နိုင်မလဲ"

“တော်ပြီ၊ သူ့ ပြောလိုက်ရင် ဖြည်းဖြည်းပဲ၊ ရက်ချိန်း မရှိဘူး၊ နောင်နှစ်ခါ ဘယ်နေ့၊ ရှေ့နှစ်ခါ ဘယ်လ ဆိုတာမျိုးတောင် ကတိ မပေးနိုင်ဘူး”

မိန်းမ နှုတ်ဆိတ်သွားသည်။ ကိုယ်လည်း အသာငြိမ်နေလိုက်ရသည်။

သို့သော် ရင်ထဲမှာ မငြိမ်။ အသံမထွက်ဘဲ ပြောနေသည့် သူ့စကားတွေ နားထဲမှာ ကြားနေရသည်။ ကိုယ်ကလည်း အသံမထွက်ဘဲ ဖြေရှင်းငြင်းခုံနေရသည်။

အသံတိတ် တိုက်ပွဲ။

လူလည်း မလှုပ်၊ ပါးစပ်လည်း မလှုပ်သော်လည်း စိတ်ထဲက အများကြီး လှုပ်ရှားရသည်။ ပင်ပန်းသည်။

သို့သော် ကံအားလျော်စွာ တိုက်ပွဲ စ၍ နာရီဝက်လောက်အကြာမှာပင် အိမ်ရှေ့က ဟွန်းသံကြားရပြီး ကားတစ်စီး ထိုးဆိုက်သည်။

ကားပေါ်က လင်မယားနှစ်ယောက် ဆင်းလာသည်။ သူငယ်ချင်း ဇနီးမောင်နှံ။

တိုက်ပွဲကို ခေတ္တရပ်စဲကာ ဟန်မပျက် ဆီးကြိုရသည်။

အိမ်ပေါ်ရောက်ပြီး အလ္လာပသလ္လာပ ပြောကြရင်း ခဏကြာတော့ သူငယ်ချင်း ဇနီးက ကောက်ကာငင်ကာ ပြောသည်။

“မောင်ရေ .. ခင်တို့ ငပလီ သွားရအောင်၊ မခိုင်တို့နဲ့ အတူတူလေ”

"သွားလေ၊ ကောင်းတာပေါ့" သူငယ်ချင်းက အလွယ်တကူ ထောက်ခံသည်။

ကျွန်တော် အံ့သြသွားသည်။ အလွန် အလုပ်များသည့် ပုဂ္ဂိုလ်။ ဘယ်တော့လဲ မမေး။ မိန်းမက သွားရအောင် ဆိုတာနဲ့ သွားလေ တဲ့။ ကျွန်တော် လှမ်းကြည့်လိုက်တော့ သူက အေးအေးဆေးဆေး။ အမူအရာ မပျက်။ ဘာမှ အခက်အခဲ မရှိသည့် ပုံမျိုး။

"ခုချိန်ဆိုရင် ကောင်းသေးတယ်၊ ဒါပေမဲ့ ဒီလထဲ မေမေတို့ လာကြမှာဆိုတော့ သွားလို့မဖြစ်ဘူး၊ လကုန်ရင် မိုးဦးကျလောက် ဖြစ်သွားပြီနော်၊ ပင်လယ်ကမ်းခြေက သွားလို့ မကောင်းတော့ဘူး၊ မိုးကုန်ပြီး သီတင်းကျွတ် တန်ဆောင်မုန်းလောက်ဆိုရင် ကောင်းမယ် မောင်ရေ၊ အဲဒီအချိန်လောက် ကောင်းမယ်နော်၊ သွားကြရအောင်"

အမျိုးသမီးက အစီအစဉ်ချသည်။

"ကောင်းတယ်၊ တို့က နှစ်ယောက် ကလေးနှစ်ယောက်နဲ့ဆိုတော့ လေးယောက်၊ ကိုဖေတို့ကလည်း ကလေးတွေနဲ့ဆိုရင် လေးယောက်၊ ကိုမျိုးညွန့်တို့ လင်မယားလည်း ခေါ်ရမယ်"

သူငယ်ချင်းက ကျွန်တော်တို့ကို လိုက်မလား မေးပင်မမေး၊ စာရင်းထဲ သေချာပေါက် ထည့်လိုက်သည်။

တကယ်က သူတို့ ပြောနေသည့် အချိန်လောက်မှာ သူရော ကျွန်တော်ပါ အားစရာ အကြောင်းမရှိ။ နဂို ပုံမှန်အလုပ်က ရှုပ်ရသည့်အထဲ မဂ္ဂဇင်းသစ် တစ်စောင်ထုတ်ရန် စီစဉ်ထားရာ အောက်တိုဘာ၊ နိုဝင်ဘာက မဂ္ဂဇင်း စထွက်မည့် အချိန်လောက် ဖြစ်နေသည်။ သည်အချိန်မှာ အပျော်ခရီး ထွက်နေနိုင်စရာ လမ်းမမြင်။

သို့သော် သူက ခပ်အေးအေး။ အဲဒီအချိန် တို့မအားဘူးကွာ။ ဒီဇင်ဘာ ဇန်နဝါရီလောက်ဆိုရင်တော့ ဖြစ်ချင်ဖြစ်နိုင်မယ်ဟု မဆို လိုက်မည့်လူစာရင်းသာ တွက်နေသည်။ အဲသည်တော့ ကျွန်တော်လည်း ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း မပြုတော့။ အသာပဲ နားထောင်နေလိုက်သည်။

"လေယာဉ်နဲ့သွားတာ ကောင်းမလား ကားနဲ့ သွားတာ ကောင်းမလား" သူက ကျွန်တော့်ကို တိုင်ပင်သည်။

"လေယာဉ်နဲ့ဆိုရင် အသွားကတော့ ဒီက လက်မှတ် ရတဲ့ရက် ထသွားကြရုံပဲ၊ ပြဿနာ မရှိဘူး၊ ဟိုက အပြန်ကျ လက်မှတ်မရရင် ကြာနေမှာ၊ ဖြစ်နိုင်ရင် သီးသန့်ကားတစ်စီးနဲ့ သွားတာ အကောင်းဆုံးပဲ"

"ဟုတ်တယ်ဗျ၊ လမ်းမှာ အေးအေးဆေးဆေး နားချင်တဲ့နေရာနား သွားချင်တဲ့အချိန်သွား၊ ဇိမ်ပဲ"

မိန်းမက ကျွန်တော့်ကို လှမ်းကြည့်သည်။ ရှင်တို့ဟာ ဘယ်လိုလဲ၊ တကယ်ဖြစ်မှာလား၊ ကျုပ်ပြောတုန်းကတော့ အကြောင်းအမျိုးမျိုး ပြနေပြီး သူငယ်ချင်းကျတော့ လုံးဝ မငြင်းပါလား ဟူ၍ မေးမြန်းသော အကြည့်မျိုး။

ကျွန်တော် မဖြေနိုင်ပါ ကွက်လပ်မျက်နှာနှင့်ပဲ အသာ ငြိမ်နေလိုက်ရသည်။

"ကားဆိုရင် ဘယ်ကားမျိုး ကောင်းမလဲ" သူငယ်ချင်းဇနီးက မေးသည်။

"ဟိုင်းလပ်လောက်ဆိုရင် ဖြစ်တာပေါ့၊ တိုယိုတာမီနီဘတ်စ်တို့၊ တောင်းအေ့စ်တို့နဲ့ ဆိုရင် ပိုကောင်းတယ်၊ လူ အနည်းအများ လိုက်ပြီး ကားရွေးရမှာပေါ့"

"ကားငှားဖို့က လွယ်မလားဟင်"

"ရပါတယ်၊ ကိုယ့်အသိတွေ ရှိတယ်" သူငယ်ချင်းက ပြောသည်။

"လွယ်တာကတော့ စိုးသိန်းတို့ဆီက ဘီအမ်ငှားတာလွယ်မယ်၊ အဲဒါ ပိုအဆင်ပြေမယ်၊ ခရီးစရိတ်လည်း သက်သာတယ်၊ အားနာစရာလည်း မလိုဘူး၊ ပြီးတော့ လူများများလည်း ဆံ့မယ်၊ ကိုမြင့်ရွှေတို့၊ မချိုတို့ သူတို့လည်း လေးယောက်ပဲ၊ ကိုမျိုးမြင့်ကြီးလည်း ရှိတယ်၊ ကိုမောက်ကတော့ မပြောတတ်ဘူး၊ မိန်းမ မီးဖွားပြီးခါစဆိုတော့ လိုက်ရင်လည်း တစ်ယောက်တည်းပဲနေမှာ၊ မောင်သွေးကတော့ ဒူးနာနေတယ်"

"စရိတ်က တစ်ယောက် ဘယ်လောက်ကျမလဲ မသိဘူး၊ ကားငှားခရယ်၊ စားတာသောက်တာရယ်၊ ဘန်ဂလို ငှားခရယ်"

"စရိတ်ကတော့ နည်းမှာ မဟုတ်ဘူး၊ ကုန်သလောက် အချိုးကျပေါ့၊ ခရီးထွက်ရင် ပိုက်ဆံကတော့ကုန်မှာပဲ"

"မောင်တို့ အရက်ဖိုးကချည်းပဲ အတော်ကုန်မှာ"

"ဟုတ်တယ်၊ အရက်ဆိုမှ သတိရတယ်၊ အဘကျော်ကြီးလည်း ခေါ်ဦးမှပဲ"

"အဘကျော်ခေါ်ရင် မိုးဇော်တို့ ညီအစ်ကိုပါ ခေါ်ရမယ်"

"ဒါဆိုသောက်မယ့်လူက သုံးယောက်၊ လေးယောက်၊ ငါးယောက်၊ ခြောက်ယောက်၊ ခုနှစ်ယောက် ရှစ်ယောက်၊ ပျှမ်းမျှခြင်း သုံးယောက်တစ်လုံး၊ အဲ

ခရီးသွားတုန်းဆိုတော့ နှစ်ယောက်တစ်လုံး၊ ငပလီရောက်တော့ ရေကူးတာ ဘာညာ ပျော်ပျော်ပါးပါး စိတ်လွတ်ကိုယ်လွတ်နဲ့ မနက်ရော ညရော တစ်ရေးနိုးတောင် သောက်ချင်တဲ့လူက သောက်ဦးမှာ ဆိုတော့ ပျှမ်းမျှခြင်း တစ်ယောက်ကို အနည်းဆုံး တစ်လုံးနှုန်း။ တစ်ရက်မှာ ရှစ်လုံး။ အသွားအပြန်ငါးရက် ဆိုရင် အလုံးလေးဆယ်။ ဟိုမှာ ရမ်အစစ်ရချင်မှ ရမယ်။ ဒီကသယ်သွားရမယ်"

"အမယ်လေး... မောင်တို့ဟာက ဒီအတိုင်းဆို အရက်ချည်း ကားတစ်စီး တိုက်လောက် နေမှာပါလား"

"ဟုတ်တယ်၊ အဲဒါကြောင့် ဘီအမ်နဲ့မှ ဖြစ်မှာ"

"ဟိုရောက်ရင် အရမ်းမူးနေကြမှာလား"

"အရမ်းတော့ ဘယ်မူးပါ့မလဲ။ အရက်မသောက်ဘူးတဲ့ လူမှ မပါတာ၊ ပျော်ရွှင်ရုံလောက်ပဲ၊ သီချင်းဆိုကြ ကကြပေါ့ ကက်ဆက်လေး ဘာလေး ယူသွား၊ အဘကျော်ကြီးအတွက် ဗဒင်အခွေမမေ့နဲ့၊ သူသိပ်ကြိုက်တာ"

"မောင်ကလည်း မနက်ဖြန်သွားတော့မယ့်အတိုင်း ပြောနေလိုက်တာ အဲဒီ အသေးစိတ်တွေ သွားခါနီးကျမှစီစဉ်ပါ"

"သတိရတုန်း ပြောထားရတာ ငပလီရောက်ရင် ရောက်တဲ့ည မီးပုံပွဲတစ်ပွဲ၊ ပြန်ခါနီး မီးပုံပွဲတစ်ပွဲ အဲဒီညတွေ ဝီစကီသောက်မယ်'

"အဲဒါဆို ဝီစကီဖိုးနဲ့တင် စရိတ်က နှစ်ဆလောက်တက်သွားမယ်"

"အများကြီးတော့ ဘယ်ဟုတ်ပါ့မလဲ၊ စတိလောက်ပေါ့၊ နောက်ပိုင်းကျ ရမ်ဆက်သောက်"

"ဟုတ်တယ်၊ စတိဆိုရင်တော့ ဂါလံဝက်ပုလင်း တစ်လုံးလောက်ဆိုရင် လုံလောက်မယ်" ကျွန်တော်က ဖြည့်စွက်သည်။

"ရှင်တို့ အရက်တွေချည်း စဉ်းစားနေ၊ မိန်းမတွေနဲ့ ကလေးတွေ အတွက်တော့ ဘာမှ မစဉ်းစားကြဘူးလား"

"ဟ လာမှာပေါ့၊ စပရိုက်တို့ ကုတ်ခ်တို့၊ ပေါင်မုန့်၊ ကိတ်မုန့် လက်ဖက်၊ လက်ဖက်ခြောက်၊ နို့ဆီ၊ ကော်ဖီ၊ စားစရာသောက်စရာ ကိုယ်ကြိုက်တာတွေ ဝယ်ကြပေါ့ကွာ၊ ဝက်အူချောင်းတို့၊ ဝီစကီနဲ့ မြည်းဖို့ ချိစ်၊ အမယ် ဟိုရောက်တော့ ပင်လယ်အစားအစာတွေလည်း ရှိသေးတယ်။ ဘဝဲအကောင်လေးတွေ၊ ရေသရဲပေါ့ သူတို့ဆီမှာတော့ ရေမျောက်လို့ခေါ်တယ် သရဲဆို ကြောက်နေဦးမယ်၊ မျောက်ဆိုတော့ ရီစရာဖြစ်သွားတယ်၊ အဲဒီကောင်လည်း ချက်စားရင်

သိပ်ကောင်းတာ၊ တရုတ်ဆိုင်က ပြည်ကြီးငါးအတိုင်းပဲ”

“အဲဒါတွေတော့ စားနိုင်မှာမဟုတ်ဘူး၊ မစားရဲဘူး”

“ဘယ်ဟုတ်ပါ့မလဲ။ ခရီးသွားရင် ဒီလိုပဲ ဒေသအစားအစာဆိုတာ စားဖူးအောင် စားကြည့်ရတာပေါ့၊ စိတ်ထဲက အစွဲအလမ်းမထားဘဲ ပျော်ပျော်ပါးပါးစားရင် စားလို့ကောင်းတာတွေချည်းပါပဲ၊ ပြီးတော့ ကဏန်းအရက်ပေါင်း ရှိသေးတယ်။ အဲဒါတော့ မင်းကြိုက်မှာ မင်းက ကဏန်းပေါင်း သိပ်ကြိုက်တာ မဟုတ်လား”

“ကဏန်းကို အရက်ထဲ ထည့်စိမ်ပြီး ပေါင်းထားတာလား"

“မဟုတ်ဘူး ကဏန်းကို အရက်မူးအောင်တိုက်ပြီးမှ ပေါင်းတာ”

“ကဏန်းလည်း အရက်တိုက်လို့ရလား"

“ဟာ ရတာပေါ့၊ ပန်းကန်ပြားထဲ အရက်ထည့်ပြီး ကဏန်းရှေ့ ချပေးရင် သောက်လိုက်သမှ လူအတွက်မကျန်မှာတောင် ကြောက်ရတယ်၊ ကဏန်းတော်တော်မူးပြီး ခြေတွေလက်တွေ မသယ်နိုင် တော့ဘူး၊ လူကို လုံးဝမညှပ်နိုင်တော့ဘူးဆိုမှ လက်မကြီးကို ဖြုတ်"

“ဟယ် ...သနားစရာ”

“သနားဖို့မလိုဘူး ကဏန်းဆိုတဲ့အကောင်က လက်မဖြုတ်ယူပြီး ရေထဲပြန်လွှတ်ပေးထားလိုက်ရင် သိပ်မကြာဘူး၊ နောက်တစ်ချောင်း ပြန်ပေါက်တာ၊ လူမှာ လက်သည်းရှည်လာသလိုပဲ ဒီကောင့်ကို မွေးထားပြီး လက်မချည်း ဖြုတ်စားနေလို့ရတယ်"

“တကယ်”

“တကယ်ပေါ့၊ ဒါပေမဲ့ ကိုယ်တို့ လက်မဖြုတ်ခဲ့တဲ့ကောင်တွေတော့ တစ်ကောင်မှ ပြန်မပေါက်ဘူး"

“ဘာဖြစ်လို့"

“ဘာဖြစ်ရမလဲ၊ တစ်ကောင်လုံး စားပစ်လိုက်တာကိုး"

"ကြည့် .. လျှောက်နောက်နေတယ်”

“တကယ်ပါ၊ ဟိုရောက်တော့ မင်းပျော်လိမ့်မယ်၊ အဲဒီလို ဆန်းဆန်းပြားပြားတွေ မျိုးစုံပဲ၊ ဟိုမှာ နေ့ခင်းပိုင်း ပင်လယ်ထဲမဆင်းတဲ့

အချိန်ဆော့ဖို့ ကျားကွက်တို့၊ စကရေဘယ်လ်တို့လည်း ယူဖို့မမေ့နဲ့၊ ရေကူးဝတ်စုံတွေ ဘာတွေလည်း စောစောစီးစီး လိုက်ဝယ်ထား၊ ပြီးတော့ ရေကူးလည်း ကြိုသင်ထားဦး”

“ပင်လယ်က ရေမကူးတတ်လည်း ဆင်းဆော့လို့ ရတယ် မဟုတ်လား”

“ရတော့ ရတာပေါ့ ၊ ဒါပေမယ့် ရေကူးတတ်မှ ပိုပျော်စရာကောင်းတာ၊ ရေကူးတတ်တော့ လှိုင်းတွေဘာတွေလည်း ကြောက်မနေတော့ဘူး၊ ရေနက်ပိုင်းလည်း ဆင်းရဲတယ်၊ ရေနက်ပိုင်းမှာ လှိုင်းစီးလို့ ကောင်းတယ်၊ ခပ်ဝေးဝေးက ကျောက်ဆောင်ကြီးတွေဆီ ဘောစီးပြီးသွားလို့လဲ ရတယ်"

“ဘောနဲ့ဆိုရင် ရေမကူးတတ်တဲ့လူလည်း ရေနက်ထဲသွားလို့ရတယ်မဟုတ်လား”

“ဘောကွင်းစွပ်ထားရင် ရေတော့မနစ်ဘူးပေါ့ ဒါပေမဲ့ ရေနက်ပိုင်းဘယ်လိုက်ရဲမလဲ၊ သွားရဲတဲ့လူ ကျတော့ ဟိုခပ်ဝေးဝေးက ကျောက်ဆောင်တွေထိ ဘောနဲ့သွား ကျောက်ဆောင်ပေါ် အေးအေးဆေးဆေး ထိုင်ပြီး ဘီယာသောက်၊ ငါးမျှား၊ အဲဒါမှ အရသာ”

“မောင်တို့ အရင်တစ်ခေါက်သွားတုန်းက ငါးလည်းမျှားခဲ့တာပေါ့၊ ရရော ရရဲ့လား"

“ဟာ ရတာပေါ့၊ ပင်လယ်က ငါးသိပ်ပေါတာ၊ ကိုယ်ကိုယ်တိုင် မျှားတာ၊ ဒီမှာ ဟောဒီလောက်၊ အကောင်ကြီးတစ်ကောင် ရတယ် တစ်ပိဿာနီးပါးလောက်ရှိမယ်၊ အဲဒီမှာ မှိန်းသေနတ်တွေ ဘာတွေ လည်းရှိသေးတယ်။ ဆနော်ကယ်လ် (snorkel) တို့၊ ဂေါဂယ်လ် (goggles) တို့၊ ဖလစ်ပါ (flippers) တို့နဲ့ ရုပ်ရှင်ထဲမှာ မြင်ဖူးတယ် မဟုတ်လား၊ ရေငုပ်တဲ့အခါ ဝတ်တာတွေ၊ အဲဒီအတိုင်း အပြည့်အစုံပဲ၊ အပြတ်မိုက်တယ်"

“မှိန်းသေနတ်နဲ့ ဘာတွေလိုက်ပစ်လဲဟင်"

“ဘာမှတော့ ရေရေရာရာ မပစ်ရဘူး၊ လုပ်ဖူးတယ်ရှိအောင် လျှောက်လုပ်ကြည့်တာ၊ ဘယ်အပေါက်လမ်းတည့်ပါ့မလဲ၊ ဒါတွေက အတော်လေ့ကျင့်ယူမှ ကျွမ်းကျွမ်းကျင်ကျင် ဖြစ်မယ့်ဟာတွေ ကိုယ်တို့ကတော့ အဲဒါကြီးတွေနဲ့ ကမ်းနားမှာ တစ်ယောက်တစ်လှည့် ဓါတ်ပုံ ရိုက်ကြတာပေါ့၊ တံငါလှေမှာ ပါလာတဲ့ ငါးကြီးတစ်ကောင် ဝယ်ပြီး ကိုယ်ပစ်လို့ ရလာသလိုလို ဘာလိုလိုနဲ့ ခပ်တည်တည်နဲ့ ကိုင်ပြီး အိုက်တင်ခံကြတာပဲ”

“ဟာ ဟ ရယ်ရတယ်နော်”

"ဒါပေါ့ကွ၊ အပျော်ခရီးထွက်တယ်ဆိုတာ ရယ်နေရဖို့ အရေးကြီးတာပဲ"

"ရေထဲမှာ ငါးမန်းတွေ ဘာတွေတော့ မရှိပါဘူးနော်"

"ဟာ မရှိဘူး၊ ငပလီက အဲဒါတစ်ခု သိပ်ကောင်းတယ်၊ လူကို အန္တရာယ်ပြုတဲ့ငါး လုံးဝမရှိဘူး၊ ဟော့လူ... (ကျွန်တော့်ကို လှမ်းပြောသည်) ကျွန်တော်တို့ အရင်တစ်ခေါက်တုန်းက သိန်းဖေကြီးလေ၊ ဘော့ကွင်းထဲဝင်ပြီး လှိုင်းစီးရင်းနဲ့ အိပ်ပျော်နေတာလေ၊ မူးပြီးတော့ ငါးမန်းတွေဘာတွေ ရှိလို့ကတော့ ပွဲတော်ကြီးပေါ့"

"အဲဒါ တကယ်လားဟင်"

"တကယ်ပေါ့၊ အားလုံးရေထဲကပြန်တက်လာပြီး ဗိုလ်တဲမှာ ညဖက် ထမင်းစားကြမယ်လုပ်တော့မှ သိန်းဖေကြီး ဘယ်ပျောက်နေပါလိမ့်လို့ လိုက်ရှာကြတာ၊ အရက်မူးပြီး ကမ်းနားမှာ လဲကျန်ခဲ့သလားမသိဘူး ဆိုပြီး သွားရှာတော့မှ ကိုယ့်လူက ရေထဲမှာကိုး လှိုင်းပုတ်တဲ့အခါ ကမ်းဘက်ပါလာလိုက်၊ ရေပြန်ဆုတ်တော့ ပင်လယ်ဘက်ပါသွားလိုက်နဲ့ မျောနေတာ၊ နေဝင်ရီတရော ရှိနေပြီး မှောင်သွားရင် မြင်မှာတောင် မဟုတ်ဘူး၊ အဲဒါဆိုရင်တော့ အအေးမိပြီးသေမလား၊ ရေနစ်ပြီး သေမလား မသိဘူး၊ တစ်နည်းနည်းနဲ့ ကွမှာ"

"မောင်တို့လည်း ဟိုရောက်ရင်သတိထားကြနော်၊ လူတွေက အကုန်လုံး လူကြီးတွေချည်းပဲ တစ်ယောက်မှလည်း ပြောလို့ရတာမဟုတ်ဘူး"

"ဒါလောက်လည်း မပူပါနဲ့ကွာ၊ အဲဒီတုန်းက သိန်းဖေကြီးက အရက်မသောက်တတ် သောက်တတ်နဲ့ နင်းကန်သောက်ပြီး မူးသွားတာ၊ ခုပုဂ္ဂိုလ်တွေက အရက်ကို နာမည်ပျက်ရုံလောက်ပဲ သောက်တဲ့သူတွေ"

"တစ်ပုလင်းလုံးကုန်တာတောင် မမူးဘူးဆိုပြီး အရက်ပုလင်း နာမည်ပျက်သွားတာလား"

အမျိုးသမီးက ပြောပြီး သူ့စကားသူသဘောကျကာ ရယ်သည်။

သူငယ်ချင်းကပြုံးသည်။ ပြီးတော့မှ ကျွန်တော့်ဘက်လှည့်ကာ "ဟော့လူ ကျွန်တော်တို့ အပြန်ကျရင် ညောင်ကျိုးစခန်းမှာ တစ်ညလောက် အိပ်ကြရအောင်" ကျွန်တော့်ကို အဖော်ညှိသည်။

"ကောင်းသားပဲ"

"ညောင်ကျိုးစခန်းဆိုတာက ဘယ်နားမှာလဲဟင်"

“ငပလီကိုသွားတဲ့ တောင်ကုတ်တောင်ကြားလမ်းက စခန်းတစ်ခု ရိုးမပေါ်မှာပေါ့၊ အဲဒီမှာ ကိုယ်တို့ အပေါင်းအသင်းတစ်ယောက် ရှိတယ်. တောထဲမှာ သူတို့ဌာနက ဗိုလ်တဲတစ်လုံးနဲ့၊ သူက တာဝန်ခံပဲ၊ တည်းခိုလို့အဆင်ပြေတယ်၊ ကံကောင်းရင် တောကောင်တွေ ဂျီတို့ဘာတို့ မုဆိုးတွေဆီက ဝယ်လို့ရတယ် ညဘက်မီးဖိုနံဘေးမှာအသားတွေ တံစို့ထိုးပြီးကင်၊ ဘာဘီကျူး (barbecue) ပေါ့၊ တောစခန်း ထွက်တဲ့အတိုင်းပဲ”

“ဟာ ဟန်ကျတယ်နော်၊ အဲဒါဆို ခရီးတစ်ခေါက်တည်း ထွက်ရုံနဲ့ နေရာနှစ်မျိုးရောက်မယ်၊ ပင်လယ်ရော၊ တောင်ပေါ်ရော၊ ဇိမ်ပဲ၊ နှစ်မျိုးပျော်ရမယ်"

“သူငယ်ချင်းလင်မယား အောက်တိုဘာ နိုဝင်ဘာမှာသွားမည့် အပျော်ခရီးစဉ်အကြောင်းကို အားပါးတရ အတိုင်အဖေါက်ညီညီ ပြောဆိုကြပြီးနောက် ပျော်ပျော်ရွှင်ရွှင် နှုတ်ဆက်ပြီး ပြန်သွားကြသည်။

သူတို့ဆင်းသွားသည်နှင့် တစ်ပြိုင်နက် မိန်းမကမေးသည်။

“ရှင်တို့ဟာက တကယ်သွားဖြစ်မှာလား”

“ဖြစ်နိုင်မယ် မထင်ပါဘူးကွာ၊ အဲဒီအချိန် သူရောကိုယ်ရော မအားဘူး၊ ဟိုလူတွေလည်း သွားဖြစ်တောင် လိုက်နိုင်မယ်မထင်ပါဘူး၊ ပြီးတော့ စရိတ်က နည်းသလား"

“ကျုပ်လည်း ထင်သားပဲ၊ ရှင်တို့ဟာက လေထိုးလေလျှော်”

“အေး အဲဒီလို သဘောပေါက်ရင် ကောင်းပါတယ်ကွာ”

“ဒါပေမယ့် ရှင့်သူငယ်ချင်းကိုတော့ ရှင်နည်းနည်းအတုခိုးဖို့ ကောင်းတယ်"

“ဘာကိုလဲ”

“သူ့မိန်းမ စိတ်ချမ်းသာသွားတာ ရှင် မတွေ့ဘူးလား”

“အေး၊ အဲဒါကတော့ ပါရမီပဲကွာ၊ သူ့မိန်းမက တစ်ထိုင်တည်းနဲ့ ငပလီရော၊ ညောင်ကျိုးစခန်းပါ ရောက်ဖူးသွားတယ်၊ ကိုယ်လည်း သူ့လို ပါရမီရင့်သန်အောင် ကြိုးစားပါ့မယ်ကွာ၊ မင်းကို မန္တလေးတင်မက ပြင်ဦးလွင်၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်၊ အဲဒီကနေ တရုတ်ပြည် ရွှေလီ၊ ဝမ်တိန်အထိ ပို့ပေးမယ်လေ"

“တော်ပါ”

"ဘာပဲပြောပြော မိန်းမ နည်းနည်းလေးတော့ ပြုံးသွားသည်။

ကျွန်တော်လည်း သင်ခန်းစာတစ်ခုရသည်။ မိန်းမပူဆာလျှင် မငြင်းနှင့်။

※ ※ ※

(ကလျာ၊ ၁၉၉၄၊ ဩဂုတ်)

ငရဲကြီးရှစ်ထပ်ရှိသည်ဟုဆိုကြသည်

"သူငယ်ချင်း၊ အရက်သောက်မလား" သူငယ်ချင်းက မေးသည်။

"မင်း ထီပေါက်လာလို့လား" ကျွန်တော်ကမေးသည်။

"ဘယ်ပေါက်ပါ့မလဲကွ"

"ဒါဖြင့်လဲ လုပ်မနေပါနဲ့ကွာ၊ ငါ့မှာလဲ အရက်ဖိုးပိုက်ဆံ မရှိဘူး၊ မင်းမှာလဲ ရှိတာမှ မဟုတ်ဘဲ"

"ဘာလို့ မရှိရမှာလဲကွ၊ ရှိတာနဲ့သောက်မှာပေါ့"

"တော်ပါပြီကွာ၊ ငါမလိုက်တော့ပါဘူး၊ မင်းကကော ဘာကြောင့် ဒါလောက်အရက်သောက်ချင် နေရတာလဲ"

"အရှင်းဆုံးပြောရရင် စိတ်ညစ်လို့ပေါ့ကွာ သူငယ်ချင်း၊ စိတ်ညစ်နေတာ ကြာပြီလေကွာ၊ နေ့တိုင်းစိတ်ညစ်နေရတာ မင်းလဲသိသားပဲ၊ ဒီနေ့တော့ ငါအရက်သောက်တော့မယ်"

"မဟုတ်သေးပါဘူးကွာ၊ စိတ်ညစ်စရာကတော့ လူတိုင်းမှာ ရှိတာပေါ့၊ စိတ်ညစ်လို့ အရက်သောက်တော့ စိတ်ညစ်စရာတွေ ထပ်ကြုံရမှာပေါ့ စိတ်ညစ်လို့သောက်၊ သောက်လို့စိတ်ညစ်၊ ပတ်ချာလည်ပြီး နောက်ဆုံး ကိုယ်ပဲ ဒုက္ခရောက်မှာပေါ့၊ လူဘဝဆိုတာ အခက်အခဲတော့ ရှိမှာပဲ၊ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းရဲဖို့ လိုတယ်၊ ဒီကနေ့ အဆင်မပြေရင် နက်ဖြန် အဆင်ပြေမှာပေါ့ သူငယ်ချင်း၊ အရေးကြီးတာက ကိုယ်က အားမလျှော့ဘဲ ကြိုးစားဖို့ပဲ သူငယ်ချင်း၊ အဲဒါမှ တစ်နေ့မှာ အောင်မြင်မှုရမှာပေါ့၊ အခုလောလောဆယ် တောင့်ထားစမ်းပါဦး"

"မင်းစေတနာ ငါနားလည်ပါတယ် သူငယ်ချင်း မင်းပြောတဲ့ စကားမျိုးတွေလဲ ငါပြောတတ်ပါတယ် ပြောလဲ ပြောခဲ့ဖူးတာပဲ၊ ဒါပေမယ့် ငါဒီထက်ဆက်ပြီး တောင့်မခံနိုင်တော့ဘူး၊ မင်းလဲသတိထား၊ မခံနိုင်လောက်တဲ့ အင်အားကို အတင်းတောင့်ခံထားရင် ဂျပ်ခနဲ ကျိုးသွားလိမ့်မယ်၊ ရှုံးသွားတာနဲ့စာရင် အရက်သမားဖြစ်တာကမှ တော်သေးတယ် သူငယ်ချင်း"

"မဟုတ်သေးပါဘူးကွာ၊ မင်းက ပြဿနာကို အဲသလောက် ပုံကြီးချဲ့ပြီး မပြောပါနဲ့၊ ရှုံးသွားလောက် အောင် အထိ မင်းဘဝ မခက်ခဲသေးပါဘူး၊ မင်းသောက်ချင်ရင် သောက်ချင်တယ်ပြောပါ"

"အေး ဟုတ်တယ်၊ သောက်ချင်တာလဲ တစ်စိတ်တစ်ပိုင်း ပါတာပေါ့ကွာ၊ အရက်ဆိုတာက စိတ်မညစ်ပဲလဲ သောက်လို့ကောင်းတဲ့ ပစ္စည်းတစ်ခု မဟုတ်လား၊ စိတ်ညစ်လို့ဆိုတော့ သောက်ဖို့ အကြောင်းဟာ နှစ်ထပ်ကွမ်း လုံလောက်နေပြီ၊ ကဲ မင်းမလိုက်ချင်လဲ နေတော့ကွာ၊ ငါတော့ ဒီနေ့အဖို့ သောက်ကိုသောက်ရမှ ကျေနပ်မယ် သေသေချာချာ မူးအောင်သောက်ပြီးမှ ပျော်ပျော်ကြီး အိမ်ပြန်သွားတော့မယ်ကွာ"

သူငယ်ချင်း လှည့်ထွက်သွားသည်။ ကျွန်တော်တစ်ယောက်တည်း ငေါင်၍ကျန်ရစ်သည်။

အချိန်က ညနေစောင်း၊ ဘာလုပ်ရမည် မသိပါ။

အမှန်တော့ အိမ်ပြန်ရုံပဲ ရှိသည်။ သို့သော် သော် ဘာမှ အကြောင်းမထူးသော အနေအထားဖြင့် အိမ်ပြန်သွားရတာကို ကျွန်တော်စိတ်ပျက် ငြီးငွေ့ပြီ။ ကျပ်ကျပ်တည်းတည်း ကားကြီးထဲမှာ ကိုယ့်လိုပဲ လမ်းမမြင် ကမ်းမမြင်သူများကြားမှာ ငရဲခံပြီး ပြန်ရမှာလည်း ကျွန်တော်ကြောက်ရွံ့နေသည်။

သည်ငရဲကို ဖြတ်သန်းပြီး သည့်နောက်မှာပြန်လည်ရောက်ရှိရမည့် အိမ်ဟူသည်ကလည်း သုခရိပ်မြုံ မဟုတ်၊ ဘေးမဲ့တောမဟုတ်၊ စင်စစ် မနက်အိမ်မှ ထွက်လာခဲ့ခြင်းပင် ဘေးလွတ်ရာသို့ ထွက်လာခဲ့ခြင်း၊ ပြဿနာအပေါင်းမှ ရှောင်တိမ်းပြေးလွှားလာခဲ့ခြင်းဖြစ်သည် မဟုတ်လား။ မသေချာ မရေ ရာမှုန်း ကိုယ့်ဘာသာ သေသေချာချာသိသည့် ကိစ္စတစ်ခုကို အကြောင်းပြုပြီး ထွက်လာခဲ့တာ အဲ .. အိမ်မှာကျန်ရစ်ခဲ့သည့် မိန်းမလည်း သိချင်သိနိုင်ပါသည်။ ကိုယ့်ဘာသာကိုယ်ပဲ သိသည်။

ဘတ်စကားမှတ်တိုင်နှင့် ဝေးသောနေရာဘက် ကျွန်တော် ထွက်လာခဲ့မိသည်။

လက်ဖက်ရည်ဆိုင် ဝင်ထိုင်ရလျှင် ကောင်းမည်လား။ ဘာလုပ်မည်လဲ။ အလကား ပိုက်ဆံတွေ အပို ကုန်ဦးမည်။ မီနီမားကက်တွေ၊ နိုင်ငံခြားကုန်တိုက်တွေ ဆိုတာကလည်း ကိုယ်နှင့် ဘာမှ မဆိုင်။ ရုပ်ရှင်ရုံက ပိုစတာများ၊ ဓာတ်ပုံကားချပ်များကို ငေးကြည့်နေရအောင်လည်း ကျွန်တော် ကလေးမဟုတ်တော့။ နိုင်ငံခြား ပြက္ခဒိန် အသစ်ကလေးတွေ ချိတ်ထားတာ သွားလှန်ကြည့်ရ ကောင်းမည်လား၊ ဝယ်လဲ မဝယ်ပဲ အသားလွတ် အရသာ ခံသွားသည်ဟု ကျိတ်ပြီး ဆဲရေးတာ ခံရနိုင်သည်။

အားမနာပါးမနာ ကောက်ကိုင်လှန်လှောလို့ရသည့် လမ်းဘေးစာအုပ်ဆိုင်တွေပဲ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်ထိုင်ကိုင်ကြည့်နေမိသည်။

သို့သော် စာအုပ်များထဲမှာလည်း သိပ် အာရုံမဝင်ချင် ဖြစ်နေသည်။

အရက်ဆိုင် တစ်ဆိုင်ရှေ့နား ကျွန်တော် ရောက်လာသည်။

အထဲမှာ သောက်စားနေကြသည်။ ကျွန်တော့် အာခံတွင်းထဲတွင် စွတ်စိုချွဲလာသည်။ ဆိုင်ထဲကို လှမ်းကြည့်ရင်း ဆိုင်ရှေ့မှ ကျွန်တော် ဖြတ်ကျော်၍သွားသည်။ ဒီဆိုင်ဝင်ပြီး တစ်ခွက် နှစ်ခွက်လောက် သောက်လိုက်ရရင် ကောင်းမလား။ ဟာ မလုပ်နဲ့။ အဓိပ္ပါယ် မရှိဘူး။ ဟိုကောင့်ကိုတော့ ကြီးကြီးကျယ်ကျယ် ပြောလိုက်ပြီးတော့။

ဒါပေမယ့် သူပြောသွားသလို တစ်ခါတလေတော့ စိတ်တောင့်တင်းမှုတွေ ပြေလျော့သွားအောင် နည်းနည်းပါးပါး လုပ်လိုက်တာ မမှားဘူးထင်သည်။ သို့သော် ပိုက်ဆံ ရှိသလား။

ကျွန်တော့်အိပ်ထဲမှာ အရက်ဝင်သောက်၍ ရလောက်သော ငွေကြေးတော့ ရှိသည်။ ဆယ်တန်တစ်ရွက်၊ ကျပ်တန်သုံးလေးရွက်၊ ပြီးတော့ သေသေချာချာ လေးခေါက်ချိုး ခေါက်၍ ထည့်ထားသည့် ကိုးဆယ်တန်တစ်ရွက်။

တကယ်တော့ သည်ကိုးဆယ်တန်က ကျွန်တော် သုံးစွဲရန် ထည့်ထားသည့် ပိုက်ဆံမဟုတ် အရက်သောက်ရန်အတွက်ကား သာ၍ မဟုတ်။ ကျွန်တော့်ဖိနပ် လမ်းမှာ ပြတ်သွားလျှင် အသစ်တစ်ရန် ဝယ်စီးရန် အတွက်သာ ဖြစ်သည်။ ကျွန်တော်က တခြားအရာတွေ သိပ်ဂရုမစိုက်သော်လည်း ဖိနပ်မပါဘဲ လမ်းလျှောက်ရမှာကိုတော့ ကြောက်နေသေးသည်။ ထို့ကြောင့် မြို့ထဲ ထွက်လျှင် ကိုးဆယ်တန်ခေါက်ကလေး ကို အိတ်ထဲ ထည့်ယူခဲ့မြဲ ဖြစ်သည်။ အင်း ... ဖိနပ် တစ်ရန် ကိုးဆယ်နဲ့မှ ရသေးရဲ့လား၊ ကျွန်တော် တွေးပူလိုက်မိသည်။

သို့သော် လောကကြီးမှာ တွေးပူနေမည်ဆိုလျှင် ပူစရာချည်းပဲ မဟုတ်လား။ ပူတာလည်း သည်စိတ်၊ မပူတာလည်း သည်စိတ်၊ ကိုယ်ပူချင် ပူ၍ရသည်။ မပူချင်လည်း မပူပဲ နေ၍ရသည်။ ပတ်ဝန်းကျင်ဆိုတာ ဂရုစိုက်မည်ဆိုလည်း ရသည်။ မစိုက်ပဲနေတော့ကော ဘာဖြစ်သေးလဲ။ သူတို့ကို မထိခိုက်လျှင် ပြီးတာပဲ မဟုတ်လား။

ကျွန်တော် နောက်ဘက် ပြန်လှည့်ကာ ဆိုင်ထဲ လှမ်းကြည့်သည်။ အထဲသို့ ဝင်လာမိသည်။ အရက်သမားတွေ စားပွဲတိုင်းလိုလို ပြည့်နေသည်။ တချို့က ဝိုင်းဖွဲ့ပြီး ဆူညံအော်ဟစ် ပြောဆိုနေကြသည်။ နေရာလွတ်ရှိသည့် စားပွဲများက လူတွေ ကြည့်ရသည်မှာလည်း ဖော်ရွေသည့် လက္ခဏာမရှိ။ သူစိမ်းတွေ။ ဘယ်သူနှင့်မှ မဆက်ဆံချင်သည့်ပုံစံတွေ။ တစ်စားပွဲတည်းထိုင်၍အရက်သောက်မိလျှင် ပြဿနာ တက်လာနိုင်သည့်

ရုပ်မျိုးတွေ။

သူငယ်ချင်း တစ်ယောက်ကို ရှာသလိုလိုနှင့် ကျွန်တော် ပြန်လှည့်ထွက်လာခဲ့သည်။

အပြင်ရောက်မှ သတိရသည်။ ကောင်းဘွိုင်ဇာတ်ကားများထဲကလို ကောင်တာမှာ ရပ်ပြီး နှစ်ပက်မှာ ဂွပ်ခနဲ မော့သောက်ပြီး ခပ်တည်တည် ပြန်ထွက်လာခဲ့လျှင်လည်း ရသားပဲ။

ပြန်လှည့်ဝင်မလို့ လုပ်ပြီးနောက်မှ နည်းနည်း ရှက်သလို ခြေလှမ်းမရဲသလို ဖြစ်ကာ ကျွန်တော် ဆက်ထွက်လာခဲ့သည်။ စိတ်ထဲမှာ ဆတ်တင့်ငင့်နှင့်။

ကံအားလျော်စွာ သိပ်မဝေးသည့် တစ်နေရာမှာပဲ နောက်ထပ် အရက်ဆိုင် တစ်ဆိုင်က ရှိနေပြန်သည်။

ကဲ ... ဝင်မလား။ သည်တစ်ခါ ဝင်လျှင်တော့ သောက်ဖြစ်အောင် သောက်မည်။

ဆိုင်ဝက ကြည့်လိုက်တော့ ဟိုဆိုင်မှာတုန်းကလို လူ အပြည့်။ လူတွေ ကြည့်တော့လည်း သိပ်အဆင်ပြေနေတဲ့ ပုံစံမျိုး မတွေ့ရ။ တစ်ချို့ဆိုလျှင် အတော်ပင် နွမ်းနွမ်းဖတ်ဖတ်။

ကျွန်တော် ကောင်တာမှာ သွားရပ်သည်။ ဖန်ခွက်တစ်လုံး တောင်းသည်။ ရမ်နှစ်ပက်မှာသည်။ ရေခဲတစ်ပွဲ မြေပဲတစ်ပွဲ မှာသည်။ ဂွပ်ခနဲ မော့မသောက်ဖြစ်။ ကျွန်တော် အဲသလို မသောက်နိုင်။ သောက်နိုင်သူတွေကို သဘောကျရုံပဲ ရှိသည်။ ဖန်ခွက်ထဲ ရေခဲထည့်၊ ရေထည့်၊ နည်းနည်း သောက် ချထား၊ မြေပဲဝါး၊ အခန်းထဲက သောက်စားနေသူများကို ကြည့်၊ နည်းနည်းသောက်။

“ဟိုစားပွဲမှာ နေရာလွတ်သွားပြီ၊ သွားထိုင်ပါလား" တဲ့၊ ကောင်တာကလူက ပြောသည်။ စားပွဲတစ်လုံးမှ လူနှစ်ယောက် ထသွားသည်။ တစ်ယောက်ကတော့ ကျန်နေသေးသည်။ ကောင်တာက လူကြည့်ရတာ သူ အရက်ချင်သည့်အနားမှာ ရပ်နေတာကို ကြိုက်ပုံမရသဖြင့် သူ ညွှန်ပြသည့် စားပွဲဆီသို့ ရွှေ့သွားလိုက်ရသည်။

စားပွဲမှာ တစ်ယောက်တည်း ကျန်ရှိသည့် ပုဂ္ဂိုလ်က ကျွန်တော့်ထက် အတော်လေး အသက်ကြီးသည်။ မူးလည်း အတော် မူးနေပြီ။ ကျွန်တော် သူနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည့်အခါ သူက မော်၍ပင် မကြည့်။ ခေါင်းငိုက်စိုက်ချကာ ပါးစပ်က ဗျစ်တောက်ဗျစ်တောက်တွေ ပြောနေသည်။ သူ့ရှေ့နား စားပွဲပေါ်မှာ ငွေစက္ကူအချို့ ရှိသည်။

“သေပေါ့၊ သေကြပေါ့ ပကြပေါ့” သူက ပြောပြီး ရုတ်တရက် မော့ကြည့်သည်။ ကျွန်တော့်ကို မြင်တော့ လက်ညှိုးထိုးပြီး လှမ်းပြောသည်။ “ခင်ဗျားကို ပြောတာ မဟုတ်ဘူး”

“ရပါတယ် ခင်ဗျာ၊ ကိစ္စ မရှိပါဘူး ကျွန်တော် နားလည်ပါတယ်"

သူက ကျွန်တော့်ကို မှုးဝေနေသော မျက်လုံးများဖြင့် ကြည့်နေသည်။

“မောင်ရင် နားလည်တယ်ဆိုရင် ကောင်းပါတယ်၊ ဒါပေမဲ့ နားလည်တယ်ဆိုတာ များများ နားလည်မှ ကောင်းတယ်၊ မလည်တလည်ဆိုရင် ခက်တယ်ကွ ရင်းရင်းနှီးနှီး ပြောတာ စိတ်မဆိုးနဲ့နော်၊ ဟောဒီမှာ မလည်တလည်နဲ့ လူလည်လုပ်တဲ့လူတွေကြောင့် ဒုက္ခရောက်နေတဲ့အကောင်" သူ့ရင်ဘတ်သူ ဗုန်းခနဲ ပုတ်လိုက်သည်။

ထို့နောက် ဆက်ပြောသည်။

“မိန်းမ နေမကောင်းတာပဲကွာ ဘာဖြစ်လဲ၊ ဟုတ်လား၊ မိန်းမဆိုတာ နေမကောင်း ဖြစ်မှာပေါ့၊ မိန်းမတွေ အမြဲ နေမကောင်း ဖြစ်နေတာပဲ၊ သေလဲ သေပေါ့ကွာ၊ သူမသေ ကိုယ်သေ၊ သေရင် အေးတာပဲ၊ သားသမီးဆိုတာလဲ ရှာဖွေပေးကမ်းနေနိုင်သရွေ့ ကာလပတ်လုံး သူတို့ ကိစ္စက ပြီးဆုံးတယ်လို့မှ မရှိပဲ သေပြီဆိုတော့မှ ကိစ္စပြတ်တာ ငါ သေပြီ၊ မင်းတို့ကို မပေးနိုင်တော့ဘူး၊ ငါ့ အပိုင်း ရပ်သွားပြီ၊ မင်းတို့ဘာသာ မင်းတို့ လူ့ဘဝထဲ ရုန်းကန်ကြ လှုပ်ရှားကြတော့၊ လူတွေပဲ၊ ဒုက္ခခံရမှာမို့လို့ လူဖြစ်လာကြတာ၊ အစတုန်းကတော့ လူ့ပြည်ဆိုတာ ငရဲနဲ့ နိဗ္ဗာန် တွဲထားတယ်လို့တောင် ထင်ထားခဲ့တာ။ တကယ်တော့ ငရဲကများပါတယ်။ မထူးပါဘူးကွာ၊ ငရဲချည်းပါပဲ နိဗ္ဗာန်တစ်ခုတည်း ရှိပေမဲ့ ငရဲကျတော့ ရှစ်ခုတောင် ရှိတယ်မဟုတ်လား၊ လူ့ပြည်ဆိုတာ ငရဲကြီး ရှစ်ထပ်ထဲက တစ်ထပ်ထပ်ရဲ့ အဆွယ်အပွား တစ်ခုဖြစ်မယ်၊ ဒီသားသမီးတွေကို ငရဲပြည်ခေါ်လာမိတဲ့အတွက်တော့ ကိုယ့်မှာ အပြစ်ရှိတာပေါ့ကွာ၊ တာဝန်ရှိတယ်ပြောလဲ ခံရမှာပေါ့၊ ဒါပေမဲ့ ဒါ ငရဲပြည်ပဲဟေ့၊ ငါ ခေါ်လာမိတာ ငါ တောင်းပန်တယ်၊ ငါလဲ အမှုမဲ့ အမှတ်မဲ့ ခေါ်ခဲ့မိတာ၊ မင်းတို့ နဂိုလာရာ အရပ် ပြန်ကြမလားဆိုရင် သူတို့ကော ပြန်ချင်မလား၊ ပြန်ကြမလား၊ အေး ဘယ်ပြန်ရမှန်းလဲတော့ မသိကြဘူးပေါ့ကွာ၊ ဒါပေမဲ့ ငရဲပြည်မှန်း သိပြီးတဲ့နောက် သူတို့ ဆက်နေချင် ကြသေးရင်တော့ နေကြပေါ့ကွာ၊ ဒါ သူတို့ အပိုင်းဖြစ်သွားပြီ၊ ဒါပေမဲ့ အခု ကျုပ်က မသေဘူး၊ ဒါလောက် အရက်သောက်တာတောင် မသေဘူး၊ မိန်းမသေမှာ၊ အဲ မိန်းမလဲ ပြောသာပြောရတာ၊ တော်တော်နဲ့ သေမဲ့ရုပ်တော့ မဟုတ်ပါဘူး၊ စောစောကပြောတဲ့ မလည်တလည်နဲ့ လူလည် လုပ်တဲ့ကိစ္စ ခံနေရတာ၊ ဒီလိုလေကွာ မောင်ရင် စဉ်းစားကြည့်၊ မိန်းမက နေမကောင်းဘူးတဲ့ကွာ၊

နှလုံး တုန်တယ်၊ ရင်ခုန်တယ်၊ မအိပ်နိုင်ဘူး၊ ထမင်းမစားနိုင်ဘူး၊ လမ်းထဲက ဆရာဝန်နဲ့ ဆေးထိုးတယ်၊ သိပ်မထူးခြားဘူး၊ ဒါပေမဲ့ ဒီနေ့ မထူးခြားလဲ နောက်နေ့ကျတော့ ထူးခြားချင် ထူးခြားလာမှာပေါ့ကွာ၊ နည်းနည်းပါးပါး စောင့်ကြည့်ပေါ့၊ ဒါကို လူတတ်လုပ်တဲ့လူက ဝင်ပြီး ဟာ နှလုံးရောဂါ ဖြစ်နေရင် ခက်မယ်၊ ရိုးရိုးဆရာဝန်နဲ့ ပြနေလို့ ဘယ်ဖြစ်မလဲ၊ သူတို့တောင် နှလုံးရောဂါပါရဂူနဲ့ ပြပြီးမှ သက်သာသွားတာ ဘာညာနဲ့ လာလုပ်တော့ မိန်းမက သူ့ရောဂါဟာ နှလုံးရောဂါပဲ၊ ပါရဂူနဲ့ ပြမှ ဖြစ်မယ်၊ မပြရရင် သူသေမှာလို့ ဖြစ်သွားရော၊ အဲဒီတော့ ပြပေါ့ကွာ၊ မရှိရှိရာ ရှာကြံချေးငှားပြီး ပြပေါ့ ပြတော့ ပါရဂူက ဘာပြောလဲ၊ နှလုံးရောဂါ ဖြစ်ချင်နေတယ်တဲ့၊ ဘာစကားလဲကွာ၊ ဘယ်သူက ဖြစ်ချင်တာလဲ၊ ဒီမိန်းမ ကိုယ်တိုင်က ဖြစ်ချင်နေတာလား၊ ဆရာဝန်ကပဲ ဖြစ်စေချင်နေတာလား၊ အဲဒီလို ပြောတော့လဲ ကိုယ့်အလွန် ဖြစ်ဦးမယ်၊ သိတဲ့အတိုင်း စမ်းသပ်ခနဲ့ ဘာနဲ့ ဆေးဖိုးနဲ့ နှစ်ရာကျော်ကျတယ်၊ နောက်ထပ် ဆေးဝယ်ပြီး ဆက်သောက် သုံးလပြည့်ရင် သူ့ကို ပြန်ပြပါတဲ့ အဲဒါ ဆေးတစ်မျိုးက အိမ်မှ ကုန်နေတာ တစ်ပတ်လောက်ရှိပြီ၊ ဒီနေ့တော့ ရုံးမှာ တစ်ယောက်ဆီက ချေးပြီး ဆေးတစ်ကဒ် ဝယ်မလို့ ထွက်လာတာ၊ မေးကြည့်တော့ တစ်ရာ့ခြောက်ဆယ်၊ ဆေးတွေ ပြတ်နေလို့တဲ့၊ ပြတ်နေရင်လဲ သေကွာ၊ ဈေးက နောက်ထပ် ဘယ်လောက်ထိ တက်ဦးမလဲ မသိဘူး၊ ဘယ်လို ဆက်ပြီး ဝယ်သောက်မလဲ၊ စိတ်ပေါက်ပေါက်နဲ့ အရက်ဆိုင် ရောက်လာတာ၊ ဆေးဝယ်ဖို့ မလောက်တဲ့ ပိုက်ဆံ အရက်ဝယ်သောက်တာ အေးတာပဲဆိုပြီး ချနေတာ၊ ဒီ ပိုက်ဆံ ကုန်မှ ပြန်မယ်"

ငွေစက္ကူထပ်ကလေးကို ဗုန်းခနဲ ပုတ်လိုက်သည်။

ကျွန်တော့် နှစ်ပက်ကုန်း နှစ်ပက်ကုန်သွားပြီ။ ထပြန်ရကောင်းမလား စဉ်းစားသည်။ သည်လူကြီးနှင့် ကြာကြာဆက်ထိုင်၍ သင့်မည်မထင်။ သို့သော် ရေခဲနှင့်မြေပဲတွေ ပိုနေသည်။ ပြီး အရက်ဆိုသည်က နှစ်ပက်နှင့် ဘာမှ အမိပ္ပါယ်မရှိ။ နောက်ထပ် နှစ်ပက်နှစ်ခွက်မှာသည်။ ခပ်မြန်မြန်လေး သောက်ပြီး ထွက်လာခဲ့သည်။

စိတ်ညစ်စရာပဲ။ လူတွေအားလုံး စိတ်ညစ်နေကြတာပဲ။ စိတ်ညစ်လို့ အရက်ဆိုင်တွေမှာ လူတွေတိုးနေတာ။ အရက်သောက်တော့ ပိုက်ဆံကုန်၊ ပြဿနာတွေဖြစ်၊ နောက်တစ်နေ့ကျ ပိုစိတ်ညစ်၊ ဖိသောက်၊ သေအောင်သောက်ကြ။ ဟိုလူကြီး ပြောသလို သေကုန်ကြလဲ အေးတာပဲ။

အရက်လေးပတ်က သုံးပက်ပင် ပြည့်ပုံမရ။ ဘယ်နားမှ မရောက်ချင်။ သောက်ပြီး အကြောင်းမထူးလျှင် ဘာလုပ်မည်လဲ။ အရက်ဆိုသည်မှာ မူးအောင်သောက်တာ မဟုတ်လား။ ခပ်စောစောက ကျွန်တော် ဝင်ကြည့်ပြီး မသောက်ဖြစ်ခဲ့သည့် ဆိုင်ဘက်သို့ လှည့်လာခဲ့သည်။

ချောင်ကလေးတစ်ခုထဲမှာ တစ်နေရာ ရသည်။

အေးအေးဆေးဆေး နှစ်ပက်တစ်ကြိမ်၊ နောက်နှစ်ပက် တစ်ကြိမ်၊ နောက်တစ်ပက်။

တော်ပြီ။ ပြန်တော့မယ်။ သည်လောက်ဆို လုံလောက်ပြီ။

ဘတ်စကားမှတ်တိုင် ရှိရာဘက်သို့ ကျွန်တော် လျှောက်လာခဲ့သည်။ နည်းနည်းတော့ ရေချိန်ကိုက်သလိုလို။ ပထမ သောက်ဖြစ်သည့် ဆိုင်ရှေ့က ဖြတ်ရပြန်သည်။

မထူးပါဘူးကွာ၊ နှစ်ပက်လောက် ထပ်ချလိုက်မယ်။

ဆိုင်ထဲဝင်၊ နှစ်ပက် ရေကလေး လက်တစ်လုံးလောက်ရောပြီး ဂွပ်ခနဲ မော့သောက်ကာ ဆင်းလာခဲ့သည်။

အိုအေ။ မှတ်တိုင်မှာ တိုးဝှေ့နေသော လူအုပ်ကြီးကို ကြည့်ကာ ကျွန်တော် သဘောကျနေမိသည်။ သို့သော် ကျွန်တော် ဘာမှ မပြောပါ။ စိတ်ထဲကပဲ ကျိတ်ပြီး ပြုံးနေမိသည်။

တက်ကြ၊ တက်ကြ တက်ကြပါ။ အိမ်ဝမှာ ပန်းကုံးစွပ်မယ့်သူ အသင့်စောင့်နေမယ်နဲ့ တူတယ်။ ရေခဲစိမ် မျက်နှာသုတ်ပုဝါနဲ့၊ ဘီယာသံဘူးနဲ့ ဆီးပြီးကမ်းမယ့်သူတွေ ရှိပုံရတယ်။ သွားကြ၊ သွားကြပါ။ ကျုပ်ကတော့ အေးအေးဆေးဆေးပဲ။ မတ်တပ်ရပ်လိုက်ရမယ့် ကိစ္စအတင်း တိုးဝှေ့နေတော့ကော ဘာအကြောင်းထူးမှာလဲ။ နံရံတွေ ပွင့်ထွက်လောက်အောင် မကျပ်မချင်း သည်ကားက ထွက်မှာမှ မဟုတ်ဘဲ။

ကားဆရာက စိတ်ကျေနပ်လောက်အောင် ပြည့်ပြီ၊ ကျပ်ပြီဆိုတော့မှ ကားက စ ထွက်သည်။

“နေပါဦး နေပါဦးတဲ့။”

ပုဂ္ဂိုလ်တစ်ယောက် ပြေးလိုက်လာသည်။ ရေချိန်ကိုက်လာတာကို ဒရိုင်ဘာ သိပုံမရ။ ကားက နည်းနည်း အရှိန်လျှော့၍ ပေးသည်။ လုံးဝတော့ မရပ်။ ကမန်းကတန်း လှမ်းတက်လိုက်သည့် ပုဂ္ဂိုလ် ခြေချော်ပြီး လိမ့်ကျမလို ဖြစ်သွားသည်။ တံခါးပေါက်နားက လူတစ်ယောက် လှမ်းဆွဲလိုက်သဖြင့် ကျမသွား။ မူးယစ်ရီဝေနေရာက နည်းနည်း ချောက်ချားသွားပုံ ရသည်။

“ဟော့ ... ဘယ်လိုလဲကွ၊ ကားမမောင်းတတ်တာလား၊ သေကြောင်းကြံတာလား” ပုဂ္ဂိုလ်က ခပ်ကျယ်ကျယ် အော်လိုက်သည်။

"ရပ်လဲ တင်ပေးရသေးရဲ့၊ လူပါးဝစကား ပြောတယ်၊ ပြန်ဆင်းခိုင်းကွာ" ဒရိုင်ဘာက ကားကို ရပ်ပစ်လိုက်ပြီး စပယ်ယာကို လှမ်းပြောသည်။

အရက်မူးလာသူက သတိကောင်းသည်။

"သည်းခံပါခင်ဗျာ၊ သည်းခံကြပါ၊ စောစောက ကျွန်တော် ပြောတဲ့စကားကို ပြန်ပြီး ရုပ်သိမ်းပါတယ် ရပ်ပြီး တင်တဲ့အတွက် အများကြီး ကျေးဇူးတင်တယ်၊ တကယ်ပါ၊ တကယ်ပါ၊ ကျွန်တော် တောင်းပန်ပါတယ် ကျန်တဲ့ ခရီးသည်များလဲ အားနာစရာ ကောင်းပါတယ်၊ ကျွန်တော့် အပြစ်ပါ၊ ကျွန်တော့်ပါးစပ်ကို အိမ်ရောက်ရင် ကျွန်တော် ပိတ်ရိုက်ပါ့မယ် ဒီမှာ ရိုက်မပြနိုင်တာကို ခွင့်လွှတ်ပါ၊ အိမ်ရောက်ရင် ကျွန်တော် တကယ် ရိုက်ပါ့မယ်၊ ခင်ဗျားတို့ ပို့ပေးမှ ကျွန်တော်တို့ အားလုံး အိမ်ပြန်ရောက်ရမှာပါ ကျေးဇူးရှင်များ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ဒရိုင်ဘာ စိတ်တိုဟန်ဖြင့် လှည့်ကြည့်သည်။ စပယ်ယာကတော့ ဒေါသထက် လောဘများပုံရသည်။

"ကဲ... ခင်ဗျား အထဲတိုးဗျာ နောက်ထပ်လဲ တောင်းပန်မနေပါနဲ့တော့ တော်ပါပြီ လုံလောက်ပါပြီ လုံလောက်တာထက် ပိုနေပါပြီ၊ ဒီထက်ဆက် တောင်းပန်ရင် ကျွန်တော်တို့လဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ်၊ စိတ်တိုတတ်တယ်၊ ကဲ ... အစ်ကိုရေ၊ မောင်းမယ်ဗျို့"

ကားထွက်လာသည်။ အမူးသမားလည်း နောက်ထပ် ဆက် မတောင်းပန်တော့။

အရက်နံ့၊ ချွေးနံ့၊ ချေးညှော်နံ့များကြားမှာ မွန်းနစ်ကျပ်သိပ်စွာဖြင့် တမေ့တမော စီးပြီးသည့်အခါ ကျွန်တော် ဆင်းရမည့် ဂိတ်ဆုံးမှတ်တိုင်သို့ ရောက်သည်။

ကံအားလျော်စွာ ဂိတ်ဆုံးရှိ ဘီအီးဒီစီဆိုင်ကလေးက ဖွင့်လျက်ပင်ရှိသေးသည်။ ကျွန်တော့်အိမ်က ကားဂိတ်နှင့် မနီးမဝေး။ သို့သော် သည်အချိန်ကြီးကျမှတော့ ဆိုက်ကားနှင့် ပြန်တာပဲ ကောင်းမည်။ ဂိတ်မှာ ဆိုက်ကား အတော်များများ ရှိသေးသည်ဆိုတော့ နည်းနည်း ထပ်တင်ရန် အချိန်ရဦးမည်။

ဆိုင်နား ကျွန်တော်ရောက်လာတော့ လူတစ်ယောက် ယိုင်တိယိုင်ထိုးနှင့် ဆိုင်ထဲ ဝင်သွားတာ မြင်လိုက်ရသည်။ သည်လောက် ယိုင်နေတာတောင် ထပ်သောက်ချင်နေသေးသလားဟု ကျွန်တော် တွေးလိုက်မိသည်။ ကျွန်တော်ကတော့ သူ့လောက် မယိုင်သေးတာ သေချာသည်။

ဆိုင်ထဲမှာ အတော်လူရှင်းနေပြီ။ စားပွဲခုံပုကလေးတစ်လုံးမှာ လူတစ်ယောက် ထိုင်နေသည်။ ငြိမ်ငြိမ်သက်သက်။ သို့သော် အတော်မူးနေတာတော့ သေချာသည်။ ငြိမ်ငြိမ်သက်သက် မူးတတ်သည့် လူမျိုး။ နောက်တစ်ဝိုင်းမှာတော့ လူငယ်သုံးယောက်။ တစ်ယောက်က ခုံနံဘေးမှာ ခွေလဲနေပြီ။ တစ်ယောက်က သိပ်တာစူ၍ မရချင်တော့။ ထူထူထောင်ထောင် ရှိသည့် နောက်တစ်ယောက်က သူ့သောက်ဖော်သောက်ဖက် နှစ်ယောက်ကို ဆဲဆိုဆူပူနေသည်။

ဘီအီးဒီစီ တစ်ဖန်ခွက်နှင့် ရေတစ်ဖန်ခွက်ကို တစ်လှည့်စီသောက်ရင်း သူတို့ကို အမှတ်မဲ့ ကြည့်နေမိသည်။ ကျွန်တော့ရှေ့မှ ဆိုင်ထဲဝင်လာသူက ခုံပုကလေးတစ်လုံး နံဘေးက ခွေးခြေလေးမှာ ဝင်အထိုင် တစ်စုံတစ်ခု အဆင်မပြေဖြစ်ကာ ပက်လက်လန်လဲကျသည်။ ကြိုးစားပမ်းစား ပြန်ထိုင်ပြီးနောက် 'ဘီအီးတစ်စိတ်ပေး” ဟု ဆိုင်ရှင်ကို လှမ်းပြောသည်။ အာ အတော်လေးနေပြီ။

“ဒါပဲနော်၊ နောက်ထပ်မရတော့ဘူး ဆိုင်ပိတ်တော့မယ်၊ အချိန်တောင် နောက်ကျနေပြီ” ဆိုင်ရှင်က ဆိုသည်။

လူငယ်ဝိုင်းက ကောင်လေး ဆိုင်ရှင်ကို လှမ်းပြောသည်။

“ဒီဝိုင်း ရှင်းမယ် ဦးလေး ကျွန်တော် ဒီကောင့်ကို ဒီမှာပဲ ထားခဲ့မယ်၊ သူ့အိမ်အထိ လိုက်ပို့ရရင် ကျွန်တော် ပြဿနာ တက်မယ်”

“ဟေ့ ... အဲဒီလို မဖြစ်ဘူးကွ၊ ကိုယ့်လူကိုယ် ခေါ် သွားကြ၊ ငါ တာဝန်မယူနိုင်ဘူး”

“ဦးလေး သူ့ကို ဖျာနဲ့ သိပ်စရာ မလိုပါဘူး၊ သူ့ဘာသာသူ မြေကြီးမှာ အိပ်နေလိမ့်မယ်၊ သေရင်လဲ သူ့ထိုက်နဲ့ သူ့ကံပဲ”

“ဘယ်ဖြစ်မလဲကွ၊ ဆိုက်ကားနဲ့ တင်ခေါ် သွားလဲရတာပဲ။ ငါ့ဆီမှာတော့ လုံးဝ မဖြစ်ဘူး၊ ပြဿနာ ရှင်းမယ်”

“ဒါဆိုလဲ ပြီးရောဗျာ၊ ဒီ ... ကို ဆိုက်ကားသမား လက်ထဲပဲ အပ်လိုက်တော့မယ်၊ အစကတည်းက ... ကို ကျွန်တော်ပြောထားတာ၊ ကျွန်တော် လိုက်မပို့နိုင်ဘူး၊ ကိုယ့်ဘာသာကိုယ် ကြည့်သောက်လို့ အခုတော့ ...က သေအောင်သောက်နေတယ်၊ တစ်ခုခု ဖြစ်တော့ ကျွန်တော့် ခေါင်းပေါ် ပုံကျမယ်၊ သူ့မိဘက သူတို့သားလေးကျတော့ လူကောင်း၊ ကျွန်တော်တို့ ဖျက်ဆီးလို့ ပျက်စီးနေတယ် ထင်ကြတယ်၊ သူတို့သား မိုက်ရိုင်းတာတွေ သိတာမဟုတ်ဘူး ...

အဆဲကလေးနှင့် စကားပြောတတ်သည့် လူငယ်အရက်သမားက ဆိုင်ရှင်ကို ငွေရှင်းပေးသည်။ ပြီးလျှင် သူနှင့် နောက်တစ်ယောက်က မြေကြီးပေါ်တွင်

အသေကောင်လို လဲနေသူအား ထူမပြီး ဒယီးဒယိုင် ဆိုင်မှ ထွက်ကြသည်။ တွဲသူတွေက အခြေအနေမကောင်း။ အတွဲခံရသူက လုံးဝ ဇက်ကျိုးနေပြီ။ ဆိုင်ထဲမှ အတော် ခက်ခက်ခဲခဲ ထွက်ခွာသွားရသည်။

"ယနေ့အတွက် နောက်ဆုံးအကြိမ် ရောက်ရှိလာပါပြီ ခင်ဗျား"

အသားဖြူညစ်ညစ် မျက်နှာ နီစပ်စပ်နှင့် လူတစ်ယောက် အင်္ကျီမပါ၊ ခါးကြားမှာ ပုလင်းအသေး တစ်လုံး ထိုးကာ ရောက်ရှိလာသည်။ နှစ်ဆယ့်လေးနာရီ ပတ်လည်သောက်သည့် အရက်သမားမျိုး ဖြစ်ကြောင်း သိသာသည့်ပုံစံမျိုး။

ဆိုင်ရှင် ဖန်ခွက်တစ်လုံး ပြည့်လုနီးပါးလောက် အရက်ငှဲ့ထည့်ပြီး နောက်ဆုံးရောက်လာသော ပုဂ္ဂိုလ်ကို ကမ်းပေးသည်။ ထို့နောက် သူ့ဆီက အာတာပုလင်းလွတ်ထဲသို့ အရက်အပြည့် ထည့်ပေးသည်။ ပုဂ္ဂိုလ်ကြီးက ဖန်ခွက်တစ်လုံးကို တောက်လျှောက် မော့သောက်လိုက်ပြီး ဖန်ခွက်ကို ပြန်ပေးသည်။ ခါးပိုက်ထောင်ထဲ ထည့်လာသည့် ဆယ့်ငါးကျပ်တန် ငွေစက္ကူခေါက်ကလေးကို ကမ်းပေးပြီး သူ့ပုလင်းကို ယူသည်။

"လိုတာ ဆက်မှတ်မယ်၊ သွားပြီ၊ ဂွတ်နိုက်၊ ဆီးယူ အားလီးအင်းသမောနင်း၊ ဘဲရီး ဘဲရီးအားလီး" ဆိုပြီး ပြန်ထွက်သွားသည်။

"ဆိုင်ပိတ်ချိန် ရောက်ပါပြီခင်ဗျာ၊ အချိန်လဲ မရှိတော့ပါဘူးခင်ဗျာ၊ အိမ်ပြန်ကြဖို့ သင့်ပါပြီ" ခဏကြာတော့ ဆိုင်ရှင်က ကြေညာသည်။

ဒုတိယမြောက် တစ်ဖန်ခွက်ထဲက နောက်ဆုံးလက်ကျန်ကို မော့ကာ ကျွန်တော် ထိုင်ခုံမှ ထသည်။ နည်းနည်းတော့ ယိုင်သွားသည်။ သို့သော် အဆိုးကြီး မဟုတ်။

ကျသင့်ငွေရှင်းပြီး ကျွန်တော် ထွက်လာခဲ့သည်။ စောစောက ထိုင်ခုံမှာ ယိုင်လဲထားသည့် ပုဂ္ဂိုလ်တစ်ယောက်သာ ဆိုင်ထဲမှာ ကျန်ရစ်သည်။ ဆိုင်ရှင်နှင့် ဘယ်လို ဆက်စခန်းသွားမည်မသိ။ အပြင်ရောက်တော့ ဆိုက်ကားတစ်စီးမျှ မရှိတော့။ လမ်းပေါ်မှာ လူသူလည်း ကင်းမဲ့နေပြီ။ ဘာလုပ်ရမည်လဲ။

စဉ်းစားနေရန် အချိန်မရှိတော့။ အိမ်သို့ရောက်အောင် ခပ်မြန်မြန် ပြန်ဖို့သာ ရှိတော့သည်။ တိတ်ဆိတ်ခြောက်ကပ်နေသည့် လမ်းမကြီးအတိုင်း ကျွန်တော် လျှောက်လာသည်။

ငါ ဘာ့ကြောင့် ဒါလောက်ထိ ညဉ့်နက်အောင် နေမိပါလိမ့်ဟု ကိုယ့်ဘာသာတွေးပြီး အပြစ်တင်နေမိသည်။

အပြစ်တင်နေလို့ အကြောင်းမထူးဘူး။ အိမ်မြန်မြန် ပြန်ရောက်အောင် သွားရမည်။ အပြစ်တင်ချင်ရင် အိမ်ကျမှတင်။

အရက်မူးနေသည့် အရှိန်ကလေးနှင့် ခပ်မြန်မြန် လမ်းလျှောက်သည့်အခါ တစ်ခါတစ်ရံ ရှေ့သို့ ဟတ်ထိုးလဲတော့မလို၊ လဲတော့မလိုနှင့် တကယ်တမ်းကျတော့ မလဲဘဲ ပြေးသလောက်နည်းပါး မြန်သည်။ ကိုယ့်ဘာသာကိုယ် ကျေနပ်သလို ရှိနေဆဲ လမ်းဘေးတွင် လူရိပ်လိုလို မြင်သဖြင့် ထိတ်ခနဲ ဖြစ်သွားသည်။

လူတော့လူ။ သို့သော် မတ်တတ်မဟုတ်။ လမ်းဘေး မှောင်ရိပ်မှာ တုံးလုံးလဲနေခြင်းဖြစ်သည်။

ဒုက္ခပဲ။

မနီးမဝေးသို့ ချဉ်းကပ်ကြည့်သည်။ သဲသဲကွဲကွဲ မမြင်ရ။ လူတစ်ယောက် လဲနေတာပဲ ဖြစ်သည်။ ပတ်ဝန်းကျင်မှာ မည်သူတစ်စုံတစ်ယောက်မှ မရှိ။ ရာဇဝတ်မှု တစ်ခုခုဆိုလျှင် ပြဿနာ။

ခပ်သုတ်သုတ် လစ်တော့မလို အလုပ်တွင် ၄င်းလူက လှုပ်ရှားလာသည်။ အသံလည်း ထွက်လာသည်။ စိတ်ထဲ အေးသွားသည်။ အမူးလွန်နေသူ တစ်ယောက်ပဲ။

"ဟေ့ ကောင်မ ငါ ခေါ်နေတာ မကြားဘူးလား၊ ငါ ...

လူက လမ်းဘေးမှာ ရှိသေးသော်လည်း စိတ်ကတော့ အိမ်ရောက်ပြီး မိန်းမကို ဆဲရေးနေချေပြီ။

ကျွန်တော့်မှာလည်း အိမ်မှာ မိန်းမရှိသည်။

သို့သော် ကျွန်တော်ကတော့ မိန်းမကို ဆဲရေးတိုင်းထွာလေ့ ရှိသူမဟုတ်။

မိန်းမကလည်း ကျွန်တော့်ကို အရက်မူးသမား၊ အလကားအကောင်၊ ဖိနပ်မစီးဘဲ အရက်သောက်မည့်အကောင် စသဖြင့် အမနာပ ပြောကြားလိမ့်မည်မဟုတ်။

မိန်းမသည် ကျွန်တော့်ကို စိုးရိမ်ကြောင့်ကြသော အမူအရာဖြင့် စောင့်မျှော်နေလိမ့်မည်။ ကျွန်တော့်ကို တွေ့လျှင် "နောက်ကျလိုက်တာ၊ စိတ်ပူလိုက်ရတာ၊ ဘာလို့ အရက်တွေ ဒါလောက် သောက်လာတာလဲ" ဆိုတာလောက်ပဲ ပြောလိမ့်မည်။

သို့သော် ကျွန်တော့်အိတ်ထဲက ပစ္စည်းပစ္စယတွေ

ထုတ်ယူသိမ်းဆည်းသည့်အခါတွင်တော့ ကိုးဆယ်တန်အခေါက်ကလေး မရှိတော့တာ တွေ့လိမ့်မည်။

သည်အခါ မိန်းမသည် ကျွန်တော့်မျက်နှာကို တစ်ချက်တော့ လှမ်းကြည့်လိမ့်မည်။

အဲသည် အကြည့်ထဲမှာ ကျွန်တော့်ဘဝအတွက် သူ စိတ်ပျက်လက်လျှော့သွားတာ ပါလိမ့်မည်။ ကျွန်တော့်ဘဝနှင့် တွဲချည်ထားခဲ့မိသော သူ့ဘဝအတွက် မျှော်လင့်ချက်တွေ ကုန်ဆုံးပြီဟု ဝမ်းနည်း အားငယ်သွားတာ ပါလိမ့်မည်။

မိန်းမ၏ အကြည့်ကို စိတ်ထဲက မြင်ယောင်မိရုံဖြင့် ကျွန်တော် တုန်လှုပ်သွားမိသည်။

ကျွန်တော် အကြီးအကျယ် နောင်တ ရသွားသည်။ အိမ်ခြံဝနား အရောက်မှာ တစ်ကျိုက်တည်း မော့သောက်ချဖို့ အရက်လေးပက်လောက် ဝယ်လာခဲ့မိရင် ဘယ်လောက်ကောင်းလေမည်လဲ။

※※※

(ရင်ခုန်ပွင့်။ ။ ၁၉၉၁။ စက်တင်ဘာ)

အရှုံးသမား

ဦးအောင်မင်းအတွက် လောင်းကစားမှုဆိုသည်မှာ သနေ္ဓပါစိတ်ဟု ဆိုရမည်လား၊ သို့တည်းမဟုတ် ငယ်စဉ်တောင်ကျေး ကလေးဘဝက စတင်ခဲ့သဖြင့် အရိုးစွဲနေသည့် အလေ့အကျင့်တစ်ရပ်လား ခွဲခြားပြောရန် အလွန်ခက်သည်။ သို့သော် သေချာသည့်အချက်ကား လောင်းကစားသည့် အလုပ်ကို သူ လုံးဝ မဖြတ်နိုင်ခြင်း ဖြစ်သည်။ အရက်ကိုသာ ဖြတ်၍ ရချင်ရမည်။ ဘိန်းကိုသာ ဖြတ်၍ ရချင်ရမည်။ လောင်းကစားအလုပ်ကိုကား ဘယ်နည်းနှင့်မျှ ဖြတ်၍ မရနိုင်။

ကစားစရာ ငွေမရှိသည့်အချိန်၊ ဘယ်လိုမှ ကြံဖန်၍လည်းမရနိုင်သည့် အချိန်များမှာ သူ လုံးဝ ဂနာမငြိမ်၊ အနေရအထိုင်ရ အလွန်ခက်နေတတ်သည်။ သည်နေ့ ဝိုင်းသိပ်ကောင်းမည် ဘယ်သူတွေ လာကြမည်ဟု သတင်းစကား ကြားရသည့် အခါမျိုးတွင် တုန်တုန်ယင်ယင် ချောက်ချောက်ချားချားပင် ဖြစ်လာတတ်သည်။ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ အရိုးအဆစ် ကိုက်ခဲခြင်းများ မဖြစ်တာ တစ်ခုသာ ကွာခြားသည်။ ကျန်သည့် စိတ်ပိုင်းဆိုင်ရာ ဝေဒနာများမှာတော့ ဘိန်းပြတ်သူနှင့်မခြား ခံစားရမြဲ ဖြစ်သည်။

သည်ကနေ့။

မနက်စောစော အိပ်ယာမှ နိုးလာကတည်းက သည်ကနေ့သည် သူ့အတွက် ကံကောင်းမည့်နေ့ဟု ဦးအောင်မင်း ကျေကျေနပ်နပ်ကြီး မှတ်ချက်ချလိုက်မိသည်။ အိပ်မက်က သိပ်ကောင်းနေသည်။ သူ့ အိမ်ရှေ့ လယ်ကွင်းထဲက ရွှံ့ရေတွေသည် သူ့လက်နှင့် ဝှေ့ယမ်းလိုက်ရုံဖြင့် ပကတိ ကြည်လင်သန့်စင်သွားသည်။ သူ့အိမ်နှင့် မလှမ်းမကမ်း ရပ်ကွက်ထဲမှာ နေကြသူတွေသာမက မြို့ထဲက လူတွေ၊ သူ့ရုံးက လူတွေပါ သည်ရေတွေကို လက်ခုပ်နှင့်ခပ်ပြီး သောက်ကြသည်။ ခွက်ကြီးခွက်ငယ်နှင့် သယ်ယူကြသည်။ သူသည် ဂရိတ်ပဲ။ အားလုံးက သူ့ကို ဝိုင်း၍ ကောင်းချီးသြဘာ ပေးကြသည်။ ဇနီးသည်က ခန့်ညားကျယ်ဝန်းသော ဝရန်တာ၌ရပ်ပြီး ဝမ်းသာပီတိဖြစ်စွာ ကြည့်ရှုနေသည်။ သူ့ဇနီး မျက်နှာ၌ သည်ကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက် ပြည့်ပြည့်ဝဝ ရှိလှသော အပြုံးမျိုး သူ တစ်ခါမျှ မမြင်စဘူး။ သို့တည်းမဟုတ် မမြင်ရတာ ကြာ၍ သူ လုံးလုံးလျားလျား မေ့လျော့နေခဲ့ပြီ။ သူ့ဇနီးမှ ဟုတ်ရဲ့လားဟု သူ သေသေချာချာ ကြည့်သည်။ ဟုတ်သည်။ သူ့ဇနီး အစစ်ပဲ။ နားနှစ်ဖက်တွင် ပန်ထားသော စိန်နားကပ်အရောင်နှင့် ရွှင်လန်းသော အပြုံးက ထွက်ပေါ်လာသော အလင်းရောင်တို့ကြောင့် သူ့ဇနီး မျက်နှာသည် ဝင်းထိန်၍နေသည်။ သူမက သူ့ကို ကျေကျေနပ်နပ် အားရပါးရ ပြုံး၍ကြည့်ကာ

“ကိုအောင်မင်း၊ ဒီတစ်ခါတော့ ရှင် တကယ်နိုင်ပြီ” ဟု ဆိုလိုက်သည်။

အိပ်မက်က အိပ်မက်နှင့်မတူအောင်ကို ကောင်းမွန်ပြည့်စုံလွန်းနေသည်။ ဘုရားပေးသော အိပ်မက်လား၊ နတ်ပေးသော အိပ်မက်လား၊ ဘာပဲပြောပြော သည်နေ့ကတော့ သိပ်ကို လာဘ်ကောင်းမဲ့ နေ့ပဲ။ ဦးအောင်မင်းစိတ်က အကြွင်းမဲ့ ယုံကြည်လိုက်သည်။

တကယ်ပဲ သည်တစ်နေ့လုံး သူ ကံကောင်းနေသည်။ မနက် ရုံးသွားခါနီး မိန်းမက “ဟိုမှာ မိုးတွေ မည်းလာတယ်၊ ရှင် ထီးယူသွားပါလား လမ်းမှာ မိုးမိနေဦးမယ်” ဟု ဆိုသည်။ သူက ကောင်းကင် တစ်ချက် မော့ကြည့်လိုက်ပြီး “အလကားပါကွာ ငါ ရုံးကို မရောက်မချင်း ရွာမယ့်မိုး မဟုတ်ဘူး၊ ထီးကိုင်ရတာ ရှုပ်တယ်၊ ရုံးမှာ ဟိုလူငှား ဒီလူငှားနဲ့ ပျောက်မှာ စိုးရသေးတယ်” ဟု ပြောကာ သည်အတိုင်း ထွက်လာခဲ့သည်။ မိန်းမကတော့ သူ့ကို ဆက်မပြောတော့။

တကယ်ပင် မိုးက သူ ရုံးလှေကားထစ်ပေါ် လှမ်းတက်တော့မှပဲ ရုတ်တရက် သဲသဲမဲမဲ ရွာချတော့သည်။

နေ့လည် လက်ဖက်ရည်သောက်ချိန် ကျပြန်တော့လည်း ကြံကြံဖန်ဖန် ဆုံးပြီထင်ထားသည့် ဖဲဝိုင်းမှာ ကိုယ်နိုင်နေတုန်း ယောင်မှားပြီး ချေးမိသည့် ငွေတစ်ရာ ဘဇံဆိုသည့် အကောင်က ပြန်လာဆပ်သည်။ သည့်နောက် ဝင်လာသည့် ငွေငါးရာကျော်ကတော့ ကိုယ့်ငွေမဟုတ်ပေမဲ့ သည်ကနေ့မှ တမင်တကာ လာပြီး ဖြည့်ဆည်းပေးတဲ့ ကိစ္စပဲ။ ထုံးစံအတိုင်းဆိုလျှင် သည်ငွေကို သူ လက်ခံယူပြီး ညနေရုံးဆင်းချိန်မတိုင်မီ အထက်အရာရှိလက်ထဲ လွှဲပြောင်းအပ်နှံခဲ့ရမည်သာ ဖြစ်သည်။ သို့သော် ကံကောင်းချင်တော့ သည်တစ်ခါတွင်မှ အထက်အရာရှိက နေမကောင်းဟူ၍ ရုံးမတက်ဘဲ ရှိနေသည်။ သည်တော့ သည်ငွေကို သည်ညနေမှ နောက်တစ်နေ့ နံနက် ရုံးတက်ချိန်အထိ သူ့သဘော။ သည်အချိန်အတောအတွင်းမှာ သူ ကြိုက်သလို ရင်းနှီးမြှုပ်နှံပိုင်ခွင့် ရှိနေသည်။

ငွေခြောက်ရာကျော် အိတ်ထဲထည့်ကာ ရုံးလှေကားထိပ်မှာ သူ ရပ်သည်။ သည်ညနေ ဦးအောင်မင်းသည် မနေ့ညနေက ဦးအောင်မင်းနှင့်မတူ။ သည်နေ့မနက် ဦးအောင်မင်းနှင့်ပင် မတူ။ အထူး လန်းဆန်းတက်ကြွနေသည်။ လူသစ်စိတ်သစ် လိုအပ်ပါက တစ်လောကလုံးကိုပင် ဖြိုဖျက်ပစ်နိုင်မည့် အင်အားရှိသည့် ဦးအောင်မင်း ဖြစ်နေသည်။ သူ့အိတ်ထဲက ငွေခြောက်ရာသည် ညဘက်ရောက်လျှင် ခြောက်ထောင်ဖြစ်သွားနိုင်သည်။ သည်ကနေ့ သွားမည့်ဝိုင်း၏ အတိုင်းအတာ သဘောအရ ခြောက်သောင်းလောက်အထိ မဖြစ်လျှင်ပင် သုံးလေးသောင်းတော့ ဖြစ်လာနိုင်သည်။ သုံးလေးသောင်း၊ သုံးလေးသောင်းတွေ ဆက်တိုက် ဖြစ်လာမည်ဆိုလျှင် သူသည် သည်လိုမြို့မှာ နည်းတဲ့အကောင် ဖြစ်လာမည်လား။

တစ်သက်လုံး အရေးစိုက်မခံခဲ့ရသည့် အကောင်။ မိဘဆွေမျိုး၊ မိန်းမဆွေမျိုးတွေက အထင်သေးထားသည့် အကောင်။ ငွေစက္ကူတွေ ဖြန်းခနဲ ဖြန်းခနဲ ထုတ်သုံးပြနိုင်ရင်၊ ရော့ ယူကြ၊ ငင်ကြ၊ သုံးစွဲကြလို့ ပစ်ပေးနိုင်ရင်တော့ အစ်ကို အစ်ကိုနှင့် ကပ်လာကြပြန်ဦးမည်။ အဲသည်အခါကျမှ တစ်သက်လုံး စိန်မဆင်ဘူးသည့် မိန်းမလည်း ဆင်ပေရော့။ သည်မိန်းမကတော့ ဘာပဲပြောပြော ကိုယ်နှင့် ဒိုးတူပေါင်ဖက် ကောင်းတူဆိုးဖက်၊ ဆင်းရဲသည်ဟု မညည်း၊ ချမ်းသာချင်သည်ဟု မပူဆာ၊ အနွံ့အတာခံ ပေါင်းသင်းလာသည့် မိန်းမပဲ။။ သူ့အသက်အရွယ်နှင့် စာလျှင် အိုစာသည် ထင်ရပေမယ့် ကိုယ်ချစ်၍ ယူခဲ့သည့် မိန်းမကို ချမ်းသာချိန်ကျမှ ဘာဘာညာညာ ကိစ္စတွေနှင့် စိတ်ညစ်အောင် မလုပ်သင့်။

မှန်သည်။ အပေါင်းအသင်းများကြားမှာ ဦးအောင်မင်း အမြဲ ပြောတတ်သော စကားတစ်ခွန်းရှိသည်။

"ဟေ့ .. လောကကြီးမှာ ယောကျ်ားအလုပ် သုံးခု ရှိတယ်၊ အရက်ရယ်၊ ဖဲရယ်၊ မိန်းမရယ်၊ ဒါပေမဲ့ သုံးခုလုံး လုပ်တဲ့အကောင်ကတော့ တရားလွန်တယ်၊ အသက်တိုမဲ့ အကောင်မျိုး၊ တို့ကတော့ အရက်သောက်တယ် သောက်ရင်လဲ မှန်မှန်ပဲ၊ ကိုယ့်ရေချိန်နဲ့ကိုယ်၊ ပြီးတော့ ဝိုင်းကောင်းကောင်းရှိရင် ကစားမယ်၊ မှန်မှန်ကန်ကန် ကစားမယ်၊ ဘယ်သူ့မှ မတရား မလုပ်ဘူး၊ နိုင်လဲ ပြုံးပြုံး၊ ရှုံးလဲ ပြုံးပြုံး၊ အေးအေးဆေးဆေးပဲ၊ ဒီနှစ်မျိုးလုံး လုပ်တဲ့နေရာမှာလဲ တို့က စည်းကမ်းရှိတယ်၊ အရက်သောက်ထားရင် ဖဲမရိုက်ဘူး၊ အဲ ဖဲရိုက်ပြီးရင်တော့ သောက်ချင်သောက်မယ် ဒါ စည်းကမ်းပဲ"

သည်ကနေ့လည်း သည်စည်းကမ်းကို ဦးအောင်မင်း မပျက်မကွက် လိုက်နာသည်။ ဖဲဝိုင်းရှိရာ ဒေါ် စိန်စိန်အိမ်သို့ ဆိုက်ကားစီးအသွား လမ်းမှာ နိုင်ငံခြားအရက်ဆိုင်ရှေ့က ဖြတ်သွားရသည်။ အမှန်တော့ သည်အချိန်က အရက်သောက်မည်ဆိုလျှင်လည်း အင်မတန် သောက်ကောင်းမည့်အချိန်။ ရာသီဥတုက ချမ်းစိမ့်စိမ့်။ မိုးကလေးက တဖွဲဖွဲ။ ပြီး ရမ်နှစ်ပက်လောက် သောက်သွားရုံနှင့်တော့ ကစားသည့်နေရာမှာ ချွတ်ချော်တိမ်းပါးစရာ အကြောင်းမရှိ။ နှာစေး အအေးမမိအောင်ပင် အကာအကွယ် ပြုနိုင်စရာ ရှိသည်။ သို့သော် စည်းကမ်းပဲ။ ပြီး အရက်နှင့်ဖဲမှာ ဖဲသည်ပဓာန အရက်သည် သာမညဟု ဦးအောင်မင်း ကြိမ်ဖန်များစွာ ဆင်ခြင်ခဲ့ဖူးပြီးလည်း ဖြစ်သည်။ ကစားဝိုင်းပြီးမှ နိုင်ပြီဆိုတော့မှ အေးအေးဆေးဆေး ကြိုက်သလောက် သောက်တော့။

ဆိုက်ကားသမား ခမောက်ကိုပဲ တောင်းပြီး ခေါင်းပေါ်တင်ကာ လိုက်ပါလာခဲ့သည်။

ဝိုင်းက သိပ်ကောင်းသည်။

လူအားကောင်းသည်။ ငွေအားကောင်းသည်။

သို့သော် ပြဿနာ။ ကြီးမားသော ပြဿနာရှိသည်။ ပြဿနာကောင်က ကျော်တင့်။

ကျော်တင့်တစ်ယောက် ရောက်ရှိနေသည့် အတွက် ဦးအောင်မင်း အကြီးအကျယ် စိတ် အနှောင့်အယှက် ဖြစ်သွားရသည်။ တောက်လျှောက် အဆင်ပြေချောမွေ့လာခဲ့ပြီးကာမှ အပြီးသတ်ခါနီးတွင် ကြီးမားသော အဖုအထစ် တစ်ခုနှင့် တွေ့လိုက်ရသလိုပင်။

ကျော်တင့်ကို သူ ကြည့်မရ။ ကျော်တင့်၏ ဆောင့်ကြွားကြွား အမူအယာကို သူ အလွန်မုန်းသည်။ ကျော်တင့်၏ ပါးစပ်က ထွက်လာသည့် စကားမှန်သမျှ သူ နားကြားပြင်းကပ်သည်။ သူ့နည်းတူ ကျော်တင့်ကို ချဉ်သူတွေ သည်ဝိုင်းထဲမှာလည်း ရှိသည်။ အပြင်မှာလည်း ရှိသည်။ သို့သော် မည်သူမျှ မတတ်နိုင်။ ကျော်တင့်ဆိုသည့် အကောင် လူတကာ မေတ္တာပို့နေသည့်ကြားက တစ်နေ့တခြား ကြီးပွားချမ်းသာနေသည်။ သူ့ ဌာနဆိုင်ရာအလုပ်က အကြီးအကျယ် ဟန်ကျ၍ သူဌေးဖြစ်လောက်အောင် ရနေသည်ကို တစ်မြို့လုံးသိသည်။ သို့သော် ဘာပြဿနာမှ မပေါ်။ ဘာအမှုမှ မဖြစ်။ သည်အကောင် ဖဲ အလွန် ဝါသနာပါ၍ ကစားဝိုင်းမှာလည်း ကံအလွန်ကောင်းကာ သူ အနိုင်ရတာများသည်ကိုလည်း အများပင် သိကြသည်။ ပြီး မကြာသေးခင်ကမှ ယောက္ခမသေသဖြင့် အိမ်တွေ၊ မြေတွေ၊ အတွင်းပစ္စည်းတွေ ရေများရာ မိုးရွာသလို အမြောက်အများ ရလိုက်သေးသည်။ ခွေးရူးကောင်းစား တစ်မွန်းတည့်လို့ တချို့က မနာလိုမုန်းတီးစွာ ပြောကြသည်။ ဦးအောင်မင်းကတော့ မပြောချင်။ ပြောလို့ ဘာအကြောင်းထူးမည်လဲ။ သည်အကောင် ကောင်းစားလာတာ မွေးကတည်းက သည်နေ့အထိ။ နောက်လဲ ပျက်စီးဖို့၊ မွဲဖို့ အရိပ်အယောင် မမြင်ရသေး။ ပျက်စီးသွားနိုင်မည့် အကြောင်းကိုပင် စဉ်းစားလို့ မရသေး။

ထားပါတော့။ ဒါတွေက သူ့အကြောင်းနှင့်သူ၊ ကိုယ့်အကြောင်းနှင့်ကိုယ်။ ဘာမှ မနာလိုစရာမရှိ။

ဦးအောင်မင်း သည်းခံနိုင်ပါသည်။ သည်းခံနိုင်ခဲ့ပါသည်။

သို့သော် ဆိုးသည့်အချက်တစ်ခုက ရှိနေသည်။ မိမိနှင့် တိုက်ရိုက်ပတ်သက်သည့် အချက်။

ဤသည်က သည်အကောင်နှင့် တစ်ဝိုင်းတည်း

အတူကစားရသည့်အခါတိုင်း မိမိရှုံးတတ်ခြင်း ဖြစ်သည်။ သူ နိုင်ချင်နိုင်မည်၊ သို့မဟုတ် တခြားသူနိုင်ချင်နိုင်သွားမည်။ မိမိကတော့ မည်သည့်အခါမျှ နိုင်သည်မရှိ။ ကြိမ်ဖန်များစွာ သည်းအတိုင်းချည်း ခံခဲ့ရသည်။ နောက်တော့ ဦးအောင်မင်း ယတိပြတ် ဆုံးဖြတ်လိုက်သည်။ သည်အကောင်သည် မိမိအတွက် ဂြိုဟ်ကောင်။ လာဘ်ပိတ်သည့်အကောင်။ သည်အကောင်နှင့် တစ်ဝိုင်းတည်း ဘယ်အခါမျှ မကစားတော့။

တခြားကစားဖေါ် ကစားဖက်များ ရိပ်မိမည် မရိပ်မိမည်တော့ မသိ။ ဝိုင်းတွင် ကျော်တင့်နှင့် ဆုံနေသည့်အခါတိုင်း ဦးအောင်မင်း တစ်ခုမဟုတ် တစ်ခု အကြောင်းပြကာ ဝင်မကစားဘဲ ခေတ္တခဏ ဘေးကထိုင်ပြီး ပြန်လေ့ရှိခဲ့သည်။

ယခု ကျော်တင့်။ ဘယ်လိုလုပ်မည်နည်း။

ပြန်သွားရမည်ဆိုလျှင်လည်း အဓိပ္ပာယ်မရှိ။ သည်နေ့သည် သိပ်ကောင်းလွန်းသည့်နေ့။ နမြောစရာ ဖြစ်မည်။ သို့သော် ဝင်ကစားလျှင်ကော။ သည်ကောင်နှင့် အကြည့်ခြင်းဆုံသည်။ သူကြည့်ပုံကတစ်မျိုး။ သည်ကောင်ရိပ်မိမည်လား။ ဝိုင်းထဲမှာ မဆုံတာကြာတော့ သူလည်း ရိပ်မိချင်ရိပ်မိနိုင်သည်။ ဦးအောင်မင်း ငါ့ကို ရှောင်နေသည်လား။ ငါ့ကို ကြောက်နေသလား။ ဒါမှမဟုတ် ဘိုင်ကျနေလို့ ဝိုင်းထဲ မဝင်နိုင် ဖြစ်နေတာလား။ သည်လိုတွေးချင် တွေးမိနိုင်သည်။ သည်ကောင်ကတော့ အမြဲပဲ သူတစ်ပါးကို အထင်သေးပြီး တွေးမည့်အကောင်။ ဘယ်သူ့ကိုမှ သူ့လောက်အဆင့်ရှိသည် မထင်တတ်သည့်အကောင်။

ခက်သည်။ သည်နေ့ကစားရမည်။ နိုင်မှာလည်း သေချာသည်ဟု တစ်နေ့လုံး တစိမ့်စိမ့်တွေးကာ ကြက်သီးဖြန်းဖြန်း ထသည်အထိ အကျေနပ်ကြီး ကျေနပ်နေခဲ့သည်။ ညပိုင်းသည် အဆုံးအဖြတ်ပေးမည့် အပိုင်း။ ယခု သည်အကောင်နှင့်တွေ့သဖြင့် ရှောင်သွားရမည် ဆိုလျှင် မဖြစ်။ ယခင်အခါတွေ ရှောင်ခဲ့သည်ထားတော့။ သည်ကနေ့တော့ ဘယ်နည်းနှင့်မျှ ပြန်၍မဖြစ်။ ပြန်မည်လား စဉ်းစားရုံဖြင့်ပင် လူက ကတုန်ကယင်ဖြစ်ချင်လာသည်။ ရင်ထဲကပင် အော်ဂလီဆန်ချင်သလို ဖြစ်လာသည်။ မဖြစ်။ ကစားကို ကစားရမည်။

ကျော်တင့်ကော ဘာဖြစ်သလဲ။ သူက ဘာမို့လို့လဲ။ သိကြားသားလား။ သူချည်း အမြဲနိုင်ရမည်လား။ ငါ့ဇာတာ စန်းလင်္ဂ တက်ဖို့ အချိန်တန်ပြီ။ ငါ့အလှည့်ကျလာပြီ။ ငါနိုင်မည့်အလှည့် ရောက်လာပြီ။ သည်ကောင်တွေ ခိုးထားဝှက်ထား စုဆောင်းထားသမျှတွေ၊ အမွေအနှစ် ဆိုပြီး အချောင်ရထားသမျှတွေ ငါ့လက်ထဲ တဖြည်းဖြည်း ရောက်ရမည်။ အောင်မင်းသည် ဂရိတ်ပဲ။ လယ်ကွင်းထဲက ရေတွေကို ကြည်လင်အောင် လုပ်ပေးနိုင်တဲ့ တန်ခိုးရှင်ပဲ။

ဦးအောင်မင်း ကိုယ်ထဲ ရဲစိတ်တွေ တဖွားဖွား ဝင်လာသည်။

ဖဲထုတ်ကို ကိုင်လိုက်သည့်အချိန်၌ ဦးအောင်မင်းလက်တွေ ပကတိ တည်ငြိမ်၍ သွားသည်။

ဦးအောင်မင်း ဖဲကောင်းသည်။ တောက်လျှောက် ကောင်းသည်။ သူ့ရှေ့မှာ ငွေတွေ တဖြည်းဖြည်း စုပုံလာသည်။

သို့သော် သူချည်း ကောင်းနေသည်မဟုတ်။ သူနှင့် မျက်နှာချင်းဆိုင်က ထိုင်နေသည့် ကျော်တင့်မှာလည်း သူ့နည်းတူ ငွေစက္ကူတစ်ပုံ။ သူနှင့် မတိမ်းမယိမ်းလောက် ရှိမည်။ သည်အတွက် ဦးအောင်မင်း စိတ်မဖြောင့်နိုင်။ ဝိုင်းထဲမှာ ငွေနှစ်ပုံ စင်ပြိုင်ရှိနေခြင်းသည် မကောင်း။ တစ်ကြိမ်မှာတော့ သည်နှစ်ပုံ ငြိကြတော့မည်။ လုံးဝ အငြိမခံချင်ဘူးဆိုလျှင်လည်း ရုပ်ပျက်ဆင်းပျက် ပြေးရဖို့ကိန်း ကြုံလိမ့်မည်။ ဦးအောင်မင်းသည် အပြေးသမားမဟုတ်။ အရှုံးသာ ခံချင်ခံသွားမည်။ သိက္ခာအကျခံပြီး ပြေးနေရှောင်နေတတ်သူမျိုး မဟုတ်။ သို့သော် သည်တစ်ကြိမ်မှာ တွေးပြီး ရင်လေးနေတာတော့ အမှန်ပင်။

ဦးအောင်မင်း ဖဲချပ်တွေ ဝေပေးနေသည်။ ဖဲချပ်တွေ အပြင် ထွက်လာသည်နှင့် အမျှ ငွေတွေက ဝိုင်းလယ်မှာ စုပုံလာသည်။

တစ်ချပ်၊ နှစ်ချပ် သုံးချပ်၊ လေးချပ်။ ဦးအောင်မင်း ဖဲလေးချပ်စလုံး တောက်လျှောက် ကောင်းထားသည်။ တစ်ချပ်ပြီး တစ်ချပ် ဆင့်၍ ဆင့်၍ ကောင်းလာသည်။ သည်လေးချပ်နှင့်ပင် အားလုံးကို နိုင်နိုင်လောက်သည်။ သို့သော် မပြီးသေး။ ပဥ္စမမြောက် နောက်ဆုံးဖဲ တစ်ချပ် ကိစ္စ ရှိသေးသည်။

ရင်လေးသည့် ကိစ္စ။ ကျော်တင့်ရှေ့မှာ မှောက်ထားသော ဖဲတစ်ချပ်နှင့် လှန်ထားသော ဖဲသုံးချပ် ရှိနေသည်။ စောစောက တွက်ချက်လာခဲ့သည့် တွက်ချက်င တွက်ကိန်းအရ ကျော်တင့် မှောက်ထားသော ဖဲသည် ဘာဖဲဖြစ်မည်ကို သေချာပေါက်နီးပါး ခန့်မှန်း၍ ရနိုင်နေသည်။ ကျော်တင့်ဖဲသည် သည်လေးချပ်နှင့်တော့ ဘာတန်ဖိုးမှ မရှိ။ သို့သော် နောက်တစ်ချပ် တိုးလာသည့်အခါ သုည ဖြစ်ချင်လည်း ဖြစ်သွားမည်။ တစ်ရာ အပြည့် ဖြစ်ချင်လည်း ဖြစ်သွားပေမည်။ ကံက စကားပြောမည်။ ကြုံကြိုက်တိုက်ဆိုင်မှုက စကား ပြောလိမ့်မည်။

ပဥ္စမမြောက် နောက်ဆုံး ဖဲ တစ်ချပ်။

ကျန်လူများကတော့ ဘေးဖယ် ကျန်ရစ်ပြီ။ ကျော်တင့်နှင့် မိမိ။ မိမိနှင့် ကျော်တင့်။

အလယ်က ဖဲပုံကလေးတွင် ဖဲငါးချပ်သာ ကျန်တော့သည်။ သည်အထဲတွင် ကျော်တင့် လိုချင်သည့် ဖဲနှစ်ချပ် ပါရှိနေသည်။ သည်နှစ်ချပ်ထဲက တစ်ချပ်ချပ် ရသွားလျှင် ကျော်တင့် နိုင်ပြီ။ မရလျှင် မိမိ နိုင်မည်။

ကျော်တင့်က ကြာကြာ စဉ်းစားသည့် ကောင်မျိုးမဟုတ်။ သူ့ရှေ့က ငွေပုံကို ဝိုင်းလည်သို့ တွန်းပို့ကာ ဖဲတစ်ချပ်ကို ဝယ်နေပြီ။ သူ့နည်းတူ မိမိရှေ့က ငွေပုံကို တွန်းထည့်လိုက်လျှင် အရောင်းအဝယ် ဖြစ်ပြီ။ ကျော်တင့်ဘက်တွင် ဖဲနှစ်ချပ်၊ မိမိဘက်တွင် ဖဲသုံးချပ်။ သုံးလေး၊ နှစ်လေး။ မိမိဘက်က အသာစီး ရှိသည်။ ရာခိုင်နှုန်းသဘော ကြုံကြိုက်နိုင်မှု သဘောအရ မိမိက သာသည်။ သို့သော် ကံဆိုသည်မှာ မပြောနိုင်။

ဦးအောင်မင်း ခပ်ဖြည်းဖြည်း ကစားချင်သည်။ အထူးသဖြင့် သည်နေ့ကို အေးအေးမှန်မှန် ကစားပြီး အနိုင်နှင့် ပြန်သွားချင်သည်။ သည်နေ့သည် စနိုင်ရမည့်နေ့။ အတန်အသင့် နိုင်လျှင် တော်ပြီ။ စွန့်စွန့်စားစား မလုပ်ချင်။

သို့သော် အတင်းလိုက်ငြိသူက ရှိနေပြီ။ မိမိကို ငွေအားနှင့် ဖိခြောက်သည်လား။ ကြောက်လက်စနှင့် ဆက်ကြောက်အောင် နာလန်မထူအောင် ဖိထောင်းသည်လား။ ကြောင်က ကြွက်ကို ကစားသလို ကစားချင်သည်လား။

မိမိဘက်က အလေးအသာနှင့်။

ဦးအောင်မင်း ရှေ့က ငွေပုံကို ဝိုင်းလည်သို့ တွန်းထည့်လိုက်သည်။

တစ်ယောက် ဖဲတစ်ချပ် ရသည်။ ဦးအောင်မင်း ခပ်မြန်မြန်ပင် သူ့ဖဲ ကောက်လှန်ပြီး အတော်ကြီး စိတ်သက်သာရာ ရသွားသည်။ ကျော်တင့်လိုချင်သည့် ဖဲချပ်ထဲက တစ်ချပ်။ ဟိုကောင့်အတွက် အခွင့်အရေး နည်းသွားပြီ။ မိမိဘက်တွင် သုံးလေး၊ တစ်လေး။

ကျော်တင့် နည်းနည်း မျက်နှာပျက်သွားသည်။ ရုတ်တရက် ပြန်၍ ဣန္ဒြေဆည်ကာ ဦးအောင်မင်းကို မတီလေးစား အမူအရာနှင့် ကြည့်လိုက်ပြီး သူ့ရှေ့က ဖဲကို လက်ညှိုးထိုး၍ ဆိုသည်။

“တစ်ချပ် ကျန်သေးတယ်”

“ဟုတ်ပါတယ်၊ လှန်ကွာ" ဦးအောင်မင်း စိတ်မရှည်သည့် အသံနှင့် ဆိုသည်။

ကျော်တင့် ဦးအောင်မင်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် စားပွဲခင်းနား မျက်နှာအပ်ကာ ဖဲချပ်ကို လက်နှင့် အုပ်၍ အသာလေး လှန်ကြည့်သည်။ ခေါင်းမော့လာသည့်အခါ သူ့မျက်နှာက ခပ်တည်တည်။ ဘာဖဲမှန်း

မသိရသေးသည့်ပုံမျိုး။ အားလုံးက သူ့ကို ကြည့်နေသည်။ သူက ဘေးလူတွေ မျက်နှာ လိုက်ကြည့်သည်။

ထို့နောက် ဦးအောင်မင်းကို မေ့ကြည့်ရင်းက အလယ်ရှိ ငွေပုံကြီးကို သူ့ဘက်သို့ သိမ်းကျုံးယူလိုက်သည်။

ကျော်တင့်နံဘေးတွင် ထိုင်နေသူက ဖဲချပ်ကို ကောက်လှန်သည်။ ရှားသောဖဲချပ်။ ကျော်တင့်အတွက် ကျန်နေသည့် တစ်ခုတည်းသော ဖဲချပ်။

ဦးအောင်မင်း ဖဲချပ်ကို တွေ၍ကြည့်နေပြီးနောက် အိတ်ထဲက လက်ကိုင်ပုဝါကိုထုတ်ကာ ပျက်သွားသော မျက်နှာက ချွေးများကိုသာ ဖိသုတ်ပစ်နေလေသည်။

※

နောက်တော့လည်း ထုံးစံအတိုင်းပင်။

အိပ်မက်က အိပ်မက်များ ထုံးစံအတိုင်း နောက်ဆုံးတော့ ပျက်သွားသည်ပဲ ဖြစ်သည်။ ဦးအောင်မင်းသည် ဘာဂရိတ်မှ မဟုတ်တော့။ အရှုံးသံသရာထဲက မလွတ်နိုင်သည့် ငမွဲဖဲသမားတစ်ဦးသာ ဖြစ်သည်။

သူ့အိတ်ထဲတွင် ကျန်ရှိသည့် ငွေများသည် နောက်တစ်ဝိုင်း ဆက်လိုက်သည့်အခါ၌ တက်တက်စင် ပြောင်၍ သွားလေသည်။

ခြောက်သောင်းမဖြစ်တောင် သုံးလေးသောင်းအထိတော့ ဖြစ်လာနိုင်သည်ဟု အာမခံချက် ပေးခဲ့သော ငွေခြောက်ရာသည် ယခင့်ယခင် လေးရာ၊ ငါးရာ၊ ခြောက်ရာ၊ တစ်ထောင်၊ နှစ်ထောင်၊ သုံးထောင် စသည့် ဦးအောင်မင်းအိတ်ထဲ ရောက်လာခဲ့ဖူးသည့် ငွေစက္ကူထပ်များနည်းတူ ဝိုင်းထဲမှာပင် လည်ပတ်ပျောက်ကွယ် သွားခဲ့လေပြီ။

ဝိုင်းက ကောင်းနေဆဲ။

ထုံးစံအတိုင်း ငွေကုန်သွားသူ ဦးအောင်မင်း ဝိုင်းဘေးတွင် ထိုင်ကာ အိမ်ရှင်တည်ခင်းဧည့်ခံသော အဖျော်ယမကာကို တစ်ခွက်ပြီး တစ်ခွက် ဆင့်၍ သောက်နေသည်။ အရက်ဝင်သွားသော်လည်း အပူက မငြိမ်း။ လက်ကိုင်ပုဝါက အိတ်ထဲ ထွက်လိုက်ဝင်လိုက်နှင့် မျက်နှာပြင်က ချွေးတွေကို သုတ်ပေးနေရသည်။

တစ်ကြိမ် လက်ကိုင်ပုဝါအထုတ်တွင်တော့ အိတ်ထဲက ငွေစက္ကူတစ်ထုပ် ဖုတ်ခနဲ ပြုတ်ကျလာသည်။

အဲ၊ ငွေစက္ကူစစ်စစ်များတော့ မဟုတ်။ သို့သော် ငွေဖြစ်ရန် အလားအလာများစွာရှိသော အရာများ။

ဦးအောင်မင်း လောင်းကစားလုပ်ငန်းကို ဘက်စုံ ဝါသနာပါသည်။ သူ့ကြီးပွားရေးလမ်းစဉ်တွင် ဖဲတစ်ခုတည်း ပါသည်မဟုတ်။ ထီသည်လည်း အရေးပါသော မျှော်လင့်ချက်တစ်ရပ် ဖြစ်သည်။ ငွေပေါများသည့် အချိန်တွင် ဦးအောင်မင်း တစ်ပတ်တစ်ပတ်လျှင် ထီစာအုပ်ပေါင်းများစွာ ထိုးခဲ့ဖူးသည်။ ယခုအခါတွင်ကား ထိုမျှ မထိုးနိုင်တော့။ သို့သော် အိတ်ထဲက ထွက်ကျလာသည့် ထီလက်မှတ် ခေါက်ကလေးက အတော်ထူပါသေးသည်။

ဦးအောင်မင်း ထီလက်မှတ်ခေါက်ကို ဖြန့်ကာ ရေတွက်ကြည့်နေသည်။ တစ်အုပ်တည်း၊ နံပါတ်စဉ် တစ်ဆက်တည်း မဟုတ်။ ဟိုက တစ်ရွက်၊ သည်က တစ်ရွက် ဖြတ်ထားသော ထီလက်မှတ်များ၊ စုစုပေါင်း အရွက်နှစ်ဆယ်တိတိ ရှိသည်။ အမှောင်ထဲက မီးရောင်လဲ့လဲ့လေး။

“ကိုအောင်မင်း ထီတိုက်မလား၊ ကျွန်တော့်ဆီမှာ ထီပေါက်စဉ်ရှိတယ်” အိမ်ရှင်ကိုဘထွန်းက မေးသည်။ ထို့နောက် ဦးအောင်မင်း အဖြေမစောင့်တော့ဘဲ အိပ်ခန်းထဲ ဝင်သွားပြီး ထီပေါက်စဉ်စာရွက်ကြီးကို ယူလာခဲ့သည်။

“ဦးအောင်မင်း ခင်ဗျား လက်မှတ်တွေ မတိုက်ရသေးတာ သေချာလားဗျ”

ဦးအောင်မင်း ထီပေါက်စဉ်ကို လှမ်းယူလိုက်သည့်အခိုက် ကျော်တင့် မေးလိုက်သည်။

ဦးအောင်မင်း ကျော်တင့်ကို လှမ်းကြည့်သည်။ အားလုံးက လှမ်းကြည့်သည်။ ဦးအောင်မင်း ဒေါသ ထောင်းခနဲ ထွက်သွားသည်။ ဒီကောင်က ဘာသဘောလဲ။ ဘာဝင်ရှုပ်ပြန်တာလဲ။ သို့သော် ဦးအောင်မင်း ပြန်ချုပ်တည်းသည်။ သူက ဖဲဝိုင်းမှာ ရန်ဖြစ်လေ့ရှိသူမဟုတ်။

“စိတ်တော့ မရှိနဲ့ဗျာ” ကျော်တင့်က ဆိုသည်။ “ကျွန်တော် အမြတ်ပေးမယ်၊ ခင်ဗျား ထီလက်မှတ်တွေ ပြန်ရောင်းပါလား၊ တကယ်ပါ ကျွန်တော် ဒီနေ့ ကံသိပ်တက်နေတယ်၊ ထီပေါက်ချင် ပေါက်သွားနိုင်တယ်၊ ဒီအပတ် တစ်စောင်မှ မထိုးလိုက်မိလို့ဗျ၊ ပြီးတော့ ခင်ဗျား ဒီနေ့ ကံသိပ်မလိုက်ဘူး၊ ပေါက်မှာ မဟုတ်ဘူး၊ ပြန်ရောင်းလိုက်ရင် အကျိုးရှိမယ်၊ အခု ဘယ်နှစ်စောင် ရှိလဲ၊ ကျွန်တော် တစ်စောင် ငါးကျပ်ပေးမယ်"

တစ်စောင် ငါးကျပ်။ အစောင်နှစ်ဆယ် ငွေတစ်ရာ။ စောစောက ကစားလက်စ လူဆိုတော့ ငွေတစ်ရာဆိုလျှင် ဝိုင်းထဲ နောက်တစ်ကြိမ်

ပြန်ဝင်နိုင်မည်။

ဒါက မျှော်လင့်ချက်။ ထီက သေချာသည်မဟုတ်။ သို့သော် ကိုယ်ထိုးထားသော ထီလက်မှတ်ကို ပြန်ရောင်းဖို့ဆိုသည်မှာ အဓိပ္ပာယ်ရှိသောအရာမဟုတ်။ ဦးအောင်မင်း တစ်သက်လုံးက စဉ်းစားဖူးသော အရာမျိုးမဟုတ်။ မတော်တဆ သူ့လက်ထဲ ပေါက်သွားလျှင် ဘယ်လိုလုပ်မည်လဲ။ ခွေးလုံးလုံး ဖြစ်သွားမည်။ မိမိရူးလိမ့်မည်။ ပြီး သည်ကောင်ငွေလေးတစ်ပဲနှစ်ပြားနှင့် လူပါးဝနေသည်ကို လုံးဝ မခံချင်။ မပေါက်ကာမှ နေရောမရောင်းနိုင်။

“ကျော်တင့်၊ မင်းဘာသာမင်း အေးအေးဆေးဆေး ကစားနေကွာ”

ဦးအောင်မင်းက မကျေနပ်သံဖြင့် ပြောလိုက်သည်။

“အေး၊ ဟုတ်သားပဲကွ၊ မင်း ဘယ့်နှယ် သူ့ထီလက်မှတ် သွားဝယ်လို့ ဘယ်ရောင်းမလဲကွ”

တစ်ယောက်က ဝင်ဖျောင်းဖျသည်။

“တကယ်ပြောတာပါဗျ ကျွန်တော် အာရုံရနေတယ်၊ ပေါက်လိမ့်မယ်ထင်တယ် ဦးအောင်မင်း တကယ် စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော် ထီသိပ်ထိုးချင်လာလို့ပါ၊ တစ်စောင် တစ်ဆယ်ပေးမယ်ဗျာ၊ အကုန်လုံး မရောင်းလဲ တစ်ဝက်ခွဲရောင်းစမ်းပါ”

ဦးအောင်မင်း တွေနေသည်။ မလှုပ်မယှက် ငြိမ်သက်နေသည်။ ရင်ထဲမှာ ကျိတ်ပြီး ဒေါသအိုး ပေါက်ကွဲနေသည်လား။ ကျော်တင့်ကို တစ်ခုခု ထလုပ်လိုက်လေမည်လား။ ဘေးကလူတွေ စိုးရိမ်မကင်းစွာ ကြည့်နေသည်။ ကျော်တင့်က အရိပ်သုံးပါး နားမလည်။

“ရောင်းမလား ဦးအောင်မင်း၊ တစ်စောင် တစ်ဆယ်”

“ရောင်းမယ်"

ဦးအောင်မင်း စကားကြောင့် အားလုံး အံ့သြသွားကြသည်။

“ဆယ်စောင် ရောင်းမယ်၊ တစ်စောင် တစ်ဆယ်၊ ဆယ်စောင် တစ်ရာ၊ ဒါပေမဲ့ မင်း ငါ့ရှေ့မှာ ထီမတိုက်ရဘူး၊ တကယ်လို့ ငါရောင်းတဲ့ လက်မှတ်က ပေါက်ခဲ့ရင်လဲ မင်းဘာသာမင်း တခြားမှာ လုပ်ချင်တာလုပ်၊ ငါ့ရှေ့မှာ လာမလုပ်နဲ့ ငါ့ကိုလဲ ဘာမှ လာမပြောနဲ့၊ အဲဒါဆို ရောင်းမယ်"

"ဖြစ်တယ်ဗျာ၊ ဝယ်မယ်၊ ရော့ ငွေတစ်ရာ၊ ထီလက်မှတ် ကျွန်တော့်ပေး"

※

ထီလက်မှတ် ရောင်းရငွေတစ်ရာ ကုန်သွားပြီးသည့်နောက် ဦးအောင်မင်း ရမ်အရက် ဖန်ခွက် တစ်ဝက်ခန့်ကို ရေအနည်းငယ်မျှရောကာ တစ်ကျိုက်တည်း မော့ချလိုက်ပြီး အိမ်ပေါ်က ဆင်းလာခဲ့သည်။ ဝိုင်းမှာ ကျန်ရစ်သူ တစ်ယောက်နှစ်ယောက်က သူ့ကို ဂရုဏာသက်ဟန်ဖြင့် လိုက်ကြည့်ကြသည်။

“ဘဦး ငါ့ဖဲ မင်း ခဏ ကြည့်ထားလိုက်စမ်းကွာ၊ ငါ ဒီ ထီဆယ်စောင် တိုက်ကြည့်လိုက်ဦးမယ်၊ အာရုံ သိပ်ရနေတယ်၊ ပေါက်ရင် တစ်ဝိုင်းလုံးကို ဝီစကီ အဝ တိုက်မယ်"

ကျော်တင့် စကားသံကို ဦးအောင်မင်း အောက်ဆုံးလှေကားထစ်က လှမ်း၍ ကြားလိုက်သည်။ ဆက်လှမ်းမည့် ခြေလှမ်း တုံ့ခနဲ ရပ်သွားပြီး ဦးအောင်မင်း လှေကားရင်းမှနေ၍ အသာ နားစွင့်နေမိသည်။ ဘာသံမှ မကြားရ လှေကားသုံးလေးထစ် အသာပြန်တက်ကာ နားထောင်သည်။

“ခဏလေး ခဏလေး၊ ကိုယ် သိပ်အာရုံရနေတယ်ကွာ၊ ဆုကြီးတွေပဲ တိုက်မယ်၊ တစ်သောင်းဆုထိ မပါရင် ဆက်မတိုက်ဘူး၊ တစ်ဆယ်တန် ထီလက်မှတ် ဆယ်ပြားနဲ့ ချရောင်းပစ်မယ်”

ဦးအောင်မင်း နားကြားပြင်း ကတ်လာသဖြင့် အသာ ပြန်ဆင်းလာသည်။ အနည်းငယ် ယိုင်သွားပြီး လှေကားထစ်မှာ ခြေချော်လဲတော့မလို ဖြစ်သွားသည်။ လက်တန်းကို ကိုင်ကာ ဖြည်းဖြည်းချင်း ဆင်းလာသည်။ သူ မူးသွားပြီ။ နောက်ဆုံးခွက်က အရှိန်နှင့် ထိုးတက်လာတာပဲဟု သူ စဉ်းစားမိသည်။ အိမ်ရှေ့ ခြံစည်းရိုးစပ် ရောက်လာသည်။ သူ့ခေါင်းထဲမှာ စိတ်ဓာတ်ကျခြင်း၊ မိမိကိုယ်ကို စိတ်ကုန်ခြင်း၊ တစ်လောကလုံးကို စိတ်နာခြင်း ကျော်တင့်နှင့်တကွ တစ်ဝိုင်းလုံးက လူများကို ဒေါသထွက်ခြင်း၊ အရက် မူးယစ်ခြင်းတို့ဖြင့် နောက်ကျိ ရှုပ်ထွေး၍ နေသည်။

ခွေးမသား ရုတ်တရက် တစ်စုံတစ်ခုကို သတိရသည်။ အကယ်၍ ထီပေါက်ခဲ့လျှင် ဟု တစ်အားထအော်မှာပဲ။ မှောင်ရိပ်က ခဏစောင့် နားထောင်တာ ကောင်းမည်။ ဦးအောင်မင်း အိမ်ခြံအစပ်က လမ်းဘေး အုတ်ခုံကလေးမှာ ဝင်ထိုင်ပြီး အိမ်ဆီသို့ တစ်ချက်တစ်ချက် လှမ်းကြည့်နေသည်။ ပေါက်မည်တော့ မထင်။ နောက်တစ်ကြိမ် ဖဲဝိုင်းပြန် မထိုင်မီ မိမိ အတွက် ချန်လိုက်သည့် ထီဆယ်စောင်ကို တိုက်ကြည့်ခဲ့တုန်းကတော့ တစ်စောင်ပဲ သုံးလုံး တူတာပါသည်။ သို့သော် သေချာအောင် စောင့်တော့ ကြည့်ဦးမှ။

အိမ်ဆီက ဘာသံမှ မကြားရ။

မပေါက်ဘူး ထင်သည်။ မပေါက်လျှင်လည်း ဆဲသံဆိုသံ ကြားရလိမ့်မည်။ နှစ်ကျပ်တန် ထီဆယ်စောင် ငွေတစ်ရာပေး ဝယ်လိုက်ရသည့် ကိစ္စကို မကျေမနပ်နှင့် လူတကာ လျှောက်ပြောချင် ပြောနေဦးမည်။ သူ့ထိုက်နှင့် သူ့ကံပဲ။ သူ့ဘာသာသူ ရောဂါတက်ပြီး ဝယ်သည့်ကိစ္စပဲ။ ပြီး သူ့ပိုက်ဆံ မိမိလည်း သုံးလိုက်ရသည်မဟုတ်။

"ပေါက်ပြီဟေ့၊ တကယ် ပေါက်တယ်ဟ"

ကျော်တင့် အော်သံကြီး တုန်လှုပ်ချောက်ချားစွာ ကြားလိုက်ရသည်။

"ငါးသောင်းကွ၊ ငါးသောင်း၊ တစ်ဆယ်တန် ထီလက်မှတ်က ထ ပေါက်တာ။ ဟား ဟား ဟား၊ တကယ် ပေါက်တယ်ကွ၊ ဟား ဟား ဟား"

"ဟေ့ .. တကယ် ပြောတာလားကွ"

"ဟာ .. ဒီကောင် တကယ် ပေါက်တယ်လား ဦးအောင်မင်းကြီးတော့ ဒုက္ခပဲ"

"ဝီစကီ ဝီစကီ"

တစ်ယောက်တစ်ပေါက် ပြောသံဆိုသံ အော်ဟစ်သံတွေ ဆူညံသွားသည်။

"တကယ့်ကို ပေါက်နေတာ၊ သေသေချာချာ ပေါက်နေတာ၊ ဟောဒီမှာ ကြည့်ကြ ကကြီး ငါး နှစ် ခြောက် ကိုး ..၊ ကကြီး ငါး နှစ် ခြောက် ကိုး ...၊ ဟား ဟား ဟား၊ ဒါကြောင့် ဒီနေ့ အာရုံ သိပ်ရနေတယ်လို့ ပြောတာ၊ ဖိုးကံကောင်းဗျ၊ ဖိုးကံကောင်း၊ ဦးအောင်မင်းကြီး သိရင်တော့ ရူးများ ရူးသွားမလား မသိဘူး။ ဟား ဟား ဟား"

ဦးအောင်မင်း ဘာလုပ်ရမှန်းမသိ။ တစ်ကိုယ်လုံး တုန်ယင်နေသည်။

ခေါင်းထဲမှာ ပြောင်တလင်းခါသလို ဖြစ်နေသည်။ ငိုချင်သလို၊ ပျို့အန်ချင်သလို၊ ဟစ်အော်ပစ်လိုက် ချင်သလို ဖြစ်လာသည်။ ခန္ဓာကိုယ် အရိုးအသားများက ထိန်းသိမ်းမရချင်သလို တလှုပ်လှုပ် တရွရွနှင့် နေမထိ ထိုင်မသာကြီး ဖြစ်နေသည်။ ဦးအောင်မင်း အံကြိတ်လက်သီးဆုပ်ကာ ကြွက်သားတွေ တစ်အား တောင့်တင်းအောင် ညှစ်ပြီး ရေစိုနေသော ခွေးတစ်ကောင်လို တစ်ကိုယ်လုံး လှုပ်ခါပစ်လိုက်သည်။ အနည်းငယ် တည်ငြိမ်မှုရသွားပြီးနောက် ခေါင်းထဲသို့ တစ်စုံတစ်ရာ တိုးဝင်လာသည်။

ဒေါသ၊ ဒေါသ၊ အကြီးအကျယ် ထွက်လာသည်။ ခွေး... ခွေး... အလကားကောင်၊ လုံးဝအသုံးမကျတဲ့အကောင်။ ခွေးတိရိစ္ဆာန်ထက်

အသုံးမကျတဲ့အကောင်။ ဦးအောင်မင်း အနီးရှိ ခြံစည်းရိုးတိုင်ကို နဖူးနှင့် ဒိုင်းခနဲ အောင့်ပစ်လိုက်သည်။ မနား ထုံနေသည်။ နဖူးကို လက်နှင့် စမ်းကြည့်သည်။ မကွဲ။ သွေးမထွက်။

အရှုံးပဲ၊ အလကားအကောင်ပဲ။ သေသွား၊ ခွေးသေ သေသွားတာ အကောင်းဆုံးပဲ။ ဦးအောင်မင်း ဒေါသနှင့် ထလာသည်။ ခြေထောက်က မြေကြီးကို ခပ်ကြမ်းကြမ်း ဆောင့်နင်းလာသည်။ ကျောက်ခဲတစ်လုံး ခလုတ်တိုက်မိသည်။ မှောင်ရိပ်ထဲတွင် မသဲမကွဲ မြင်ရသော ကျောက်ခဲကို ခြေနှင့် တစ်ချက် ထပ်ကန်ပစ်လိုက်သည်။

ဘာလုပ်ရမည်လဲ။ လောလောဆယ် ခြေထောက်က အိမ်ဆီသို့ ခေါ်သည်။ အိမ်အပြန်လမ်း။ အိမ်စုတ်။ အိမ်က မပြင်နိုင် မဖာထေးနိုင်သဖြင့် စုတ်ပြတ်ပျက်ပြို၍နေပြီ။ အိမ်စုတ်ထဲမှာ စုတ်ပြတ်နေသော မိန်းမ။ ဆွေမျိုးအသိုက်အဝန်းထဲမှာ အစုတ်ပြတ်ဆုံးမိန်းမ။ အမွဲတေဆုံး မိန်းမ။ ယောကျ်ားနှိပ်စက်သမျှ တစ်သက်လုံး ငုံ့ခံခဲ့သည့် မိန်းမ။

တစ်သက်လုံး အမွဲအတေခံနေပြီး ပြူစူစောင်းမြောင်းဖေါ်၊ ဆူပူ မာန်မဲဖေါ် မရသည့် မိန်းမ။ နားပေါက်ဟောင်းလောင်းနှင့် စုတ်ပြတ်မွဲတေသော အဝတ်အစားနှင့် လှေကားရင်းမှာ ငုတ်တုတ်ကြီး ထိုင်နေတတ်သည့်မိန်းမ။ မိမိ၏ ရှုံးနိမ့်မှုကို ကျောက်ရုပ်တစ်ရုပ်လို ကျက်သရေတုံးစွာ သက်သေထူနေသည့် မိန်းမ။ ထို့။

ရုတ်တရက် လမ်းပေါ်အိပ် လမ်းပေါ်စားနေသည့် ခွေးတစ်ကောင်က ယောင်တီးယောင်န ထဟောင်သည်။ သည်နောက်တွင်ခွေးလေခွေးလွင့် လေးငါးကောင်က စူးစူးဝါးဝါး ထိုးဟောင်ကာ သူ့နောက်ပြေးလိုက်လာသည်။ ဦးအောင်မင်း ယောင်မှားပြီး ပြေးမလို လုပ်သည်။ နောက်တော့မှ သည်အတိုင်း ဟန်မပျက် ခြေလှမ်းမပျက် ဆက်သွားသည်။ လာကြ။ ကိုက်ကြ။ သေအောင်ကိုက်ကြ။ ခွေးဝဲစားတွေ သေအောင်ကိုက်ကြ။ မင်းတို့လို ဝဲစားကြီး အလကားကောင်ကြီးပဲကွ။

ခွေးအုပ်က သူ့အနားထိ ရောက်လာပြီး တောင်လိုလို မြောက်လိုလိုနှင့် တစ်ကောင်ပြီးတစ်ကောင် ရပ်ကျန်ရစ်သည်။

ငါ့ကို ခွေးတောင် မကိုက်ဘူး။ ငါဘာကောင်ကြီးလဲ။ ဦးအောင်မင်းစိတ်ထဲ တဖျစ်တောက်တောက် တောင်စဉ်ရေမရတွေ ရေရွတ်ကာ အိမ်သို့ ရောက်လာသည်။ အိမ်ရှေ့ခြံတံခါးက ပိတ်မထား။ ပိတ်လျှင်လည်း အကြောင်းမထူး။ တံခါးက လုံလုံလဲလဲ ခိုင်ခိုင်မာမာ မဟုတ်။ မိမိက အိမ်အလုပ်ဘာမှ မလုပ်ဘဲ ဖဲနိုင်နိုး၊ ထီပေါက်နိုးနှင့် သူဌေးရူး ရူး၍ နေသည့်အကောင်ဆိုတော့ အိမ်က

မုဆိုးမအိမ်ပျက်လို ဖြစ်နေသည်မှာ မဆန်း။ သည်မိန်းမ မုဆိုးမ အစစ်ဖြစ်သွားလျှင်လည်း ဘာမှ ထပ်၍ ထူးဆန်းမည်မဟုတ်။ သေသွားတာ ကောင်းသည်။ မသေသရွေ့တော့ အရှုံးသံသရာ ရှည်နေဦးမည်။ တစ်သက်လုံး ရှုံးခဲ့သည်က နည်းရော့မလား။ သိန်းပေါင်းများစွာ ရှိလိမ့်မည်။ အစကတည်းက သည်လောင်းကစားအလုပ်ကို မလုပ်မိခဲ့လျှင် သည်ငွေတွေနှင့် သူဌေးလုပ်နိုင်လောက်သည်။ သို့သော် ရိုးရိုးသားသားစကားဆိုလျှင်လည်း ထိုမျှလောက်အထိရှာဖွေ စုဆောင်းမိပါ့မလား။ လောင်းကစားဖို့ ဖဲဝိုင်းမှာ ရှုံးပစ်ဖို့အတွက်မို့သာ မရှက်မကြောက် အသည်းအသန်ရှာ ဖွေခဲ့ပြီး ဖဲဝိုင်းသို့ပို့၍ ကုန်ခဲ့ခြင်းမဟုတ်လား။ ယခုမှတော့ ဘဝကို အစကပြန်စချင်၍လည်း မရနိုင်ပြီ။ သည်အရှုံးဇာတ် မြန်မြန်သိမ်းသွားခြင်းသာ အကောင်းဆုံးဖြစ်တော့မည်။

အိမ်တံခါးက စေ့ရုံစေ့ထားသည်။ အိမ်မှာ အဖိုးတန်ပစ္စည်း ဘာမှ မရှိတော့ဘူးလား။ အိမ်မှာထားခဲ့သည့် မိန်းမကော တံခါးပိတ်ထားရလောက်အောင် အသုံးမဝင်တော့ဘူးလား။ စေ့ထားသော တံခါးကို ဆွဲကာ ဟင်းလင်းသာ ဖွင့်ထားလိုက်တော့သည်။

လျှပ်စစ်မီး နီကြင်ကြင်အောက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မိန်းမကို တွေ့ရသည်။ သည်မိန်းမ ညည အိပ်မပျော် အိပ်မပျော်နှင့် ယခုတော့ မိမိ ပြန်လာသည်ကိုပင် မသိ၊ ဟောက်၍ပင် နေလိုက်သေးသည်။ ဂရုးဂရဲနှင့် ဟောက်သံက လူဟောက်သံနှင့်မတူအောင် ဆူညံနေသည်။ လက်စသတ်တော့ သည်မိန်းမ ရိုးရိုးအိပ်ခြင်းမဟုတ်၊ အိပ်ဆေးတန်ခိုးနှင့် အိပ်မောကျနေခြင်းပဲ။

အိပ်ဆေး၊ အိပ်ဆေး။

“ကျုပ်တော့ ဒီဘဝမှာ မျှော်လင့်ချက်ကုန်ပြီလို့ စိတ်တုံးတုံးချ ထားလိုက်ပြီ။ ဘာကိုမျှ တွေးမပူနေတော့ဘူး” ဟုဆိုခဲ့သည့် မိန်းမလည်း ညဘက်အိပ်မပျော်တာ နှလုံးတုန် ရင်ခုန်တာတွေ ဖြစ်တတ်၍ ဆေးရုံသွား၊ ဆေးခန်းသွား သွားခဲ့ရသည်။

ဆရာဝန်ပေးသော စိတ်ငြိမ်ဆေးတွေ၊ အိပ်ဆေးတွေ၊ တစ်မျိုး၊ နှစ်မျိုး သုံးလေးမျိုး၊ ဟိုဆေးမကောင်း ဒီဆေးပြောင်းနှင့် ကတ်ပြားလေးတွေရော၊ စက္ကူထုပ်နှင့် ရော ပုလင်းနှင့်ပါ မျိုးစုံအောင်ရှိသည်။

အိပ်ဆေး။ နည်းနည်းသောက်လျှင် အိပ်ဆေး။ များများသောက်လျှင်သေဆေး......

ထို့နောက် အခန်းထောင့် တစ်နေရာ၌ ခေါင်းအုံးတစ်လုံးနှင့် လှဲချလိုက်သည်။

မိနစ်နည်းငယ်အတွင်း ဦးအောင်မင်း အသေကောင်တစ်ကောင်လို အိပ်ပျော်သွားသည်။

※

မသေ။ ဦးအောင်မင်း မသေ။ အသက်ရှင်သန်နေဆဲရှိသည်။ သို့သော်… အာရုံများ စုစည်း၍မရ။ မျက်ခွံက အလွန်အမင်း လေးလံနေသည်။ တစ်ချက်တစ်ချက် အလင်းရောင်ပြပြမြင်နေရသည်။ နားထဲမှာ အသံတွေ ကြားလိုက်ပျောက်သွားလိုက်၊ မေ့ကနဲ ဖြစ်သွားလိုက်။ ရှည်လျားသောကာလကို ဖြတ်ကျော်နေရသည်။

နားထဲက အသံတွေကြားသည်။ မသဲကွဲ။ အလင်းရောင်ဖျိုးဖျ မြင်ရသည်။ မပီသ။ အာရုံကို ကြိုးစား စူးစိုက်ကြည့်နေသည်။ ဘာတွေလဲ။ ဘာဖြစ်နေသလဲ။ ရုတ်တရက် ခေါင်းထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။ ဘာအတွက် စိတ်ထင့်သလဲ။ ငါ ဘာအတွက် စိတ်ထင့်နေသလဲ။ ဘာအတွက်....

ချက်ချင်းပင် တုန်လှုပ်သွားပြီး အာရုံများ ဖျတ်လတ်နိုးကြား လာသည်။ သေတာ၊ သေတာ၊ သေဖို့ကိစ္စ။

မျက်လုံးပွင့်လာသည်။ အနီးတွင် ငုတ်တုတ်ထိုင်နေသော မိန်းမ။ မှိန်သွားသည်။ ပျောက်သွားသည်။ ပြန်၍ပေါ်လာသည်။ မိန်းမ မိန်းမ။

"သတိရပလား" မိန်းမကမေးသည်။ စိုးရိမ်တကြီး ထိုင်ကြည့်နေသည့် မိန်းမ။ ရုတ်တရက်ခေါင်းထဲမှာ လင်းသွားသည်။ ရှင်းသွားသည်။ ဆေးရုံမှာ၊ ငါ မသေသေး။ ယခုထက်ထိ ငါမသေသေး၊ သေ၍မရသေး ငါ့ကိုငါ သတ်တာပင် မသေနိုင်သေး။ ဘယ်နေရာမှ မအောင်မြင်သည့်အကောင်၊ နေရာတကာမှာ ရှုံးနိမ့်ခဲ့သည့်အကောင်၊ သည်မျက်နှာကြီးကို လူတကာဆက်၍ ပြနေရဦးမည်။ ဘယ်ခါမဆုံးမည်မှန်းမသိသည့် အရှုံးဇာတ်ကြီးကို ဆက်၍ ကနေရချေဦးတော့မည်။

ဦးအောင်မင်းရင်ထဲက လှိုက်မောကာ ဝမ်းပန်းတနည်းကြီး ဖြစ်လာသည်။ နှုတ်က အသံမထွက်ဘဲ အမေ့ကို မချိတင်ကဲ တမ်းတမိသည်။ ထို့နောက်တွင်ကား လူမှန်းသိသည့် အချိန်ကစ၍ မကျခဲ့တော့သည့် မျက်ရည်တွေသည် တမံတာရိုး ချိုးချလိုက်သလို ဒလဟော စီးသွန်ကျဆင်း၍ လာလေသည်။

※※※

ရင်ခုန်ပွင့်။ ။ ၁၉၈၈ ဇူလိုင်

ပိုနေမြဲ ကျားနေမြဲ

မိန်းကလေးက သည်နေ့ကျမှ ပို၍ ဖွံ့ထွားလာသည်ထင်ရသည်။

အမှန်တော့ ကျွန်တော်သူ့ကို နေ့စဉ်မြင်နေကျ ဖြစ်သည်။ သူ့အသက်သည် ဆယ့်သုံးနှစ်ကျော် ဆယ့်လေးနှစ်မျှသာ ရှိသေးကြောင်းလည်း ကျွန်တော်သိသည်။ ထို့ပြင်သူသည် ကျွန်တော့်ကျောင်းမှ တပည့်ကလေး တစ်ဦးလည်း ဖြစ်ပါသည်။

သို့သော် တပည့်ဟုတ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေ အရွယ်နှင့် မလိုက်အောင် ဖွံ့ဖြိုးနေတာ၊ သည်လို့ဖြိုးမှုကို နိုင်နိုင်နင်းနင်း ထိန်းသိမ်းဖုံးအုပ် မထားတာတော့ အမှန်ပင်ဖြစ်သည်။ ထိန်းသိမ်းဖို့ ကောင်းစွာ မတတ်သေးတာလား။ သည်လိုပဲ မိမိအလှကို ဖော်ပြထားချင်တတ်တာ မိန်းကလေးတို့ သဘာဝလား ကျွန်တော် မပြောတတ်ပါ။

သူက အိမ်မှယူလာသော ထမင်းချိုင့်ကလေးကို ဖြုတ်ကာ စားပွဲဝိုင်းကလေးမှာ ကျွန်တော့်အတွက် ထမင်းပွဲ ပြင်နေသည်။ လက်ဆေးခွက်ချသည်။ သောက်ရေခွက် ချသည်။ ကျွန်တော့်မျက်စိထဲမှာ သူ့လှုပ်ရှားမှုတွေ အားလုံး ကြည့်၍ ကောင်းနေသည်။ တဖြည်းဖြည်း ကြည့်ရှုမျှနှင့် မတင်းတိမ်ဘဲ တနည်းနည်း ထိတွေ့လိုက်ချင်စိတ်က အတွင်းမှ လှုပ်ရှလာသည်။ ရင်က တဒိန်းဒိန်း ခုန်လာသည်။ လက်က ဦးနှောက်၏ ခိုင်းစေမှုကြောင့်လား သူ့အလိုအလျောက် လှုပ်ရှားသွားသလားမသိ။ ပြည့်တင်းသော လက်မောင်းသားကလေးကို ဆုပ်ကိုင်မိသည်။ တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်လာသည်။ သူမက ထူးခြားဟန်မပြ။ သူ့အလုပ်သူ ဆက်လုပ်သည်။

စိတ်ကို ထိန်းချုပ်ကာ လက်မောင်းကိုင်မိသောလက်ကို ဆေးကြော၍ ထမင်းစားသည်။ သူ့ကို ထပ်မကြည့်ဘဲ ခပ်သုတ်သုတ်စားပြီး ထမင်းစားပွဲမှ ထလိုက်သည်။

မိန်းကလေး ထမင်းစားပွဲကို သိမ်းဆည်းကာ သူ့အိမ်သို့ ထမင်းချိုင့်ကလေးဆွဲ၍ ပြန်သွားသည်။

ရိုးသား အေးချမ်းလှသည်ဆိုသော တောင်ပေါ်ရွာကလေး။

တောင်ပေါ်ရွာဆိုသော်လည်း စင်စစ်တော့ တောင်ကြားချိုင့်ဝှမ်းထဲမှာ ရှိသည်။ အရပ်လေးမျက်နှာမှာ မြင့်မောက်သော တောင်တန်းကြီးများ

ဝိုင်းရံနေသည်။ ရွာမြေချိုင့်ဝှမ်းထဲမှာ မြေပြန့်ရှိသည်။ တောင်ပူစာငယ် တောင်ကုန်းတန်းငယ်များရှိသည်။

ကျွန်တော့်ကျောင်းက ရွာစွန်ပိုင်း တောင်ကုန်းကလေးတစ်ခု ပေါ်မှာ သီးခြား တည်ရှိသည်။ သပ်ရပ်သော ခြေတံရှည် တစ်ထပ်ကျောင်းကလေး။ ခေါင်းရင်းပိုင်းမှာ အခန်းတစ်ခန်း သီးသန့် ပိုင်းခြားထားသည်။ သည်အခန်းက ကျွန်တော့်အိပ်ခန်း။

အခန်းပြတင်းမှ မျှော်ကြည့်လျှင် တစ်ခုပေါ်တစ်ခုဆင့်၍ မြင့်တက်သွားသည့် တောင်ကြီးများ၊ တောင်စောင်းများတွင် ရာသီသီးနှံစိုက်ခင်းများ၊ သစ်သီးခြံများ၊ ထို့နောက် သဘာဝသစ်တောများ။

မြင်ကွင်းက ယခုတော့ ကျွန်တော့်မျက်စိမှာ ဘာမှ မထူးခြားတော့ပါ။ သို့သော် အများအတွက် ပြောရမည်ဆိုလျှင်ကား သည်မြင်ကွင်း သည် သာယာကြည်နူးဖွယ် သို့မဟုတ် ဆွတ်ပျံ့လွမ်းမောဖွယ်မြင်ကွင်း ဟူ၍ပဲ ကျွန်တော်ဆိုရပါမည်။

အပူပိုင်း လွင်တီးခေါင်ဒေသမှာကျွန်တော်လူဖြစ်ခဲ့သည်။

လူဆိုသည်မှာ ကိုယ်၌ မရှိသည့်အရာ၊ ကိုယ်နှင့် သဘာဝချင်း ဆန့်ကျင်ဘက်ဖြစ်သည့်အရာကို စိတ်ဝင်စားတတ် စွဲလမ်းတတ်သည်ဟု တချို့က ဆိုကြသည်။ ဟုတ်လိမ့်မည်ထင်သည်။

ကျွန်တော်အေးမြသော ရာသီဥတုကို နှစ်သက်သည်။ စိမ်းလန်းစိုပြေသော တောင်ပေါ်သစ်တော ဒေသကို သာတွေ့နှင့် စွဲလမ်းသည်။ ထို့ကြောင့် ကျွန်တော် ပညာပြည့်စုံသောတစ်နေ့တွင် ကျောင်းဆရာ ဘဝကို ခံယူပြီး မဖွံ့ဖြိုးသေးသော တောင်ပေါ်ဒေသများ၊ ပညာချို့တဲ့၍ နေဥတုစွာလည်း ခေါင်းပါးသော အစွန်အဖျားဒေသများသို့ သွားရောက်မည်၊ သူတို့တွေ၏ ဘဝတိုးတက်မှုအတွက် ကျွန်တော်ဦးဆောင် လမ်းညွှန် ကူညီဆောင်ရွက်မည်ဟု စေတနာပေါက် ခဲ့သည်။

သည်စိတ်ဓါတ် အခြေခံကြောင့် ကျွန်တော်အလုပ်လျှောက်သည့်အခါ ကျွန်တော့်အား အဝေးဆုံး အခေါင်ဆုံး နေရာသို့သာ ပို့ပါဟု ခပ်ရဲရဲပြောခဲ့သည်။

အပြောရဲသော ကျွန်တော့်အား သည်ရွာကလေးသို့ ပို့ပေးလိုက်ကြသည်။

ရွာကလေးက ဝေးလံတာ အမှန်ဖြစ်သည်။ သို့သော် ခေါင်လွန်းသည်ဟုတော့ ဆိုနိုင်မည်မထင်။ ပြီး... သည်ရွာကလေးသည် သိပ်လည်း မဆင်းရဲ။

ကျွန်တော့်စိတ်ကူးထဲက တောင်ပေါ်ရွာမျိုးလေးမှာ ကျောင်းဆိုတာမရှိ။ လူတွေက ဆင်းရဲချို့တဲ့သည်။ ကလေးတွေ စာမသင်ချင်။ လူကြီးတွေကလည်း သားသမီးကို ကျောင်းမပို့ဘဲ အလုပ်သာ ခိုင်းထားချင်သည်။ သည်လိုရွာမျိုး။ သည်လိုလူတွေကို ကျွန်တော်က စိတ်ရှည်လက်ရှည် ပညာပေးရမည်။ သိမ်းသွင်းရမည်။ ပြီးကျောင်းသားအရွယ် လူငယ်များနှင့် မိဘများကို ကျွန်တော်က စည်းရုံးဆော်ဩကာ တောထဲမှာ သစ်ပင်တွေ ခုတ်လှဲကြမည်။ လွှတိုက် သစ်ဆွဲကြမည်။ လှပသော ကျောင်းသစ်ကလေး တစ်ဆောင်ကို ကိုယ့်လက် ကိုယ့်ခြေဖြင့် တည်ဆောက်မည်။ အဲသလို ကျွန်တော်စိတ်ကူးခဲ့သည်။

သည်ရွာသို့ ရောက်လာသည့်အခါမှာတော့ ကျောင်းဆောက်ပြီးသား အဆင်သင့် ကျွန်တော် တွေ့ရသည်။ ယခင်နှစ်နှစ်ခန့်က ရောက်လာခဲ့သည့် ဆရာတစ်ယောက် ကမကထပြု တည်ဆောက်ခဲ့သည့် ကျောင်းကလေး။

ရွာလူကြီးများက ကျွန်တော့်ကို ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုကြသည်။ ကျောင်းက အခန်းမှာ နေချင်နေ၊ ရွာလူကြီးတစ်ဦးဦးအိမ်မှာ နေချင်နေ၊ ဆရာ ဆရာ့သဘောဟု ဆိုကြသည်။ ကျွန်တော် ကျောင်းမှာပဲ လွတ်လွတ်လပ်လပ်နေဖို့ ဆုံးဖြတ်ခဲ့သည်။ ကျွန်တော့် စားရေးသောက်ရေးအတွက် ရွာလူကြီး သုံးဦးက တစ်အိမ်တစ်လစီ အလှည့်ကျတာဝန်ယူသွားမည်ဟု ဆိုသည်။ အိမ်သို့ လာစားခိုင်းရမှာ အားနာသဖြင့် ကျောင်းသို့ ထမင်းချိုင့်နှင့် ပို့ပေးမည်ဟုလည်း ဆိုသည်။ ထို့ပြင်ကျောင်းဖွင့်ရေးကိစ္စ၊ မိမိတို့ သားသမီးများ ကျောင်းထားရေးကိစ္စ၊ အတော်ဝေးသည့် ရွာတစ်ရွာမှာ ကျောင်းသွားနေရသည့် မိမိတို့ကလေးများကို ပြန်ခေါ်ရန်ကိစ္စများ တိုင်ပင်နှီးနှောကြသည်။

ဤသို့ဖြင့် များမကြာမီပင် ကျွန်တော်များစွာ မလှုပ်ရှားလိုက်ရဘဲ ကျောင်းစတင်ဖွင့်ဖြစ်လေသည်။

သို့သော် ကျွန်တော်သည် တောရွာသို့လာခြင်းမှာ ကျောင်းဆရာလုပ်ရန်သက်သက်မဟုတ်။ ရပ်ရွာဖွံ့ဖြိုးရေးအတွက် ဦးစီးဦးဆောင် လုပ်ပေးလိုသောဆန္ဒ ကျွန်တော့်မှာ ပါလာသည်။

ကျွန်တော်ကျောင်းမှာချည်း ထိုင်မနေနိုင်။ ရွာထဲဆင်းသည်။ အိမ်မွေးတိရိစ္ဆာန်များကို ကြည့်သည်။ စိုက်ခင်းများထဲ ဝင်သည်။ သစ်သီးခြံများသို့ရောက်သည်။ သည်လူတွေကို သူတို့လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံသစ်ဉာဏ်သစ်များပေးရန် ကျွန်တော်ရည်ရွယ်ခဲ့သည်။

ကျွန်တော် သူတို့ကိုမေးသည်။ ဘယ်အပင် ဘယ်လိုစိုက်သလဲ ဘယ်အချိန် စိုက်သလဲ၊ ဘယ်ရာသီ ခူးဆွတ်ရသလဲ၊ ဘယ်လောက် အကျိုးရှိသလဲ၊ ဘာမြေဩဇာသုံးသလဲ၊ ဘယ်ပိုးသတ်ဆေး သုံးသလဲ ခေတ်မီသိပ္ပံနည်းက

စိုက်ပျိုးမွေးမြူရေး နည်းစနစ်များကို ဘယ်လောက်လေ့လာမှတ်သားပြီး လက်တွေ့ အသုံးချကြသလဲ။

စိတ်ရှည်လက်ရှည် ဖြေကြပါသည်။ ကျွန်တော်ပြောဆိုသည် များကိုလည်း လေးလေးစားစား နားထောင်ကြပါသည်။

သို့သော် ကျွန်တော်စိတ်မကောင်းပါ။ တဖြည်းဖြည်း ကျွန်တော်ပြန်လည် ကြားသိရပါသည်။ သူတို့သည် ကျွန်တော့်ရည်ရွယ်ချက်နှင့် စေတနာကို သဘောမပေါက်ကြပါ။ တိုတိုပြောရလျှင် ကျွန်တော်မေးသည်မှာ မသိ၍ မေးခြင်းဖြစ်သည်ဟု သူတို့ယူဆသွားကြပါသည်။ ကျောင်းဆရာသည် ခက်ခဲသောစာများကို ဖတ်ရှုတတ်သော်လည်း ဝက်မွေးခြင်း၊ သစ်တော်ပင်စိုက်ပျိုးခြင်း ကဲ့သို့ လူတိုင်းလုပ်တတ်သည့် အလုပ်များကို နားမလည်ရှာပါတကားဟု ကျွန်တော့်အားပင် သနားကရုဏာ သက်ကြပါလေသည်။

စင်စစ် တစ်ဖက်ကလည်း ကျွန်တော်သူတို့အား မေးမြန်းကြည့်ရင်းက သူတို့၏ ရိုးရာစိုက်ပျိုးရေး လုပ်ငန်းမှာလည်း အစဉ်အဆက် သူတို့ဘာသာ နာယူမှတ်သားလာသည့် စိတ်ဝင်စားဖွယ် နည်းစနစ်များ ရှိကြောင်း ကျွန်တော် သတိပြုမိခဲ့သည်။ ထို့ပြင်ရွာ၌ စာတတ်သူသာ နည်းပါးသော်လည်း စီးပွားရေးပိုင်းတွင် မချို့တဲ့လှကြောင်း တွေ့ရှိရသည်။

လူတိုင်းလိုလို ခြံ သို့မဟုတ် တောင်ယာ တစ်ခုခုရှိသည်။ အိမ်တွင် ကြက်မွေးသည်။ ဝက်မွေးသည်။ တောင်ပေါ်တက် ထင်းခုတ်ပြီး ထင်းရောင်းသည်။ ထို့ပြင်သူတို့ ရိုးရာဓလေ့အရ အိမ်တိုင်းလိုလို အရက်ချက်သည်။ သည်အရက်မှာလည်း ကိုယ်တိုင်သောက်သုံးရန်သက်သက်မဟုတ်၊ တစ်ဖက်တစ်လမ်းက စီးပွားရေး အထောက်အကူပြုသည်။

ခြုံပြောရလျှင် သည်ရွာသည် သူ့ဟာနှင့်သူ အဆင်ပြေ၍ နေပါသည်။ သူတို့ဘဝကိုသူတို့ ကျေနပ် တင်းတိမ်မှုလည်း ရှိနေကြသည်။ ကျွန်တော်သိပ်လှုပ်ရှားလျှင် သူတို့အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာတွေသာ ပေါ်ပေါက်လာနိုင်သည်။

အခြေအနေကို ရိပ်စားမိပြီးနောက် ကျွန်တော် ရပ်ရွာကိစ္စများမှာ ဝင်၍ မပတ်သက်တော့ဘဲ အသာကိုယ်ရှိန် သတ်နေလိုက်ပါသည်။

တစ်ပတ်မှာ ငါးရက်၊ မနက်ကနေ ညနေထိ စာသင် ပြီးလျှင် ကိုယ့်ကျောင်းမှာပဲကိုယ် အသာအေးအေးနေ။ သည်လိုပဲ ဆုံးဖြတ်ပြီး ကျွန်တော်နေလာခဲ့သည်။

※

ထမင်းစားပြီးနောက် တောင်တွေးမြောက်တွေး တွေးရင်းက ငိုက်မျဉ်းလာကာ တစ်ရေးအိပ်မိသည်။ အိပ်ရာက နိုးလာသည့်အခါ လူက သိပ်မကြည်လင်၊ မရှင်းလင်း၊ မှုးနောက်နောက်နှင့်။ သွေးတိုးချင်သလား။ လူက လှုပ်ရှားမှု နည်းလွန်း၍လား။ ခေါင်းထဲ ထောင့်တစ်နေရာမှာ တစ်စုံတစ်ခု ငြိနေသလို ထင်နေသည်။ ဘာလဲ။ ဘာ စိတ်အနှောက်အယှက် ဖြစ်စရာ ရှိနေသလဲ။

မိန်းကလေး ကိစ္စကို သတိရသည်။ ဖိန်းခနဲ ဖြစ်သွားသည်။ ရင် တဒိန်းဒိန်း ခုန်လာသည်။ မကောင်း။ သည်ကိစ္စသည် မကောင်း။ အန္တရာယ် ရှိသည်။ ဘာကြောင့် သည်လို ဖြစ်ရသလဲ။

အားအားယားယားနှင့် အိပ်သည်။ နေ့လည်း အိပ်သည်။ ညလည်း အိပ်သည်။ ရပ်ရွာက ကျွေးသည့် ဆီဦးထောပတ်တွေ စားသည်။ ပြီး ဘာဖြစ်သလဲ။ လူ့ သဘာဝလား။ တိရစ္ဆာန် အားလုံး၏ သဘာဝပဲလား။ ခုတလော စိတ်က ထကြွချင်နေသည်။ အသက်အရွယ်က တောင်းဆိုသည်ပဲလား။

ဘာပဲဖြစ်ဖြစ် အလိုတော့ မလိုက်နိုင်။ သည်စိတ်ကို ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားရမည်။ အပြောင်းအလဲ ဖြစ်အောင် လုပ်ရမည်။ ဘာလုပ်ရင် ကောင်းမလဲ။

အကြိမ်ကြိမ် ဖတ်ပြီးသော မဂ္ဂဇင်းဟောင်းတစ်အုပ်မှာ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ အကြောင်း ပါလာသည်။ ကိုယ်လက်လှုပ်ရှားခြင်းဖြင့် အညောင်းအညာပြေခြင်း၊ ကျန်းမာသန်စွမ်းခြင်းများ အပြင် စိတ်ကြည်လင်သန့်ရှင်းမှုကိုပါ ရရှိနိုင်သည်ဟု ဆိုသည်။

လေ့ကျင့်ခန်း လုပ်ရမည်။ လေ့ကျင့်ခန်းဖြင့် ဦးနှောက်ဆေးရမည်။ အိပ်လိုက်စားလိုက်နှင့် အဆီတက်လာနေသော ဗိုက်လည်း ကျသွားစေနိုင်မည်။ သည်ရွာမှ ဟိုဘက်ရွာသို့ သွားသော တောင်ကြားလမ်းကလေးသည် အပြေးလေ့ကျင့်ခန်း လုပ်ရန်အတွက် အကောင်းဆုံးနေရာဟု ကျွန်တော် စိတ်ကူးမိသည်။

ညနေစောင်း အချိန်လောက်တွင် ကျွန်တော် စွပ်ကျယ်နှင့် ဘောင်းဘီတိုကို ဝတ်ဆင်ကာ ကျောင်းပေါ်မှ ဆင်းခဲ့သည်။ ခပ်မှန်မှန် စ လျှောက်သည်။ ထို့နောက် သွေးပူအောင် ခပ်မြန်မြန် လျှောက်သည်။ သည့်နောက် မှန်မှန် စ၍ပြေးသည်။ ဟုတ်တော့လည်း အဟုတ်သား။ ကျွန်တော် အားကစား လုံးဝ မလုပ်တာ ကြာပြီဖြစ်သော်လည်း ယခု ပြေးကြည့်သည့်အခါ တော်တော်နှင့်မမောဘဲ ပြေးနိုင်နေကြောင်း တွေ့ရ၍ အားတက်နေမိသည်။

လမ်းကလေး ဘေးတစ်ဘက်တစ်ချက်ရှိ တောင်စောင်းများမှာ တောင်ယာစိုက်ခင်းများ၊ သစ်သီးခြံများ ရှိသည်။ ခြံထဲမှာ အလုပ်လုပ်နေသူ တစ်ယောက်စ နှစ်ယောက်စ လှမ်းမြင်ရသည်။ လမ်းနှင့် မလှမ်းမကမ်း ခြံတစ်ခုထဲရှိ လူကြီးတစ်ယောက် တစ်စုံတစ်ရာ လှမ်းပြောမလို လုပ်ပြီး ရပ်တန့်သွားသည်။ ကျွန်တော် သူ့ကို လက်ပြ နှုတ်ဆက်ပြီး ဆက်ပြေးလာခဲ့သည်။ ပြေးလိုက် လျှောက်လိုက် နားလိုက် ပြန်ပြေးလိုက်နှင့် တစ်မိုင်ခန့် ခရီးပေါက်သည်။

လမ်းကွေ့လေး တစ်နေရာတွင် ကျွန်တော် ခေတ္တရပ်နားပြီး ခါးအကွေးအဆန့်နှင့် အသက်ရှူ လေ့ကျင့်ခန်းကလေး နည်းနည်း လုပ်ကြည့်သည်။

သည်အခိုက် နောက်ဘက်မှ လူသံကြားသဖြင့် လှည့်ကြည့်သည့်အခါ ခြံစိုက်သည့် တောင်သူဦးကြီး နှစ်ယောက် ခပ်သုတ်သုတ် ပြေးလျှောက် လျှောက်လာကြတာ တွေ့ရသည်။ နှစ်ယောက်လုံး ရွာထဲမှ ဖြစ်ပြီး ကျောင်းသားမိဘများလည်း ဖြစ်သည်။

“ဘယ်သွားကြမလို့တုန်း၊ သုတ်သီးသုတ်ပျာနဲ့” ကျွန်တော်က လှမ်းမေးသည်။

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။ သည့်နောက် ကျွန်တော့်ကို ကြည့်သည်။

“ဘယ်ကို” ကျွန်တော် ထပ်မေးသည်။

“ဒီနားပါဆရာ၊ ဘာမှ မဟုတ်ပါဘူး” တစ်ယောက်က ဆိုပြီး ခပ်သွက်သွက် လျှောက်သွားသည်။ နောက်တစ်ယောက်လည်း သူ့နောက်က လိုက်ပါကာ ကွေ့ကလေးမှာ ပျောက်သွားသည်။ သည်လူနှစ်ယောက် ကြည့်ရတာ ထူးခြားသည်။ ဘာတွေများ လျှို့လျှို့ဝှက်ဝှက် လုပ်နေကြသလဲ။

ကျွန်တော် လမ်းကြောင်းအတိုင်း ဆက်ပြေးဦးမည် လုပ်ပြီးမှ သူတို့နောက် လိုက်ကြည့်သည် ထင်သွားမှာစိုးသဖြင့် နောက်ကြောင်းပြန်လှည့်ပြေးလာခဲ့သည်။

ခဏကြာသည့်အခါ နောက်က ပြေးလာသည့် အသံများ ကြားရပြန်သည်။ လှည့်ကြည့်သည့်အခါ စောစောက ပုဂ္ဂိုလ်နှစ်ယောက်။ အမောတကောနှင့်။ ဘာတွေ ဖြစ်နေကြတာလဲ။

ကျွန်တော် ရပ်ပြီး မေးမိပြန်သည်။

“ခင်ဗျားတို့ ဘာဖြစ်ကြတာလဲ”

လူကြီးနှစ်ယောက် ကျွန်တော့်အနီး ရပ်နေသည်။ ပြေးလွှားလာသဖြင့်

အတော်လေး မောနေကြသည်။ ကျွန်တော့်အမေးကို ရုတ်တရက် မဖြေနိုင်။ အတန်ကြာမှ တစ်ယောက်က ဆိုသည်။

"ဆရာ ... ဘာဖြစ်တာလဲ"

"ခင်ဗျာ ... ကျွန်တော် ဘာဖြစ်လို့လဲ" ဘာအဓိပ္ပာယ်လည်း ကျွန်တော်မသိပါ။

"ကျွန်တော် ဘယ်တုန်းက ဘာဖြစ်တာကို ပြောတာလဲ"

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

"ဆရာ အခု ဘာဖြစ်တာလဲ မေးတာပါ"

"ကျွန်တော် ဘာမှ မဖြစ်ပါလား" ကျွန်တော် စဉ်းစားမရ။

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြန်သည်။

"ဆရာ အခု တစ်ယောက်တည်း ပြေးနေတာလေ"

"ခင်ဗျာ..."

ကျွန်တော် သဘောပေါက်သွားသည်။ လုံးလုံးလျားလျား သဘောပေါက်သွားသည်။ လက်စသတ်တော့ ငါ့နောက်က လိုက်နေကြတာကိုး။ ငါရူးပြီး တောထဲ လျှောက်ပြေးနေတယ်များ ထင်နေကြသလားမသိ။ သူတို့ သဘောပေါက်အောင် ရှင်းပြမှ ဖြစ်မည်။ သို့သော် ဘယ်လိုပြောရမည်လဲ။

ကျွန်တော် အခြေအနေ အရပ်ရပ်ကို ရိပ်စားမိလိုက်သည်။ ကျွန်တော် ဘယ်လို ဖြေမည်လဲ။ အဆီကျအောင် ပိန်သွားအောင် ပြေးနေတယ်လို့ ဖြေရမည်လား။ စိတ်တည်ငြိမ်အောင်၊ စိတ်ထိန်းနိုင်အောင် ခန္ဓာကိုယ်ကို ညှဉ်းဆဲနေတယ်လို့ ဖြေရမည်လား။ မဖြစ်။ အလုပ်နှင့် လက်မပြတ်အောင် လုပ်နေသူတွေချည်း စုဝေးနေထိုင်ကြသည့် ရွာတစ်ရွာတွင် ကျောင်းဆရာ အဖြစ် အပူဇော်ခံနေသူသည် လူပျင်း လူပေါ်ကြော့ တစ်ယောက်ဖြစ်သည်။ စိတ်ထားညံ့ဖျင်းသည့် သတ္တဝါ တစ်ယောက်ဖြစ်သည်ဟု ဝန်ခံရာ ရောက်လိမ့်မည်။

သို့သော် တစ်ခုခု မပြော၍မဖြစ်။ သူတို့ ကျွန်တော့်ကို စောင့်ကြည့်နေကြသည်။

"ကျွန်တော် လေ့ကျင့်ခန်း လုပ်တာပါ"

"ခင်ဗျာ" တစ်ယောက်က အံ့သြဟန်ဖြင့် ဆိုသည်။

"လေ့ကျင့်ခန်းဆိုတာ ဘာအဓိပ္ပာယ်လဲ ဆရာ" နောက်တစ်ယောက်က မေးသည်။

ဒုက္ခ။ ကျွန်တော် ရယ်ချင်သလို၊ ဝမ်းနည်းအားငယ်သလို။ သူတို့နှင့် ကျွန်တော့်အကြားမှာ နားမလည်မှု တံတိုင်းကြီးခြားနေသည်။

"လေ့ကျင့်ခန်းလုပ်တယ်ဆိုတာ၊ အဲ ကျန်းမာရေးကောင်းအောင် လုပ်တာပါ၊ ကျွန်တော်တို့ ဒီ သိပ္ပံနည်းတွေပါ၊ နောက်တော့ ကျွန်တော် အေးအေးဆေးဆေး ရှင်းပြပါ့မယ်၊ ကဲ .. ကျွန်တော် သွားဦးမယ်နော်၊ ဘာမှ မဖြစ်ပါဘူး။ မစိုးရိမ်ကြနဲ့"

အံ့ဩဟန်ဖြင့် ငေးကြည့်နေကြသည့် သူတို့နှစ်ယောက်ကို သည်အတိုင်း ထားရစ်ကာ ကျွန်တော် မရပ်မနား ပြေးလာခဲ့သည်။

ကျွန်တော့်ကို တစ်ရွာလုံး သတိထား အကဲခတ်နေကြကြောင်း ကျွန်တော် သိနေသည်။ ကျွန်တော် ဘယ်သူ့ကိုမျှ ဘာမှ ရှင်းမပြပါ။ ရှင်းပြ၍လည်း ရနိုင်မည်ဟု ကျွန်တော် မထင်ပါ။

တစ်ပတ်ခန့် ပုံမှန်အတိုင်း ကျွန်တော် ဆက်နေသည်။ လကုန်ရက် နီးသောအခါ ကျွန်တော် မြို့သို့ လစာထုတ်ရန် သွားသည်။ မြို့က ပြန်ရောက်ပြီးနောက် ရွာလူကြီးတစ်ယောက်နှစ်ယောက်နှင့် တွေ့ဆုံကာ ကျွန်တော် ပြောင်းရွှေ့မိန့်ရကြောင်း၊ ကျွန်တော့် ဇာတိရပ်ရွာသို့ပင် ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း ပြောပြသည်။ လူကြီးများ တိတ်ဆိတ်စွာပင် နားထောင်ကြသည်။

ကျွန်တော့်ကိုယ်ကျွန်တော် ကယ်တင်ရန်အတွက် သည်နည်းမှအပ ရွေးစရာ အခြားလမ်းမရှိပါ။ နောက်တစ်နေ့နံနက် နေအရုဏ်တက်မှာပင် အဖော်အထမ်းသမားနှစ်ယောက်နှင့်အတူ ရွာကလေးမှ ထွက်လာခဲ့သည်။

ရွာအပြင် တောင်ကြောထိပ်သို့ ရောက်သည့်အခါ ရွာဆီသို့ ငုံ့ကြည့်မိသည်။ လွန်ခဲ့သော တစ်နှစ်ကျော် ကျွန်တော် ရွာသို့လာခဲ့သည့်အချိန်က သည်ရွာကို ပထမဆုံး မြင်တွေ့ခဲ့ရသည်မှာလည်း သည်တောင်ကြောထိပ်မှပင် ဖြစ်သည်။

ရွာကလေးက မပြောင်းလဲ။

သူ့နဂိုအတိုင်း အကောင်းပကတိ ကျန်ရစ်ခဲ့ပါသည်။

※※※

မရိုးနိုင်သော ဇာတ်လမ်းတစ်ပုဒ်

ကျော်စိုးခိုင်ကို တစ်နေ့သောအခါ သည်လိုနေရာမျိုးမှာ တွေ့ရနိုင်သည်ဟု ကျွန်တော် တွေးခဲ့ဖူးပြီး များစွာ ဖြစ်သည်။ သို့သော် သည်မှာ တကယ်ရှိနေသည်ဟု ကြားသိရသည့်အခါ၌မူ ကျွန်တော် တုန်လှုပ်သွားခဲ့မိပါသည်။

ကျော်စိုးခိုင်၏ဘဝတွင် အဓိက လွှမ်းမိုးခဲ့သောအရာ သုံးခု ရှိသည်။ အရက်၊ မိန်းမနှင့် စာပေ။

သည်အရာ သုံးခုအနက် ဘယ်အရာကို သူ အစွဲလမ်းဆုံးဖြစ်သည်ကို တိတိကျကျ ပြောရန် ခက်သည်။ သို့သော် သေချာသည်ကား သည်သုံးခုလုံးကိုပင် သူ သဲသဲမဲမဲ လိုက်စားခဲ့ခြင်း ဖြစ်သည်။

သည်သုံးခုလုံးမှာပင် သူ ထူးချွန်ပြောင်မြောက်ခဲ့ပါသည်။ သို့သော် လူသိများသည်က စာပေ။

မြန်မာစာပေတွင် ကျော်စိုးခိုင်၏ ဝတ္ထုခေတ် တစ်ခေတ် အထင်အရှား ရှိခဲ့သည်။ သူ့ကို ကြိုက်သူရှိသည်။ မကြိုက်သူ ရှိသည်။ အလုအယက် အငမ်းမရ ဖတ်ကြသူတွေ ရှိသည်။ အပေါစား အပျော်ဖတ်ဝတ္ထုဟု အပုပ်ချကြသူတွေလည်း ရှိသည်။ သို့သော် ဘာပဲပြောပြော ကျော်စိုးခိုင်၏ ဆွဲဆောင်အား ကောင်းလှသည့် စကားပြေအရေးအသားကိုကား သူ့အား ဝေဖန်ပုတ်ခတ်ကြသူများပင် လက်ခံခဲ့ရသည်။

ကျော်စိုးခိုင်ကမူ မည်သူ့ကိုမျှ ဂရုမစိုက်ခဲ့ပါ။ သူ့အား ဝေဖန်ရေးသားသူများကို မည်သည့်အခါမျှ ပြန်လည်ဖြေကြားခြင်း မပြုခဲ့၊ တုံ့ပြန်တိုက်ခိုက်ခြင်းလည်း မပြုခဲ့။ နောင်တွင်မူ ယင်းဝေဖန်ချက်များကို ဖတ်ရှုခြင်းပင် မပြုတော့။ ဝေဖန်သူများသာမက ချီးကျူးစကားပြောသူ မိတ်ဆက်စာရေးသူများကိုလည်း သူ ဟက်ဟက် ပက်ပက် မရှိပါ။ များစွာ ယုံကြည်ပုံလည်း မရပါ။

တစ်ခုပဲ ရှိသည်။ မိန်းမများကို သူ မငြင်းဆန်နိုင်။ မိန်းမနှင့် ပတ်သက်လျှင် သူ မထိန်းနိုင်။ ထိန်းလဲမထိန်း။ ပြီး ဘယ်သောအခါမှလည်း သူ မတင်းတိမ်နိုင်။

မိန်းမများနှင့် ပတ်သက်ပြီး သူကိုယ်တိုင် ဝန်ခံပြောကြားခဲ့သော စကားတစ်ခု ရှိသည်။

"ကျွန်တော်က မိန်းမတွေကို မုန်းမုန်းတီးတီး စွဲလမ်းနေသူ တစ်ယောက်ပါ"

※

ကျော်စိုးခိုင်နှင့် ကျွန်တော် စ,တွေ့တော့ သူက နာမည်ကြီး။ ကျွန်တော်က စာပေဝါသနာပါသည့် ဆရာဝန်ပေါက်စ။ သည်တုန်းက သူက ကျွန်တော့်ဆေးခန်းဖွင့်သည့် ဆင်ခြေဖုံးရပ်ကွက် တစ်ခုမှာ နေသည်။ ကျွန်တော့်ထံ ဆေးလာကုရင်း သူနှင့် ကျွန်တော် ရင်းနှီးကြသည်။ မကြာခဏ တွေ့ကြသည်။ ဆေးခန်းပိတ်ခါနီး အချိန်မျိုးမှာ သူ ရောက်လာတတ်သည်။ ရောဂါအကြောင်း ဆွေးနွေးသည်။ စာပေအကြောင်း ပြောသည်။ လောကကြီးအကြောင်း ပြောသည်။ သည့်နောက်တော့ သူနှင့် ရင်းနှီးဖူးသည့် မိန်းမတွေအကြောင်း။

သူ့စကားတွေထဲမှာ သူ့စရိုက်သဘာဝ သူ့အယူအဆနှင့် သူ့အကြံအစည်တွေ ပါသည်။ လက်ငင်းနေမှုထိုင်မှု ဘဝအကြောင်းတွေ ပါသည်။ သူသည် လူများများ ပေါင်းသူမဟုတ်။ သို့သော် လူနှင့် ဆက်ဆံရာမှာ ရဲတင်းသည်။ ပြောဆိုရာမှာ ရဲတင်းသည်။ သူသည် ကိုယ်လုပ်ချင်တာကို ဇွတ်လုပ်တတ်သူမျိုး ကိုယ်လိုချင်တာကို ဇွတ်ရယူတတ်သူမျိုး ဖြစ်သည်။

သူ့စကားတွေက သူ့စရိုက်ကို ပြနေသည် ဆိုရသော်လည်း ဇာတိကိုကား သူ ဖော်လေ့မရှိ။ စကားပြောရင်း ငယ်စဉ်အကြောင်းများနှင့် ပတ်သက်လာလျှင် သူ သိသာစွာပင် စကားလမ်းကြောင်း လွှဲပြောင်းပစ်တတ်သည်။ သူသည် ဘဝနောက်ကြောင်းကို မှောင်ချထားလိုသူ တစ်ယောက်ဟု ကျွန်တော် သဘောပေါက်ခဲ့မိသည်။

သို့သော် တစ်ကြိမ်တွင်တွင်....

သူကိုယ်တိုင် မျိုသိပ်ရတာ ပင်ပန်းသည်လား သို့မဟုတ် သူ့နောက်ကြောင်းနှင့် ပတ်သက်၍ ကျွန်တော် စပ်စပ်စုစု လုပ်နေသည် ယူဆကာ အရွဲ့တိုက်သည်လား မပြောတတ်။ မူးနေရူးနေသော အနေအထားမျိုးနှင့် ကျွန်တော့်ထံ ရောက်လာသည်။ ထူးခြားရိုင်းပျသော စကားတစ်ခွန်းဖြင့် အစချီသည်။

"ဒီမှာ ကို...၊ စိတ်မဆိုးနဲ့။ ကျွန်တော် တစ်ခု မေးမယ်။ ခင်ဗျား အဖေဘယ်သူလဲ ခင်ဗျားသိလား"

ဘာအဓိပ္ပာယ်လဲ၊ ဘာသဘောလဲ၊ ကျွန်တော်မသိပါ။

မျက်နှာထား ခပ်တင်းတင်းထားကာ ကျွန်တော် ပြန်ဖြေသည်။

"သိတာပေါ့"

"ကျွန်တော် မသိဘူး၊ ကျွန်တော့်အဖေဘယ်သူလဲ ကျွန်တော် လုံးဝ မသိဘူး" သူက ငိုသံဒေါသသံနှင့် ဆိုသည်။ "ကျွန်တော် အဖေလို့ ခေါ်ခဲ့တဲ့လူဟာ ကျွန်တော့် အဖေ မဟုတ်တဲ့အကြောင်း ကျွန်တော် ဆယ်နှစ်သားမှ သိရတယ်၊ ဒါပေမဲ့ သူမဟုတ်ရင် ဘယ်သူလဲ ကျွန်တော် မသိဘူး၊ ကျွန်တော့်အမေလဲ မသိဘူး ဘယ်သူမှ မသိဘူး အမေကိုယ်တိုင်တောင် မသိတဲ့နော် ဘယ်သူ သိနိုင်ဦးမလဲ၊ သိပ်ရယ်ရတယ်။ ဟား ဟား ဟား"

သူက တူးတူးခါးခါး ရယ်သည်။ "ခင်ဗျား အဲဒီအမေမျိုးကို အမေ တော်ရရင် ဘယ်လို ခံစားရမလဲ ကျွန်တော် ဘာမှ မခံစားဘူး၊ မေ့ထားလိုက်တယ်၊ ပစ်ထားလိုက်တယ်"

မခံစားသူ၏ မျက်နှာပေါ်မှာ ခံစားမှုများ ကြောက်ခမန်းလိလိ ပေါ်နေသည်။

အမေမုန်းသူ၊ မိန်းမမုန်းသူ။

လူအားလုံးကို မုန်းတီးနေသူတစ်ယောက် ဖြစ်နိုင်ပါသည်။

နောက်ပိုင်းတွင် သူ အကြီးအကျယ် နာမည်ကြီးသွားခဲ့ပါသည်။ နာမည်နှင့်အတူ ငွေက ထက်ကြပ်မကွာ လိုက်ပါလာသည်။ ဆင်ခြေဖုံး ဆင်းရဲသားရပ်ကွက်ကို စွန့်ကာ မြို့လည်ကောင် တိုက်ခန်းတစ်ခုသို့ သူ ပြောင်းရွှေ့သွားခဲ့သည်။

တစ်နှစ်ကျော် နှစ်နှစ်နီးပါးလောက် ကြာလိမ့်မည်။ သူနှင့် ကျွန်တော် လုံးဝ မတွေ့ဖြစ်။ စင်စစ် သူ မပြောင်းမီက ဘယ်နေရာသို့ ပြောင်းမည့်အကြောင်း ပြောသေးသည်။ ကျွန်တော် တိတိကျကျ မှတ်မထားလိုက်မိ။ သူကလည်း ကျွန်တော့်ထံ ရောက်မလာတော့။ နာမည်ကြီးပြီး ငွေကလည်း သိပ်ပေါနေတော့ သည်လူ စာရေးသည့်အလုပ်ရော ပွေသည့်ရှုပ်သည့်အလုပ်များနှင့်ပါ မအားမလပ်အောင် ရှိနေလိမ့်မည်ဟုပဲ ကျွန်တော် တွေးမိခဲ့သည်။

မမျှော်လင့်သော တစ်နေ့၊ ကားတစ်စီးနှင့် သူ ရောက်လာသည်။ ညဘက် ဆေးခန်း ပိတ်ခါနီး အချိန်။

"ဟာ ဟေ့လူ မတွေ့တာတောင် ကြာပြီ ဘယ်က လှည့်လာတာလဲ"

"ခင်ဗျားကို သတိရလွန်းလို့ တမင်တကာ လာတာဗျ၊ လမ်းကြုံဝင်လာတာ မဟုတ်ဘူး" စကားသံနှင့်အတူ အရက်နံ့က သင်းပျံ့လာသည်။

"ဘာကိစ္စတွေ အရေးကြီးလာလို့လဲ"

"ဘာမှ အရေးမကြီးဘူး ခင်ဗျားနဲ့ အေးအေးဆေးဆေး စကားမပြောရတာ ကြာလို့ တမင်လာတာ၊ လူနာ မရှိဘူး မဟုတ်လား၊ ဆေးခန်း ပိတ်တော့ဗျာ၊ တစ်နေရာ သွားရအောင်"

သူ့ကားထဲတွင် မဖွင့်ရသေးသော ဝီစကီပုလင်းတစ်လုံး ပါလာသည်။ သူနှင့် ကျွန်တော် စားသောက်ဆိုင်တစ်ခုသို့ ရောက်ကြသည်။

"ကဲ အမြည်း ကြိုက်တာမှာဗျာ ဒီပုလင်းကုန်ရင် ကျွန်တော့် အခန်းသွားမယ်၊ အိမ်မှာ အစုံရှိတယ်၊ ခင်ဗျား ကြိုက်သလောက်သောက်၊ ပြီးရင် အိပ်နေ၊ မနက်မှ ကျွန်တော် ပြန်ပို့မယ် ဖြစ်တယ် မဟုတ်လား" သူက အစီအစဉ် အစအဆုံး ဆွဲလိုက်သည်။

"ဖြစ်ပါတယ်၊ ဒါပေမဲ့ ဒီတစ်ပုလင်းလုံးတော့ ကုန်အောင် မသောက်ပါရစေနဲ့" ဝီစကီက ပုလင်းသေးဖြစ်သည်။ သို့သော် နှစ်ယောက်တည်း ကုန်အောင် သောက်ဖို့တော့ မလွယ်ဘူးထင်သည်။

"မပူပါနဲ့၊ ခင်ဗျား သောက်နိုင်သလောက်သာ သောက်ပါ၊ ကျွန်တော်က သူများကို အရက် အတင်းတိုက်ဖို့ ဝါသနာ မပါဘူး၊ ကိုယ့်ကိုကိုယ်ပဲ ဖိတိုက်တယ်"

သူက ပုလင်းကို ဖွင့်လိုက်ပြီး ကျွန်တော့် ဖန်ခွက်ထဲသို့ အရင် ရှဲ့ထည့်ပေးသည်။

"တော်ရင် ပြောနော်"

"တော်ပြီ"

ကျွန်တော်က လက်နှစ်လုံး မပြည့်တပြည့်ကို ရေခဲနှင့် ဆိုဒါ အပြည့်ရောလိုက်သည်။

"ခင်ဗျားဟာက အရက်မဟုတ်တော့ဘူး၊ ဆိုဒါ ဖြစ်သွားပြီ၊ ကျွန်တော်သာ အဲသလို သောက်ရရင် မျိုလို့လဲ ကျမှာမဟုတ်ဘူး၊ ပြီးတော့ အရက်မမူးခင် ဗိုက်ပြည့်ပြီး အကုန်လုံး အန်ထွက်မယ်"

ဖြစ်နိုင်လောက်သည်။ သူသောက်ပုံက ဖန်ခွက်ထဲ ဝီစကီနှစ်ပက်သာသာလောက် ထည့်သည်။ ရေခဲနှစ်တုံး ထည့်သည်။ ဂလောက်ဂလက်နှင့် တစ်ချက်နှစ်ချက် လှုပ်ပြီး ကောက်မော့သည်။ ခွက်ပြန်ချတော့ အရက်က လက်တစ်လုံးသာသာ။ နောက်ထပ် တစ်ချက်နှစ်ချက် လှုပ်ပြီး လက်ကျန်ကို မော့သောက်လိုက်သည်။

ကျွန်တော့်ခွက်က မလျော့သေး။

"ဟာ ခင်ဗျားဟာက မလွယ်ပါလား၊ ကားလဲ မောင်းရဦးမှာနော် ဖြည်းဖြည်းလုပ်ပါဗျ"

"မပူပါနဲ့၊ ဒီကထတဲ့အချိန် ကျွန်တော် ကားမမောင်းသင့်ဘူးလို့ ခင်ဗျား ဆုံးဖြတ်ရင် ကျွန်တော် စောဒက မတက်ဘူး။ တက္ကစီ ငှားပြီး ပြန်မယ်"

ကျွန်တော် ဘာမှ မတတ်နိုင်ပါ။

သူ့ခွက်ထဲ အရက်ထပ်ထည့်သည်။ စီးကရက် မီးညှိသည်။ သည့်နောက် စကားတွေ ပြောသည်။ အောင်မြင်ကျော်ကြားနေသည့် သူ့ဝတ္ထုများအကြောင်း။ သူ့ဝတ္ထုကို ရုပ်ရှင်ရိုက်ကူးနေသည့် ရုပ်ရှင်သမားများ အကြောင်း။ သူ့စာအုပ်များကို ထုတ်ဝေခွင့်ရရန် အလုအယက် ဆက်သွယ်စည်းရုံးနေကြသည့် ထုတ်ဝေသူများအကြောင်း။ ထို့နောက် မိန်းမများ။ ရန်ကုန်မြို့က မိန်းမများ၊ အနယ်နယ်အရပ်ရပ်က မိန်းမများ၊ ပျက်စီးသွားသည့် မိန်းမကောင်းများ၊ မကောင်းတကောင်း မိန်းမများ၊ ထို့နောက် မိန်းမပျက်များ။

"ဘယ်မိန်းမကိုမှ ကျွန်တော် တကယ်မချစ်ဘူး၊ ဒါပေမဲ့ ဘိန်းစွဲသလို စွဲနေတယ်" သူက ကြေညာသည်။

ဝီစကီနှင့် ရေခဲကို လှုပ်လိုက်ခတ်လိုက်၊ တစ်ကျိုက် မော့သောက်လိုက် စီးကရက်ကို တရှူးရှူးတရှဲရှဲ မြည်အောင် ရှိုက်ဖွာလိုက်။ ထို့နောက် ဖိုမ ဆက်ဆံရေးကိစ္စများ အကြောင်း။

လွန်ကဲပါသည်။ သည်ကိစ္စဘက်တွင် ရူးသွပ်နေသည်ဟု ဆိုရလောက်အောင် လွန်ကဲလွန်းပါသည်။

"ခင်ဗျား တစ်ရက်မှာ စီးကရက် ဘယ်နှစ်လိပ်လောက် သောက်သလဲ"

သူ့စကားကို ဖြတ်ပြီး ကျွန်တော် မေးလိုက်သည်။

"အကြမ်းဖျင်း နှစ်ဘူး၊ သုံးဘူး၊ တစ်ခါတစ်ရံ လေးဘူးလောက် ရှိမယ်"

"အရက်ရော"

"မမှန်ဘူး၊ တစ်လုံး တစ်လုံးခွဲ အများဆုံး နှစ်လုံး"

"နေ့ရော ညရော"

"အရက်သောက်တာ နေ့ညခွဲနေလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဒါဆိုရင်တော့ ခင်ဗျားဟာ ဖယောင်းတိုင် နှစ်ဘက်စလုံးက

မီးရှို့တယ်ဆိုတဲ့ လူမျိုးပဲ၊ ဒီနှုန်းအတိုင်း သွားရင် ခင်ဗျား သက်တမ်းရှည်မှာ မဟုတ်ဘူး"

ကျွန်တော်က အကြံပေးသည်။

"ဟုတ်တယ်၊ ကျွန်တော်လဲ သိတယ်၊ ဒါပေမဲ့ ကျွန်တော်က လူ့ဘဝကို ခဏရောက်တုန်း ကိုယ့်မှာ ပါလာတဲ့ လောင်စာအားလုံးကို သုံးသွားချင်တဲ့လူမျိုး၊ လောဘကြီးတဲ့ လူမျိုးဗျာ။ ကုန်အောင် သုံးပစ်မယ်၊ ဘာကိုမှ ချန်မထားခဲ့ဘူး၊ ပိုက်ဆံလဲ ဒီလိုပဲ၊ ကုန်သွားအောင် စင်သွားအောင် ဘာမှ မကျန်ရစ်အောင် ကျွန်တော် သုံးပစ်မယ်"

သူ့ကို ဆုံးမရန်စကား ကျွန်တော် ရှာမရတော့ပါ။ ကယ်တင်နိုင်သူလည်း ရှိမည်မထင်တော့ပါ။ ကားမောင်းသည့်အချိန် သူ သိပ်မူးမနေစေရန် အတွက်သာ ပုလင်းထဲက အရက်ကို ကျွန်တော့်ခွက်ထဲ များများ ထည့်သောက်ရတော့သည်။

ဆိုင်ကထွက်တော့ သူ အနေအထားမပျက်၊ ကျွန်တော်သာ ခြေလှမ်းမမှန်ဘဲ ရှိသည်။

သူ့အခန်းရောက်လျှင် တံခါးကို သော့နှင့် ဖွင့်ဝင်ရမည် ထင်ခဲ့သည်။ မဟုတ်ပါ။ သော့မထုတ်ပါ။ တံခါးခေါက်သည်။ ခဏကြာတော့ အတွင်းမှ တံခါးဖွင့်သံ ကြားရသည်။

အမျိုးသမီး ငယ်ငယ်တစ်ယောက်။ သူမက ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်ပြီး ဧည့်ခန်း ဆက်တီခုံမှာ သွားထိုင်သည်။ ကျွန်တော်က ကျော်စိုးခိုင်ကို လှမ်းကြည့်သည်။ သူက အမျိုးသမီးဘေးတွင် ဝင်ထိုင် ပွေ့ဖက်ရင်း၊ ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။

"ဒါ ကျွန်တော့် ရည်းစား၊ နာမည်လဲ ရည်းစားပဲ၊ ကျွန်တော့်ရဲ့ ရည်းစားပေါင်း မြောက်မြားစွာထဲက ကျွန်တော် အချစ်မြတ်နိုးဆုံးသော ရည်းစား အမျိုးသမီးက မျက်နှာ အမူအရာ လုံးဝ မပျက်။

"ဒီဆရာက ကိုယ့်ဆရာလဲ ဆရာ၊ သူငယ်ချင်းလဲ သူငယ်ချင်း၊ တစ်ဦးတည်းသော အရင်းနှီးဆုံး သူငယ်ချင်း"

အမျိုးသမီးက စိတ်မပါစွာ ပြုံး၍ နှုတ်ဆက်သည်။

သည်နောက် အခိုက်အတန့်အဖို့တော့ သူတို့ နှစ်ယောက်က သူတို့ရှေ့မှာ ကျွန်တော် မရှိသလိုပင်။

ထိုင်ကြည့်မနေနိုင်သဖြင့် နေရာမှထကာ စားပွဲပေါ်ရှိ ကက်ဆက်တွင်

အခွေတစ်ခွေ ထည့်ပြီး ခလုတ်နှိပ်လိုက်သည်။ သီချင်းသံ ကြားသည့်အခါ သူတို့ ကျွန်တော့်ကို သတိရသွားသည်။

"ရည်းစားရေ၊ ညွှေ့သည်ကို တစ်ယောက်တည်း ပစ်ထားလို့ ဘယ်ဖြစ်မလဲ၊ ဆောရီးကွာ၊ ခဏ ထဦး"

"ရပါတယ်ဗျာ၊ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ စိတ်တိုင်းကျနေကြပါ၊ ကျွန်တော် ရေချိုးမယ်ဗျာ၊ ပြီးရင် အိပ်မယ်၊ အဲဒါလေးပဲ စီစဉ်ပေး"

"ဘယ်ဟုတ်မလဲ၊ ဘယ်ဟုတ်မလဲ. ရည်းစားက သဘောကောင်းပါတယ်ဗျ၊ ခင်ဗျားနဲ့လဲ စကားပြောစရာတွေ ရှိသေးတယ်။ ရည်းစားရေ လုပ်ကွာ၊ ပုလင်းတစ်လုံး ထုတ် ဖန်ခွက်လေး ဘာလေးချ၊ မထူးတော့။ ကျွန်တော် သူ့ထက် များများနှင့် မြန်မြန် သောက်ကာ လောကကြီးကို မေ့ပစ်လိုက်ရသည်။

※

သည်နောက်ပိုင်း ကျော်စိုးခိုင်နှင့် ကျွန်တော် သေသေချာချာ မတွေ့ရပါ။ လှမ်းမြင် လှမ်းနှုတ်ဆက် လောက်ပဲ ဖြစ်သည်။ သို့သော် သူ့သတင်းတွေတော့ ကြားနေရသည်။ နာမည်ကြီးပေကိုး။

နောက်တော့ ကျွန်တော် နယ်မြို့တစ်မြို့ကို ရောက်သွားသည်။ အခြေချဖြစ်သည်။ ရန်ကုန်နှင့် အဆက်အသွယ် ပြတ်လပ်သဖြင့် ကျော်စိုးခိုင်၏ ပုဂ္ဂိုလ်ရေးသတင်းများ မကြားရ။ သို့သော် စာအုပ်အငှားဆိုင်များသို့ မကြာခဏ ရောက်သဖြင့် စာပေနယ်မှာ သူ ဘယ်အခြေအနေ ရှိနေသည်ကိုကား အကြမ်းဖျင်း သိနေခဲ့သည်။

ကျော်စိုးခိုင် မှေးမှိန်ကျဆင်းလာပြီ။

ကျော်စိုးခိုင် ခေတ်ကုန်သွားပြီ။

ကျော်စိုးခိုင် ဝတ္ထု လုံးဝ မထွက်တော့။

သူ ဘယ်လို နေလေသလဲ။ မကြာခဏ ကျွန်တော် တွေးတောစိုးရိမ်မိခဲ့သည်။ ကျော်ကြားသော အနုပညာရှင်များစွာပင် ဇာတ်သိမ်းမကောင်းခဲ့ကြ။ သူကော ဘယ်လိုလဲ။

"အနုပညာဆိုတာ တစ်နေ့မှာ ကျဆင်းရမှာ ဓမ္မတာပဲ၊ စ ကျပြီ ဆိုတဲ့နေ့မှာ ကျွန်တော့် ရှေ့ရေးအတွက် စီစဉ်မယ် ခုတော့ ပျော်ပျော် နေပါရစေဦး နံပါတ် (၁) အဆင့်ကနေ အောက်ဆုံးတန်း အထိတော့ ရုတ်တရက်ကြီး ထိုးမကျပါဘူး။ ၂၊ ၃၊ ၄ တဖြည်းဖြည်း သွားမယ် (၂) ဖြစ်သွားပြီဆိုရင် ကျွန်တော် သတိထားပြီ" ဟုတုန်းက

ကျော်စိုးခိုင် ပြောခဲ့ဖူးသည့်စကား။

နံပါတ် (၂) ဖြစ်သည့်အချိန်က သူ၏ စကားကို သတိရမရ ကျွန်တော် သိချင်နေခဲ့မိသည်။

※

နှစ်အတန်ကြာခဲ့သည်။

ရန်ကုန် ခဏရောက်တုန်း စိတ်ရောဂါဆေးရုံရှိ သူငယ်ချင်း ဆရာဝန်တစ်ဦးထံ ကျွန်တော် အလည်သွားမိသည်။ စကားစမြည်ပြောကြရင်း သူငယ်ချင်းက ရုတ်တရက် သတိရဟန်ဖြင့် ဆိုသည်။

"ဟော့ ... မင်း အပေါင်းအသင်း စာရေးဆရာ ကျော်စိုးခိုင်လဲ တို့ဆေးရုံ ရောက်နေတယ်၊ တော်တော်တောင် ကြာနေပြီကွ၊ ဆေးရုံတင်တုန်းက နီးစပ်ရာလူတွေ တင်သွားကြတယ်၊ အခုတော့ ဘယ်သူမှတောင် လာမမေးကြတော့ဘူး၊ တို့တော့ တတ်နိုင်သလောက် ဂရုစိုက်ပါတယ်။ သူ့ကို သံယောဇဉ်ရှိတဲ့လူတွေလဲ ဆေးရုံမှာ အများသား"

တစ်နေ့သောအခါ ကျော်စိုးခိုင်နှင့် ပတ်သက်သည့် သတင်းဆိုး တစ်ခုခုတော့ မုချ ကြားရလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ထားပြီးဖြစ်၏။ သို့သော် တကယ် လက်တွေ့ ကြုံရသည့်အခါ ကျွန်တော် တကယ်ပင် တုန်လှုပ်သွားသည်။

သူ့ကို သွားတွေ့ရမှာ ကျွန်တော် ဝန်လေးနေသည်။ သူနှင့် ကျွန်တော် ဘယ်လို ရင်ဆိုင်ကြမည်လဲ။ ဘာစကားတွေ ပြောကြမည်လဲ။ အပြန်အလှန် နားလည်သည့် စကားမျိုးကော ပြောလို့ ရနိုင်ဦးမည်လား။ သို့သော် သည်နေရာရောက်ပြီး သူ ရှိနေမှန်း သိလျက်နှင့် မတွေ့ဘဲ ပြန်သွားဖို့က မဖြစ်နိုင်။

သူ နေရသည့်အဆောင်က မလှမ်းမကမ်းမှာ ရှိနေသည်။

သူငယ်ချင်းကို အခန်းကျဉ်းကလေးထဲမှာ ကျော်စိုးခိုင် တစ်ယောက်တည်း ထိုင်နေသည်။ အရက်တစ်ပုလင်းသောက်၍ မမူးသည့် တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်ကို မမြင်ရ။ သားရေဂျာကင်၊ ရေးဘင်မျက်မှန်နှင့် ငါးသုံးလုံးစီးကရက်ဘူး မတွေ့ရ။ စိတ်ကစဉ့်ကလျား ဖြစ်နေသည့် လမ်းဘေးက ညစ်ထေးစုတ်ချာသော ဆင်းရဲသား အရက်သမားအို တစ်ယောက်သာ။

သံတိုင်ရှေ့မှာ ကျွန်တော် ရပ်နေသည်။ အတန်ကြာမှ သူ မော့်ကြည့်သည်။ သူ့မျက်နှာက ပြုံးလျက်။ လူက ညှိုးလျော်ခြောက်ခန်းနေသော်လည်း မျက်လုံးများက တောက်ပဆဲ။ သူ့လက်မှ ပစ္စည်းများကို မြှောက်ပြပြီး ရှုးသွပ်သော

အပြုံးနှင့် ကြည့်နေသည်။ သူ ကျွန်တော့်ကို မမှတ်မိပါ။

"ကိုကျော်စိုးခိုင်၊ ကျွန်တော့် မှတ်မိလား"

သူ ဇဝေဇဝါနှင့် ကြည့်သည်။ ထို့နောက် ပို၍ ပြုံးလာသည်။

"မှတ်မိတာပေါ့ဗျာ၊ ခင်ဗျား ကျုပ်ရဲ့ အနုပညာပရိသတ် တစ်ယောက်ပဲ များစွာသော ကျုပ် ပရိသတ်တွေထဲက ကျုပ် အနုပညာကို နားအလည်ဆုံး ပရိသတ်တစ်ယောက်ပဲ၊ ဟောဒီမှာ ကျုပ်ရဲ့ နောက်ဆုံးလက်ရာတွေ ခင်ဗျား ကြည့်သွား၊ ပေးတော့ မပေးနိုင်ဘူး၊ ကျုပ်ရည်းစားတွေကို တစ်ယောက်တစ်ခုစီ ပေးရမယ်"

သူ့လက်ထဲမှာနှင့် သူ့နံဘေးမှာ လူပုံမပီသသည့် ဖယောင်းရုပ်ကလေးများ ရှိနေသည်။

"တစ်နေ့ကျရင် ကျုပ်လက်ရာတွေကို သီးသန့် ပြတိုက်ကြီးဆောက်ပြီး ပြသကြလိမ့်မယ် နိုင်ငံခြားသားတွေက လေလံပွဲမှာ ဒေါ်လာ သန်းချီပေးပြီး ဝယ်ကြလိမ့်မယ်၊ ကျုပ်ရည်းစားတွေ ဘိုင်ပြတ်ရင် ဒါတွေ ရောင်းစားကြ၊ လေလံပစ်ကြ"

ဘာပဲပြောပြော သူ ပျော်နေနိုင်သေးသည်ဟု ကျွန်တော် ထင်မိခဲ့ပါသည်။

※※※

အဆိပ်

(၁)

ကိုဇော်အောင် လူရုပ်တစ်ယောက် မဟုတ်ပါ။ လူရိုးလူအေးတစ်ယောက်ဟု မဆိုလျှင်ပင် သူ့အား သူလိုငါလို မှန်တမ်းလူတစ်ယောက်ဟု ဆိုရလိမ့်မည် ထင်သည်။ စင်စစ် သူ့မိတ်ဆွေများထဲတွင် ရောက်လေရာ အိမ်ထောင်ကျတတ်သူတွေ အတော်များသည်။ တစ်ရွာတစ်ကျီ မဆောက်တောင် အနည်းနှင့်အများ ရှုပ်တတ်ကြသူတွေ၊ တမင်တကာ လိုက်မရှုပ်ဘူးဆိုလျှင်ပင် ကြုံလာသည့်အခါမှာတော့ သိပ်မရှောင်ချင်သူတွေ များသည်။ သည်လူတွေနှင့်စာလျှင်တော့ ကိုဇော်အောင်က ထိန်းသိမ်းသူ တစ်ယောက် ဖြစ်သည်ဟု ဆိုရလိမ့်မည်။

သူသည် ပညာအတတ်ကြီးထဲက မဟုတ်သော်လည်း ပညာတတ်တစ်ယောက်ဟုတော့ ဆိုနိုင်သည်။ မိဘတွေက အချမ်းသာကြီး မဟုတ်သော်လည်း အတော် ပြည့်စုံသူများတော့ ဟုတ်သည်။ ပြီး သူကိုယ်တိုင်လည်း အရာရှိကြီးမဟုတ်တောင် မြို့နယ်အဆင့်ရာထူး ရှိသူတော့ ဖြစ်သည်။

သူက တကယ်ပင် မှန်တမ်းသမားတစ်ယောက် ဖြစ်သည်။

အပေါင်းအသင်း အထိုက်အလျောက် ရှိသည်။ အရက်သေစာ ရံဖန်ရံခါ သောက်တတ်သည်။ စီးကရက်ကို အမျိုးအစား သိပ်ကြေးမများဘဲ နည်းနည်းပါးပါး သောက်သည်။ ထို့ပြင် စွဲစွဲလမ်းလမ်း လိုက်စားသော ဝါသနာအလုပ်ဟူ၍လည်း မည်မည်ရရမရှိ။ စာဖတ်ရန် အတန်အသင့် ဝါသနာပါသည်ဟု ပြောလျှင်တော့ရသည်။ မြန်မာဝတ္ထု၊ မြန်မာစာနယ်ဇင်းများ ဖတ်တတ်သည်။ အင်္ဂလိပ်ဝတ္ထု၊ အင်္ဂလိပ် စာနယ်ဇင်းများလည်း ဖတ်လေ့ရှိသည်။ သို့သော် ဒါလည်း တကယ် ဝါသနာပါတာထက် အားအားယားယား ရှိလွန်း၍ ဖတ်ဖြစ်နေခြင်းလည်း ဖြစ်နိုင်သည်။

စင်စစ် ကိုဇော်အောင်တို့ အလုပ်က အအားကြီးမဟုတ်။ သူလိုငါလို ရုံးဌာနဝန်ထမ်းများလောက်တော့ လုပ်ရသည်ပဲ ဖြစ်သည်။

သို့သော် သူတို့က တစ်နေရာမှာ အလွန်ဆုံး တစ်နှစ်လောက်၊ တစ်နှစ်ခွဲလောက်နေပြီး ပြောင်းရွှေ့ရတတ်သည်ဖြစ်ရာ သူတို့တွေ၌ မိသားစု ပါလေ့မရှိကြ အနည်းဆုံး အလည်သဘောလောက် လိုက်လာတတ်ကြခြင်းမျိုးသာ

ရှိသည်။ ထို့ကြောင့် လွတ်လပ်ကြသည်။

ကိုဇော်အောင်တို့လို လူပျိုလူလွတ်များ အဖို့တော့ ပို၍ပင် လွတ်လပ်ပေသေးသည်။ ဒေသခံ မိတ်ဆွေသင်္ဂဟ နည်းပါးသည်ဖြစ်ရာ သူတို့မှာ သာရေးနာရေး လူမှုရေးကိစ္စ သိပ်မများ။ ထို့ကြောင့် သူများတကာထက် အားလပ်ချိန်တွေ ပေါပေါများများ ရှိသလို ဖြစ်နေတတ်သည်။ ထို့ပြင် ကိုဇော်အောင်တို့ ရွှေ့ပြောင်းသွားလာနေရသည့် မြို့များကလည်း များသောအားဖြင့် နယ်စွန်နယ်ဖျား၊ မြို့လတ်မြို့ငယ်များ ဖြစ်ရာ တစ်ခါတစ်ရံ စိတ်ဝင်စားစရာလေးများ ရှိတတ်သော်လည်း များသောအားဖြင့်ကား တစ်နေ့တစ်နေ့ ဘာမှ မထူးခြားသည့် ပျင်းရိငြီးငွေ့စရာ နေရာများ ဖြစ်နေတတ်ကြသည်။

ထို့ကြောင့်လည်း ကိုဇော်အောင်နှင့် လုပ်ဖော်ကိုင်ဖက် အချို့မိတ်ဆွေများမှာ ရောက်ရာအရပ်တွင် အနည်းနှင့်အများ ပျော်စရာ ရှာတတ်ကြခြင်းဖြစ်သည်။

ပျော်စရာ ဟူသည်ကား ထုံးစံအတိုင်း အရက်သောက်ခြင်း၊ အပျင်းပြေအဆင့်မှသည် စီးပွားရေးအဆင့်ထိဖဲကစားကြခြင်းနှင့် ယာယီ ချစ်မှုရေးရာများ ရှာဖွေကြခြင်း ဖြစ်သည်။

ကိုဇော်အောင့် မိတ်ဆွေ ဦးဇေယျာကြီး တစ်ယောက်ဆိုလျှင် 'ရှင်းတတ်ရင် ရှုပ်လို့ရတယ်” ဟူသော ဆောင်ပုဒ်ကို ကြွေးကြော်ကာ ရောက်ရာအရပ်၌ တကယ်ပင် ရှုပ်လေ့ရှိသည်။ တကယ်လက်တွေ့ သူ ဘယ်လောက် ရှင်းတတ်သည်တော့ မသိ၊ ဘယ်နေရာ ရောက်ရောက် သူ့နောက်က ပြဿနာတွေ တန်းလန်းတန်းလန်း လိုက်နေတတ်တာတော့ ကိုဇော်အောင်တို့ အားလုံး အသိ ဖြစ်၏။

ကိုဇော်အောင်ကတော့ ရှင်းလည်း မရှင်းတတ် ရှုပ်လည်း မရှုပ်တတ်ဆိုတော့ ခပ်သာသာပဲ နေလေ့ရှိခဲ့သည်။ အမှန်တော့ ရှုပ်မည်ဆိုလျှင်ပင် ဘယ်ကစရှုပ်ရမှန်း သူ သိလှသည်မဟုတ်ပေ။

※

သို့သော် ပြဿနာဆိုသည်က ရှုပ်ဖို့ ရည်ရွယ်ချက် မရှိသူထံသို့လည်း ရောက်ချင် ရောက်လာတတ်သည်။

ထိုအချိန်က ကိုဇော်အောင် အသက် ၃၅ နှစ်ခန့်။ နေရာက နယ်စပ်မြို့ကလေးတစ်မြို့။

ဝင်ငွေကောင်းသည် ထင်ရသည့် အရာရှိငယ်တစ်ဦးလည်းဖြစ်၊ ရုပ်ရည်ကလည်း အတန်အသင့် အသက်အရွယ်ကလည်း သိပ်မကြီးသေး၊ အနေအထိုင်ကလည်း တည်တည်ငြိမ်ငြိမ် ရှိသူဖြစ်ရာ သူ့အား စိတ်ကူးယဉ်မိကြသည့် အမျိုးသမီးတွေ အတော်အသင့် ရှိခဲ့သည်။

သို့သော် မိန်းမများအပေါ် ကိုဇော်အောင် စိတ်ဝင်စားမှုနည်းသလား မဆိုနိုင်။ အတည်တကျ အတွက်လည်း သူ စိတ်မကူး၊ ယာယီအတွက်လည်း သူ မကြံစည်၊ မှန်တမ်းသာပင် သူ နေခဲ့သည်။

မကြံစည်သော်လည်း ဖြစ်စရာရှိသည့်ကိစ္စကတော့ သူ့အလိုလျောက် ဖြစ်လာခဲ့သည်။

ကံကြမ္မာက သူ့အား သူမနှင့် စတင်ဆုံတွေ့ပေးခဲ့သော နေရာမှာ စာအုပ်အငှားဆိုင်တစ်ဆိုင် ဖြစ်သည်။

"အတော်ပဲ၊ ဟောဟိုမှာ လာနေပြီ" သူ စာအုပ်ဆိုင်နားအရောက်တွင် ဆိုင်ရှင်က ပြောလိုက်သည်။ လှမ်းကြည့်လိုက်တော့ ဆိုင်ရှေ့မှာ အမျိုးသမီးလေးတစ်ယောက်။ အမျိုးသမီးလေးက သူ့ကို ကြည့်နေသည်။ "ငါနဲ့ ဘာကိစ္စ ရှိပါလိမ့်' ဟု အံ့သြစွာ တွေးလိုက်မိပြီးမှ ဘာကိစ္စဆိုတာ ချက်ချင်း ရိပ်မိလိုက်သည်။

အမျိုးသမီးလေး စိတ်ဝင်စားသည်က ကိုဇော်အောင် မနေ့က ငှားသွားသော မဂ္ဂဇင်း ဖြစ်သည်။ မဂ္ဂဇင်းရပြီးသောအခါ သူမက ဆိုင်ရှင်ကို နှုတ်ဆက်ကာ ဆိုင်ရှေ့မှာ ရပ်ထားသည့် စက်ဘီးကလေးကို ခပ်သွက်သွက်နင်း၍ ထွက်သွားသည်။ ဆိုင်ထဲမှ မထွက်မီ ကိုဇော်အောင်ကိုတော့ တစ်ချက် ကြည့်သွားသည်။ သို့သော် ထိုအကြည့်မှာ အဓိပ္ပာယ် အထူးတလည် မပါ။

ကိုဇော်အောင်လည်း သူ့ကို အမှတ်တမဲ့ လိုက်ကြည့်မိသည်။

မိန်းကလေးက သွက်လက်သည်။ အဝတ် အဆင်အပြင် သာမန်မျှ ဖြစ်သည်။ မြို့ထဲမှ အလယ်အလတ်တန်းစား မိဘ၏ သားသမီးဖြစ်နိုင်သည်။ အသက်နှစ်ဆယ် သို့မဟုတ် သာသာခန့်ရှိမည်။ ရုပ်ရည်ကတော့ မဆိုး။ မျက်နှာပေးကလေးက ဆွဲဆောင်မှုရှိသည် ခေါ်မလား၊ ဒါမှမဟုတ် စိတ်ဝင်စားစရာဟု ဆိုရမည်လား။

သို့သော် ဒါလောက်ပဲ ဖြစ်သည်။ ကိုဇော်အောင် သည့်ထက်ပို၍ စိတ်မဝင်စားပါ။ မိန်းကလေးတွေ့ တိုင်း စိတ်ဝင်စားတတ်သည့် အလေ့အထလည်း သူ့မှာ မရှိပါ။

နောက်နှစ်ရက် သုံးရက်လောက်မှာပဲ စာအုပ်ဆိုင်မှာ တစ်ခါ ဆုံမိကြပြန် ဆုံမိကြပြန်တော့ ကိုဇော်အောင်ရော အမျိုးသမီးလေးပါ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် နှုတ်ဆက်မိကြသည်။ သို့သော် ပြုံးပြဖြစ်ကြရုံသာ ဖြစ်သည်။ တခြားဘာမှ မပြောဖြစ်ကြ။ စကားပြောစရာလည်း အကြောင်းမရှိကြ။

နောက်တစ်ကြိမ် ဆုံမိသောအခါ၌မူ မိန်းကလေးက စ၍ စကားပြောသည်။ စာအုပ်အကြောင်းပင် ဖြစ်သည်။ ကိုဇော်အောင့် လက်ထဲတွင် ပြီးခဲ့သည့် လအနည်းငယ်အတွင်းက ထုတ်ဝေသည့် ရိဒါးစ်ဒိုင်ဂျက်စ် မဂ္ဂဇင်း နှစ်အုပ် ကိုင်ထားသည်။ နေ့လယ်က ဆိုက်သည့် လေယာဉ်တွင် ကါလာသည့် သူ့ သူငယ်ချင်း လေယာဉ်အမှုထမ်းတစ်ယောက် ပေးသွားခြင်း ဖြစ်သည်။

“ဦး .. ဦး စာအုပ် တစ်ဆိတ်လောက် ကြည့်ပါရစေ"

“ဪ .. ကြည့်ပါ ခင်ဗျာ” ကိုဇော်အောင် စာအုပ်များကို ကမ်းပေးလိုက်သည်။

သူမက စာအုပ်နှစ်အုပ်ကို လှျောက်လှန်ကြည့်နေသည်။

“ဟ .. ညည်းက ဖတ်တတ်လို့လား” ဆိုင်ရှင်က မေးသည်။

“ဦးကျော်ဦးကြီးကလဲ ဖတ်ကြည့်ရရင် ဘယ့်နှယ်နေမလဲလို့ ကြည့်နေတာ၊ မြန်မာစာအုပ်တွေ ဖတ်တာ အီလာပြီဆိုတော့ အင်္ဂလိပ်စာအုပ် ပြောင်းဖတ်ကြည့်ရရင် ကောင်းမလားလို့ စဉ်းစားနေတာ”

“တကယ် ဖတ်ကြည့်တော့ ညည်း လန်သွားမှာပေါ့”

“အံမယ်၊ ဒီလို မပြောပါနဲ့၊ ဒီမှာ ဦး" သူမက ကိုဇော်အောင့် ဘက်သို့ လှည့်၍ပြောသည်။ “ဒီစာအုပ်တွေ ဦး ဖတ်ပြီးရင် သိင်္ဂီကို ငှားပါလား၊ စာအုပ် မပျောက်ဖို့၊ မစုတ်ပြဲဖို့ တာဝန်ယူပါတယ်၊ နိုင်ငံခြားမဂ္ဂဇင်း ဖတ်ဖူးအောင် ဖတ်ကြည့်ချင်လို့ပါ”

ကိုဇော်အောင် သူ့ကို ကြည့်နေမိသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ အမျိုးသမီးလေး ကြည့်ရသည်မှာ ရဲတင်းသည် ခေါ်မလား၊ ပွင့်ပွင့်လင်းလင်း ရှိသည် ခေါ်မလား၊ ဒါမှမဟုတ် သေသေချာချာ မသိကျွမ်းသူများနှင့် ဆက်ဆံရာမှာ တွန့်ခြင်း ရွံ့ခြင်း မရှိတတ်သူ ခေါ်မလား။ သို့သော် ရိုးရိုးသားသား မှန်မှန်ကန်ကန် ပြောတတ်လုပ်တတ်သူ ဖြစ်လိမ့်မည် ဟူ၍တော့ ထင်လိုက်မိသည်။

ကိုဇော်အောင် ခပ်ကြောင်ကြောင် ဖြစ်နေတော့ အမျိုးသမီးလေးက ပြောသည်။

"ဦးမှာ အခက်အခဲ ရှိလို့လား၊ မငှားနိုင်ရင်လဲ ရပါတယ်၊ အားမနာပါနဲ့၊ သိင်္ဂီကို ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ စာအုပ်မြင်ရင် မနေနိုင်လို့ ပြောလိုက်မိတာ"

"ဟာ ... မဟုတ်ပါဘူး၊ အခက်အခဲ မရှိပါဘူး၊ ဖတ်ချင်ရင် ငှားနိုင်ပါတယ်၊ ဒါ ဒီနေ့မှ လေယာဉ်က ကျွန်တော့်မိတ်ဆွေ တစ်ယောက်က ပေးလိုက်တာ ကြိုက်တဲ့တစ်အုပ် ယူထားလိုက်ပါ။ အေးအေးဆေးဆေး ဖတ်ပါ"

သည်လိုဖြင့်ပင် သိင်္ဂီ ခေါ် သိင်္ဂီမျိုးနှင့် ကိုဇော်အောင်တို့ စတင် ပတ်သက်ခဲ့ရလေသည်။

သိင်္ဂီ ရိဒါးစ်ဒိုင်ဂျက်စ်ကို သေသေချာချာ ဖတ်၍မရပါ။ တစ်ပတ်လောက်အကြာမှာ စာအုပ်. ပြန်လာပေးသည်။ စာအုပ်အငှားဆိုင်မှာ မဟုတ်။ ကိုဇော်အောင့်အိမ်သို့ လာပေးခြင်းဖြစ်သည်။ ကိုဇော်အောင့် နေအိမ်က အစိုးရအရာရှိများ နေသည့် သီးသန့်ရပ်ကွက်ကလေးမှာ ဖြစ်သည်။ ထင်းရှူးပင်များ လှပစွာ ပေါက်နေသည့် တောင်ကုန်း၊ တောင်စောင်းများ၊ တောင်ခြေမြေပြန့်ကလေးများမှာ အိမ်လှလှကလေးတွေ ဆောက်ထားသည်။ ကွေ့ဝိုက်သွားနေသည့် ကတ္တရာလမ်းကလေးကလည်း လှသည်။

အိမ်ရှေ့သို့ စက်ဘီးကလေးနှင့် ရောက်လာသည့် ကောင်မလေးကို ကြည့်ကာ ကိုဇော်အောင် ရင်ခုန်သွားသည်။ အိမ်မှာ သူတစ်ယောက်တည်း ရှိနေသည်။ တကယ်မှာလည်း အိမ်က သူတစ်ဦးတည်း နေသည့်အိမ်။ တစ်ခါတစ်ရံ ရုံးမှ တပည့်တစ်ယောက် လာအိပ်တတ်၊ ဝေယျာဝစ္စ လုပ်ကိုင်ပေးတတ်တာက လွဲလျှင် အိမ်မှာ သူတစ်ဦးတည်းပဲ ရှိနေတတ်သည်။

လမ်းက တစ်စုံတစ်ယောက် ဖြတ်သွားရင်း မြင်သွားလျှင်တော့ သူ့ကို မယုံသင်္ကာ ဖြစ်ကြတော့မည်။ သို့သော် သူ့ဘာသာ ရောက်လာတာတော့ ဘာတတ်နိုင်မည်လဲ။

အိမ်ပေါ်တက်ဖို့ ဖိတ်ခေါ်ရသည်။

မိန်းကလေးက အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် အမူအရာနှင့်ပင် သူ့ညွှန်ခန်းမှာ ထိုင်သည်။ စာအုပ် ပြန်ပေးသည်။ "ဖတ်လို့ မရပါဘူး၊ သိင်္ဂီတို့နဲ့ အလှမ်းဝေးလွန်းပါတယ် သိင်္ဂီက ဆယ်တန်းအောင် ပြီးခါစက ဆရာတစ်ယောက်ပေးလို့ ခပ်လွယ်လွယ် အင်္ဂလိပ်စာနဲ့ ရေးထားတဲ့ နိုင်ငံခြားဝတ္ထုလေး တစ်ပုဒ် နှစ်ပုဒ် ဖတ်ဖူးတာနဲ့ ကိုယ့်ကိုကိုယ် အထင်ကြီးနေတာ၊

ဒီစာအုပ်ကတော့ အများကြီး ခက်ပါတယ်” ဟု ပွင့်ပွင့်လင်းလင်း ဆိုသည်။

ထို့နောက် ပြတင်းပေါက်၌ရပ်ကာ လှပသော ရှုခင်းကို ချီးမွမ်းသည်။ “ဦး တစ်ယောက်တည်း နေရတာ ပျင်းမှာပဲနော်” ဟု ဆိုသည်။ “ရန်ကုန်မှာ မိန်းမရှိလား” ဟု မေးသည်။

ကိုဇော်အောင် ရုတ်တရက် ဘယ်လို ဖြေရမှန်းမသိ ထူထူပူပူ ဖြစ်သွားသည်။ ထို့နောက်မှ “မရှိပါဘူးဗျာ' ဟု ဖြေလိုက်ရသည်။

“အရာရှိဖြစ်နေပြီး မိန်းမ မရှိဘူးဆိုတော့ ဘယ်တင့်တယ်ပါ့မလဲ၊ ဘာလို့ လူပျိုကြီး လုပ်နေတာလဲ၊ သိင်္ဂီ အစ်ကိုသာဆိုရင် ဒီအတိုင်း မထားဘူး၊ တစ်ယောက်ယောက်ရှာ ပေးစားပစ်မှာ” သူက စိတ်ပါလက်ပါ ပြောနေရာက ရုတ်တရက် သတိရဟန်ဖြင့်...

“အားနာစရာကြီး ဖြစ်သွားပြီလား မသိဘူး၊ သိင်္ဂီက ခင်တဲ့လူဆိုရင် ဒီလိုပဲ ရင်းရင်းနှီးနှီး ပြောတတ်လို့ပါ စိတ်မရှိနဲ့နော်” ဟု ဆိုသည်။

ထို့နောက် ကိုဇော်အောင့်ထံမှ ဘာစာအုပ်တွေ ရှိသေးလဲ မေးမြန်းကာ ခေတ်ဟောင်းမြန်မာဝတ္ထု တစ်အုပ် ငှားပြီး ပြန်သွားသည်။

※

သည်နောက်တော့ ကိုဇော်အောင့်အိမ်သို့ သိင်္ဂီ မကြာခဏဆိုသလို ရောက် ရောက်လာလေသည်။ နှစ်ရက် သုံးရက်တစ်ခါ ရောက်သည်။ တစ်ခါတစ်ရံလည်း နေ့စဉ်ရက်ဆက်ဆိုသလို ရောက်သည်။

စက်ဘီးကလေးနှင့် တစ်ယောက်တည်း လာခြင်းဖြစ်သည်။ စာအုပ်ငှားချင် ငှားသွားမည်။ သူ ရှာလာသည့် စာအုပ်ကို ဖတ်ဖို့ ပေးချင်ပေးမည်။ ထို့နောက် စာအုပ်အကြောင်း ပြောမည်။ မြို့ထဲက အကြောင်း ပြောမည်။ သူ့အကြောင်း၊ သူ့မိသားစုအကြောင်းတွေ ပြောချင်ပြောမည်။

သူက သည်မြို့ကလေးနှင့် မိုင်သုံးဆယ်လောက်ဝေးသည့် ကျေးရွာတစ်ခုမှ ဖြစ်သည်။ မိဘများမှာ တောင်ယာလုပ်ငန်း၊ သစ်လုပ်ငန်း လုပ်ကြသည့် အလယ်အလတ်တန်း တောင်သူများ ဖြစ်သည်။ ရွာမှာ ကုန်စုံဆိုင်ကလေးလည်း ဖွင့်ထားသည်။ သူက ရွာမှမနေဘဲ မြို့က အဒေါ် တစ်ဝမ်းကွဲအိမ်မှာ နေသည်။ အဒေါ်က သားသမီးမရှိသဖြင့် သူ့ကို သမီးအရင်းလို ချစ်သည်။ အလိုလိုက်သည်။ သူက ဈေးထဲက အဒေါ့်ဆိုင်မှာ ဈေးကူရောင်းသည်။ ရွာကို ကုန်ဝယ်ပို့သည့် အလုပ်ကို တာဝန်ယူသည်။ ပြီးလျှင် ကျန်သည့်အပိုင်းကတော့ သူ့သဘော၊ သူ့ဘာသာသူ လွတ်လွတ်လပ်လပ် နေထိုင်သည်၊ စသဖြင့် သူ၏ အနေအထားကို

ကိုဇော်အောင် သိရှိရသည်။

ကောင်မလေးက လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးဆိုတော့ ကိုဇော်အောင်လည်း အေးအေးဆေးဆေး ဖြစ်လာသည်။ သည်ကောင်မလေးနှင့် စကားပြောရတာ အပျင်းပြေသည်ဟု ယူဆလာသည်။ ညနေပိုင်းရောက်လျှင် သူ့ကို မျှော်တတ်လာသည်။

ပြီးတော့ သူ စကားပြောပုံလေး၊ ချွန်ချွန်သွယ်သွယ် မေးကလေးနှင့် အခြယ်အသ မများသည့် သူ့မျက်နှာလေးက စိတ်ဝင်စားစရာ ဖြစ်လာသည်။ အိမ်ထဲမှာ စကားပြောရုံသာမက ထင်းရှူးတန်းနှင့် ကတ္တရာလမ်းကလေးများ တစ်လျှောက် စကားတပြောပြောနှင့် လမ်းလျှောက်ဖြစ်လာသည်။

သို့သော် ဖြစ်စဉ်က သိပ်မြန်မြန်ကြီးမဟုတ် ဟူ၍တော့ ဆိုရလိမ့်မည်ထင်သည်။ ကိုဇော်အောင် နှင့် မနီးမဝေးရှိ အိမ်ခြံဝန်းများတွင် နေထိုင်ကြသည့် အရာရှိမိသားစုများက လူပျိုကြီး ကိုဇော်အောင်တစ်ယောက် စျေးထဲက ကောင်မလေးနှင့် ငြိနေပြီဟု အခိုင်အမာ ပြောဆိုကြပြီး အတော်ကြီးကြာသည့် တစ်နေ့တွင် သိင်္ဂီပါးကလေးကို ကိုဇော်အောင် အမှတ်တမဲ့ နမ်းမိလေသည်။ သူ့အနီးရပ်ကာ သူ့အား စိတ်ပါလက်ပါ စကားပြောနေသော မျက်နှာလေးကို အနီးကပ်ကြည့်ရင်း ကိုဇော်အောင် ရုတ်တရက် မထိန်းနိုင်ဖြစ်သွားရခြင်း ဖြစ်သည်။

သို့သော် အချစ်ဆိုသော အကြောင်းကို မည်သို့မည်ပုံမသိ ကိုဇော်အောင် ပြောဖြစ်သွားသည်။ နမ်းတုန်းက နမ်းလိုက်မိသော်လည်း သူ့ကိုယ်သူ ဘာမှန်းမသိခဲ့သလို သိင်္ဂီမျိုးကို ချစ်သည်ဟု ပြောလိုက်မိသည့် အချိန်မှာလည်း သူ့စိတ်ထဲက တကယ်ချစ်လိုက်မိသလား သို့မဟုတ် ဘယ်လို အနေအထား မျိုးလည်း သူ မသေချာ။

သူ့ထံမှ နမ်းရှုပ်ခြင်း၊ ချစ်စကားပြောခြင်း ခံလိုက်ရစဉ်က သိင်္ဂီအမူအရာ ဘယ်သို့ရှိသည်၊ သိင်္ဂီ ဘယ်သို့ တုံ့ပြန်သည်ကိုလည်း ကိုဇော်အောင် ကောင်းစွာမမှတ်ထားမိ။ ထိုအချိန်က သူ ထူပူနေသည် ဆိုမလား၊ တစ်စုံတစ်ရာက သူ့ကို ချုပ်ကိုင်ထားသည် ခေါ်မလား သူ မပြောတတ်။

※

နောက်နေ့တွင် သိင်္ဂီမျိုး ခါတိုင်းလိုပဲ ရောက်ရှိလာသည်။ ထို့နောက်လည်း နေ့စဉ်ပင် ဆက်၍ လာသည်။

ယခင်ကနှင့် ကွာခြားသည့်အချက်က သိင်္ဂီမျိုး သူ့ကို ယခင်ကထက်

သိသိသာသာ ပို၍ရင်းနှီးပိုင်နိုင်စွာ ဆက်ဆံလာခြင်း ဖြစ်သည်။ နဂိုကတည်းက ရဲရဲတင်းတင်း အထဲဝင်ပြင်ထွက် လုပ်နေခဲ့သော နေအိမ်မှာ ယခုတော့ သူ့အိမ် ဖြစ်လာသည်။ ကိုဇော်အောင့် ဝေယျာဝစ္စတွေ သူ စီမံခန့်ခွဲလာသည်။ အိမ်ကို ညနေပိုင်းသာမက မနက်ပိုင်းလည်း ရောက်ချင်ရောက်လာသည်။ တစ်ခါတစ်ရံ တစ်နေ့လုံးလည်း နေချင်နေသည်။ ကိုဇော်အောင် အလုပ်သွားစရာရှိ၍ သွားရလျှင်ပင် အိမ်မှာ သူတစ်ယောက်တည်း ကျန်ရစ်တတ်သည်။

ချစ်သည်ဆိုသော စကားတစ်ခုက ဖန်တီးလိုက်သည့် အပြောင်းအလဲများကို ကြည့်ကာ ကိုဇော်အောင် အံ့အားသင့်ချင်သလိုလို၊ ထိတ်လန့်မိသလိုလို။ သို့သော် ပွင့်လင်းသွက်လက်လှသည့် ကောင်မလေးနှင့် နီးနီးကပ်ကပ် ထိတွေ့နေရသည့် အဖြစ်ကိုလည်း သူ စွဲလမ်းသာယာနေမိသည်။ သိင်္ဂီမျိုးက သူ့ကို ချစ်သည်ဆိုသော စကားတွေ တတွတ်တွတ် ပြောလာသည့်အခါ၊ သိပ်ချစ်တာပဲဆိုသော အမူအရာတွေ တရစပ် ပြသလာသည့်အခါ သူ ရင်တွေ ခုန်လာသည်။ သည်ကောင်မလေး ငါ့ ငါ့ကို သိပ်စွဲလမ်းလွန်းနေ သလားဟု တွေးမိသည့်အခါ သူ စိုးရိမ်ချင်သည်။ သို့သော် ရဲတင်းသွက်လက်သည့် ကောင်မလေး၏ အရှိန်ပြင်းသော အချစ်က သူ့အား စိုးရိမ်ထိတ်လန့်ချိန် မပေးခဲ့။

ပတ်ဝန်းကျင်ကမူ သိင်္ဂီမျိုးသာမက ကိုဇော်အောင်ပါ အချစ်ဖြင့် ရူးမူးလျက်ရှိပြီဟု မြင်ခဲ့ကြသည်။

※

ကိုဇော်အောင့်ကို ရုတ်တရက် ရိုက်နှိုးလိုက်သည့် အရာကား အိမ်မှ ရောက်လာသော စာတစ်စောင် ဖြစ်သည်။ သူ့ညီငယ် တစ်ယောက် စေ့စပ်ကြောင်းလမ်းသည့်အကြောင်း အကြောင်းကြားစာ။ ထိုစာ၌ ကိုဇော်အောင်အားလည်း အိမ်ထောင်ပြုသင့်ပြီဖြစ်ကြောင်း၊ ကိုဇော်အောင်၌ ကိုယ်တိုင် ရွေးချယ်ထားတာ မရှိဟု ယူဆသဖြင့် မိမိတို့ အသိအကျွမ်း အသိုင်းအဝိုင်းထဲမှပင် ရွေးချယ်ကြည့်ရှုထားတာတစ်ခု ရှိကြောင်း၊ ကိုဇော်အောင့်အနေနှင့် လူငယ်လေးတစ်ယောက် မဟုတ်တော့သဖြင့် အိမ်ထောင်ဖက်ရွေးချယ်ရာတွင် မိမိတို့လူကြီးများနှင့် သဘောချင်း ကွာခြားလိမ့်မည် မမြင်ကြောင်း မိန်းကလေးမှာလည်း ပညာတတ်၊ မိဘ အမျိုးအရိုးကောင်းပြီး ပြည့်ပြည့်စုံစုံလည်း ရှိကြောင်း၊ ကိုဇော်အောင့်ထက် အသက် အတော်ငယ်သော်လည်း ကိုဇော်အောင့်ကို လေးစားချစ်ခင်ပုံရကြောင်း၊ ရုပ်ရည်မှာလည်း ကိုဇော်အောင် နှစ်သက်လိမ့်မည် ဖြစ်ကြောင်း၊ နောက်တစ်ကြိမ် ရန်ကုန်ရောက်သည့်အခါ ကြည့်ရှုပြီး သဘောတူညီပါက စီစဉ်လိုကြောင်း ဖခင်က ရေးသားထားသည်။

အဖေ့စာ ဖတ်ပြီး ကိုဇော်အောင် အံ့သြထိတ်လန့်သလို ခေါင်းထဲမှာ ရှုပ်သွားသလို ခံစားလိုက်ရသည်။ အတိတ်မေ့နေရာက မူလဘာဝမှန်ကို ပြန်လည်သတိရလာသူလိုလည်း ဖြစ်သွားသည်။ ရန်ကုန်ကို သူ သတိရသည်။ မြို့ပြအသိုင်းအဝိုင်းကိုလည်း သူ သတိရသည်။ ငါ ရောက်နေသည့် နေရာသည် ချောင်ကလေးတစ်ခု ပါကလား၊ သဘော်ပျက်ပြီး ရောက်လာသည့် ကျွန်းတစ်ကျွန်းလို သီးခြားကမ္ဘာလေး တစ်ခု ပါကလား၊ ဒါသည် အမြဲတမ်း နေရမည့်နေရာမဟုတ် စသဖြင့် သူ မြင်လာသည်။

စာကို ရုံးမှာပဲ ကိုဇော်အောင် ထားခဲ့သည်။ သို့သော် စာထဲက အကြောင်းအရာများကတော့ သူ့ ခေါင်းထဲတွင် လွှမ်းမိုးလိုက်ပါလာခဲ့သည်။

ကိုဇော်အောင့်မျက်နှာ အမူအရာကို သိင်္ဂီ မြင်သည်။ ဘာဖြစ်သလဲ မေးသည်။ ဘာမှ မဖြစ်ပါဘူး ဖြေသည်။ ထပ်မေးသည်။ ရုံးကိစ္စတစ်ခုပါဟု ကိုဇော်အောင် ဖြေလိုက်သည်။ သိင်္ဂီမျိုး မယုံ။ မညာတတ်ဘဲ ညာနေသည်ဟု ဆိုသည်။ ကိုဇော်အောင် ဘာပြောရမှန်းမသိ။ အပြင်လူမသိသည့် သူတို့ ရုံးတွင်းက ပြဿနာတစ်ရပ်ကို ဖော်ထုတ်ပြောဆိုလိုက်ရသည်။ သိင်္ဂီမျိုး မယုံတယုံ။ ဒါလည်းပဲ သည်လောက် မျက်နှာပျက်စရာမဟုတ်ဟု သူ ထင်သည်။ သို့သော် ဒါမဟုတ်ရင်ဘာလဲ သူ မမှန်းဆတတ်။

ညနေစာ စားပြီးချိန်တွင် သိင်္ဂီမျိုးက သည်ည သူ မပြန်တော့ဟု ဆိုသည်။ “ကိုကို့မှာ စိတ်ညစ်စရာတွေ ရှိနေချိန်မှာ တစ်ယောက်တည်း မထားခဲ့နိုင်ဘူး” ဟု ဆိုသည်။

ကိုဇော်အောင် အထိတ်တလန့် ဖြစ်သွားသည်။

သူ ဖျောင်းဖျရသည်။ “ပြဿနာက ညှိလိုက်ရင်တော့ ပြီးသွားမှာပါ၊ ဒါမျိုးတွေက ဖြစ်တတ်ပါတယ် ကိုယ်က ပြဿနာကြောက်တတ်တဲ့ လူမျိုး၊ ပြဿနာပေါ်မယ့် ကိစ္စမျိုးဆိုရင် သိပ်ရှောင်တတ်တဲ့ လူမျိုးမို့လို့ စိုးရိမ်နေမိတာပါ၊ တချို့လူတွေကျတော့ ဒါမျိုးရိုးတောင်နေပါပြီ” စသဖြင့် ပြေလည်အောင် ကြည့်ပြောရသည်။

မိုးအတော်ချုပ်မှပင် သိင်္ဂီမျိုး စက်ဘီးကလေး စီးပြီး အိမ်ပြန်သွားသည်။

ထိုည တစ်ညလုံး ကိုဇော်အောင် အိပ်မပျော်။ သူ့ ခေါင်းထဲမှာ စဉ်းစားစရာတွေ များနေသည်။ အတွေးတွေက ပတ်ချာလည်နေသည်။ ဘာမှ တိတိကျကျ ဆုံးဖြတ်မရသော်လည်း စိစစ်သုံးသပ် မိတာတွေတော့ ရှိလာသည်။

သူ့မှာ နှစ်ကမ္ဘာ ရှိနေသည်။

တစ်ကမ္ဘာက ရန်ကုန်။ ရန်ကုန်မှာ မိဘရှိသည်။ ဆွေမျိုးရှိသည်။ မူရင်းမိတ်ဆွေသင်္ဂဟ ရှိသည်။ ပြီး သူသည် ယခု မြို့နယ်တာဝန်ပြီးဆုံးလျှင်ပင် ရန်ကုန်ရုံးချုပ် ရောက်ချင်ရောက်နိုင်သည်။ လက်ရှိအဆင့်နှင့်လည်း ဖြစ်နိုင်သည်။ ရာထူးတိုးရမည့်အချိန်လည်း ရောက်နေပြီ။ ရန်ကုန်ရောက်လျှင် ရန်ကုန်အသိုင်းအဝိုင်း ရန်ကုန်လူနေမှု၊ ရန်ကုန်ဆက်ဆံရေး၊ အဲဒါတွေထဲမှာ ကျင်လည်ရမည်။ အဲဒီကမ္ဘာသည် သူ၏ ပင်ရင်းကမ္ဘာ ထာဝရကမ္ဘာ တိုးတက်ကျယ်ဝန်းသော ကမ္ဘာ။ သူ့ မိတ်ဆွေ သူငယ်ချင်းတချို့ဆိုလျှင် နိုင်ငံတကာသို့ပင် ဖြန့်ကြက်နေကြပြီ။

ယခု သည်မြို့ကလေးကတော့ သူ့အတွက် ယာယီကမ္ဘာ၊ တဒင်္ဂကမ္ဘာဖြစ်သည်။ ယာယီကို ထာဝရ ဖြစ်အောင် လုပ်မည်လား။ လုပ်လောက်သည့် အခြေအနေကော ရှိသလား။ မြို့ကလေးမှာ နေသော်လည်း သူက မြို့ကလေးနှင့် ထဲထဲဝင်ဝင် ပေါင်းသင်းနေထိုင်သည်မဟုတ်။ သူ့ရုံးရယ်၊ ရုံးကပေးသည့် အိမ်ရယ်မှာပဲ နေထိုင်သည်။ အပေါင်းအသင်းဆိုတာလည်း ရုံးအပေါင်းအသင်း၊ ဌာနဆိုင်ရာ အသိမိတ်ဆွေ၊ အဲသလောက်ပဲ ရှိသည်။ အရပ်ထဲမှာ သူ မျက်မှန်းတန်းမိတာဆို၍ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စာအုပ်အငှားဆိုင် စသည်တို့က ပုဂ္ဂိုလ်များပဲ ရှိသည်။

ထိုနောက်မှာတော့ သိင်္ဂီမျိုး။ သိင်္ဂီမျိုးကို သူ ချစ်သည်လား။ ကာယကံရှင်ကိုတော့ သူ့ နှုတ်မှ ထိုသို့ ဖွင့်ဟပြောဆိုခဲ့ဖူးသည်။ နောင်လည်း ချစ်သလားမေးတိုင်း ချစ်တယ်ဟု အကြိမ်ကြိမ် ဖြေခဲ့သည်။ ပြောရမည်ဆိုလျှင် သူ့ဘက်က နှုတ်ကတိသဘောမျိုးတော့ ရှိနေခဲ့ပြီ။ သို့သော် သူ တကယ်ချစ်သလား။ ချစ်တာလား သာယာတာလား စဉ်းစားစရာ။ သူ့မျက်နှာလေး မြင်ယောင်မိတော့လည်း တကယ်ချစ်တာပါလို့ ဆိုမိတော့မလို။

သိင်္ဂီမျိုးကကော သူ့ကို တကယ် ချစ်ရဲ့လား။ အတိုင်းအတာ အစစ်အမှန်ကိုတော့ ကာယကံရှင်ကိုယ်တိုင်ပဲ သိလိမ့်မည်။ သို့သော် ဒီကောင်မလေး သူ့ကို တကယ်ချစ်နေတာပဲ ဟူ၍သာ ဆုံးဖြတ်ရစရာရှိကြောင်း သူ သိနေသည်။ သိင်္ဂီမျိုး ဘယ်တုန်းက စပြီး သူ့ကို ချစ်သွားသလဲ။ စာအုပ်ဆိုင်မှာ စ တွေ့ကတည်းက ချစ်နေတာလား။ မိမိက ချစ်ပါသည် ပြောလိုက်တော့မှ သူက ပြန်ချစ်သွားသည်လား။

မိမိကို ချစ်သည်၊ သိပ်ချစ်လှပါသည်ဟု တတွတ်တွတ်ပြောသည်ကတော့ မိမိက စ၍ ချစ်စကားဆိုမိပြီးမှ ဖြစ်သည်။ စောစောပိုင်း တစ်လျှောက်လုံးတော့ သူ့မှာ အဲသည်ခံစားမှုမျိုး လုံးဝ မရှိခဲ့သလို။

သည်ကိစ္စ သူ နားမလည်နိုင်။ မိန်းကလေး တစ်ယောက်သည် သူ့ကို

ဖိုမသဘောအရ စိတ်ဝင်စားမှုမရှိဘဲ သူ့အိမ်သို့ ဘာကြောင့် လာရောက်ရမည်လဲ။ မိမိက စတင်ဖြစ်သည်အထိ မိမိကို မျှားခေါ်ခဲ့ခြင်းလား။ မိမိဘက်က ကျွံလာသည့်စကားဖြင့် မိမိကို ချည်လိုက်ခြင်းလား။ "ဆရာ အဲဒီကောင်မလေး မလွယ်ဘူးနော်၊ သတိထား" ဟူ၍ သူ့တပည့်တစ်ယောက်က သိင်္ဂီမျိုး သူ့ထံ ရောက်လာခါစက ပြောဖူးသည်။ ဘာမလွယ်တာလဲ သူ မမေးခဲ့။ မေးစရာအကြောင်း ရှိလာလိမ့်မည်ဟုလည်း သူ မထင်ခဲ့။ တပည့်ကလည်း နောက်ပိုင်းမှာတော့ သည်ကိစ္စကို ထပ်၍ စကားမစခဲ့။

သိင်္ဂီသည် ခပ်လည်လည် ခပ်ရှုပ်ရှုပ် ကောင်မလေးလား။ အဲသလို ထင်စရာအကြောင်းတော့ သူ မတွေးမိခဲ့။ ရဲတင်းသွက်လက်လှသည် ဆိုတာလောက်ပဲ သူ မြင်၍ရသည်။

သို့သော် သည်ကိစ္စကို သည်လိုကော စဉ်းစား၍ မရဘူးလား။ သိင်္ဂီက သူ့ကို စ၍ စိတ်ဝင်စားသည် လိုလားသည်၊ ပိုင်ဆိုင်ချင်သည်။ ထို့ကြောင့် သူ့ထံသို့ လာသည်။ မပြတ်လာနေသည်။ ကြာတော့ သူနှင့် ငြိသွားသည်။ မိမိသည် သိင်္ဂီဆိုသော ကောင်မလေး၏ အစီအစဉ်အတိုင်း လိုက်ပါခဲ့ရခြင်း ဖြစ်သည်။ အဲသလို မစဉ်းစားနိုင်ဘူးလား။

အဲသည်အတိုင်းဆိုလျှင်တော့ သူ့အနေနှင့် ညှိုးရာရောက်သွားမည်။ အချစ်ဆိုသည်မှာ ကိုယ်ကသာ ရွေးချယ်ဆုံးဖြတ်ခြင်း ဖြစ်သင့်သည်။ သူတစ်ပါး ရွေးချယ်ဆုံးဖြတ်သည်ကို ခေါင်းညိတ်လိုက်ရခြင်းမျိုး မဖြစ်သင့်။ ကိုယ့်ထက်ငယ်သည့် ကောင်မလေးတစ်ယောက်က ကိုယ့်ကို အပိုင်ခေါင်းခေါက်၍ ရွေးသွားခြင်းကို မိမိခံလိုက်ရသည်ဆိုတာမျိုး မဖြစ်သင့်။

ဇော်အောင်ကြီး တစ်ယောက်တော့ နယ်က ခပ်လည်လည်ကောင်မလေးတစ်ယောက်က အမိဖမ်းတာ ခံလိုက်ရတယ်ဟု လူအများ ပြောကြလိမ့်မည်။ သည်လိုဆိုလျှင် သူသည် ခပ်နုံနုံအကောင်ကြီး ဖြစ်သွားလိမ့်မည်။ ဒါတော့ သူမခံနိုင်။ အေးအေးဆေးဆေး လက်ထပ်ယူဖို့ ဆုံးဖြတ်ချင် ဆုံးဖြတ်မိမည်။ သို့သော် အေးအေးဆေးဆေး ဆိုသည်က ဘယ်လောက်လဲ။ သူ မပြောနိုင်။ တစ်နှစ် ကြာချင်ကြာမည်။ နှစ်နှစ်သုံးနှစ် ကြာချင်ကြာမည်။ လောလောဆယ်တော့ မဖြစ်နိုင်သေး။ သူ့စိတ်က အဆင်သင့် မရှိသေး။

ရန်ကုန်မှာ မိဘများ ရွေးချယ်ထားသည်ဆိုသည့် ကိစ္စကော။ ဒါလည်း မိမိ ကြည့်ပြီး သဘောကျပြီးမှသာ ဖြစ်ရလိမ့်မည်။ မိမိ အနေနှင့် အိမ်ထောင်ပြုသည့်ကိစ္စကို အလွယ်တကူ မဆုံးဖြတ်နိုင်။ သူတပါး စီမံတိုင်း ခေါင်းမညိတ်နိုင်။

သို့သော် သဘောတရားတွေ ပြောမနေနှင့်။ ယခု သိင်္ဂီမျိုးနှင့် အိမ်ထောင်မကျတကျ ဖြစ်နေသည့် ကိစ္စတို ဘယ်လိုရှင်းမည်နည်း။ ကိုဇေယျာကြီး ပြောသည့် ရှင်းတတ်ရင် ရှုပ်လို့ရတယ်ဆိုသော စကားကို သတိရသည်။ ပည်အတိုင်းဆိုလျှင်တော့ ရှုပ်ကုန်တော့မည် ထင်သည်။ သည်ကောင်မလေးကို ဘယ်လိုလုပ်မည်နည်း။ ဘယ်လိုရင်ဆိုင် ဖြေရှင်းမည်နည်း။ ပြဿနာ။

ပြဿနာက ကိုယ်စသည့် ကိစ္စ မဟုတ်ဟု ဆို၍တော့ ရနိုင်သည်။ သူ့ဘာသာ လာသည့် ပြဿနာပဲ။ နှစ်ယောက်လုံးပါ၍ ပြဿနာ ဖြစ်ရသည် ဆိုလျှင်လည်း စတင်သူမှာ မိမိမဟုတ်၊ သူသာ ဖြစ်သည်။ သို့သော် မိမိက လူကြီးတစ်ယောက် ဖြစ်နေသည်။

သို့သော် ဘေးလူ အမြင်မှာသာ မိမိ လူကြီး၊ တကယ်တမ်းကျတော့ သည်ကောင်မလေးကပဲ အစစအရာရာ စီမံဖန်တီးသွားခြင်း ဖြစ်သည်။ မိမိက နောက်လိုက်။

နောက်နေ့မနက် သူ ရောက်လာလျှင် ဘယ်လို ရင်ဆိုင်မည်လဲ။ ကိုဇော်အောင် စဉ်းစားမရ။ ကောင်မလေးနှင့် တွေ့ရမှာ သူ ကြောက်နေသည်။ ဘယ်လို ရင်ဆိုင်မလဲ။ တော်ပါတော့လို့ ပြော၍လည်း ရမည့်ကိစ္စမျိုး မဟုတ်။

※

နောက်တစ်နေ့ကျတော့ သိင်္ဂီမျိုးက "ကိုကိုနဲ့ သိင်္ဂီ ရုံးမှာ လက်ထပ်ကြရအောင်" ဟု ဆိုသည်။

"ဟ .. မလုပ်ပါနဲ့ဦး၊ အဲဒီလို အလျင်စလို လုပ်လို့ ဘယ်ဖြစ်မလဲ"

"ဘယ်မှာ အလျင်စလိုရမှာလဲ ကိုကိုရယ်၊ သိင်္ဂီတို့အကြောင်းကို လူတကာ သိနေကြပြီပဲ၊ တရားဝင်ကြေညာဖို့ပဲ လိုတော့တယ်၊ ဒီအတိုင်း ကြာရှည်နေရင် ဘယ်ကောင်းတော့မလဲ"

ကိုဇော်အောင် အကျပ်ရိုက်သည်။ နောက်ဆုံးတော့ ရန်ကုန်ရှိ မိဘများကို အကြောင်းကြားပါမည်။ သူတို့ကလည်း ခွင့်ပြုပါလိမ့်မည်။ သူတို့ အသိအမှတ်ပြုပြီးတော့မှပဲ တင့်တောင့်တင့်တယ် လက်ထပ်ယူဖို့ စီစဉ်ပါမည်ဟု ကတိပေးလိုက်ရသည်။

နောက်ပိုင်းရက်များမှာ ကိုဇော်အောင်အတွက် အိပ်မပျော်စားမဝင်သည့်ရက်များ ဖြစ်ခဲ့သည်။ သိင်္ဂီမျိုးနှင့် ဆက်ဆံရာမှာလည်း အသက်မပါချင်။ ဟန်ဆောင်ကြိုးစား၍ နေသော်လည်း အမူအရာ ပြောင်းလဲသည်က သိသာနေသည်။

သိင်္ဂီက သူ့အား ရန်ကုန်ကို စာမရေးသေးဘူးလားဟု မေးသည်။ တဂျီဂျီ ပူဆာသည်။ သို့နှင့် စာတစ်စောင် ရေးဖြစ်သည်။ အတူတကွ သူ ကျေနပ်အောင် ရေးရသည်။ သို့သော် ထိုစာကို သူ ရန်ကုန်သို့ မပို့ပါ။ သူ ကံကောင်းတာ တစ်ချက်ရှိသည်။ စာပို့သည့်ကိစ္စနှင့် ပတ်သက်၍ သာမန်အားဖြင့်ဆိုလျှင် သိင်္ဂီကပဲ သွက်သွက်လက်လက်နှင့် စာကို စာအိတ်ထဲထည့်၊ လိပ်စာရေး၊ စာတိုက်သွားထည့်မည်ဖြစ်သည်။ သို့သော် ကိုဇော်အောင်က အလုပ်တာဝန်နှင့် လေဆိပ်သို့ မှန်မှန်ဆင်းရသည်ဖြစ်ရာ စာကို လေယာဉ်အဖွဲ့သား တစ်ယောက်ယောက်နှင့် ပေးလိုက်မည် ဖြစ်သဖြင့် သိင်္ဂီကိုယ်တိုင် ထည့်ခွင့်မရှိတော့။

စာကို အိတ်ထဲထည့်ယူသွားကာ လေဆိပ်ရောက်မှ ဖျက်ဆီးပစ်လိုက်ပြီး အိမ်သို့ သီးသန့် စာတစ်စောင်သာ ရေးထည့်လိုက်သည်။ စာတွင် အဖေ့ထံမှ စာကိုရကြောင်း၊ အဖေတို့ ဆန္ဒကို နားလည်ပါကြောင်း၊ သို့သော် ဘာမှ ပြောဆိုသေးဘဲထားရန်နှင့် မိမိ လာရောက်ကြည့်ရှုပြီးမှ ဆုံးဖြတ်လိုကြောင်း၊ မိမိလည်း သည်နေရာမှ တတ်နိုင်သမျှ အမြန်ဆုံး ထွက်ခွင့်ရအောင် ကြိုးစားနေကြောင်း စသဖြင့် ရေးသားလိုက်သည်။

ပြီးလျှင် ရုံးချုပ်ရှိ သူနှင့် ရင်းနှီးသော အထက်လူကြီး နှစ်ယောက်ထံသို့လည်း ပုဂ္ဂိုလ်ရေး စာရေးကာ ဤနေရာ၌ အလုပ်လုပ်ရတာ ကြာတန်သလောက် ကြာပြီဖြစ်သဖြင့် ငြီးငွေ့ပြီ ဖြစ်သည့်အကြောင်း၊ အလျင်အမြန်သာ ပြောင်းရွှေ့ရမည်ဆိုက မည်သည့်နယ်သို့ဖြစ်စေ ပြောင်းရွှေ့ပေးစေလိုသည့်အကြောင်း ရုံးလုပ်ငန်းနှင့် ပတ်သက်၍မူ အခက်အခဲမရှိ ပြဿနာများလည်း မရှိကြောင်း ရေးသားပေးပို့လိုက်သည်။

※

နောက် ရက်သတ္တနှစ်ပတ်လုံးလုံး သိင်္ဂီမျိုး ရန်ကုန်မှ ပြန်စာကို မျှော်သည်။ တစိုးရိမ်ရိမ် တကြောင့်ကြကြ ဖြစ်နေသည်။ ကိုဇော်အောင်ကို တဂျီဂျီ ပူဆာနေသည်။ စာရောက်ပြီး သူ့ကို မပြောဘဲထားတာလား၊ သူနဲ့ သဘောမတူဘူးတဲ့လား၊ ကိုကိုကရော တကယ်ချစ်ရဲ့လား၊ တကယ်ယူမှာလားဟင် စသဖြင့် တတွတ်တွတ် ပြောနေသည်။ သူ တပူဆာဆာလုပ်လေ ကိုဇော်အောင် စိတ်ညစ်ရလေ ဖြစ်နေသည်။

ထို့နောက်တွင် စာတစ်စောင် ရောက်လာသည်။ ကိုဇော်အောင်ထံ ရန်ကုန်မှလာသော စာမဟုတ်။ နံနက်ပိုင်း ဈေးထဲက ဆိုင်မှာထိုင်နေသည့် သိင်္ဂီမျိုးထံသို့ ရွာမှ လူကြုံဖြင့် ရောက်လာသောစာ ဖြစ်သည်။

သိင်္ဂီမျိုး ကံဆိုးသည်။ အဖေဆုံးသဖြင့် အမြန်ဆုံး လိုက်လာရန်

အကြောင်းကြားသည့်စာ ဖြစ်သည်။

ကိုဇော်အောင်အတွက် စိတ်မဖြောင့်တဖြောင့် နှင့်ပင် သိဂီမျိုး လိုက်သွားရသည်။

ရွာမှာ ဆယ်ရက်ခန့် ကြာသွားသည်။ ပြန်လာသည့်အခါ ကိုဇော်အောင်ကို မတွေ့ရတော့။

ရုံးချုပ်တွင် တစ်နှစ်ခန့် လုပ်ကိုင်ပြီးနောက် နောက်တစ်ကြိမ် နယ်ပြောင်းရခါနီးတွင် ကိုဇော်အောင် အလုပ်မှ နုတ်ထွက်လိုက်သည်။ သူ့ဖခင်နှင့် မိတ်ဆွေအချို့ လုပ်ကိုင်လျက်ရှိသည့် အကျိုးဆောင် လုပ်ငန်းစုထဲသို့ သူ ဝင်ရောက်ခဲ့သည်။ ပြည်တွင်းလုပ်ငန်းများရော နိုင်ငံခြားကုမ္ပဏီအချို့အတွက် ကိုယ်စားလှယ်လုပ်ငန်းများပါ လုပ်ကိုင်ပေးသည့် လုပ်ငန်းကြီးဖြစ်သည်။ နောက်ပိုင်းတွင် ပြည်တွင်း၌ အဆောက်အအုံ ကန်ထရိုက်လုပ်ငန်းများ တွင်ကျယ်လာသည့်အခါ ၄င်းလုပ်ငန်းကို အင်တိုက်အားတိုက် တိုးချဲ့လုပ်ကိုင်ခဲ့ကြသည်။

ကိုဇော်အောင်က စေ့စပ်သေချာပြီး အလုပ်ကြိုးစားသူ ဖြစ်သဖြင့် သူ တာဝန်ယူရသည့် လုပ်ငန်းများ အောင်မြင်သည်။ လူကြီးများကလည်း ယုံကြည်စိတ်ချ သဘောကျသည်ဖြစ်ရာ တဖြည်းဖြည်း သူက အဖွဲ့ထဲတွင် အရေးပါအရာရောက်သူတစ်ဦး ဖြစ်လာသည်။

ရုံးချုပ်၌လုပ်နေဆဲမှာပင် မီမီဦးနှင့် သူ လက်ထပ်ဖြစ်သည်။ မီမီဦးမှာ သူ့ဖခင်နှင့် လုပ်ငန်းပါတနာ တစ်ဦးဖြစ်သူ ဦးမျိုးထွန်း၏ သမီးဖြစ်သည်။ တစ်ခါတုန်းက သူ့မိဘများ သူ့အတွက် ရှာထားသည် ဆိုသည်မှာလည်း မီမီဦးပဲဖြစ်သည်။

သူတို့ အင်းလျားကန်ဟိုတယ်မှာ လက်ထပ်ကြသည်။ ပေလီသို့ ဟန်းနီးမွန်း ထွက်ကြသည်။

မီမီဦးက ရုပ်ချောသည်။ သို့သော် ခပ်ငြိမ်ငြိမ် ဣန္ဒြေရရလေးဖြစ်သည်။ စကားလည်း နည်းသည်။ ကိုဇော်အောင်ကိုတော့ ခင်ပွန်းသည်တစ်ယောက်အဖြစ် အားထားချစ်ခင်ရှာသည်ဟု ဆိုရလိမ့်မည်။ ကိုဇော်အောင်ကလည်း သူ့အား ကြင်နာယုယစွာ ဆက်ဆံသည်။

သူတို့၏ ဟန်းနီးမွန်းခရီးစဉ်မှာ လှုပ်လှုပ်ရှားရှား ပြင်းပြင်းပြပြမရှိ။ ငြိမ်သည်။ တစ်ခါတစ်ရံ ရုံးလုပ်ထုံးလုပ်နည်း ဆန်သည်ဟုပင် ဆိုနိုင်သည်။

သို့သော် ထိုခရီးစဉ်မှာ အောင်မြင်သည်ဟု ဆိုရမည်။

အထစ်အငေါ့မရှိ။ ပြဿနာ မရှိ။ မူလက တစ်ဦးကိုတစ်ဦး ငြင်းပယ်စရာ အပြစ်အနာအဆာ မမြင်ခဲ့ကြသူနှစ်ဦး ရင်းနှီးခင်မင်မှုရသည့် ခရီးစဉ်ဟု ဆိုနိုင်သည်။ ထိုခရီးမှ ပြန်ရောက်လာပြီးသည့်နောက်တွင် သူတို့အား တစ်ဦးပေါ်တစ်ဦး

ချစ်ခင်ကြင်နာသည့် ဇနီးမောင်နှံတစ်စုံအဖြစ် မြင်ကြရသည်။

ကိုဇော်အောင်၏ အိမ်ထောင်ရေး ခရီးအစပိုင်းမှာ သာသာယာယာရှိလှသည်ဟု ဆိုနိုင်သည်။ သူတို့မှာ သားသမီးများများစားစား မထွန်းကား။ သားကလေး ဇော်မျိုးဦး တစ်ယောက်ကိုသာ ရရှိခဲ့သည်။ သားကလေးက ချစ်စရာလေးဖြစ်သည်။ ရုပ်ရည်က ကိုဇော်အောင်နှင့် ခပ်ဆင်ဆင်။ သို့သော် မီမီဦးကတော့ ကြီးလာလျှင် ဖအေထက် ပိုချောမည်ဟု ပြောလေ့ရှိသည်။ ဖအေရောမအေပါ တစ်ဦးတည်းသော သားကလေးကို အလွန်ချစ်ကြသည်။ နှစ်ဖက်အဖိုးအဖွားများကလည်း မြေးကလေးဇော်မျိုးဦးကို ဖူးဖူးမှုတ် ထားကြသည်။ ချစ်မည့်သူတွေ များသော်လည်း ကလေးက ယဉ်ယဉ်ကျေးကျေး လိမ်လိမ်မာမာ ကလေးပဲဖြစ်သည်။ မိခင် အဆုံးအမကောင်းသောကြောင့် ဖြစ်လိမ့်မည်။ ထို့ပြင် တကယ်တမ်းကျတော့လည်း ကလေးက မိခင်ရယ် ကလေးထိန်းအမျိုးသမီးတစ်ယောက်ရယ်နှင့်ပဲ အဓိက နေရသောကြောင့်ဖြစ်သည်။

ကိုဇော်အောင် အိမ်ထောင်ကျတော့ မိဘများကရော ယောက္ခမများကပါ သူတို့နှင့် အတူနေရန် ခေါ်ကြသည်။ နေမည်ဆိုလျှင်လည်း နှစ်အိမ်လုံးမှာပင် သူတို့အတွက် လွတ်လွတ်လပ်လပ် ကျယ်ကျယ်ဝယ်ဝယ် နေရာရှိကြသည်။ သို့သော် ကိုဇော်အောင်က ဘယ်မှာမှ လိုက်မနေ၊ တိုက်ခန်းငယ်တစ်ခု ငှားပြီး သီးခြားနေခဲ့သည်။ နောက်ပိုင်း ကိုဇော်အောင် အလုပ်အကိုင်ကောင်း၊ ဝင်ငွေကောင်းလာတော့ ပို၍ ကျယ်လွင့်သားနားသော တိုက်ခန်းငယ်တစ်ခု ဝယ်ယူနေထိုင်ခဲ့သည်။

သာယာအေးချမ်း၍ စိတ်လှုပ်ရှားစရာ နည်းပါးလှသော သူတို့ မိသားစုအတွက် ထူးခြားသော အခြင်းအရာတစ်ခု သို့မဟုတ် မီမီဦးအတွက် စိတ်အနှောက်အယှက် ဖြစ်စရာတစ်ခု သားကလေး သုံးနှစ်သားအရွယ်မှာ ဖြစ်ပွားသည်။

ထိုနေ့က အိမ်မှာ ထုံးစံအတိုင်း သူတို့ သားအမိနှင့် အိမ်ဖော်အမျိုးသမီးပဲ ရှိကြသည်။ အိမ်ဖော်အမျိုးသမီးက နောက်ဖေးဘက်မှာ၊ မိမိဦးက အိမ်ထဲမှာ၊ သားလေးတစ်ဦးသာ အိမ်ရှေ့ခန်းမှာ ရှိနေခိုက် ဧည့်သည်တစ်ဦး အိမ်သို့ ရောက်လာသည်။

“မေမေ” ဟု ခေါ် သံကြားသဖြင့် မီမီဦး အိမ်ရှေ့ထွက်လာသည့်အခါ ဘာဂျာတံခါးဝတွင် ရပ်နေသည့် အမျိုးသမီးကို မြင်ရသည်။ အမျိုးသမီးက သားလေးကို နှစ်သက်ဟန် စူးစိုက်ကြည့်နေရာက မီမီဦးဘက် လှမ်းကြည့်လိုက်တော့ မျက်နှာထားပြောင်းသွားသည်။

“ဘာကိစ္စ ရှိလို့ပါလဲရှင်" မီမီဦးက မေးသည်။

“ဦးဇော်အောင်အိမ် ဟုတ်ပါတယ်နော်၊ ဒါက သားလေးလား” အမျိုးသမီးက ပြန်မေးသည်။

“ဟုတ်ပါတယ်၊ ဘယ်ကပါလိမ့်" မီမီဦးက တံခါးဖွင့်ပေးရင်း မေးသည်။

“ကျွန်မ ဦးဇော်အောင် မိတ်ဆွေပါ၊ မိုင်းလျှိုးကပါ" အမျိုးသမီး အိမ်ထဲ ဝင်လာသည်။

“ထိုင်ပါဦး၊ ဦးဇော်အောင်တော့ မရှိဘူးရှင့်၊ သူက ညဘက်လောက်မှပဲ အိမ်ပြန်ရောက်တတ်တယ် ကိစ္စရှိရင်လဲ ပြောခဲ့ပါ”

“ဟုတ်ကဲ့၊ ကိစ္စအထူးအထွေ မရှိပါဘူး၊ ရန်ကုန်ရောက်တုန်း လာနှုတ်ဆက်တာပါ၊ မိုင်းလျှိုးမှာတုန်းက ကိုဇော်အောင်နဲ့ အတော်ရင်းနှီးပါတယ်၊ သားလေးက ချစ်စရာလေးနော်၊ ဖအေတူလေး၊ ကြီးလာရင် ဖအေလိုပဲ ချောမှာ”

မီမီဦး အကဲခတ်သည်။ အမျိုးသမီးက သူ့ထက် ငယ်ပုံရသည်။ ရုပ်က ခပ်ချောချောထဲက ဖြစ်သည်။ သို့သော် ဆင်ပြင်ခြယ်သထားပုံက လိုတာထက် နည်းနည်းပိုသည်ထင်သည်။ ထို့ပြင် သည်မိန်းမ မျက်နှာအောက်မှာ တစ်ခုခု ရှိသည် ထင်မိသည်။ မိုင်းလျှိုးမှာတုန်းက ကိုဇော်အောင်နှင့် ရင်းနှီးခဲ့သည် ဟုဆိုသည်။ ဘယ်လောက်အထိရင်းနှီးခဲ့သလဲ။

မီမီဦး ခပ်ရိုင်းရိုင်း မိန်းမတစ်ယောက် မဟုတ်ပါ။ သို့သော် သည်ဧည့်သည်အမျိုးသမီးကိုတော့ မြင်မြင်ချင်းပင် ဖော်ရွေလိုစိတ်မရှိ ဖြစ်နေသည်။

“သားရေ၊ အန်တီဆီ လာစမ်းပါဦး၊ ဖေဖေကြီး ဘယ်သွားလဲဟင်” အမျိုးသမီးက သားလေးကို ခေါ်နေသည်။ သားလေးက အမေ့မျက်နှာ လှည့်ကြည့်သည်။

“နာမည် ဘယ်လို ခေါ်ပါသလဲ" မီမီဦးက မေးသည်။

“သိင်္ဂီမျိုးပါ ” အမျိုးသမီးက သူ့မျက်နှာတည့်တည့်ကြည့်ပြီး ဖြေသည်။

အမျိုးသမီး ကြည့်ရသည်မှာ ရဲရဲတင်းတင်း၊ ပိုင်စိုးပိုင်နင်း နိုင်လှသည်ဟု မီမီဦးမြင်သည်။ သည်မိန်းမကို သူ ဘယ်လို တုံ့ပြန်ရမည်လဲ စဉ်းစားမရ ဖြစ်နေသည်။

သည်အခိုက်မှာပင် မမျှော်လင့်သော အရာတစ်ခု ဖြစ်ပွားသည်။

သားကလေး ဇော်မျိုးဦး ကုလားထိုင်ပေါ်တက်ကာ ဗီရိုထဲမှ ကစားစရာတစ်ခုကို လှမ်းယူသည်။ ဗီရိုနှင့် ကုလားထိုင်က ခပ်ကွာကွာ။ မမှီတမှီနှင့်

ရှေ့သို့တိုးလှမ်းသောအခါ ကုလားထိုင်ကို နောက်သို့ တွန်းထုတ်သလို ဖြစ်သွားသည်။

"ကျမယ် သားလေး" မိမိဦး လှမ်းအော်လိုက်စဉ်မှာပင် အောက်သို့ ဝုန်းခနဲ လိမ့်ကျသည်။

အမျိုးသမီး နှစ်ယောက်လုံး သားကလေးအနီး ပြေးသွားကြသည်။

မိမိဦးက အရင်ရောက်သည်။ သားလေးကို ကောက်ချီသည်။ မျက်နှာနှင့် မှောက်လျက်ကျသဖြင့် နှုတ်ခမ်းကွဲသွားသည်။ သွားလည်း ကျိုးသွားသလားမသိ၊ ပါးစပ်က သွေးတွေ ထွက်လာသည်။ နှာခေါင်းထဲမှလည်း စီးကျသည်။ မိမိဦး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတုန်း သိင်္ဂီမျိုးက "ဂွမ်း သွားယူပါ" ဟု ဆိုသည်။

မိမိဦးက သုတ်သုတ်ပျာပျာ ပြေးသည်။ "မခင်ရေ လာပါဦး သားကလေး လိမ့်ကျလို့" ဟု အော်သည်။

သူ ဂွမ်းတစ်ဆုပ်ကိုင်ကာ အိမ်ရှေ့ ပြန်ထွက်လာသည့်အခါ မြင်ရသည့် မြင်ကွင်းကြောင့် မိမိဦး အံ့အားသင့်သွားသည်။ ဧည့်သည် အမျိုးသမီးက သားကလေး၏ သွေးတွေရွှဲနေသည့် နှုတ်ခမ်းကို သူ့နှုတ်ခမ်းဖြင့် ဆတ်ခနဲ ဆတ်ခနဲ နမ်းနေသည်။ ကလေးခေါင်းကို လက်နှစ်ဖက်နှင့် ချုပ်ကိုင်၍ တဆတ်ဆတ် နမ်းနေပုံမှာ မြွေပေါက်နေသည်နှင့် တူသည်ဟု ထင်လိုက်မိသည်။ ထို့နောက် ကလေးနှုတ်ခမ်းကို သူ့နှုတ်ခမ်းနှင့် ဖိကပ်ထားလိုက်သည့် အချိန်ကျမှ မိမိဦး ကြောင်တက်တက်ဖြစ်နေရာက သတိရကာ "ရှင် ဘာလုပ်နေတာလဲ" ဟု အလန့်တကြား လှမ်းမေးသည်။

အမျိုးသမီးက သူ့ကို မျက်နှာထားစိန်းစိန်းနှင့် လှည့်ကြည့်သည်။ အမျိုးသမီးနှုတ်ခမ်းမှာလည်း သွေးတွေ ရွှဲနေသည်။ သားလေးပါးစပ်က သွေးတွေ စုပ်ထားတာလား။ သူ့နှုတ်ခမ်းကကို သွေးထွက်နေတာလား။ သူ့နှုတ်ခမ်းက ဘာကြောင့် သွေးထွက်ရမှာလဲ။ မိမိဦး စဉ်းစားမရ။ အမျိုးသမီး ထသွားပြီး ဆက်တီခုံပေါ်မှာ ချထားသည့် သူ့လက်ကိုင်အိတ်ထဲမှ လက်ကိုင်ပုဝါတစ်ထည်ထုတ်ကာ နှုတ်ခမ်းကို တို့နေသည်။

သားလေးနှုတ်ခမ်းကို ဂွမ်းဖြင့် ဖိထားပြီးနောက် အမျိုးသမီးဘက်သို့ မိမိဦး လှည့်ကြည့်သည်။ စောစောက ငိုနေသည့် သားလေးသည် ငိုသံ လုံးဝ တိတ်ကာ အမျိုးသမီးကိုသာ အံ့သြဟန်ဖြင့် ကြည့်နေသည်။ မီးဖိုချောင်က ထွက်လာသည့် မခင်က ဧည့်ခန်းထဲရှိ လူသုံးယောက်လုံးကို နားမလည်ဟန်ဖြင့် ကြည့်ကာ ကြောင်တောင်တောင် ရပ်နေသည်။

"ကျွန်မ ပြန်မယ်" အမျိုးသမီးက တိုတိုပြတ်ပြတ် ပြောကာ ထသွားသည်။ တံခါးဝရောက်တော့ သားကလေးကို တစ်ချက် လှည့်ကြည့်သည်။ ထို့နောက် ချာခနဲ လှည့်ထွက်သွားလေသည်။

※

ထုံးစံအတိုင်း ညဘက် အတော်နောက်ကျပြီးမှ ကိုဇော်အောင် အိမ်သို့ ပြန်လာသည်။ နှုတ်ခမ်းကွဲသွားသော သားကလေးကို ကြည့်ကာ သူ စိတ်မကောင်း ဖြစ်နေသည်။ ထို့နောက် ရေချိုးပြီး ပြန်ထွက်လာတော့ သားကလေးကို ကရုဏာသက်စွာ ကြည့်နေမိပြန်သည်။ သားကလေးကတော့ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်လျက်ရှိသည်။

ညစာစားပြီး ကိုဇော်အောင် သတင်းစာ ကောက်ဖတ်နေစဉ် မိမိဦးက နေ့လယ်က အိမ်သို့ အမျိုးသမီးတစ်ယောက် ရောက်လာသည့်အကြောင်း ပြောပြသည်။

"မိုင်းလျှိုးကလို့ ပြောတယ်" မိမိဦးက ကိုဇော်အောင့် မျက်နှာကို အကဲခတ်ရင်း ပြောသည်။

"ဟုတ်လား" ကိုဇော်အောင် ရင်ထဲ နည်းနည်း လှုပ်ရှားသွားသည်။ မိုင်းလျှိုးက အမျိုးသမီးတစ်ယောက်တဲ့လား။

"သိင်္ဂီမျိုးတဲ့"

ကိုဇော်အောင် မျက်နှာ ထူးထူးခြားခြား ပျက်မသွားပါ။ မိုင်းလျှိုးက အမျိုးသမီးဟု ပြောခဲ့ခြင်းက သူ့အတွက် ပြင်ဆင်ရန် အချိန်ရသွားစေသည်။

"ဟုတ်လား၊ ဘာကိစ္စတဲ့လဲ" ကိုဇော်အောင် ဟန်မပျက် မေးသည်။

"ရန်ကုန်ရောက်တုန်း ဝင်လာတာပါတဲ့၊ မိုင်းလျှိုးမှာတုန်းက ဦးဇော်အောင်နဲ့ အတော် ရင်းနှီး ပါတယ်တဲ့"

"ဪ... အင်း၊ နည်းနည်းတော့ ရင်းနှီးပါတယ် ပါတယ် သူတို့က ကုန်စုံဆိုင်ရောင်းတော့ ပစ္စည်းလေးဘာလေး ဝယ်ရင် သူတို့ဆိုင်က ဝယ်လေ့ရှိတယ်" ကိုဇော်အောင်က သတင်းစာ ဆက်ဖတ်နေသည်။

မိမိဦးက ဘာဆက်ပြောရမလဲ စဉ်းစားနေသည်။ သူ့ခင်ပွန်းသည်နှင့် သိင်္ဂီမျိုးဆိုသော အမျိုးသမီးနှင့် ဘယ်အတိုင်းအတာထိ ရင်းနှီးခဲ့သလဲ သူ သိချင်သည်။ သို့သော် ကိုဇော်အောင်အား မသေမချာနှင့် စွပ်စွဲမိသလို ဖြစ်မှာလည်း သူ စိုးရိမ်သည်။ သူ့ခင်ပွန်းသည် လူကောင်းတစ်ယောက်ဖြစ်သည်ဟု သူ

ယုံကြည်ထားခဲ့သည်။ သားလေးကို အလွန်ချစ်သည်။ မိမိကိုလည်း အမြဲယုယကြင်နာစွာ ဆက်ဆံတတ်သည်။ လင့်ဝတ္တရား ကျေပွန်ပြီး ဖြောင့်မတ်တည်ကြည်သူလည်း ဖြစ်သည်ဟု သူ လက်ခံထားသည်။ ထို့ပြင် မိုင်းလှျိုးဆိုသည်က မိမိနှင့် မတွေ့ဆုံမီကာလက ဖြစ်သည်။ ထိုစဉ် ထိုနေရာတွင် တစ်စုံတစ်ခု ဖြစ်ခဲ့မည်ဆိုလျှင်လည်း ဒါကို ယခုမှ ပြစ်တင်ဝေဖန်နေ၍ သင့်မည်မဟုတ်။

သို့သော် သည်မိန်းမ ဘာကြောင့် လာရသလဲ၊ သူ သေချာချင်သည်။ သည်မိန်းမ အပြုအမူတွေ ဘာကြောင့် ထူးဆန်းနေရသလဲ။ သူ သိချင်သည်။ ရိုးရိုး အသိအကျွမ်းဆိုလျှင် ကိစ္စမရှိ။ သူ ပြောသည့်အတိုင်း ရန်ကုန်ရောက်တုန်း ဝင်လာသည်ဆိုလျှင် ကိစ္စမရှိ။ သူ့ အမူအရာ ထူးဆန်းခြင်းမှာလည်း နဂိုကတည်းက ခပ်ကြောင်ကြောင်မို့ဆိုလျှင် ကိစ္စမရှိ။ သားလေး နှုတ်ခမ်းကို သူ ဘာလုပ်သည်လဲ၊ နမ်းတာလား၊ သွေးတိတ်အောင် စုပ်ပစ်တာလား တချို့လူတွေ လက်ဓားရလျှင် သွေးကို ပါးစပ်နှင့် စုပ်လေ့ရှိသည်။ အဲဒီ သဘောမျိုးလား၊ ဒါလည်း ဘာ အဓိပ္ပာယ် ရှိသလဲ။

သူ စဉ်းစားမရသည့် ကိစ္စတစ်ခုလုံး၊ သည်မိန်းမ၏ အပြုအမူတွေ အားလုံး ကိုဇော်အောင်ကို ဖွင့်ပြောပြလိုက်ရ ကောင်းမည်လား စဉ်းစားသည်။ သို့သော် သည်မိန်းမအကြောင်း စိတ်ဝင်တစား ပြောပြရမှာလည်း သူ ဝန်လေးသည်။

သည်အခိုက် တယ်လီဖုန်း လာသည်။

ကိုဇော်အောင့် လုပ်ငန်းမိတ်ဆွေတစ်ဦးထံမှ ဖြစ်သည်။ လုပ်ငန်းကိစ္စနှင့် ပတ်သက်၍

အတော်ကြီးကြာအောင် ဆွေးနွေးပြောဆိုနေကြသည်။

မီမီဦး မပြောဖြစ်တော့။

※

နောက်တစ်နေ့ ကိုဇော်အောင်နှင့် အေးအေးဆေးဆေး စကားပြောရန် အချိန်ရသော်လည်း မီမီဦး မပြောဖြစ်။ သည်စကားကို ပြောလည်းပြောချင် မပြောလည်းမပြောချင် ဖြစ်နေသည်။

နောက်တစ်နေ့ ညမှာတော့ သူ အိပ်မက်တစ်ခု မက်သည်။

သားကလေး ဆော့ကစားနေဆဲ မြွေဟောက်မကြီးတစ်ကောင် ရောက်လာပြီး သားကို သဲသဲမဲမဲ ပေါက်သည်။ သူ တအားအော်သည်။ အသံမထွက်။

သူ သားထံ အတင်းပြေးသည်။ ပြေး၍မရ။ သူ သွေးရူးသွေးတမ်း ဖြစ်နေဆဲ မြွေဟောက်မက ဟိုနေ့က လာသည့် မိန်းမဖြစ်သွားပြီး သားလေးနှုတ်ခမ်းကို နမ်းနေသည်။ မလုပ်နဲ့ မလုပ်နဲ့ ဟု သူအော်သည်။ တားသည်။ အသံမထွက်။ အဲသည်မိန်းမက သူ့ဘက် လှည့်ကြည့်လိုက်တော့ နှာခေါင်းကောက်ကောက် ဆံပင်စုတ်ဖွားနှင့် စုန်းမကြီး ဖြစ်နေသည်။ စုန်းမကြီးက သူ့သားလေး ပါးစပ်ထဲသို့ အပင်းအဆိပ်တွေ မှုတ်သွင်းနေသည်။ မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်၊ ကျွန်မသားလေးကို မလုပ်ပါနဲ့။ သူ သံကုန်အော်သည်။

သည်ခဏတွင် သူ နိုးလာသည်။ သူ ဝူးဝူးဝါးဝါး ဖြစ်နေသဖြင့် ကိုဇော်အောင် နှိုးလိုက်ခြင်းဖြစ်သည်။ သူ့တစ်ကိုယ်လုံး ဇောချွေးတွေ ပြန်ကာ လူကလည်း မောနေသည်။

ကိုဇော်အောင်က ရေအေးတစ်ခွက် ယူလာပြီး တိုက်သည်။

“လက်ကို ဖိပြီး အိပ်မိလို့နဲ့ တူတယ်"

“မဟုတ်ဘူး”

“ကြောက်စရာ လန့်စရာတွေ အိပ်မက် မက်လို့လား"

“ဟုတ်တယ်”

“ညက ဘာတွေစားလဲ၊ တစ်ခါတလေ အစာမကြေရင် သွေးလေခြောက်ခြားတဲ့ အိပ်မက်မျိုး မက်တတ်တယ်လို့ ပြောကြတယ်၊ ကဲ ချက်ချင်း ပြန်မအိပ်နဲ့ဦး၊ ကုလားထိုင်မှာ ခဏ ထိုင်ချင်ထိုင်နေလိုက်၊ ကိုယ်လဲ ထိုင်မယ်"

ကိုဇော်အောင် ကြင်နာတတ်တာ ဂရုစိုက်တာတွေ့ ရတော့ သူ ဝမ်းသာမိ ကျေးဇူးတင်မိရသည်။

သန်းခေါင်ကျော် နှစ်ချက်တီးနီးပါး အချိန်ကြီး ဖြစ်သည်။ သားလေးက သူ့ခုတင်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ မိမိဦးက သားလေး အိပ်နေသည့် အနားသွားကာ အတန်ကြာအောင် ကြည့်နေပြီးနောက် ကိုဇော်အောင်အနီး လာထိုင်သည်။

ထို့နောက် ကိုဇော်အောင့် မျက်နှာကို ကြည့်ကာ…

“အစ်ကို အစ်ကို့ကို မိမိ စကားနည်းနည်း ပြောချင်တယ်၊ ညကြီးမင်းကြီး ပြောရတာ အားတော့ နာပါတယ်။ ဒါပေမဲ့ ဖွင့်ပြောလိုက်မှပဲ စိတ်ထဲမှာ အစွဲအလမ်း ဖြစ်နေတာတွေ ရှင်းသွားမယ် ထင်လို့ပါ၊ မိမိ စောစောက မက်တဲ့အိပ်မက်ဟာ

တော်တော်ဆိုးတယ် အစ်ကို"

မီမီဦးက သူ့အိပ်မက်ကို တိတိကျကျ ပြန်ပြောသည်။

"အိပ်မက်ဆိုတာ ဒီလိုပါပဲ၊ ကပေါက်တိကပေါက်ချာတွေ ဆက်စပ်ပြီး မက်ချင်သလို မက်တတ်တာပဲ'

မက်ချင်သလို မက်တတ်တယ်ဆိုတာလဲ ဟုတ်တော့ဟုတ်ပါတယ်၊ အဲဒီအတိုင်းဖြစ်ရင်လဲ အကောင်းဆုံးပေါ့ အစ်ကိုရယ်၊ ဒါပေမဲ့ ဒီအိပ်မက်ကတော့ မီမီ့မျက်စိထဲမှာ ရုပ်ရှင်ကြည့်ရသလို ရှင်းရှင်းကြီး မြင်ရတာဆိုတော့ အတော်ကြောက်သွားတယ်၊ ပြန်တောင် မအိပ်ရဲတော့ဘူး အိပ်ရင် ထပ်မက်ချင် မက်နေဦးမှာ၊ ပြီးတော့ ဟိုနေ့က ကိစ္စမှာ အစ်ကို့ကို မပြောရသေးတာရှိသေးတယ်။ ဟိုညက စကားပြောနေတုန်း တယ်လီဖုန်းလာလို့ စကားစပြတ်သွားတာ၊ မနေ့ကလဲ ပြောရကောင်းနိုး မကောင်းနိုးနဲ့ မပြောဖြစ်ဘူး၊ စောစောက အိပ်မက်ထဲမှာ သားလေးနှုတ်ခမ်းကို နမ်းနေတယ်ဆိုတဲ့ အမျိုးသမီးဟာ အဲဒီနေ့က သားနှုတ်ခမ်းကို တကယ် နမ်းသွားတယ်"

မီမီဦးက သူ ဂွမ်းသွားယူပြီး ပြန်ထွက်အလာ မြင်ရပုံရှုခင်းကို သေသေချာချာ ပြောပြသည်။ "မျက်စိထဲမှာ သားလေးကို မြွေတစ်ကောင် ပေါက်နေသလို မြင်လိုက်မိတယ်၊ ဒီမိန်းမ အမူအရာ ကြည့်ရတာ တမျိုးပဲ ဆန်းတယ် တစ်ခုခုကို လျှို့ဝှက်ထားသလိုပဲ ထင်ရတယ်၊ စုန်းကဝေလို ပညာနဲ့ ပြုစားတတ်တဲ့ မိန်းမမျိုးလားလို့တော့ မထင်လိုက်မိဘူး၊ ဒါပေမဲ့ အိပ်မက်ထဲရောက်တော့မှ သူ့မျက်နှာကြီးက စုန်းမကြီး ဖြစ်သွားတယ်၊ ဖွဟဲ့ .. လွဲပါစေ၊ ပယ်ပါစေ သားလေး မပြောကောင်း မဆိုကောင်းတွေ မဖြစ်ပါစေနဲ့"

ကိုဇော်အောင် အတော်ကြီး စိတ်ကသိကအောက် ဖြစ်သွားသည်။ သို့သော် ဇနီးသည် စိတ်သက်သာရာ သက်သာကြောင်း ဖျောင်းဖျနှစ်သိမ့်ဖို့မှာ မိမိ တာဝန်ဖြစ်သည်ဟု သူ ယူဆသည်။

"အင်း .. အဲဒါကတော့ သူလဲ သွေးမြင်ပြီး လုပ်မိလုပ်ရာ လုပ်လိုက်မိတာလဲ ဖြစ်နိုင်ပါတယ်၊ တစ်ခါတစ်ရံ လူ့အပြုအမူဆိုတာ ပြောရခက်သားပဲ၊ ကိုယ်တို့လဲ တစ်ခါတလေ အမှတ်တမဲ့ လုပ်လိုက်မိတာလေးတွေဟာ ကြောင်တောင်တောင်နိုင်တယ်လို့ ထင်မယ်ဆိုရင် ထင်စရာရှိတာပဲ၊ ကိုယ်သိသလောက်တော့ သူတို့အရပ်မှာ စုန်းတို့ ဘာတို့ ဆိုတာ မရှိပါဘူး ပြောသံ မကြားဖူးပါဘူး၊ သူ့ကိုလဲ ကောင်းကောင်း သိပါတယ်၊ သူလိုငါလို လူရိုးရိုးတွေပါပဲ၊ သားလေးကို ဒီလို မတော်တရော် လုပ်စရာအကြောင်းလဲ မရှိပါဘူး၊ ပြီးတော့ ဒီပြုစားတယ်တို့ ဘာတို့ဆိုတာ ရှေးတုန်းက အစွဲအလမ်းတွေပါ၊ တကယ် မရှိပါဘူး လူတွေမှာ အဲဒီလို တစ်ယောက်ကိုတစ်ယောက် ပြုစားနိုင်တယ်ဆိုတဲ့

အစွမ်းသတ္တိမျိုးလဲ မရှိပါဘူး၊ ရှေးတုန်းက ခုလို ခေတ်မီဆေးဝါးတွေလဲ မပေါ်ပေါက်သေးတဲ့ အချိန်မှာ ရောဂါဘယတစ်ခုခုဖြစ်ရင် ကိုယ်နဲ့ ရန်ညှိုးရှိတဲ့ လူတစ်ယောက်ယောက်ကများ မကောင်းဆိုးဝါး ကြံစည်လေသလားလို့ ထင်မှတ်ရာက ဖြစ်ပေါ်လာတဲ့ အစွဲအလမ်းတွေပါ၊ ဆေးပညာ ထွန်းကားလာတာနဲ့အမျှ ဒီအစွဲအလမ်းတွေ ပျောက်လာတာပဲ၊ အခု ဘာဖြစ်လဲ သားလေး လိမ့်ကျလို့ နှုတ်ခမ်းကွဲသွားတယ်၊ သွားလေးတစ်ချောင်း နဲ့သွားတယ်၊ သွားက ငယ်သွားပဲ၊ ကျိုးသွားလဲ ကိစ္စမရှိဘူး၊ ဟိုမိန်းမ နမ်းတယ်ဆိုတာလဲ ကလေးနာသွားတာမြင်တော့ သနားပြီး လုပ်မိလုပ်ရာ လုပ်တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ သိပ် အစွဲအလမ်း မထားပါနဲ့'

မီမီဦး ငြိမ်သက်နေသည်၊ အတန်ကြာမှ “အစ်ကို့ကို တစ်ခုမေးမယ်နော်၊ စွပ်စွဲတယ်လို့တော့ မထင်ပါနဲ့၊ စိတ်ထဲ ရှင်းသွားချင်လို့ပါ "

“ဘာလဲ .. မေးလေ” ဘာမေးတော့မည်ကို ကိုဇော်အောင် ရိပ်မိသည်။

“အစ်ကိုနဲ့ အဲဒီမိန်းမ မိုင်းလျှိုးမှာတုန်းက ဘာဖြစ်ခဲ့ဖူးသလဲဟင်”

“ဘာမှ မဖြစ်ခဲ့ပါဘူးဗျာ၊ ဒီလိုပဲ တွေ့ဖူးသိဖူးတာပဲ၊ ကိုယ်တို့ဌာနက လူအတော်များများနဲ့ ရင်းနှီးတယ် သူတို့က ခင်ခင်မင်မင် ဖော်ဖော်ရွေရွေ ပြောဆိုဆက်ဆံလေ့ရှိတေ ဝံလေ့ရှိတော့ ဈေးဝယ်ရင် သူတို့ဆိုင်က ဝယ်ကြခြမ်းကြလေ့ရှိတယ်၊ အခု အိမ်ရောက်လာတာကလဲ ဌာနက တစ်ယောက်ယောက်နဲ့ တွေ့ပြီး လိပ်စာသိရတာနဲ့ ဝင်လာတာ ဖြစ်မှာပါ၊ သူတို့က လူကို ခင်တတ်တယ်"

“အဲဒါဆိုလဲ ဝမ်းသာပါတယ် အစ်ကိုရယ်"

(၃)

ကိုဇော်အောင်တို့ မိသားစု၏ဘဝမှာ သာယာအေးချမ်းစွာပင် ဆက်လက်တည်တံ့ ရှင်သန်နေခဲ့သည်။

ကိုဇော်အောင့် လုပ်ငန်းများ တောက်လျှောက် အောင်မြင်သည်။ စီးပွားလာဘ်လာဘ သိသိသာသာ တိုးတက်ခဲ့သည်။

လုပ်ငန်းများ အောင်မြင်တိုးတက်လာသည်နှင့်အမျှ ကိုဇော်အောင့်မှာ အလုပ်က အလွန်များလာသည်။ မနက်ကတည်းက အိမ်မှထွက်၍ ညဆယ်နာရီ ကိုးနာရီမှ အိမ်ပြန်ရောက်သည်။ အားလပ်ရက်ဟူ၍ပင် သေသေချာချာ မရှိချင်။ တစ်ခါတစ်ရံ နယ်သို့လည်း သွားရသည်။ နယ်မှာရှိသည့် လုပ်ငန်းများကို သွားရောက်ကြည့်ရှုရသည်။ တစ်ခါတစ်ရံ နှစ်ပတ်သုံးပတ် သွားရောက်ကြီးကြပ်ပေး နေရတတ်သည်။ အလုပ်ကိစ္စဖြင့် နယ်သို့သာ သွားရောက်ရသည်မဟုတ်၊ ပြည်ပသို့ သွားရသည်မှာလည်း သုံးလေးခေါက် ရှိနေပြီ။

ကိုဇော်အောင် အလုပ်မအားသလို မီမီဦးမှာလည်း အားသည်မရှိပါ။ သားလေးကို ကျောင်းပို့ရ၊ ကျောင်းကြိုရ၊ အိမ်မှာ ဆရာမနှင့် စာသင်ရ၊ ကိုယ်တိုင်သင်ပေးရ အိမ်မှုကိစ္စစီစဉ်ရ၊ တစ်ခါတစ်ရံ ခင်ပွန်းသည်ရုံးခန်း သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို လိုက်လည်ရ၊ တစ်ခါတစ်ရံ နှစ်ဖက်မိဘများထံသို့ သွားလည်ရနှင့် ပျင်းနေစရာ အချိန်မရှိပါ။

သို့သော်...

ယင်းသို့ ပူပင်ကြောင့်ကြစရာ ကင်းမဲ့လှသည့် သူတို့ဘဝကလေးကို ကစဉ့်ကလျား ပရမ်းပတာဖြစ်အောင် ချေမွဖျက်ဆီးပစ်မည့် ကံကြမ္မာဆိုးက ရုတ်တရက် ရက်စက်ကြမ်းကြုတ်စွာ ပေါ်ပေါက်လာခဲ့သည်။

ထိုအချိန်က ကိုဇော်အောင် နယ်မှာ ရောက်နေသည်။ သူတို့ ကုမ္ပဏီက တာဝန်ယူထားသည့် ဆောက်လုပ်ရေး လုပ်ငန်းကြီးတစ်ခုကို သွားရောက်ကြီးကြပ်နေသည်။

သူ့လုပ်ငန်းခွင်နေရာမှာ ရန်ကုန်အိမ်နှင့် တိုက်ရိုက်တယ်လီဖုန်း ဆက်၍မရ။ သို့သော် အကြောင်းကြီးငယ်ရှိလျှင် ဖုန်းဆက်အကြောင်းကြားရန် နေရာတစ်ခုတော့ ရှိသည်။ ကိုယ်ဆက်ချင်လျှင် သွားဆက် ရန်ကုန်က ဆက်သွယ်လျှင်မူ နားထောင်ထားပြီး ပြန်ပြော။

သူ့ထံ ရန်ကုန်အိမ်က ဖုန်းဆက်ကြောင်း ကြားသိရသောအခါ သူ ထိတ်ခနဲ ဖြစ်သွားသည်။ ကလေးနေမကောင်းသဖြင့် ရန်ကုန်သို့ အမြန်ဆုံး ပြန်လာရန် အမျိုးသမီးက အကြောင်းကြားကြောင်း သူ သိရသည်။

မတော်တဆ ထိခိုက်မှု တစ်ခုခုများ ဖြစ်တာလား။ အသက်အန္တရာယ် ထိခိုက်မိသည်အထိများ ဖြစ်သွားလေသလား။ အဲသလောက်ဆိုလျှင်တော့ မီမီ အကြီးအကျယ် ပူဆွေးသောက ရောက်နေလိမ့်မည်။ သူ့ထံ ကိုယ်တိုင် ဖုန်းဆက် အကြောင်းကြားနိုင်မည် မဟုတ်။ ကုမ္ပဏီမှဖြစ်စေ မိသားစုထဲမှ တစ်ယောက်ယောက်က ဖြစ်စေ အကြောင်းကြားစရာရှိသည်။ ကိုယ်လက်အင်္ဂါ ကျိုးပဲ့ပျက်စီးမှုများ ဖြစ်လေသလား။ ဖျားရုံနာရုံနှင့်တော့ လှမ်းခေါ် စရာ အကြောင်းမရှိ။ ခင်မင်ရင်းနှီးသည့် ကလေးအထူးကု သမားတော်ကြီးများလည်း အားကိုးစရာ ရှိနေသည်။ သမားတော်ကြီးများအကြောင်း စဉ်းစားမိတော့ ယခု နှစ်ပိုင်းအတွင်း သားကလေး အတော်ချူချာတာ သူ သတိရသည်။ ပြီးခဲ့သည့် လအတွင်းပင် တစ်ကြိမ်နှစ်ကြိမ် ဖျားသေးသည်။ သို့သော် သိပ် ပြင်းပြင်းထန်ထန် မဟုတ်။ မီမီပဲ ဆရာဝန်ကြီးများထံ သွားပြပြီး တစ်ရက်နှစ်ရက်နှင့်ပင် ကောင်းသွားစမြဲ ဖြစ်သည်။

ဟိုတလောက သူ ရန်ကုန်သို့ ဖုန်းဆက်တော့လည်း သားလေး နေကောင်းလားမေးတော့ ကောင်းပါတယ်ဟူ၍ မီမီ ဖြေခဲ့သည်။ သို့သော် သည့်နောက်တော့ အိမ်သို့ တိုက်ရိုက်မဆက်ဖြစ်ခဲ့တာ နှစ်ပတ်ကျော်ကျော်လောက် ရှိလိမ့်မည်။

ကိုဇော်အောင် လုပ်ငန်းကိစ္စစီမံစရာ ရှိသည်များကို အမြန်ဆုံး စီမံညွှန်ကြားသည်။ ထို့နောက် တယ်လီဖုန်းရှိရာသို့ အပြေးအလွှားသွားကာ အိမ်သို့ လှမ်းဆက်သွယ်သည်။ မီမီနှင့် မတွေ့ရ။ အိမ်ဖော် အမျိုးသမီးထံမှသာ ကလေး ဖျားနေကြောင်း ဆေးရုံတင်ထားရကြောင်း၊ စိုးရိမ်ရသည်ဟု မီမီဦးက ပြောကြောင်း သူ သိရသည်။

သူ ရန်ကုန်သို့ အမြန် ပြေးလာခဲ့သည်။

သူ အိမ်ရောက်သည့်အချိန်မှာ မီမီလည်း ဆေးရုံမှ ပြန်ရောက်စအချိန်ဖြစ်သည်။ မီဒီ့မျက်နှာက သိသိသာသာကြီး ပျက်လျက်ရှိသည်။

"သားလေး ဘာဖြစ်တာလဲ" သူက မေးသည်ကို မီမီ ရုတ်တရက် မဖြေ။ သူ့ကို တွေ၍ ကြည့်နေသည်။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာသည်။ မျက်ရည်တွေ စီးကျလာသည်။ မီမီ ငိုရှိုက်နေသည်ကို ကြည့်ကာ သူ စိုးရိမ်ထိတ်လန့်လာသည်။ စိတ်မရှည်နိုင်လည်း ဖြစ်လာသည်။

မီမှီကို လှုပ်ယမ်းကာ မေးသည်။ "ဘာဖြစ်တာလဲ ပြောစမ်းပါ၊ အခု ဘယ်လို အခြေအနေလဲ ပြောစမ်းပါဦး ပြောစမ်းပါဦး"

သားလေး ဘာဖြစ်သည်ကို သေသေချာချာ ကြားသိလိုက်ရသောအခါ နားနားကပ်၍ မိုးကြိုးပစ်ချ ခံလိုက်ရသလို သူ တုန်လှုပ်ချောက်ချားသွားရသည်။

"ကိုယ်ခံအား ကျတဲ့ရောဂါတဲ့"

ဘာ အေအိုင်ဒီအက်စ်၊ မဖြစ်တန်ရာသည့် ကိစ္စပါကလား။

သားလေးမှာ ဘာကြောင့် အေအိုင်ဒီအက်စ် ဖြစ်ရမှာလဲ။ ဒီမကောင်းဆိုးဝါးရောဂါနဲ့ ဘာဆိုင်လို့လဲ။

"ဟုတ်ရဲ့လားကွာ"

"အိပ်ချ်အိုင်ဗီပိုးရှိမရှိ စမ်းသပ်ကြည့်ပြီးပြီ၊ ပေါ့စတစ်တဲ့" မီမီဦး ငိုရှိုက်ရင်းပြောသည်။

"ဟုတ်ရဲ့လားကွာ၊ သေချာရဲ့လား၊ တစ်ကြိမ် နှစ်ကြိမ်တော့ ထပ်စစ်ကြည့်ဦးမှ ထင်တယ်၊ သားလေးနဲ့ ဒီရောဂါ ဘာဆိုင်တာမှတ်လို့၊ မပြောကောင်း မဆိုကောင်း၊ ဆေးထိုးတာတွေကများ ကူးသလား၊ ဆေးကလဲ ထိုးခဲ့သားပဲ"

"ထပ်စမ်းဦးမယ်လို့ ပြောတယ်၊ ကျွန်မတို့ကိုလဲ စမ်းမှာ ရှင် မကောင်းတဲ့ မိန်းမတွေနဲ့များ ဆက်ဆံခဲ့ဖူးသလား"

"မဟုတ်တာကွာ

ကိုဇော်အောင် အပြေးအလွှား စဉ်းစားကြည့်သည်။

ဟိုတုန်းကတော့ သူလည်း မကင်းခဲ့။ သို့သော် တစ်ကြိမ် နှစ်ကြိမ် သုံးလေးကြိမ်မျှသာပဲ ရှိလိမ့်မည်။ ပြီး ဒါကလည်း အေအိုင်ဒီအက်စ် ဆိုတာတွေ လုံးဝ မကြားဖူး၊ မပေါ်ဖူးသေးသည့် ခေတ်လောက်က ဖြစ်သည်။ သည်လို ကိစ္စတွေနှင့် ဆက်စပ်၍ ဘာရောဂါဘယမျှလည်း သူ မရဖူးခဲ့။

※

ကလေးကို ကူးစက်ရောဂါဆေးရုံမှာ တင်ထားရသည်။ လောလောဆယ်တော့ လူက အခြေအနေမဆိုး။ ရုပ်ပျက်ဆင်းပျက် ချုံးကျသွားသည့် အနေအထားမျိုး မဟုတ်။

သို့သော် အရိုပ်ကြီးကတော့ ထိုးကျနေပြီ။ ရောဂါက အစပျိုးလျက်ရှိပြီ။ ပဋိဇီဝဆေးပြင်းတွေကြောင့် အဖျားက လောလောဆယ် ပျောက်သွားသည်။ ကလေးက ဖြူရော်ရော်လေး ဖြစ်ကျန်ရစ်သည်။ ကိုဇော်အောင်တို့ ဇနီးမောင်နှံကို သွေးဖောက်စစ်ဆေးသည်။ မခင်ကိုလည်း စစ်သည်။ သူတို့မှာ ဘာပိုးမှမတွေ့။ သားလေးကိုတော့ နောက်တစ်ကြိမ် ထပ်စစ်တော့လည်း ပေါ့ဇတစ်ပဲ ထပ်ပြသည်။ ဇဝေဇဝါ ဖြစ်စရာအကြောင်း မရှိတော့။

သားလေးဆီ ဒီပိုးတွေ ဘယ်က ရောက်လာသလဲ၊ ဘယ်လိုရောက်လာကြသလဲ ဘယ်ကံကြမ္မာဆိုးက သယ်ဆောင်လာသလဲ။ ဘယ်မကောင်းဆိုးဝါး၏ ကျိန်စာများလေလဲ၊ စဉ်းစားရခက်လှသည်။

အေအိုင်ဒီအက်စ် အကြောင်းရေးသည့် ဆောင်းပါးများ၊ ကျန်းမာရေးဌာနမှ ထုတ်ဝေသည့် စာရွက်စာတမ်းများကို ဖတ်ကာ သည်ရောဂါအကြောင်း သူတို့ သိတန်သလောက် သိနေကြပြီ။

အိပ်ချ်အိုင်ဗီ အေအိုင်ဒီအက်စ် ရောဂါပိုးသည် ပြင်ပစားသောက်ဆိုင်များမှာ စားရသောက်ရာ ကလည်း မကူးစက်နိုင်၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းတို့မှလည်း မကူးစက်နိုင်၊ ခြင် ယင် ကြမ်းပိုး စသည်တို့ကြောင့်လည်း မကူးစက်နိုင်၊ တော်ရုံ ပွေ့ဖယ်နမ်းရှုပ်ရုံလောက်နှင့်လည်း မကူးနိုင်၊ ရောဂါ ပိုးရှိသူနှင့် လိင်ဆက်ဆံမှု ပြုရာမှသာ ကူးနိုင်သည်။ သို့မဟုတ် ဆေးထိုးရာမှ ကူးစက်နိုင်သည်။

သားကလေး ဇော်မျိုးဦးအဖို့တွင် လိင်ဆက်ဆံမှုကိစ္စကို ထည့်သွင်း စဉ်းစားစရာမလို။

ဆေးထိုးသည့်ကိစ္စ။

ဆေးကတော့ တစ်သက်တာအတွင်း သုံးလေးကြိမ်မျှ ထိုးဖူးသည်။ သို့သော် ဖျားနာ၍ ထိုးခြင်းမဟုတ် ရောဂါကာကွယ်ဆေးများ ထိုးခြင်းမျှသာဖြစ်သည်။

ကလေးငယ်ငယ်ကို ဆေးထိုးလျှင် အကြောသေသွားတာမျိုး ဖြစ်နိုင်သည်။ အသားဝါ အသည်းရောင်ပိုး ကူးတတ်သည် စသည်ဖြင့် ပြောသံဆိုသံ ကြားဖူးသည်များ ရှိသဖြင့် ကိုဇော်အောင်တို့ ဇနီးမောင်နှံသည် သားကလေးကို တတ်နိုင်သမျှ ဆေးမထိုးရအောင် ရှောင်ခဲ့သည်။ သားလေးကလည်း ငယ်ငယ်က ကျန်းမာရေး အတော်ကောင်းခဲ့သည်။ နေမကောင်း၍ ဆရာဝန်ပြလျှင်လည်း ကလေးအထူးကု ဆရာဝန်ကြီးများထံ၌သာ ပြလေ့ရှိရာ ဆရာဝန်ကြီးများက နိုင်ငံခြားသောက်ဆေး အကောင်းစားများသာ ပေးလေ့ရှိခဲ့သည်။ ရောဂါကာကွယ်ဆေးများ ထိုးရသည့်အခါများမှာလည်း တတ်နိုင်သမျှ သန့်သန့်ပြန့်ပြန့် ဖြစ်အောင် ကြိုတင်ပြောဆို စီမံခဲ့ကြသည်။

သည်ကြားထဲက ဘယ်လိုလုပ်ပြီး သည်ပိုးက ကလေးကိုယ်ထဲ ဝင်သွားခဲ့သလဲ။

သူတို့ စဉ်းစားမရနိုင်။

သို့သော် ... တစ်နေ့မှာတော့ မိမိဦးက ဆိုသည်။

"ဟို မိုင်းလျှိုးက မိန်းမကို ကျွန်မ စိတ်မချဘူး အစ်ကို၊ အိပ်မက်ထဲမှာ စုန်းမလိုမြင်ရတဲ့ မိန်းမ၊ ဒီရောဂါပိုးဟာ ပါးကိုနမ်းရုံနဲ့ မကူးနိုင်ပေမဲ့ နှုတ်ခမ်းကို နမ်းရင်တော့ ကူးချင်ကူးနိုင်တယ်၊ သားလေး နှုတ်ခမ်းကွဲပြီး သွေးတွေ ထွက်နေတာမဟုတ်လား သူ့ပါးစပ်ထဲမှာလဲ ကွဲတာရှတာ ရှိနေရင် ရောဂါ ပိုးကူးဖို့ လွယ်နေတယ်၊ ဒီမိန်းမကို ကျွန်မ မယုံဘူး၊ သူ ဘာကြောင့် ကလေးပါးစပ်ကို နမ်းရသလဲ၊ ကျွန်မ စိတ်ထဲမှာ ဒီမိန်းမကို မကောင်းဆိုးဝါးလို့ မြင်နေတယ်၊ ခုတလော ဟိုအရင်တုန်းက မက်ခဲ့တဲ့အိပ်မက်လဲ ပြန်မက်တာ နှစ်ကြိမ်ရှိနေပြီ၊ အိပ်မက်က ကြောက်စရာကြီး၊ မျက်စိထဲမှာ ရှင်းရှင်းကြီး မြွေဟောက်မရော စုန်းမကြီးရော အရင်အတိုင်း တထေရာတည်းပဲ၊ ကျွန်မ တစ်ယောက်တည်း ညကြီးသန်းခေါင် အထိတ်တလန့်နဲ့ နိုး နိုးလာတယ် နိုးလာရင် ရင်တွေတုန်ပြီး ပြန်အိပ်လို့မရတော့ဘူး၊ အစ်ကို့ကိုလဲ မနှိုးချင်တာနဲ့ မနှိုးဘူး၊ အိပ်ဆေးလဲ ထပ်မသောက်ချင်တာနဲ တစ်ယောက်တည်း မျက်လုံးကြောင်ကြောင်နဲ့ တောင်တွေးမြောက်တွေး တွေးပြီး မိုးစင်စင်လင်းတာပဲ၊ အစ်ကို အဲဒီမိန်းမကို စုံစမ်းကြည့်စမ်းပါ၊ သူ့ အခြေအနေ ဘယ်လိုရှိသလဲ သိချင်တယ်'

"စုံစမ်းရင်တော့ သိမှာပေါ့ကွာ၊ မိုင်းလျှိုးမှာပဲ ရှိမှာပေါ့၊ ဒါမှမဟုတ်လဲ ဘယ်နေရာမှာဆိုတာ သူတို့ဆီ လှမ်းမေးကြည့်ရင် သိရမှာပေါ့၊ ဒါပေမဲ့ ဘယ်လိုမေးမလဲ၊ ကိုယ့်ကုသိုလ် အကုသိုလ်အလျောက် ဖြစ်လာတဲ့ကိစ္စမှာ သူတစ်ပါးကို ရမ်းပြီး စွပ်စွဲလို့ ဘယ်ဖြစ်ပါ့မလဲ၊ အိပ်မက်ဆိုတာကလဲ စွဲလမ်းရင် ဖြစ်တတ်တာပဲကွာ၊ မိမို စိတ်ထဲမှာ ဒီမိန်းမကို စ တွေ့ကတည်းက စိတ်မသိုးမသန့် ဖြစ်သွားတော့ အခုလို အတွေးများတဲ့အချိန်မှာ ဒီအိပ်မက် ပြန်ပေါ်လာတာဖြစ်မှာ၊ ညဘက်ကျတော့ အိပ်ဆေးတိုးသောက်ကွာ၊ ဆရာဝန်ကလဲ လိုအပ်ရင် နှစ်ပြားသောက်လို့ရတယ်လို့ ပြောထားတယ် မဟုတ်လား"

မိမိဦး ကိုဇော်အောင့်စကားကို ငြိမ်၍ နားထောင်သည်။ သို့သော် သူ့စိတ်က မပြောင်းလဲ၊ သူ ပြောစရာရှိတာကို ပြတ်ပြတ်သားသား ထပ်၍ပြောသည်။

"ကျွန်မဘက်က ရမ်းပြီးစွပ်စွဲတာမျိုး ဖြစ်ချင်လဲဖြစ်မယ် အစ်ကို၊ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ ဒီမိန်းမကို စွဲနေတာကတော့ အမှန်ပဲ၊ အဲဒီတစ်ကြိမ် တွေ့လိုက်ရပြီးကတည်းက ကျွန်မ ခေါင်းထဲမှာ ဒီမိန်းမရှိနေတယ် ဒီကိစ္စကို ရှင်းသွားချင်တယ်၊ လူသိရှင်ကြား မဖြစ်တဲ့နည်း တစ်နည်းနည်းနဲ့ အစ်ကို

စုံစမ်းပေးပါ၊ ဒီမိန်းမဟာ ရောဂါ ရှိနေတဲ့ မိန်းမလား၊ အခု ဘယ်လို အခြေအနေရှိသလဲ၊ ရှိကော ရှိသေးရဲ့လား၊ ဟိုတုန်းကတည်းက ရောဂါဖြစ်နေတာဆိုရင် အခု ရှိချင်မှရှိတော့မှာ ဘာရောဂါမှမဖြစ်ဘဲ သူ့ဘာသာသူ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်နေတယ်ဆိုရင်တော့ သူ့ကို စွပ်စွဲမိတဲ့အတွက်ရော အစ်ကို့ကို ဒုက္ခပေးမိတဲ့အတွက်ပါ ကျွန်မ တောင်းပန်မယ်၊ ကျွန်မ သားလေးကျမှ ဒီရောဂါဆိုး ဘာကြောင့် ဝင်လာရသလဲ ကျွန်မ သိချင်တယ်၊ မသင်္ကာစရာဖြစ်နေတဲ့ ကိစ္စကို ကျွန်မ ရှင်း၊ ရှင်းအောင်လုပ်ချင်တယ်၊ အဲဒီကိစ္စရှင်းသွားရင် ကျွန်မ စိတ်တုံးတုံးချလိုက်တော့မယ်၊ ကျွန်မ သားလေးအတွက် ကောင်းမှုကုသိုလ်တွေပဲ လုပ်တော့မယ်၊ အဲဒါကိုသာ အစ်ကို ဆောင်ရွက်ပေးပါ "

မီမီဦးက သူ့အား ခိုင်းစေနေခြင်းဖြစ်သည်။ ခါတိုင်း သည်လို ပုံစံမျိုး ပြောရိုးထုံးစံမရှိ။ ယခု သားဇောနှင့်မို့ ပြောသည်လား၊ ဒါမှမဟုတ် သားလေး ယခုလိုဖြစ်ရခြင်းမှာ မိမိ ပယောဂမကင်းဟု စွပ်စွဲနေချင်တာလား ကိုဇော်အောင် စဉ်းစားမရနိုင်။

သိဂီမျိုး။

သိဂီမျိုးကို ဘယ်လို စုံစမ်းမည်လဲ။ မိမိ စုံစမ်းခြင်းဖြစ်ကြောင်း သိမသွားအောင် သတိထားရမည်။ အကယ်၍ မိမိ သူ့ကို စုံစမ်းကြောင်း ရိပ်မိသွားလျှင် ဘာအတွက် စုံစမ်းမှန်း မသိအောင်ကိုကား အထူး သတိထားရလိမ့်မည်။

ဘယ်ကစပြီး ဘယ်လိုလုပ်ရမည်လဲ။ အတော်တော့ ခက်သည့်ကိစ္စ ဖြစ်သည်။

သူ့ကို စုံစမ်းကြောင်းသိသွားလျှင် ပြီးပြီးသားကိစ္စကို ပြန်ဆွပေးသလို ဖြစ်သွားနိုင်သည်။ လူချင်းရင်ဆိုင်တွေ့လျှင် ဘယ်လိုလုပ်မည်လဲ။ ကိုဇော်အောင့်အဖို့ အတော်ခက်သော အလုပ်ဖြစ်သည်။ ယခင်တစ်ကြိမ် အိမ်သို့ ရောက်လာသည်ဆိုတုန်းက သူ အတော် လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရသည်။ အမျိုးသမီးက ဘာလုပ်မည်လဲ၊ ဘာတွေ ပြောမည်လဲ သူမသိနိုင်။ သို့သော် ကံအားလျော်စွာ အမျိုးသမီးက သူ့ အလိုအလျောက် ပြန်၍ ပျောက်ကွယ်သွားခဲ့သည်။

ယခုကိစ္စ။

ယခုကိစ္စက မိမိ တိတ်တဆိတ် တိမ်းရှောင်ထွက်ပြေးခဲ့သည့် မိန်းမကို မိမိက တစ်ဖန်ပြန်၍ စွပ်စွဲရမည့်ကိစ္စ ဖြစ်နေသည်။ မဟုတ်ဘူးဆိုလျှင်၊ အကယ်၍

မိမိ စုံစမ်းသည့် အကြောင်းကိစ္စကိုလည်း ရိပ်မိသွားမည်ဆိုလျှင်၊ မိမိဘက်က အပြစ် အဆမတန် ကြီးလေးသွားမည်။ အကယ်၍ ဟုတ်နေသည် ဆိုရင်ကော။

ဟုတ်လျှင် မိမိ ဘာလုပ်မည်နည်း။ မိမိ ဘာတတ်နိုင်မည်နည်း။

မိမိ ဘာမှ မတတ်နိုင်။ သားလေးသည် မိမိ အပြစ်အတွက် ခားစာခံ ဖြစ်သွားရခြင်းဖြစ်သည်ဟုသာ ဆိုရတော့မည်။ သည်လိုဆိုလျှင် မိမိ အသက်ရှင်နေသမျှ ကာလပတ်လုံး မိမိကိုယ်ကို အပြစ်တင်၍ ဆုံးနိုင်မည်မဟုတ်တော့။ မီမီဦးသည်လည်း မိမိ မျက်နှာကို နောက်ထပ် ကြည့်နိုင်တော့မည် မဟုတ်တော့။ သားကလေး ဆုံးရှုံးမည်။ အိမ်ထောင် ဆုံးရှုံးမည်။ မိမိဘဝ ပြီးဆုံးပြီ။

အောင်မြင်လှသည်ဆိုသော ကိုဇော်အောင်၏ ဘဝပျက်စီးဆုံးရှုံးရတော့မည်။ ယခုပင်လျှင် မိသားစုဘဝက ပျက်စီးစ ပြုနေပေပြီ။

သိဂ်ီမျိုးကို အကောင်းပကတိအတိုင်း ကျန်းကျန်းမာမာ လတ်လတ်ဆတ်ဆတ် တွေ့ပါရစေဟု သူ ဆုတောင်းမိသည်။ သားကလေးခမျာ သူ့ ဝဋ်ကြွေးနှင့်သူ ကြမ္မာဆိုး ကြုံရရှာတာပဲဟူ၍သာ ဆိုပါရစေတော့။

※

(၄)

သိင်္ဂီမျိုးကိစ္စ စုံစမ်းရေးမှာ ကိုဇော်အောင်အတွက် အတော်မလွယ်သောပြဿနာဖြစ်သည်။

သို့သော် ထိုမလွယ်ကူသောအလုပ်ကို ကိုဇော်အောင် မလုပ်လိုက်ရပါ။ ပြဿနာကို ဖြေရှင်းပေးမည့် သူက အလိုလျောက် ပေါ်ပေါက်လာသည်။

တစ်နေ့ ကိုဇော်အောင် ကုမ္ပဏီရုံးခန်းသို့ ရောက်သည့်အခါ အမျိုးသမီးတစ်ယောက် မိမိနှင့်တွေ့လို၍ စောင့်ဆိုင်းနေကြောင်း တွေ့ရသည်။ အမျိုးသမီးက မနေ့ကတစ်ကြိမ် လာရောက်ပြီး ကိုဇော်အောင်နှင့် မတွေ့ရသဖြင့် ယနေ့ ထပ်မံလာရောက်ခြင်း ဖြစ်သည်။

အမျိုးသမီးက စီးပွားရေးလောကတွင် တွေ့ဖူးကြုံဖူးရတတ်သည့် အမျိုးသမီးများနှင့် မတူ။

“ဟုတ်ကဲ့၊ ဘာကိစ္စများပါလဲခင်ဗျာ”

“ကျွန်မ သိင်္ဂီမျိုး သူငယ်ချင်းပါ "

“ဪ ဟုတ်ကဲ့ခင်ဗျာ”

“ကိုဇော်အောင်နဲ့ ကိုယ်တိုင်တွေ့ပြီး ပေးပါဆိုလို့ ကျွန်မ တမင်တကာ စောင့်နေတာပါ ”

“ဟုတ်ကဲ့၊ ဘာများပါလိမ့်"

“ဟောဒါ လေးပါ ”

အမျိုးသမီးက စက္ကူအိတ်ကလေးတစ်ခု ကမ်းပေးသည်။ အိတ်က ခပ်ထူထူ။ အတွင်းမှာ ခပ်မာမာ လေးထောင့်ပစ္စည်းလေးတစ်ခု ပါသည်။ ကက်ဆက်ခွေလား စီးကရက်ဗူးစ်လို သတ္တုဗူး တစ်ခုခုလား။

“သူက အခု ဘယ်မှာလဲခင်ဗျ၊ အလုပ်အကိုင်တွေရော ဘယ်လိုနေပါလိမ့်”

“သူ အခု မရှိတော့ပါဘူး”

"ခင်ဗျာ...”

“သူ အရင်အပတ် တနင်္လာနေ့က ဆုံးတယ်၊ မနေ့က ရက်လည်တယ်"

“ဟုတ်လား၊ ဘာရောဂါ၊ ဘယ်လို အကြောင်းကြောင့် ဆုံးသလဲဗျာ”

“အခု ဦးဇော်အောင်သားလေး ဖြစ်နေတဲ့ ရောဂါပါပဲ၊ ကလေးဟာ သူ့ဆီက ရောဂါ ကူးသွားတာလို့ သူ ပြောပါတယ်၊ အဲဒီ ဖြစ်ပျက်ပုံအကြောင်းနဲ့၊ သူ့ဘဝအကြောင်းတွေ ဦးဇော်အောင်ကို ပြောခဲ့ချင်တာတွေကို အဲဒီစက္ကူအိတ်ထဲက ကက်ဆက်ခွေထဲမှာ သူ ပြောထားတယ်၊ ဦးဇော်အောင် နားထောင်ကြည့်ရင် သိရမှာပါပဲ၊ ဦးဇော်အောင် သားလေး ဆေးရုံရောက်လာတဲ့အခါ သူ ဆေးရုံမှာ ရှိတယ်၊ ဦးဇော်အောင် အမျိုးသမီးကို သူ သိတယ် နောက်ပိုင်း ဦးဇော်အောင်ကိုယ်တိုင် လိုက်လာတာလဲ သူ မြင်တယ်၊ သူ အကြီးအကျယ် စိတ်မချမ်းသာ ဖြစ်သွားတယ်၊ အဲဒီ ရောဂါဆိုးကြီး ဖြစ်ပြီဆိုကတည်းက သူ သေမှာပဲဆိုတာ သိပြီးသား၊ သေဖို့ စိတ်တုံးတုံးချထားပြီးသား၊ ဒါပေမဲ့ ကလေးမှာ ရောဂါကူးသွားပြီဆို သိရတဲ့အခါ သူ အကြီးအကျယ် ယူကျုံးမရ ဖြစ်သွားတယ်၊ ငါ့ကို သေစရာတစ်နေရာ ပေးပါလို့ ကျွန်မတို့ကို ငိုပြီး ပြောပြီး ဆေးရုံက ဆင်းပြေးလာခဲ့တယ် နောက်တစ်နေ့လုံးလုံး သူ ငိုနေတယ်၊ နောက်တော့ ဦးဇော်အောင်ကို ပြောခဲ့ချင်တယ်ဆိုလို့ ကျွန်မတို့ သူ့ကို ကက်ဆက်နဲ့ အသံသွင်းဖို့ စီစဉ်ပေးကြတယ်၊ စိတ်ဆောင်နေလို့သာ သူ စကားတွေ အများကြီး ပြောသွားတာ၊ လူကတော့ ရောဂါဒဏ်ရော စိတ်ထောင်းတဲ့ ဒဏ်ပါ နှစ်ခုပေါင်းပြီး အတော်ချုံးကျနေပြီ၊ ညဘက်ကျတော့ ငါ ပြောချင်တာတွေ ပြောလိုက်ရလို့ ရင်ထဲ ပေါ့သွားတယ်တဲ့၊ ဒီည စောစောအိပ်မယ်ဆိုပြီး သူ အိပ်သွားတာပဲ၊ မနက်ကျတော့ မထတော့ဘူး၊ လှုပ်နှိုးကြည့်တော့ မရတော့ဘူး၊ အိပ်ဆေးတစ်ပုလင်းလုံး အကုန်သောက်သွားတယ်"

အမျိုးသမီးစကားကို နားထောင်ရင်း ကိုဇော်အောင် ခေါင်းနားပန်းကြီးလာသည်။ မိမိဦး စွပ်စွဲသည့်အတိုင်း တကယ်ဖြစ်လာခဲ့ခြင်းပေတကား။ မိမိဘဝ ပျက်စီးသွားပြီဆိုတာ ကိုဇော်အောင် သိလိုက်ရသည်။ အပြစ်မဲ့သော သားကလေးမျက်နှာကို မြင်ယောင်သည်။ သားကလေးကို သူ မျက်နှာပြဝံ့စရာ မရှိတော့ပါကလား။

သူ ငေးကြောင်နေမိသည်။

“ကျွန်မ ပြန်ပါဦးမယ်”

သည်တော့မှ ကိုဇော်အောင် သတိရလာသည်။

“ဟုတ်ကဲ့၊ ဒါနဲ့ ခင်ဗျား ဘယ်မှာ နေသလဲဗျာ၊ နာမည်လဲ ပြောပါဦး”

“နာမည်တွေ နေရပ်တွေတော့ မှတ်သားမနေပါနဲ့ရှင်၊ ကျွန်မက သူ့ သူငယ်ချင်းပါ၊ သူနဲ့ လုပ်ဖော်ကိုင်ဖက် ဘဝတူထဲကပါ၊ ကျွန်မလဲ တစ်နေ့ကျရင် သူ

သွားတဲ့လမ်းကို လိုက်ရမှာပါ၊ ကျွန်မတို့ဟာ ကျိန်စာသင့်ခဲ့တဲ့ မိန်းမတွေပါ”

အမျိုးသမီးက အခန်းထဲမှ ခပ်သွက်သွက် ထွက်ခွာသွားသည်၊ ကိုဇော်အောင် ရုံးမှာ အရေးတကြီး လုပ်စရာများကို စိတ်မပါ့တပါ လုပ်ကိုင်ပေးပြီး အိမ်သို့ ပြန်လာခဲ့သည်။

အိမ်တွင် မီမီဦး မရှိ။ ဆေးရုံသို့ သွားနေသည်။

သူက အပေါ် ထပ် အိပ်ခန်းထဲ တက်လာသည်။ စက္ကူအိတ်ထဲက ကက်ဆက်ခွေကိုထုတ်ကာ ခုတင်ဘေး စားပွဲပေါ်က ကက်ဆက်ကလေးမှာ ထည့်ပြီး ခလုတ်ကို နှိပ်လိုက်သည်။

“ဦးဇော်အောင်၊ ကျွန်မ သိင်္ဂီမျိုးပါ" တဲ့။

နှစ်ပေါင်းအတန်ကြာက သူကြားခဲ့ဖူးသော စကားသံကို သူ ပြန်မှတ်မိသည်။

“ဦးဇော်အောင် ပစ်ပြေးသွားတဲ့ သိင်္ဂီမျိုးပါ၊ ဦးဇော်အောင်လို နှလုံးသား မမာကျောတဲ့အတွက် အခုတော့ ကျွန်မကပဲ ပြန်ပြီး တောင်းပန်ရမှာပါ၊ ဦးဇော်အောင် သိပ်ချစ်ရတဲ့ သားလေးကို ဒီရောဂါဆိုးကြီးနဲ့ အဆိပ်ခတ်ခဲ့တာ ကျွန်မပါ၊ ဒါပေမဲ့ သားလေး ဆေးရုံ ရောက်လာတာ တွေ့ရတဲ့အခါ ကျွန်မ တကယ်ပဲ ယူကျုံးမရ ဖြစ်ရပါတယ်၊ ကျွန်မဘဝမှာ အကြီးဆုံးအမှားကြီး ကျူးလွန်ခဲ့မိပြီဆိုပြီး ကျွန်မကိုယ်ကျွန်မ ခွင့်မလွှတ်နိုင် ဖြစ်ရပါတယ်၊ လုပ်တုန်းက အမှတ်မဲ့ စိတ်နောက်ကိုယ်ပါ လုပ်ခဲ့မိတဲ့ ကိစ္စကို ကျွန်မ စိတ်ထဲ အမြဲ တနုံ့နုံ့ ခံစားနေခဲ့မိတယ်၊ ဘာမှ မဖြစ်ပါစေနဲ့လို့လဲ ခဏခဏ ဆုတောင်းမိခဲ့တယ် အခု အဲဒီကိစ္စကြီးဟာ တကယ်ဖြစ်လာခဲ့တဲ့အခါ ကျွန်မကိုယ်ကျွန်မ ဒေါသဖြစ်လို့ မဆုံးနိုင်တော့ဘူး ..

“တကယ်တော့ ကျွန်မမှားခဲ့တာတွေဟာ ကျွန်မသက်တမ်း တစ်လျှောက်လုံးပါလေ၊ မိဘအိမ်ရိပ်က ထွက်ပြီး အဒေါ်အိမ် လာနေတဲ့အချိန်၊ ကိုယ့်ကိုကိုယ် စာဖတ်တဲ့ မိန်းမ၊ ဗဟုသုတရှိတဲ့ မိန်းမ၊ လွတ်လွတ်လပ်လပ် နေတတ်တဲ့ မိန်းမ၊ ကိုယ့်ကိုကိုယ်လဲ တာဝန်ယူနိုင်၊ ထိန်းနိုင်တဲ့ မိန်းမလို့ ထင်ခဲ့မိတာတွေကစပြီး ကျွန်မမှားခဲ့မိတာပဲ၊ တကယ်တမ်းမှာ ကျွန်မ ကိုယ့်ကိုကိုယ် ထိန်းသိမ်းနိုင်စွမ်းမှ မရှိခဲ့ဘဲ၊ ကျွန်မဟာ ဘုမသိဘမသိ ကောင်မလေးတစ်ယောက်ပဲ၊ လောကကြီးအကြောင်း၊ လူတွေ အကြောင်းလဲ ဘာဆို ဘာမှ မသိခဲ့တာဘဲ ...

“ကိုဇော်အောင်ကို ကျွန်မ စ စတွေ့ချင်းပဲ ခင်ခဲ့မိတယ်၊ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံချင်စိတ် ရှိခဲ့တယ် အဲဒါကြောင့် ကျွန်မ အိမ် လာလည်တယ်၊ စာအုပ်တွေ ငှားဖတ်တယ်၊ စကားတွေ ပြောကြတော့လဲ အဲဒီတုန်းက

ကိုဇော်အောင်က ကျွန်မကို တကယ် ခင်ခင်မင်မင် ရှိခဲ့တယ်လို့ ထင်ခဲ့မိတာပါပဲ၊ လူက တည်တည်ကြည်ကြည် ရှိတယ်၊ ရုပ်ရည်လဲ သန့်ပြန့်တယ်၊ ပညာဗဟုသုတလဲ ရှိတယ်၊ ကျွန်မ ကိုဇော်အောင်ကို ရင်းနှီးခင်မင်ခဲ့တာ အဲဒါတွေကြောင့်ပဲ ဖြစ်မှာပါ၊ ရာထူးရာခံတို့၊ ဂုဏ်ပကာသနတို့ ကျွန်မ မမက်မောပါဘူး၊ အဲဒီတုန်းကလဲ မမက်မောဘူး၊ နောက်လဲ မမက်မောခဲ့ဘူး”

“ကိုဇော်အောင့်ကို ကျွန်မ ဘယ်အချိန်လောက်မှာ စပြီး ချစ်မိသွားသလဲ၊ ကျွန်မ တိတိကျကျ စဉ်းစားလို့ မရဘူး၊ နောက်တော့မှ ငါ သူ့ကို ချစ်မိပြီထင်တယလို့ ကိုယ့်ဘာသာ တွေးမိလာတယ် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ခံစားရတယ်၊ သိပ် နီးနီးကပ်ကပ် နေချင်တယ်၊ သူ့မျက်နှာကို အမြဲ ကြည့်နေချင်တယ်၊ စကားတွေ ပြောနေချင်တယ်၊ ချစ်တယ်ဆိုတာ ဒါပဲလို့ ကျွန်မ ခံစားနေမိတဲ့အချိန်လောက်မှာ ကိုဇော်အောင်က ကျွန်မကို ချစ်တယ်လို့ ပြောခဲ့တယ်၊ အဲဒီတုန်းကတော့ ကျွန်မ ပျော်လိုက်တာ။ လူတွေ ပါးစပ်က ထွက်လာတဲ့ စကားတွေထဲမှာ သူတို့ စိတ်ထဲ တကယ်မရှိတာတွေ မုသာဝါဒတွေ သည်လောက်ကြီး ပါနိုင်တယ်လို့မှ ကျွန်မ မသိခဲ့ပဲ၊ အဲဒီတုန်းက ကျွန်မကို ဘာလို့ အဲဒီလို ပြောလိုက်ရတာလဲဟင်၊ ဘာမှ မပြောခဲ့ရင်လဲ ဖြစ်နိုင်သားပဲ၊ ကျွန်မဘက်က တစ်ဖက်သတ် အရူးအမူး ဖြစ်နေမယ်ဆိုရင်လဲ ကျွန်မဘာသာ ကျွန်မ ဖြစ်တာပဲ၊ ကိုဇော်အောင့်ကို ကျွန်မ ဘာ အပြစ်တင်စရာ ရှိမလဲ ..."

“ကျွန်မကြီးလာတဲ့အခါ နားလည်လာပါတယ် အတွေ့အကြုံတွေ များလာတော့ အချစ်ဆိုတဲ့အကြောင်း လူတွေရဲ့အကြောင်း၊ ယောကျ်ား မိန်းမတွေရဲ့ အကြောင်းတွေ နားလည်လာပါတယ်၊ အခု ဒီရောဂါကြီး ဖြစ်လာတဲ့အချိန်မှာ ကျွန်မ လောကကြီးအကြောင်း အများကြီး ပိုပြီး သိလာနားလည်လာပါတယ်၊ အဲဒီတုန်းက ကိုဇော်အောင့်စိတ်ထဲမှာ ဘယ်လိုခံစားချက်တွေ ဘယ်လိုအတွေးတွေ ရှိခဲ့လိမ့်မယ်ဆိုတာ ကျွန်မ မှန်းဆလို့ ရပါပြီ၊ နားလည်နိုင် ခွင့်လွှတ်နိုင်တယ်လို့တော့ ကျွန်မ မပြောနိုင်ဘူး၊ ကိုဇော်အောင် လုပ်သွားတာဟာ နားလည်ခွင့်လွှတ်ဖို့ ဖြစ်နိုင်တဲ့ကိစ္စလို့ ကျွန်မ ဒီနေ့အထိ မမြင်နိုင်သေးဘူး ရုပ်ရှင်ထဲမှာ၊ သူလျှိုဇာတ်လမ်းတွေထဲမှာ တစ်ယောက်ကိုတစ်ယောက် ပွဲ့ဖက်နမ်းရှုပ်ရင်းက ဓားနဲ့ထိုးလိုက်တဲ့ ပြကွက်မျိုး၊ ပခုံးကို တို့လိုက်လို့ နောက်ဘက်လှည့်အကြည့်မှာ မျက်ခွက်ကို ထိုးထည့်ခံလိုက်ရတာမျိုးတွေ မြင်ရတဲ့အခါတိုင်း ကိုဇော်အောင့်ကို ကျွန်မ သတိရတယ်၊ ကျွန်မကို အဲသလို အငိုက်ဖမ်း လှည့်စားသွားတဲ့ လူတစ်ယောက်၊ ကျွန်မဘဝကို ဖျက်ဆီးသွားတဲ့ လူတစ်ယောက်ဆိုပြီး ဒေါသစိတ် ကြောက်စိတ်၊ အံ့အားသင့်စိတ်နဲ့ သတိရတယ်၊ ကျွန်မ ရန်တွေ့နေတာ မဟုတ်ဘူးနော်၊ အငြိုးနဲ့ပ ပြောနေတယ်လို့လဲ မထင်ပါနဲ့၊ ကျွန်မ ခံစားခဲ့ရပုံကို နားလည်စေချင်လို့ ပြောတာပါ၊ ကိုဇော်အောင်ဟာ ကျွန်မဘဝမှာ ပထမဆုံးနဲ့ နောက်ဆုံး ချစ်မိသူပါ နောက်ပိုင်းမှာလဲ ကိုဇော်အောင့်အပေါ်

ချစ်တဲ့စိတ်ကလေးတွေ မကုန်နိုင်သေးဘဲ မကြာခဏ ခံစားနေတတ်တာ အမှန်ပါ ဒါပေမဲ့ ကြောက်တဲ့စိတ် မုန်းတဲ့စိတ်တွေနဲ့ ရောသွားတယ်၊ စဉ်းစားကြည့်လေ .."

"အဖေဆုံးလို့ အိမ်ပြန်သွားရတဲ့ မိန်းကလေးတစ်ယောက်ဟာ နာရေးကိစ္စတွေတောင် ဖြောင့်ဖြောင့်တန်းတန်း မလုပ်နိုင်၊ အမေနဲ့ မောင်ညီမလေးတွေကိုတောင် မညှာတာနိုင်ဘဲ ကိုယ် အရူးအမူးချစ်နေတဲ့ ချစ်သူဆီ အပြေးအလွှား ပြန်လာတဲ့အခါ သူ့ကို သိပ်ချစ်ပါတယ်ဆိုတဲ့ လူလိမ်လူညာကြီးက ထွက်ပြေးသွားပြီတဲ့၊ အဲဒီတုန်းက ကျွန်မ ဘယ်လိုခံစားရတယ်ဆိုတာ ပြောဖို့စကားတောင် မရှိပါဘူး၊ ကျွန်မ ရှက်လိုက်တာ၊ ဒေါသ ထွက်လိုက်တာ၊ မြို့ထဲ ကျွန်မ မသွားရဲဘူး၊ အိမ်ပြင်တောင် မထွက်ရဲဘူး၊ တစ်မြို့လုံးက ကျွန်မကို လက်ညှိုးထိုးကဲ့ရဲ့နေတယ်လို့ ခံစားနေရတယ်၊ တကယ်လဲ ကဲ့ရဲ့ခဲ့ကြတာပဲ၊ ဘယ်မျက်နှာမှ ကျွန်မ မကြည့်ရဲဘူး အိမ်ထဲကလူတွေကိုတောင် ကျွန်မ ကြောက်နေရတယ်၊ တကယ်ဆို ကျွန်မကို ချစ်တယ်ဆိုတဲ့စကား မတော်တဆ ပြောမိသွားပေမဲ့ လက်ထပ်ဖို့တော့ မဖြစ်နိုင်ဘူးဆိုရင် အခြားနည်းလမ်းတစ်ခုခုနဲ့ ဖြေရှင်းဖို့သင့်တာပေါ့ ကိုဇော်အောင်၊ အခုတော့ သူရဲဘောကြောင်ကြောင်နဲ့ ကျွန်မ လစ်တုန်း ထွက်ပြေးသွားတော့ ကျွန်မမှာ မြို့ထဲမှာလဲ မနေနိုင်၊ ရွာကိုကော ဘယ်လိုပြန်မလဲ၊ ရှင်နဲ့ မကြာခင် လက်ထပ်မယ်ဆိုတဲ့အကြောင်း အမေ့ကို ကျွန်မ ပြောခဲ့မိပြီ၊ အမေရေ ကျွန်မကို ယူမယ်ဆိုတဲ့ ယောကျ်ား ထွက်ပြေးသွားပြီ အမေရဲ့လို့ ငိုကြီးချက်မ ပြောရမဲ့ အခြေအနေမျိုး"

"ကျွန်မ စိတ်ဓါတ်တွေ လုံးဝ ကြေမွပျက်စီးသွားခဲ့တယ်၊ ကျွန်မမှာ ကိုယ့်ကိုကိုယ် ယုံကြည်မှုဆိုတာ မရှိတော့ဘူး၊ လေးစားမှု တန်ဖိုးထားမှုလဲ မရှိတော့ဘူး၊ ရန်ကုန်မှာ မိန်းမလဲ မရှိ၊ လက်ထပ်ဖို့ စေ့စပ်ကြောင်းလမ်းထားတောင် မရှိတဲ့ လူတစ်ယောက်က ကျွန်မကို ယူရမှာကြောက်လို့ ထွက်ပြေးသွားတယ် ဆိုတာ ကျွန်မစိတ်ကို နာလန်မထူနိုင်အောင် အညွှန့်ချိုးလိုက်သလိုပဲ၊ ကျွန်မဟာ အရာမဝင် အသုံးမကျတဲ့ မိန်းမ၊ ရုပ်ပျက်ဆင်းပျက် အလိမ်အညာခံရတဲ့ မိန်းမ"

"ပျက်စီးသွားတဲ့ စိတ်ဓါတ်နဲ့ ဆက်ပြီးလုပ်ခဲ့သမျှ အလုပ်တွေဟာ အမှားတွေချည်းပါပဲ၊ နောက်ပိုင်းမှာတော့ ကျွန်မ ဖဲဝိုင်းထဲမှာ အိတ်ထဲက ပိုက်ဆံကုန်အောင် ရှုံးပြီးတဲ့အခါ နာရီချွတ်ပေါင်၊ ဆွဲကြိုးချွတ်ပေါင်တဲ့ ယောကျ်ားမိန်းမတွေကို မြင်တဲ့အခါတိုင်း ငါလဲ ဒီလူတွေ ဖဲကစားသလို ငါ့ဘဝကို လောင်းကစားနေမိပါကလားလို့ စဉ်းစားမိတတ်တယ် ဒါပေမဲ့ နောက်ဆုတ်လို့ မရတော့ဘူး၊ တောက်လျှောက်ရှုံးတော့မဲ့ ပွဲကြီးမှန်း သိပေမဲ့ အရှုံးနဲ့ မပိုင်းနိုင်ခဲ့ဘူး၊ နောက်ပိုင်းမှာ ကျွန်မ ဘဝ အကြီးအကျယ် ပျက်စီးခဲ့တယ်၊ မိန်းမတစ်ယောက် ပျက်စီးနိုင်တဲ့ အမြင့်ဆုံးအတိုင်းအတာထိ ပျက်စီးခဲ့တယ်၊ ဦးဇော်အောင်ကို အပြစ်တင်နေတာ မဟုတ်ပါဘူး၊ ကျွန်မစိတ်နဲ့ ကျွန်မ ကိုယ့်ဘဝကိုယ်

ဆိုးရှုံးခံခဲ့တာလို့ပဲ ဒီနေ့အထိ ကျွန်မ သဘောထားတယ်"

"လူဆိုတာ စိတ်ဓါတ်ပျက်စီးရင် ရုပ်ရော ခန္ဓာရော အသွေးအသားရော အကုန်လုံး ပျက်စီးတာပါပဲ၊ အစပိုင်း တစ်လျှောက်လုံးမှာ ကျွန်မတို့ ပေါ့ပေါ့တန်တန် ကျေကျေနပ်နပ်ကြီး ပျက်စီးနေခဲ့ကြတယ်၊ 'ပျက်စီး' တယ်ဆိုတဲ့စကားရဲ့ အနက်အဓိပ္ပာယ် အတိမ်အနက်ကို သေသေချာချာ ခံစားသိရှိရတဲ့အချိန်မှာ ကျွန်မတို့ တကယ်ကို 'အဖတ်ဆယ်မရအောင်' ပျက်စီးနေပြီ၊ ကျွန်မတို့ ကြောက်ရလန့်ရကောင်းမှန်း သိတဲ့အချိန်မှာ လုံးဝ ပြန်ပြင်လို့မရအောင် နောက်ကျသွားပြီ"

"စာတွေ ဖတ်ထားခဲ့ပေမဲ့ စိတ်ဓါတ်ပျက်စီးသွားပြီဆိုတဲ့အခါကျတော့ စာမတတ်ပေမတတ် မိန်းမတွေ၊ အသိဉာဏ်ဗဟုသုတ နည်းပါးတယ်လို့ ကိုယ်ထင်ထားခဲ့တဲ့ မိန်းမတွေနဲ့ အတူတူပဲ၊ တစ်မျိုးတစ်စားတည်းပဲ၊ တထေရာတည်း ပျက်စီးတာပဲ၊ ပျက်စီးတယ်ဆိုတာ တစ်နည်းအားဖြင့်တော့ ကိုယ့်ကိုကိုယ် သတ်သေနည်းတစ်မျိုးပါပဲ၊ တဖြည်းဖြည်း ပွန်းပဲ့ကုန်ဆုံးအောင် ဖျက်ဆီးချေမှုန်းနေတာ၊ ကိုယ့်ကိုကိုယ် ဖျက်ဆီးချေမှုန်းတဲ့ အလုပ်မျိုးစုံတွေ လုပ်ရင်း ကျွန်မ အရပ်တကာကို ရောက်ခဲ့တယ်၊ ကျွန်မလိုပဲ ကိုယ့်ဘဝအတွက် ကောင်းကျိုးလား၊ ဆိုးကျိုးလား ခွဲခြားမသိတတ်သူတွေနဲ့ ခင်မင်ရင်းနှီးခဲ့တယ်၊ ဘဝတူချင်း ရိုင်းပင်းခဲ့ကြတယ်၊ တချို့ဆိုရင် တစ်ယောက်ကိုတစ်ယောက် တကယ်အနစ်နာခံပြီး ချစ်ကြတဲ့ သူငယ်ချင်းအစစ်တွေ ဖြစ်ခဲ့ကြတယ် ဒီသူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆင်းရဲအတူခံ၊ ချမ်းသာအတူစံရင်း ကျွန်မ ဒီတိုင်းပြည်အနှံ့အပြားကို ရောက်ခဲ့တယ်၊ ဗေဒါတွေလို ကျွန်မတို့ မျောချင်ရာမျောခဲ့ကြတယ်၊ နယ်စပ်ဒေသတွေသာမက နယ်နိမိတ်အပြင်ဘက်တွေတောင် ကျွန်မတို့ အတော်စုံအောင် ရောက်ခဲ့ကြတယ်၊ နိုင်ငံခြားပြန်ဆိုပြီး အထင်ကြီးပြီး ကျွန်မတို့ရှေ့မှာ ကြွားကြွားဝါဝါနဲ့ ပိုက်ဆံတွေ ပရမ်းမတာ သုံးဖြုန်းပြတဲ့ ယောကျ်ားမျိုးတွေကို အချင်းချင်း ကျိတ်ပြီး ဟားရတာ ကျွန်မတို့ အရသာတွေ့ခဲ့ကြတယ်၊ ဒါပေမဲ့ အဲသလို လက်တွေ့ဘဝကို မသိချင်ယောင်ဆောင်ပြီး ပျော်ပျော်ပျက်ပျက် နေလာခဲ့ကြတဲ့ ကျွန်မတို့ကို အိပ်မက်က လှန့်နှိုးလိုက်တဲ့ နေ့တစ်နေ့ ရောက်လာတယ်"

"အဲဒီနေ့က ကျွန်မတို့ အုပ်စုလိုက် ဆေးစစ်ကြတယ်၊ ကျွန်မတို့ ရှစ်ယောက်ထဲက ငါးယောက် အိပ်ချ်အိုင်ဗွီပိုး တွေ့ရတယ်လို့ အဖြေထွက်တယ်၊ ငါးယောက်ထဲမှာ ကျွန်မလည်း ပါတယ် အေအိုင်ဒီအက်(စ) ရောဂါဆိုတာ ပြောသံကြားဖူးစက အတော်ကြောက်မိခဲ့ကြပေမဲ့ နောက်တော့လဲ လူတွေ အကြောက်လွန် နေကြသလောက် မဖြစ်နိုင်ပါဘူး၊ ဖြစ်လာရင်လဲ ကမ္ဘာသကာပဲ၊ မြန်မြန်သေသွားလဲ အေးတာပဲဆိုတဲ့ စိတ်မျိုးနဲ့ မသိချင်ယောင်ဆောင်ပြီး

နေခဲ့ကြတယ်၊ ဒါပေမဲ့ အခု တကယ်တမ်း ရောဂါပိုးတွေ့ပြီဆိုတဲ့အခါ ကျွန်မတို့ တကယ်ပဲ တုန်လှုပ်ချောက်ချားသွားခဲ့ကြတယ်၊ ဘယ်လောက်ပဲ ဘဝပျက်နေတယ်ဆိုပေမဲ့ အသက်သေဖို့ ကြတော့ ကြောက်ကြသေးတာပဲ၊ ကျွန်မစိတ်ထဲမှာ ကျွန်မဘဝကို အစအဆုံး မြင်ယောင်မိတယ်၊ အဲဒီအခါ ဦးဇော်အောင်ဆီမှာ ကျွန်မ အလိမ်အညာခံခဲ့ရတဲ့ အကြောင်းဟာလဲ ထပ်တလဲလဲ ပေါ်လာပြန်တာပေါ့၊ အဲဒီအချိန်က ဦးဇော်အောင်သာ နီးနီးနားနားမှာ ရှိမယ်ဆိုရင်တော့ ကျွန်မ တစ်ခုခု လုပ်မိမှာ အမှန်ပါ၊ ဒါပေမဲ့ ဒီလူကို ငါ ကလဲ့စားချေရမယ်၊ တစ်နည်းနည်းဒုက္ခရောက်အောင် လုပ်ရမယ်ဆိုတာမျိုးတော့ ကျွန်မ မကြံစည်ခဲ့ရိုး အမှန်ပါ ...

"သိသိချင်း တုန်လှုပ်ချောက်ချားခဲ့ကြပေမဲ့ ဘဝတူတွေ စုပြီးနေတာဆိုတော့ တစ်ယောက်ကို တစ်ယောက် အားပေးပြီး ဣန္ဒြေမပျက် နေခဲ့ကြတယ်၊ ဒီကိစ္စကို တခြားလူတွေ မသိအောင်လဲ ထိန်းသိမ်းခဲ့ကြတယ်၊ ဒီကိစ္စကြီး သိရပြီးတဲ့နောက် မကြာခင်ဘဲ ကျွန်မ သူငယ်ချင်းတစ်စုနဲ့အတူ ရန်ကုန်ပြန်လာခဲ့တယ် ရန်ကုန်ရောက်ပြီးတဲ့နောက် အရင်အလုပ်ကို မလုပ်ချင်တော့ပေမဲ့ စားဝတ်နေရေးအတွက် ကျွန်မတို့ ဆက်လုပ်ဖြစ်ကြတယ်၊ သွေးထဲမှာ ပိုးတွေ့နေတယ် ဆိုပေမဲ့ လူကတော့ ကျန်းကျန်းမာမာပဲ ရှိနေသေးတာကိုး ...

"အဲဒီအတောအတွင်းမှာပဲ ကံဆိုးချင်တဲ့တစ်နေ့မှာ ကျွန်မ ဦးဇော်အောင်တို့ အိမ်ရှေ့လမ်းက တက္ကစီနဲ့ ဖြတ်သွားရင်း မိသားစု တစ်ခုလုံးကို အတူတကွ မြင်လိုက်ရတယ်၊ အဲဒီညမှာ ကျွန်မစိတ်ထဲ မေ့ပျောက်ထားတဲ့ အရာတွေ ပြန်ပေါ်လာတယ်၊ ဦးဇော်အောင်နဲ့ ပတ်သက်တဲ့ ခံစားချက်မျိုးစုံတွေနဲ့ ကျွန်မရင်ထဲ ဗလောင်ဆူလာရပြန်တယ်၊ နောက်တစ်နေ့မှာ ကျွန်မ ဦးဇော်အောင်တို့အိမ်ကို လာခဲ့တယ်၊ ကျွန်မမှာ ဘာရည်ရွယ်ချက်မှ တိတိကျကျ မပါဘူး၊ မနေနိုင်လို့ ထွက်လာခဲ့မိတဲ့ သဘောပဲ၊ ဒီလူနဲ့ တစ်ကြိမ်တော့ တွေ့ချင်သေးတယ်ဆိုတဲ့ သဘောလောက်ပဲ၊ အိမ်ရောက်တော့ ကိုဇော်အောင်ကို မတွေ့ရဘူး၊ အိမ်ရှေ့မှာ သားလေးတစ်ယောက်တည်း ဆော့နေတာ တွေ့ရတယ်၊ ဖအေတူလေးပဲ ငါ့သားလေးသာ ဖြစ်လိုက်ရင်လို့ တွေးမိပြီး ရင်ထဲ နင့်သွားတယ် သားလေး အကြောင်းကို တွေးရင် တကယ် ရင်ထဲ နင့်ရပါတယ် သားလေးကခေါ်လိုက်လို့ သူ့အမေ အိမ်ထဲက ထွက်လာပါတယ်၊ ဒီမိန်းမမျက်နှာ မြင်လိုက်တော့ ဘာကြောင့်မှန်းမသိ ကျွန်မ ရုတ်တရက် ဒေါသ ထွက်သွားတယ်၊ ဒါပေမဲ့ ကျွန်မ စိတ်ထိန်းနိုင်ခဲ့ပါတယ်၊ ဟန်မပျက်ပဲ သူနဲ့ စကားပြောပါတယ်၊ အဲဒီအချိန် သားလေး ကုလားထိုင်ပေါ်က လိမ့်ကျပြီး နှုတ်ခမ်းကွဲသွားတယ်၊ အဲဒီသွေးတွေ မြင်ရတဲ့အချိန်မှာ ကျွန်မ စိတ်ထဲ ဘယ်လို ဖြစ်သွားသလဲမသိဘူး၊ ကျွန်မမှာ တစ်သက်လုံး စိတ်ယုတ်မာ မရှိခဲ့ဘူးလို့ ယုံကြည်ခဲ့ပါတယ်၊ ဒါပေမဲ့ ကိုဇော်အောင်ကို အပြစ် ပုံချတာ မဟုတ်ဘူး၊ ကိုဇော်အောင်အပေါ် နှစ်ပေါင်းများစွာ ကျိတ်ပြီး ရှိခဲ့တဲ့

အမုန်းတွေ ဒေါသတွေဟာ အဲဒီအခိုက်အတန့်မှာ ကျွန်မကို ဖမ်းစားလိုက်တယ်လို့ပဲ ကျွန်မ ထင်ပါတယ်၊ ကျွန်မ ဆင်ခြေပေးနေတာ မဟုတ်ပါဘူး၊ ကိုယ့်ဘာသာကိုယ် တကယ် နားမလည်နိုင်ခဲ့တဲ့ အကြောင်းကို ရိုးရိုးသားသား ပြောတာပါ၊ အဲဒီအချိန်မှာ ကျွန်မ စုန်းမတစ်ယောက်လို ဖြစ်သွားတယ်၊ ကျွန်မ နှုတ်ခမ်းကို ကျွန်မ ကိုက်ပစ်လိုက်တယ်၊ အဲဒီ မကောင်းဆိုးဝါးဉာဏ်ဟာ ရုတ်တရက် ဘယ်က ပေါ်လာသလဲ မသိဘူး သားလေးနှုတ်ခမ်းကို ကျွန်မ နှုတ်ခမ်းနဲ့ နမ်းတယ်၊ ကွဲနေတဲ့ သူ့နှုတ်ခမ်းကို ကွဲနေတဲ့ ကျွန်မနှုတ်ခမ်းနဲ့ တအား ဖိထားလိုက်မိတယ်၊ အဲဒီအချိန်မှာ ကျွန်မဟာ စုန်းမ၊ ကဝေမ၊ ဖုတ်ပြိတ္တာမ”

“အဲဒီလို လုပ်ခဲ့မိပြီးတဲ့နောက် ကျွန်မ တစ်လျှောက်လုံး စိတ်မကောင်း ဖြစ်နေခဲ့ရပါတယ် ကျွန်မကိုယ်တိုင် သေရမှာထက် သားလေးဆီကို ပိုးမွှားတွေ ကူးစက်သွားခဲ့ပြီလားလို့ ပူပန်တဲ့စိတ်က ကျွန်မကို အမြဲ နှိပ်စက်နေခဲ့တယ်၊ သားလေး ဘာမှ မဖြစ်ပါစေနဲ့လို့ ကျွန်မ နေ့တိုင်း ဆုတောင်းနေခဲ့ရပါတယ်၊ ကျွန်မ ကျူးလွန်ခဲ့မိတဲ့ အပြစ်အတွက် ပြီးခဲ့တဲ့ သုံးနှစ်လုံးလုံး ကျွန်မ စိတ်ဒုက္ခ ခံစားနေခဲ့ရပါတယ်၊ သားလေး ဆေးရုံရောက်လာတာ တွေ့လိုက်ရတဲ့အခါ ကျွန်မ ဆောက်တည်ရာမရတော့ဘူး၊ ကိုယ့်စိတ်က ကိုယ့်ကိုကိုယ် ပြန်နှိပ်စက်နေတဲ့ဒဏ်ကို ကျွန်မ မခံနိုင်တော့ဘူး၊ ကျွန်မ ဆေးရုံက ပြေးလာခဲ့တယ်၊ ကျွန်မအဖို့ အမြန်ဆုံး သေဖို့ပဲ ရှိပါတော့တယ်၊ သေတော့မှာပါဆိုတာကိုတောင် ကျွန်မ မစောင့်နိုင်တော့ဘူး အစ်ကိုနဲ့ သိပ်တူတဲ့ သားလေးရဲ့ မျက်နှာကို မြင်တိုင်း ကျွန်မ သေတာထက် ပင်ပန်းဆင်းရဲရပါတယ်၊ ကျွန်မ လုပ်ခဲ့မိတဲ့ ကိစ္စကြီးအတွက် ကျွန်မ ကြောက်လဲကြောက်ပါတယ်၊ ကျွန်မ နောက်ထပ် တစ်လဖြစ်ဖြစ်၊ တစ်နှစ်ဖြစ်ဖြစ် နေခွင့်ရှိသေးတယ်ဆိုရင်လဲ ကျွန်မ မနေရဲတော့ပါဘူး ကျွန်မ ကြောက်ပါပြီ၊ ကျွန်မ အရှုံးကြီး ရှုံးခဲ့တဲ့ဘဝကို ဒီတွင်ပဲ ရပ်ပါတော့မယ် ကျွန်မစကားတွေ အစ်ကို နားထောင်နေတဲ့အချိန်မှာ ကျွန်မ ရှိတော့မှာ မဟုတ်ပါဘူး၊ ကျွန်မဘက်က ကိုဇော်အောင့်ကို ခွင့်လွှတ်စရာရှိသမျှ ကျွန်မ အလုံးစုံ ခွင့်လွှတ်ခဲ့ပါတယ်၊ အမှတ်မထင် ကျူးလွန်ခဲ့မိတဲ့ ကျွန်မရဲ့ ပြစ်မှုကြီးအတွက်လဲ ကိုဇော်အောင် နားလည်ခွင့်လွှတ်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ ...၊ ကျွန်မကို ခွင့်လွှတ်ပါ ..၊ သိင်္ဂီကို ခွင့်လွှတ်ပါ ကိုကိုရယ် ...၊ ခွင့်လွှတ်ပါ ...။"

စကားသံများ ရပ်ဆိုင်းသွားပြီး ငိုရှိုက်သံများသာ ထွက်ပေါ်လာသည်။ သိင်္ဂီမျိုး၏ ဝမ်းပန်းတနည်း ငိုရှိုက်သံများ၊ ရှိုက်ကြီးတငင် ငိုကြွေးသံများ။

ကိုဇော်အောင် ငိုင်တွေ၍နေသည်။ သူ့အာရုံတွေ သူ့ထံမှာ မရှိ။

ဂျောက်ခနဲ ကက်ဆက်ခလုတ် ပိတ်သံကြားရပြီး ကိုဇော်အောင် သတိပြန်ဝင်လာသည်။

မော့ကြည့်လိုက်သည့်အခါ မီမီဦး။

မီမီဦး သူ့ကို လှည့်မကြည့်ဘဲ အခန်းထဲမှ ကျောခိုင်းထွက်ခွာသွားသည်။

သူ့ဘဝမှ ထာဝရ ထွက်ခွာသွားခြင်းဖြစ်ကြောင်း ကိုဇော်အောင် သဘောပေါက်လိုက်သည်။

※※※

ရင်ခုန်ပွင့်။ ။ ၁၉၉၂ ဇူလိုင်

ဇီဝက၏ သားမြေးများ

ဆရာဝန်တွေ အလွန်ရေပန်းစားသည့်အချိန်၊ ကံအကြောင်းအားလျော်စွာ ဆေးကျောင်းတက်ခွင့် ရရှိလာခဲ့သော ကျွန်တော့်မှာ အမှန်စင်စစ် ဆယ်တန်းစာမေးပွဲတွင် အမှတ်ကလေး ခပ်များများ ရသဖြင့် ကိုယ်တိုင်ကလည်း ဘဝင်မြင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းကလည်း မြှောက်ပင့်နှင့်၊ အများတကာနည်းတူ ဆေးတက္ကသိုလ် လျှောက်မိရာက နောက်ဆုံး ရောက်၍သာ လာခဲ့ရသည်၊ စိတ်ထဲ၌ကား ငါ ဆရာဝန်အလုပ်ကို ဝါသနာမှ ပါပါ့မလား၊ ဆေးပညာကို စိတ်ပဲ ဝင်စားနိုင်ပါ့မလား၊ ဆေးကျောင်းသားဆိုတာ ဇော်ဂျီဖိုဝင်သလို အပြင်မထွက်တမ်း အခန်းအောင်းပြီး စာဖတ်ရတယ်လို့ ကြားဖူးသည်။ သည်လို စာသမားတွေကြားမှာ ငါတစ်ယောက်တည်း ယောင်တိယောင်န အောက်ကျနောက်ကျ ဖြစ်နေမလား စသည့်အတွေးများနှင့် ရတက်မအေးနိုင်ပဲ ရှိခဲ့သည်။

သို့သော် ကျောင်းတက်စ ဆယ့်လေးငါးရက်မှာသာ ဤသို့ စိုးရိမ်သောက များနေခဲ့ရခြင်းဖြစ်သည်။ တဖြည်းဖြည်း အနေကြာ၍ အပေါင်းအသင်းရှိလာ၊ တစ်ယောက်အကြောင်း တစ်ယောက် သိလာတော့ အတန်းထဲမှာ တကယ်ဆရာဝန်ဖြစ်ချင်စိတ် အပြည့်အဝနှင့် မနားမနေ ကြိုးစားနေသူတွေ ရှိသလို ငါ့လို ဇဝေဇဝါသမားများလည်း မနည်းပါပဲလားဟု ဝမ်းသာအားတက်စွာ သိလာရသည်။ အင်္ဂလိပ်စာ အဓိက ယူချင်ပါလျက် အိမ်က သဘောမတူသဖြင့် ဆေးကျောင်းတက်လာရသူ၊ ကျောင်းရောက်ပြီးကာမှ ဒဿနိကဗေဒအဓိက ပြောင်းယူဖို့ စိတ်ကူးနေသူ၊ ဖားကလေးခွဲရင်းက သီချင်းစာသား စဉ်းစားနေသူ၊ ညနေဘက် ကျောင်းလစ်ပြီး မဂ္ဂဇင်းတိုက်သို့ စာမူသွားပေးရန် ကြံစည်နေသူ၊ ဗလာစာအုပ်ထဲမှာ စာတစ်လုံးမှမရေးဘဲ စာသင်နေသည့် ဆရာပုံ ဆရာမပုံတွေပဲ တစ်ပုံပြီးတစ်ပုံ ရေးဆွဲနေတတ်သူ စသဖြင့် လူမျိုးစုံ ဝါသနာမျိုးစုံ စရိုက်မျိုးစုံတွေ တွေ့နေရပေသည်။

သို့သော် သည်လူသောင်းပြောင်းထဲမှာ တကယ် ထူးခြားရှားပါးသည်က အောင်ကျော်လို လူမျိုးဖြစ်သည်။ သူလိုလူမျိုး တစ်နှစ်နေလို့ တစ်ယောက် ပါချင်မှပါသည်။

ဆေးကျောင်းရောက်ပြီး အဆောင်မှာ အခန်းချင်းကပ်နေရကတည်းက အောင်ကျော်သည် သူတစ်ပါးထက် ထူးခြားသူဖြစ်ကြောင်းကို ကျွန်တော် သတိပြုမိသည်။ လူဆိုသည်က သူ့သဘာဝနှင့်သူ လာသည်။ အောင်ကျော်လို

လူမျိုးကို သိပ်ပွဲနှင့် အတွေးအခေါ် အသိုက်အဝန်းများမှာတော့ မူလတွေးခေါ်ရှင်လို့ ခေါ်ကြလိမ့်မည်ထင်သည်။ သူ့မှာ သူများနှင့် မတူသော အတွေးရှိသည်။ သူများနဲ့ မတူသော စိတ်ကူးရှိသည်။ သူ လုပ်ချင်ရာ လုပ်သည်။ ဘေးလူအတွေး ဘေးလူအမြင်ကို ဂရုမစိုက်။

ဥပမာ၊ ကျောင်းတက်သည့်ကိစ္စ ကျောင်းကို သူ တက်ချင်သည့်အခါ တက်သည်။ မတက်ချင်သည့်အခါ သုံးလေးရက်မဟုတ် တစ်ပတ်ဆယ်ရက်လည်း မတက်ဘဲနေသည်။ ဖဲဝိုင်းမှာ နေ့ရော ညပါ ထိုင်ချင်ထိုင်နေမည်။ ရုပ်ရှင်ရုံ တစ်ရုံပြီး တစ်ရုံ၊ ကြည့်ပြီးသားရော၊ မကြည့်ရသေးတာရော၊ တစ်ကားတည်း နှစ်ခါသုံးခါ ထပ်ပြီးရော၊ တစ်နေကုန် တစ်နေခန်း ကြည့်ချင်ကြည့်နေမည်။ ဒါမှမဟုတ် လမ်းဘေးလျှောက်ကာ စာအုပ်အဟောင်းပုံများထဲက ဈေးပေါပေါ နှင့်ရသည့် ဝတ္ထုတွေ တစ်ထပ်ကြီး ဝယ်လာပြီး အခန်းတံခါးပိတ်၍ တစ်ရက်နှစ်ရက် ဖတ်ချင်ဖတ်နေမည်။

အောင်ကျော်က စာဖတ်သည်သာမက စာလည်းရေးသူဖြစ်သည်။ ကျွန်တော်တို့ ဆေးကျောင်း ရောက်စ တစ်နှစ်နှစ်နှစ်က ရေဆင်ဆိုသော သတ္တဝါအကြောင်းကို ဆောင်းပါးတစ်ပုဒ် ရေးသားပြုစု၍ မဂ္ဂဇင်း တစ်စောင်သို့ ပေးပို့သည်။ သူ့ဆောင်းပါး ပါလာသည့်အခါ အခြားသူများထက် ထူးခြားသည်ကို တွေ့ရ၏။ ထိုသတ္တဝါသည် ရှားပါးသော သတ္တဝါ ဖြစ်သော်လည်း မြန်မာပြည်၌သာတွေ့ရသည်မဟုတ်။ အခြား အပူပိုင်းဒေသ ကမ်းရိုးတန်းနိုင်ငံများနှင့် ကျွန်းစုများမှာလည်း တွေ့ရှိရကြောင်း၊ အီဖော်လူးရှင်းသီအိုရီကို ဖော်ထုတ်သည့် ဒါဝင်နှင့် ဝေါလေ့စ်တို့၏ သတ္တဗေဒကျမ်းများတွင် ထိုသတ္တဝါကို ထည့်သွင်းဖော်ပြခဲ့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားပြီး ဂလာပါဂို့စ်ကျွန်းတွင် တွေ့ရသည့် ၄င်းသတ္တဝါ၏ပုံ၊ ယင်း၏ ကိုယ်တွင်းအင်္ဂါများပုံ ဟူ၍ ရုပ်ပုံနှစ်ခုကိုပါ ဖော်ပြထားပေသည်။

မဂ္ဂဇင်း ဖတ်ပြီးနောက်တစ်နေ့ အောင်ကျော်အား "မင်း တယ်ဟုတ်ပါလားကွ၊ ဘယ်စာအုပ်တွေ ဖတ်ပြီး ရေးတာလဲ" မေးတော့ အောင်ကျော်က သူ့ခေါင်းကို လက်ညှိုးထိုးပြသည်။

"မခက်ပါဘူးကွ ငါ ဖတ်ထားတဲ့ စာတွေ ရောကျိုလိုက်တဲ့အခါမှာ အဲဒီအကောင် ဖြစ်သွားတာပဲ။ ဟိုပုံတစ်ပုံက နေရှင်နယ် ဂျီအိုဂရပ်ဖစ်မဂ္ဂဇင်း အဟောင်းတစ်ခုထဲက ပွေးလိုလို စွေ့လိုလို အကောင်တစ်ကောင်ရဲ့ ပုံကို ဖြတ်ပြီး ထည့်ထားတာ၊ သူ့ပုံကလဲ ခပ်မှုန်မှုန်ဆိုတော့ တို့မြန်မာ မဂ္ဂဇင်းထဲကျ ဘာမှ မမြင်ရတော့ဘူးပေါ့ကွာ၊ ကိုယ်တွင်းအင်္ဂါပုံက မင်း သတိမထားမိလို့၊ ဇူး (သတ္တဗေဒ) မှာ တို့ခွဲရတဲ့ ဖက်ကလေး အတွင်းပိုင်းပုံကို ငါက ဟိုနည်းနည်း ဒီနည်းနည်း ပြင်ဆင်ထားတာ"

"မင်းဟာကကွာ၊ တော်ကြာ မသိတဲ့လူတွေက အဟုတ်မှတ်နေရင် ဘယ့်နှယ်လုပ်မလဲ"

"မသိတဲ့လူတွေကတော့ကွာ၊ ဒီလိုပဲ တွေ့ကရာ အဟုတ်မှတ်နေကြတာပဲဟာ၊ ပူစရာ မလိုပါဘူးကွ၊ သူတို့ ခေါင်းထဲက မဟုတ်တာပေါင်း သောင်းခြောက်ထောင်ထဲမှာ ငါ့ဟာ တစ်ခုပေါင်းတော့ တစ်သောင်းခြောက်ထောင်နှင့် တစ်ပေါ့ကွ ဟား .. ဟား .. ဟား .."

သူက အဲသည်လို၊ သူ ထင်တာ ပြောလည်းပြော၊ လုပ်လည်းလုပ်သည်။

အောင်ကျော်သည် နယ်မှာကျောင်းနေပြီး ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနှင့် အောင်ခဲ့သူဖြစ်ရာ စာမှာ ထိပ်ဆုံးတန်းမဟုတ်သော်လည်း ညံ့သူတစ်ယောက်မဟုတ်။ တကယ်က ဝီရိယမပါဘဲ ဉာဏ်သက်သက် ပြိုင်ကြေးဆိုလျှင် ဒီကောင်သည် ထိပ်ဆုံးကပင် ရှိနိုင်သည်။ သူ့မှာ သူတစ်ပါး မမြင်သည့်အရာကို ထိုးထွင်းသိမြင်တတ်သည့် ဉာဏ်မျိုးရှိသလို မှတ်ဉာဏ်လည်း ကောင်းလှသည်။ သူက ကျောင်းမှန်မှန်မတက်သလို စာလည်း မှန်မှန်ဖတ်သူတော့ မဟုတ်။ သို့သော် တစ်ခါတစ်ခါ စာအုပ်တွေ ဖုံခါပြီး ဖတ်ပြီ ဆိုလျှင်တော့လည်း လေးငါးဆယ်ရက် စာအုပ်နှင့်မျက်နှာကို မခွာတမ်း ဖတ်နေတော့သည်။ မှတ်စုထုတ်လေ့မရှိ။ တတွတ်တွတ် ရွတ်ဖတ်ကျက်မှတ်နေလေ့မရှိ။ ကျောင်းသုံးစာအုပ် အထူကြီးကို သည်အတိုင်းပင် လျှောက်လှန်ဖတ်ရှုခြင်းသာ ဖြစ်သည်။ စာတစ်ပုဒ်ကို တစ်ခေါက်ဖတ်သည်။ နှစ်ခေါက်လောက် ဖတ်သည်။ တချို့စာလုံးများ မျဉ်းသားတန်သား ဝိုင်းတန်ဝိုင်းသည်။ တစ်ခါတလေ အပုဒ်လိုက် ဝိုင်းထားတတ်သည်။ စာမေးပွဲနီး၍ သူများတွေ မျက်ချောင်ပါးချောင်ကျကာ မအိပ်နိုင်၊ မစားနိုင်ဖြစ်သူဖြစ်လျက် အစောကြီးကတည်းက ဆရင်ဒါပေးသည် (လက်မြှောက်သည်) ဆိုကာ ဖဝိုင်းက မထဘဲ ရှိသူရှိချိန်တွင် အောင်ကျော်က အိပ်ပျက်မခံ၊ ဖဲလည်း မရိုက်၊ စာအုပ်ကလေး လှန်လိုက် ပိတ်လိုက်၊ ရုပ်ရှင်လည်း ကြည့်လိုက်၊ လေချွန်လိုက်နှင့် အချိန်တန်လျှင် မှန်တမ်းတော့ အောင်သည်ချည်း ဖြစ်သည်။

စာမေးပွဲနှင့် ပတ်သက်လျှင် သူ့မှာ ရှူးရှူးရှားရှား မကြိုက်တာ တစ်ခုရှိသည်။ စာမေးပွဲခန်းထဲ ဝင်ခါ နီးမှာ မျက်ကလူးဆံပျာနှင့် ဟိုစာအုပ်လှန်၊ သည်စာအုပ်လှန်၊ ဟိုလူ့ပြေးမေး၊ သည်လူ့ ပြေးမေးနှင့် အရှူးမီးဝိုင်း စာဖတ်ခြင်းမျိုးဖြစ်သည်။ သည်လိုမျိုး အမူအရာတွေမြင်တိုင်း သူ ပြောလေ့ရှိသည်။

"ကယောင်ချောက်ချားနဲ့ကွာ၊ အရူးတွေ ကျနေတာပဲ ဒီလောက် ပျာယာခတ်နေတဲ့လူတွေ ဆရာဝန်ဖြစ်ရင် အားလုံး ဒုက္ခရောက်မယ်"

"သိပ်မျက်စိနောက်တယ်ကွာ၊ ကျောင်းခြံဝက ပိတ်ပြီး စာအုပ်တွေ

သိမ်းဖို့ကောင်းတယ်၊ မနေနိုင်တဲ့ကောင် ခြံပြင်မှာ ဖတ်ကြ” စသဖြင့်။

နောက်ဆုံးနှစ် စာမေးပွဲ ဖြေမည့်အချိန် ပြည်လမ်း ဆေးတက္ကသိုလ်ဝင်း၊ လိပ်ခုံးခန်းမနှင့် အနီးတစ်ဝိုက်မှာ၊ မြက်ခင်းမှာ၊ စားသောက်ဆိုင်တွေထဲမှာ၊ ကော်ရစ်ဒါများမှာ၊ စာအုပ်တွေ တစ်ပြုံတစ်ခေါင်းနှင့် ထုံစံအတိုင်း အသည်းအသန်ဖြစ်နေကြစဉ် အောင်ကျော် မနေနိုင် မထိုင်နိုင် ဖြစ်လာသည်။

“ဟေ့ကောင်၊ မင်း အသာကြည့်နေ၊ ငါ ဟို ခေါင်မိုးပေါ် တက်မယ်" ကျွန်တော့်ကို ပြောသည်။

“ဘယ်ခေါင်မိုးပေါ်လဲ”

“လိပ်ခုံးခေါင်မိုးပေါ်လေ”

“ဟ ဘာလုပ်မလို့လဲ၊ မင်း ရူးနေလား၊ လိမ့်ကျပြီး သေနေဦးမယ်"

“မသေပါဘူးကွ၊ ငါက အမြင့်ကြီး မတက်ပါဘူး။ မင်း အသာကြည့်နေ၊ ငါ့မှာ အကြံရှိတယ်”

“ဟေ့ကောင်း ခုံးလျှောကြီးကွနော်၊ မင်း တက်လို့ ရမလား”

“ရပါတယ်ကွ၊ မပူပါနဲ့"

ပြောပြောဆိုဆို ကော်ရစ်ဒါလက်ရန်းကျော်ကာ လိပ်ခုံးခန်းမနှင့် စာသင်ခန်းများဘက်သို့ ဆက်ထားသော စင်္ကြံလမ်းကလေး ခေါင်မိုးပေါ်သို့ ခုန်ဆင်းလိုက်သည်။ အနီးအနားက စာဖတ်နေသူများ တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ ဝိုင်းလာကြသည်။ အောင်ကျော်က စင်္ကြံအမိုးပေါ်သို့ ခပ်တည်တည်လျှောက်သွားပြီး လိပ်ခုံးခေါင်မိုးပေါ် ချိတ်တက်သည်။ အောက်ဘက်မှာ ဆရာတွေရော ကျောင်းသားတွေပါ ဝိုင်းအုံနေကြပြီ။ 'ဟာ အောင်ကျော် ရူးသွားပြီနဲ့ တူတယ်'၊ 'ခုန်ချမလား မသိဘူး၊ ‘ဟ လိုက်ခေါ်ပါဦးဟ စသဖြင့် တစ်ယောက်တစ်ပေါက်ပြောပြီး သောသောညံနေသည်။ ကျွန်တော်နှင့် များများတွဲတတ်သူဖြစ်၍ 'ဟေ့ကောင်၊ မင်းလူ ဘယ်လိုဖြစ်သွားတာလဲ၊ လုပ်ပါဦးကွ၊ လိမ့်ကျပြီး သေနေဦးမယ်' ဟု ပြောသူက ပြောသည်။ ကျွန်တော်လဲ အသေအချာ မသိ။ သို့သော် သည်ကောင် ခုန်ချလိမ့်မည်ဟူ၍ကား မထင်။

ဒီကောင် ဘာရည်ရွယ်ချက်နဲ့ လုပ်နေသလဲဟုသာ စဉ်းစားနေမိသည်။ သို့သော် မတော်တဆ လိမ့်ကျလျှင်လည်း အနာတရ ဖြစ်နိုင်သည်မို့ ကျွန်တော်လည်း အများနည်းတူ ရင်တမမ။

ပေ့ကောင် အောင်ကျော်၊ ဘာလုပ်နေတာလဲ ဆင်းခဲ့ကွ” ခေါ်သူက

ခေါ်သည်။ အောင်ကျော် ခေါင်မိုးပေါ် တစ်လှမ်းနှစ်လှမ်းလောက် ကုန်းကုန်းကွကွနှင့် တက်သွားပြီး ပရိသတ်ဘက်ကို လည်ပြန် လှည့်ကြည့်သည်။ ခေါင်မိုးပေါ်တွင် မှောက်ခုံကြီး။ မတ်တပ်ရပ်၍မရ။ ပရိသတ်ဘက်လှည့်ပြီး ထိုင်မလိုလုပ်သည်။ ရုတ်တရက် လန်ကျမလို ဖြစ်သွားသည်။ သူ ထိန်းထားလိုက်ပြီး အသာပြန်လျှော၍ ဆင်းသည်။ ထို့နောက် စကြံခေါင်မိုးပေါ်မှ ခပ်တည်တည်နှင့် ပြောလေသည်။

"ခင်ဗျားတို့တစ်တွေ ဆေးကျောင်းမှာ နောက်ဆုံးနှစ်ရောက်နေပြီ၊ ကလေးတွေ မဟုတ်ဘူး၊ ခင်ဗျားတို့ စာမေးပွဲအောင်ချင်ရင် စောစောကတည်းက ကြိုးစားကြပါလား၊ ဆယ့်ငါးမိနစ်လောက် နာရီဝက်လောက်ကလေး ဖတ်လို့ ဒီလောက်ကြီးကျယ်တဲ့ စာမေးပွဲကြီးတစ်ခု အောင်နိုင်ပါ့မလား၊ အောင်ချင်ရင် အစကတည်းက မှန်မှန်ကြိုးစားရမယ်၊ စာတစ်အုပ်လုံး ထောင်းထောင်းကြေအောင် တရစပ် ဖတ်လာရသူတွေကလည်း ဒီအချိန်ကျမှတော့ တော်ကြရောပေါ့ဗျာ၊ ကိုယ့်ကိုကိုယ် ဒါလောက်ကလေးမှ ယုံကြည်မှု မရှိကြဘူးလား၊ စာမေးပွဲအခန်းဝမှာ ဖတ်မနေကြပါနဲ့ဗျ၊ ကျွန်တော် ပြောချင်တာ ဒါပါပဲ" ဆိုပြီး စကြံခေါင်မိုးပေါ်မှ အောက်သို့ ဆင်းလာခဲ့သည်။

ဆရာတွေ ကျောင်းသားတွေ သူ့အနား ဝိုင်းလာကြသည်။ ဆရာတစ်ယောက်က အနားကပ်ပြီး "မောင်အောင်ကျော် လာ လာ၊ ဒီဘက်လာ" ဟု ခေါ်သွားပြီး "မင်း ဘယ်လို ဖြစ်တာလဲကွာ၊ ညကကော အိပ်ရရဲ့လား" ဟု မေးသည်။ အောင်ကျော်က "ကျွန်တော် မရူးပါဘူး ဆရာ၊ စာမေးပွဲခန်းဝရောက်မှ စာဖတ်တဲ့အလုပ်ကို ကျွန်တော် သဘောမကျဘူး၊ ဒီလိုဖတ်လို့ အကျိုးမရှိတဲ့အပြင် အနှောင့်အယှက်တောင် ဖြစ်တယ်ဆိုတာ ကျွန်တော် ပြောချင်တယ်၊ ကျွန်တော့်စကားကို အများကြားအောင် အားလုံး အာရုံစိုက်ပြီး နားထောင်အောင်ဆိုပြီး လိပ်ခုံးပေါ်ကိုတက်ပြီး ပြောတာပဲ ဆရာ ဒါကို ရူးတယ်လို့ ဆိုကြမလား" အောင်ကျော်က ခပ်ကျယ်ကျယ်လေး အော်ပြောနေသည်။

ဝိုင်းနေသော ကျောင်းသားတွေက ရယ်သူရယ်ကြ၊ ခပ်တိုးတိုးနှင့် ဆဲသူဆဲကြ၊ ရူးတာနဲ့ တူပါတယ်ကွာဟု မှတ်ချက်ချသူချကြသည်။ သည်အချိန်မှာပင် စာမေးပွဲခန်း ဝင်ရန် ခေါင်းလောင်းထိုးသဖြင့် အားလုံး ကိုယ့်အခန်းကိုယ် ပြေးကြရတော့သည်။

※

အဲသည်လို လူစိတ်ဝင်စားအောင် လုပ်ကိုင်တတ်သည့် အောင်ကျော်၊ ကြော်ငြာကောင်းသော အောင်ကျော်၊ အကြံအဖန် ဉာဏ်များသော ကျွန်တော့် သူငယ်ချင်း အောင်ကျော်။ အလုပ်သင်ဆရာဝန် တစ်နှစ်ပြီးလို့ အများတကာနည်းတူ ဆရာဝန်အလုပ်နှင့် စီးပွားရှာရန် မြစ်ဝကျွန်းပေါ်ဘက် ဆင်းသွားပြီဆိုတော့

ဆရာဝန်ယောင်ယောက်၊ စာရေးစရာယောင်ယောင်နှင့် ရန်ကုန်မြို့လည်ခေါင်မှာ ကျန်ခဲ့သော ကျွန်တော်က နတောက အောင်ကျော်တစ်ယောက် များမကြာမီပဲ နယ်တစ်နယ် အပိုင်စားရသည့် ဆရာဝန်သူဌေးတစ်ယောက် ဖြစ်တော့မည်ဟု သေချာပေါက်တွက်ခဲ့သည်။

သို့သော် ကျွန်တော့်အောင်ကျော်ကား သုံးလေးနှစ်ကြာသည်အထိ မကျော်ကြားသေး။ မြစ်ဝကျွန်းပေါ်ဘက်က တစ်ခါတလေမှ ရန်ကုန်တက်လာသည့် သူငယ်ချင်းဆရာဝန်များနှင့်တွေ့၍ မေးမြန်းကြည့်လျှင် တို့သူငယ်ချင်း ဘယ်သူဘယ်ဝါ၊ ဘယ်နေရာမှာ ဘယ်လောက်ကြီးပွားလို့ စသဖြင့် ပြောသံဆိုသံ ကြားရသည်။ ကားဝယ်သူ၊ စသဖြင့် အောင်မြင်နေကြသူတွေထဲမှာ အောင်ကျော်မပါ။ အောင်ကျော့်နာမည်ကို မကြားရ။ အောင်ကျော်တစ်ယောက် မတွေ့မိဘူးလား မေးလျှင်ပင် ဘယ်သူမှ သေသေချာချာ မပြောနိုင်ကြ မအူပင်လိုလို ဖျာပုံလိုလို၊ ဟိုင်းကြီးဘက်မှာလိုလို၊ အောင်ကျော်တစ်ယောက် စုပ်စမြုပ်စ ပျောက်နေသည်။ ဒီကောင်တော့ ဘယ်ချောင်မှာခိုပြီး ရေရေလည်လည် ဖြီးဖြန်းစားနေမလဲမသိဘူး ဟူ၍သာ ကျွန်တော်တို့ မှတ်ချက် ချနေမိသည်။

ဆရာဝန်တစ်ပိုင်း စာရေးဆရာတစ်ပိုင်းဖြစ်သော ကျွန်တော့်မှာ အကယ်စင်စစ် နှစ်ပိုင်းပေါင်း၍မှ သူတစ်ပါး တစ်ပိုင်းစာလောက် အလုပ်မများသော်လည်း အပန်းဖြေအနားယူသည့် လုပ်ငန်းနှင့် စာရေးဆရာပီပီ ဒေသန္တရ ဗဟုသုတပြည့်ဝရန် ခရီးလှည့်၊ ခရီးလှည့်လည်ရသော လုပ်ငန်းနှစ်ရပ်တို့ကိုကား မလစ်လပ်ရအောင် ဆောင်ရွက်လျက်ရှိရာ၊ ယခုလည်း စာရေးဆရာ၊ ပန်းချီဆရာ၊ ထုတ်ဝေသူ စသည့် လူကြီးလူကောင်းတစ်သိုက်နှင့် ငပလီကမ်းခြေသို့ အပန်းဖြေ ထွက်လာခဲ့ပါ၏။ ကျွန်တော်တို့ အဖွဲ့တွင် စာပေနယ်မှ လူကြီးလူကောင်းများအပြင် ထုတ်ဝေသူ၏ညီ အောင်ဇော်မိုးနှင့် သူ့သူငယ်ချင်း နိုင်ငံခြားသားလေး နှစ်ယောက်ပါ ပါလာခဲ့သည်။ ချာတိတ်နှစ်ယောက်က အမေရိကန်နှင့် ဖိလစ်ပိုင်။ မိဘများက ရန်ကုန်မှာ သံရုံးဝန်ထမ်းများ။ လူတွေက ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်ဆိုသော်လည်း လူကောင်ထွားထွား အတွေ့အကြုံလည်း အလွန်များသည်။ အရက် အမျိုးမျိုးကို ဖြောင်လာလာ၊ အရောအနှော အစပ်အဟပ်တွေနှင့် လာလာ၊ ငြင်းသည်ဟူ၍ မရှိ။ ထိုးပေးတိုင်း မော့ချတတ်သည်။ မြန်မာ စီးကရက်၊ နိုင်ငံခြား စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဘာတစ်ခုမှ မရှောင် အကုန်သောက်သည်။ တွေ့ရာသောက်သည်၊ ပြီး သူတို့အိတ်ထဲမှာ လျှို့လျှို့ဝှက်ဝှက် စက္ကူထုပ် ကလေးတွေ ဘာတွေကလည်း ပါသေးသည်။ မျိုးစုံတွေ သောက်ပြီး ဘာနှင့် မူးနေသည်မသိ၊ အုန်းပင်ခြေရင်း သဲတလင်းမှာ တစ်နေလုံး ခွေပြီး အိပ်ချင်အိပ်ကြသည်။ စိတ်မချ၍ သွားနှိုးလျှင် ကျွန်တော်တို့ ဘာမှ မဖြစ်ပါဘူး ရပါတယ် ကျေးဇူးတင်ပါတယ်ဟု ဆိုကြသည်။ တကယ့် လူပေ လူတေကလေးတွေ။ သို့သော် ကျွန်တော်တို့ လူကြီးများကိုကား ရင်းရင်းနှီးနှီး

ရှိရှိသေသေ။ လူကြီးတွေ အားကိုးရှိသဖြင့် စိတ်ချလက်ချ ပျော်ပျော်ရွှင်ရွှင် နေနေကြခြင်းဖြစ်သည်ဟု ဆိုကြသည်။

ပြန်ခါနီး နှစ်ရက်လောက်အလို ဒီလိုချည်း သောင်ပြင်မှာ သောက်စားနေလို့ မပြီးသေးဘူး။ မြို့ပေါ်တက်ပြီး အိမ်အပြန် လက်ဆောင်ပစ္စည်းလေး ဘာလေး ဝယ်ဦးမှပဟု ကျွန်တော်နှင့် အဖော်နှစ်ဦး သံတွဲမြို့ပေါ်တက်ကြသည်။ ဈေးထဲတွင် ဟိုဟာသည်ဟာ လျှောက်ဝယ်ပြီး ပြန်အထွက် မလှမ်းမကမ်းမှာ ကြက်ခြေနီဆိုင်းဘုတ်ကလေး မြင်၍ စာ လှမ်းဖတ်ကြည့်တော့ ဒေါက်တာအောင်ကျော်၊ အမ်ဘီဘီအက်စ် (ရန်ကုန်) တဲ့။ နာမည်တူတာလား၊ ဒါမှမဟုတ် ငါ့အကောင်ပဲလားဆိုပြီး အဖော်နှစ်ယောက်ကို ဈေးအပြင်ဘက် ဆိုင်တန်းများမှာ “ခင်ဗျားတို့ ဒီမှာ ခဏ နေနှင့်ကြဦး” ဟု ထားခဲ့ပြီး သွားကြည့်သည့်အခါ ဆေးခန်းကလေးက သပ်သပ်ရပ်ရပ်။ သို့သော် အပြင်မှာတော့ လူတစ်ယောက်မျှ မတွေ့ရ။ ဆေးခန်းပေါ် တက်သွားပြီး “ဒေါက်တာ ရှိပါလား” ဟု ခပ်ကျယ်ကျယ်လေး ခေါ်လိုက်သည့်အခါ “ရှိပါတယ်ခင်ဗျာ” ဆိုပြီး အတွင်းခန်းထဲက လူတစ်ယောက် ထွက်လာသည်။

“အောင်ကျော်"

“ဟာ .. သူငယ်ချင်း၊ ဘယ်က ဘယ်လို ရောက်လာတာတုန်း"

သူက ဝမ်းသာအားရ နှုတ်ဆက်သည်။ သို့သော် သူ့ ကြည့်ရသည်မှာတော့ လန်းလန်းဆန်းဆန်း မရှိလှ။

“တို့ ငပလီ လာလည်တာ၊ အခု ဒီဈေးထဲ လျှောက်ကြည့်ပြီး ထွက်လာတော့ ဆိုင်းဘုတ်ကို မြင်တာနဲ့ မင်းများ ဖြစ်နေမလား မသိဘူးဆိုပြီး ဝင်ကြည့်တာ၊ မင်းကလဲ ပျောက်ဆို ပျောက်တာပဲကွာ၊ နည်းနည်းပါးပါးတောင် အဆက်အသွယ် မလုပ်ဘူး" ကျွန်တော်က အပြစ်တင်သည်။

“အေးကွာ၊ ငါလဲ ဘာရယ်တော့ မဟုတ်ပါဘူးကွာ၊ ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်ဖြစ်ဘူး”

“လုပ်ငန်းကိုင်ငန်း အခြေအနေကော ဘယ့်နှယ်လဲ၊ အဆင်ပြေတယ် မဟုတ်လား”

“မပြေပါဘူးကွာ၊ အမှန်အတိုင်း ပြောရရင် အခြေအနေ ဆိုးတယ်လို့တောင် ဆိုရမယ်၊ ငါလဲ တော်တော် စိတ်ဓါတ်ကျနေပြီကွာ၊ မင်းရေးတဲ့စာတွေ မဂ္ဂဇင်းထဲမှာ တစ်ခါတစ်ခါ ဖတ်ရတော့ မင်းဆီတောင် စာလှမ်းရေးဖို့ ခဏခဏ စိတ်ကူးတယ် ငါ့ အခြေအနေ မကောင်းဘူးကွ၊ ငါ ဒီမှာ နောက်ထပ် ခြောက်လလောက်

ဆက်နေကြည့်ဦးမယ်လို့ စိတ်ကူးတယ်၊ အဲဒါမှ အဆင်မပြေရင် ငါ ပြန်မယ်၊ ဒီ အလုပ်လဲ ဆက် မလုပ်တော့ဘူး”

သူ့ကို ကြည့်ရသည်မှာ အတော်ပင် မျှော်လင့်ချက် ကုန်ခန်းနေဟန်တူသည်။

“ဘယ်လိုဖြစ်တာလဲကွာ၊ လူနာ မလာဘူးလား၊ မင်းနေရာက ဈေးထိပ်နားပဲ၊ လူ အစည်ကားဆုံးနေရာ တခြားဆရာဝန်တွေ အတော်များများ ရှိနေလို့လား”

အဲဒီ “ဆရာဝန်လဲ သိပ်မများပါဘူးကွာ၊ ငါကိုယ်က ကံမလိုက်ဘူးဆိုရမှာပေါ့၊ မင်းမို့လို့ ပြောတာ၊ ငါ ဟောက်ဆာဂျင် (အလုပ်သင်ဆရာဝန်) ပြီးတာနဲ့ အသိ တစ်ယောက်ခေါ်လို့ ဒေးဒရဲမှာ ဆေးခန်း သွားဖွင့်တယ် အဲဒီမှာ ဟန်ကျတဲ့ လူတွေလဲ အတော် ဟန်ကျနေတယ်၊ အဲ .. နာမည်ကြီးနေတယ်ပေါ့ကွာ၊ ငါလဲ သူတို့ ဘယ်လို စားသာနေသလဲ နည်းနည်းပါးပါး လေ့လာပြီး လိုက်လုပ်ကြည့်တယ်၊ မရဘူးကွ၊ မလာဘူး၊ နာမည်ကြီးပြီးသားလူတွေကို မတိုးနိုင်ဘူး၊ သူတို့ထက် ကောင်းအောင်မွန်အောင် ဂရုစိုက်လုပ်ပေးတယ် ဈေးလျှော့ယူတယ် လူနာ အထင်ကြီးမယ့်ဟာတွေ လုပ်တယ်၊ အကြောင်းမထူးဘူးကွ၊ တစ်နှစ်လောက်တောင် ကြာတယ်၊ ပါချည်ပါချဲ့ပဲ၊ ငါလည်း စိတ်မရှည်နိုင်တော့ဘူး၊ တစ်နှစ်စောင့်လို့မှ ဒီနေရာမှာ နာမည်မရရင် ရှေ့ဆက်ပြီး နေလဲ အကြောင်းထူးမှာမဟုတ်ဘူးဆိုပြီး မအူပင်ကို ပြောင်းတယ်၊ တိုတို ပြောရရင်ကွာ အဲဒီမှာလဲ မကောင်းဘူး၊ မအူပင်မှာ ဆယ်လ၊ အဲဒီနောက် မြိတ်မှာကောင်းတယ်ဆိုလို့ မြိတ်ကိုသွားတယ်၊ ပိုတောင် ဆိုးသေးတယ်ကွာ၊ အဲဒီမှာ စိတ်ဓါတ်ကျဆင်းနေတုန်း ငါ အခြေအနေ မကောင်းဖြစ်မှန်း သိတဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်က ဒီမှာ အဆင်ပြေနိုင်တယ်ဆိုပြီး ဒီကို ခေါ်တယ်၊ သူက သစ်ထုတ်လုပ်ရေးမှာ အရာရှိငါက သူ့အားကိုးနဲ့ ဒီကို ပြောင်းလာလို့ သုံးလလောက်လဲရှိရော သူက နိုင်ငံခြားသွားရတယ်၊ ကိုးလကြာမယ် အလုပ်ကတော့ ကိုယ့်အလုပ် ကိုယ်လုပ်ရတာပေါ့ကွာ၊ ဒါပေမဲ့ သူရှိတုန်းကတော့ သူ အားတဲ့ရက် ပင်လယ်ကမ်းခြေသွား တောထဲ တောင်ထဲသွား၊ ငှက်ပစ်၊ အမဲပစ်နဲ့ ဆိုတော့ အလုပ်အကိုင် အဆင်မပြေပေမဲ့ စိတ်အပန်းပြေ၊ လူနာ ထိုင်မျှော်ရလို့ အညောင်းမိတာတွေလဲ ပြေတယ်ပေါ့ကွာ၊ အခုတော့ ငါ ဒီမှာ ငေါင်တောင်တောင်နဲ့ ထိုင်နေတာ ခြောက်လရှိသွားပြီ၊ ငါနဲ့ မျက်စောင်းထိုးက မုန့်ဟင်းခါးဆိုင်တို့၊ ကွမ်းယာဆိုင်တို့ဆို ငါ့ တွေ့ရင် သနားတဲ့အကြည့်နဲ့ ကြည့်ကြတယ် အစတုန်းက အလကား ထိုင်နေမယ့်အစား စာဖတ်နေတာ ကောင်းတယ်ဆိုပြီး အချိန်ကုန်အောင် ဝတ္ထုလေး မဂ္ဂဇင်းလေးတွေ ဖတ်တယ်၊ ခုတော့ စာအုပ်အငှားဆိုင်ကလူကို ရှက်တာနဲ့ပဲ စာအုပ်လဲ ငှားမဖတ်တော့ဘူး” သူက လုံးဝ စိတ်တုံးတုံးချ

လက်မြှောက်ထားဟန်နှင့် ဆိုသည်။

"မဟုတ်သေးပါဘူးကွာ၊ မင်းလဲ နဂိုတုန်းက အင်မတန် ကြံ့ရည်ဖန်ရည် ကောင်းတဲ့လူပဲ၊ ဒီလောက်လဲ စိတ်ဓါတ်မကျစမ်းပါနဲ့ကွ၊ ဉာဏ်လေးဘာလေးများ ထုတ်စမ်းပါဦး၊ မင်း နည်းတွေ ရှိပါတယ်"

"ငါလဲ အမျိုးမျိုးတော့ စိတ်ကူးတာပဲကွာ၊ အကောင်အထည်တော့ မဖော်ဖြစ်သေးဘူး၊ ပူးပေါင်းကြံစည်ဖို့ လူလိုတယ်ကွ၊ မင်းရှိနေတုန်း တစ်ခုခုဖြစ်အောင် လုပ်နိုင်ရင်ကောင်းမလား မသိဘူး"

"ဒီလို လုပ်ကွာ၊ မင်း ညနေဘက် အားမလား"

"အားမယ်ဆိုရင်လဲ အားလို့ဖြစ်ပါတယ်၊ ခါတိုင်း တခြားဆေးခန်း ပိတ်လို့ ငါ့ဆီ လှည့်လာမယ့် လူနာကို မျှော်ရတာ၊ ဒီတစ်ခါတော့ ငါကပဲ ပိတ်လိုက်မယ်"

"ဒီလိုပါ၊ မင်းလဲ တို့နဲ့ ကြုံတုန်း ပျော်ပျော်ပါးပါး စားသောက် အပန်းဖြေရအောင်၊ မင်း ကိစ္စလဲ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးရအောင်ပေါ့၊ တို့ လေညင်းသာဗိုလ်တဲမှာ တည်းနေတယ်၊ မင်း လာနိုင်တဲ့အချိန် လာခဲ့ကွာ ကဲ ငါသွားဦးမယ်နော်၊ ဟိုလူတွေ စောင့်နေရတယ်'

※

ညနေဖက် လေညင်းသာသို့ အောင်ကျော်ရောက်လာသည်။ ကျွန်တော့် အပေါင်းအသင်း စာပေသမားတွေနှင့် မိတ်ဆက်စကားပြောကြပြီးနောက် သူနှင့် ကျွန်တော် လုပ်ငန်းကိစ္စ တိုင်ပင်ကြသည်။

"ကဲ မင်း ဘာလုပ်ချင်သလဲ ပြော" ကျွန်တော်က ပြောလိုက်သည်။

"ဒီလိုကွ၊ ငါက ဆေးခန်းမှာ ဆရာဝန်အစွမ်းပြလို့ရမဲ့ အရေးပေါ် လူနာမျိုး လာစေချင်တယ်၊ ဒါမျိုးက တစ်ခါမှ မလာဘူး၊ အဲ တစ်ခုတော့ ရှိတယ်၊ လုံးဝ မလာတာတော့လဲ မဟုတ်ဘူး၊ တစ်ခါ လာဖူးတယ် သစ်ပင်ပေါ်က လိမ့်ကျတဲ့ ကောင်လေးတစ်ယောက်၊ ဒါ တောင် ငါ့ဆီ တန်းတန်းမတ်မတ် လာတာမဟုတ်သေးဘူးပေါ့ကွာ၊ သည့်ပြင် ဆေးခန်းတစ်ခန်းကို အရင်သွားတာ၊ ဟိုက ဆရာဝန်နဲ့ မတွေ့လို့ နီးရာဆိုပြီး ငါ့ဆီ အရေးပေါ် ဝင်ချလာတာ၊ စမ်းကြည့်တော့ သေနေပြီကွ၊ ဘာမှ ငါ မလုပ်ပေးလိုက်နိုင်ဘူး၊ "ကလေး အသက် မရှိတော့ဘူးဗျာ' ဆိုပြီး ပြန်လွှတ်လိုက်ရတယ်၊ အဲဒီလို သေပြေးရှင်ပြေး ပြေးလာတဲ့ လူနာမျိုးကို ကိုယ်က ကယ်လိုက်နိုင်တယ်ဆိုရင် အများကြီး နာမည်ထွက်သွားနိုင်တယ် မဟုတ်လား အခုတော့ နားစွန်နားဖျား ကြားတဲ့လူက ငါ့ ဆေးခန်းမှာ လူသေတယ်လို့တောင် ပြောချင်ပြောကြဦးမယ်၊ ဒါတော့ ထားပေါ့ကွာ၊

အခု ငါက ဆေးခန်းမှာ အရေးပေါ် လူနာကောင်းတစ်ယောက် ကုပြချင်တယ်၊ သေမလား ရှင်မလား မသိဘူးဆိုတဲ့ လူနာမျိုး၊ လူတွေ အလန့်တကြားနဲ့ ဝိုင်းအုံသယ်ယူလာမဲ့ လူနာမျိုးပေါ့ကွာ၊ ငါ့ ဆေးခန်း ရောက်လာပြီး ငါက အများရှေ့မှာ တည်တည်ငြိမ်ငြိမ်နဲ့ စနစ်တကျ စမ်းသပ်၊ ဟိုဟာ ဒီဟာတွေလုပ်၊ ဆေးတွေထိုး၊ ပုလင်းကြီးတွေ ပိုက်တွေ တန်းလန်းနဲ့ သွင်း၊ လူနာက မရတော့ဘူးလို့ လက်လျှော့ထားရတဲ့ အခြေအနေမျိုးကနေ ပြန်ပြီး ကောင်းလာ၊ ငါက အဲသည်လိုမျိုး လုပ်ချင်တယ်၊ ဒီအတွက် မင်း ကူညီစေချင်တယ်”

“ငါက ဘယ်လို ကူညီရမလဲ”

“မင်းက လူနာ လုပ်ပေးရမယ်၊ လူနာအဖြစ် သရုပ်ဆောင်ရမယ်ဆိုပါတော့ကွာ၊ မင်းတို့ လူစုက ရန်ကုန်က ပေလီ လာလည်တဲ့ ဧည့်သည်တွေပေါ့ကွာ ဒါက အမှန်အတိုင်းပေါ့၊ ဈေးဝယ်ရင်း လည်ရင်းနဲ့ မင်းတို့ မြို့ထဲ ရောက်လာတယ် ဈေးက အထွက်မှာ ငါ့ဆေးခန်းနဲ့ မျက်စောင်းထိုးက ဆိုင်မှာ မုန့်ဟင်းခါး စားမယ်၊ အဲဒီမှာ ထိုင်နေတုန်း မင်းက ရုတ်တရက် သတိမေ့လဲကျသွားမယ်၊ မင်းနဲ့အတူ ပါလာတဲ့ အဖော်တွေက ဒီနားမှာ ဆေးခန်းမရှိဘူးလား မေး၊ ငါ့ဆေးခန်း ပြကြတော့ မင်းကို ပွေ့ပြီး သယ်ယူလာ ငါနဲ့တွေ့တော့ မင်းအဖော်တွေက မင်းမှာ နှလုံးရောဂါရှိတယ်၊ မနှစ်ကလဲတစ်ခါ ရန်ကုန်မှာ ဒီလိုပဲ မေ့လဲဖူးတယ် ပါရဂူတွေ စုံအောင် ပြပြီးပြီ၊ နှလုံးခွဲစိတ်ပါရဂူကြီးက ခွဲစိတ်ကုသမှရမယ်၊ နောက်တစ်ခါ ထပ်ဖြစ်ရင် မလွယ်ဘူးလို့ ပြောထားတယ်၊ ဒီကပြန်ရင် ပြန်ပြပြီး ခွဲတော့မလို့၊ ပေလီကို လူကြုံလဲကောင်းတာနဲ့ လေကောင်းလေသန့် ရှူရအောင် လိုက်လာတာ စသဖြင့်ပေါ့ကွာ၊ အနီးအနားက ဝိုင်းအုံလာမဲ့ လူတွေကြားအောင် ခပ်ကျယ်ကျယ်လေး ပြောပေးရမယ်၊ ပြီးတော့မှ လူတွေ နည်းနည်းရှဲခိုင်း၊ ဆရာဝန်က ဘယ်လိုဘယ်ပုံ လက်စွမ်းပြ ကုသလိုက်တယ်ဆိုတာ ပြန်ကြော်ငြာမဲ့ လူ လေးငါးယောက်တော့ အနည်းဆုံး ရှိရမယ်ပေါ့၊ ဆရာဝန် သရုပ်ဆောင်ရမယ့် အပိုင်းကတော့ နေ့ခင်းက ငါ့ဘာသာ ဇာတ်ညွှန်းရေး၊ ငါတစ်ယောက်တည်း ဇာတ်တိုက်ပြီးပြီ” အောင်ကျော် မနက်ကနှင့်တော့ လုံးဝ မတူတော့။ အလွန်ပင် အားတက်ရွှင်လန်းနေသည်။

“မင်းက”

ကျွန်တော် ရုတ်တရက် စိတ်ကူးတစ်ခုရသဖြင့် သူ့ စကားဖြတ်ပြီး ပြောလိုက်သည်။ “နေဦးကွ လူနာအဖြစ် သရုပ်ဆောင်ဖို့ ငါ့ထက် ကောင်းတဲ့လူ ရှိတယ်" ဆိုပြီး အမေရိကန်လေး စတင်လီနှင့် ဖိလစ်ပီနိုလေး နီနိုတို့ပါ ကျွန်တော်တို့အဖွဲ့နှင့် ပါလာသည့်အကြောင်း ပြောပြသည်။ “ဒီချာတိတ်တွေက လူပျော်လူရှုပ်ကလေးတွေကွ၊ မင်း အစီအစဉ် ပြောပြရင် သဘောကျမယ်၊ မြန်မာ

နှလုံးရောဂါသည်ကို ကုတာထက် အမေရိကန်နှလုံးရောဂါသည်ကို ကုနိုင်ရင် ပိုပြီး နာမည်မကြီးဘူးလား၊ တို့က အဲဒီချာတိတ်ကို စစ်သံမှူးသားလိုလို အတွင်းဝန်သားလိုလို ပြောမယ်ကွာ၊ ချာတိတ်က နှလုံးရောဂါရှိတယ်၊ ခွဲစိတ်ရမယ် ဘာညာ၊ မင်း ပြောသလိုပေါ့ ၊ ဒီကြားထဲ အရက်တွေသောက် ဘာတွေသောက်နဲ့ ဘာတွေ ဖြစ်သွားသလဲ မသိဘူး စသဖြင့်ပေါ့ကွာ၊ အခြေအနေ ကြည့်ပြီး ပြောကြတာပေါ့”

ကျွန်တော့် စိတ်ကူး အောင်ကျော် စိတ်ဝင်စားသွားသည်။ သို့သော် သူက တစ်ခု စဉ်းစားမိဟန်ဖြင့် “နေဦးကွ၊ မင်းက ဆရာဝန်ဆိုတော့ ငါ လုပ်တဲ့ကိုင်တဲ့အပေါ် မူတည်ပြီး လူနာက ဘယ်လို တုံ့ပြန်ရမလဲ၊ ဘယ်အချိန်မှာ ဘယ်လို သက်သာလာရမယ်ဆိုတာတွေ သိတော့ သဘာဝကျအောင် လုပ်နိုင်မယ်၊ မင်းချာတိတ်က အဲဒီလို အဆင်ပြေအောင် လုပ်နိုင်ပါ့မလားကွ"

“သူ လုပ်ရမဲ့အပိုင်း အသေးစိတ်ပြောထားရင် ရနိုင်ပါတယ်ကွာ၊ တော်တော်တန်တန် သဘာဝမကျတာ ရိုးရိုးလူက ဘာသိမှာမှတ်လို့၊ ပြီးတော့ နိုင်ငံခြားသားပဲကွ၊ မြန်မာနဲ့ တူချင်မှ တူမှာပေါ့။ ကြော်ငြာကျတော့ နိုင်ငံခြားညှော်သည်ဆိုတာက အများကြီး တာသွားတယ်ကွ”

“အေးကွ၊ မင်းပြောတာ မှန်တယ်" အောင်ကျော်က သဘောတူသည်။

ကျွန်တော်တို့ နှစ်ယောက် တိုင်ပင်ဆွေးနွေးပြီးကြတော့ အဖွဲ့သားတွေ ဝိုင်း'နေကြသည့် စားပွဲတွင်ဝင်ကာ စားကြသောက်ကြရင်း အစီအစဉ်ကို ရှင်းပြသည်။ အားလုံးက ဝိုင်း၍ သြဘာပေးကြသည်။ “ဒါမှ ပေလီလာတာ ပို အမှတ်တရ ဖြစ်ဦးမယ်” ဟု ဆိုကြသည်။ အတန်ကြာတော့ ပင်လယ်ကမ်းခြေက ကျောက်ဆောင်ကြို ကျောက်ဆောင်ကြားမှာ ခရုခွံ၊ ကဏန်းခွံ၊ ကျောက်ခဲ ကျောက်ခက် စသည့် အဖိုးတန်ရတနာများ သွားရောက်ရှာဖွေကြသည့် အောင်ဇော်မိုးတို့ အဖွဲ့ ပြန်ရောက်လာကြသည်။

ခရီးရောက်မဆိုက် သူတို့ လူစုကို တစ်ယောက်တစ်ခွက်စီ ကမ်းပေးပြီး လုပ်ကြံမှုအစီအစဉ်ကို ကြေညာသည်။ လူကြီးတွေ မဟုတ်တာ လုပ်ကြမည်ဆိုတော့ ချာတိတ်တွေက အားတက်သရော၊ စတင်လီက မိမိအစွမ်းကုန် ပါဝင်သရုပ်ဆောင် ကူညီမည်ဖြစ်ကြောင်း ကတိပြုသည်။ ပြီး “ကျွန်တော့်ကို ဘာတွေ လုပ်ကြမှာလဲ၊ ကျွန်တော်က ဘယ်လို နေရမှာလဲဆိုတာတွေ နည်းနည်းတော့ ပြောပြပါဦး” ဟု ဆိုသည်။

အောင်ကျော်က ပြောပြသည်။ “မင်းက သတိမေ့နေတဲ့ လူနာဆိုတော့ ငြိမ်ငြိမ်နေရမယ်ပေါ့ကွာ၊ ခြေတွေလက်တွေ တောင့်တင်းမထားရဘူး၊ အသေကြီးလို နေရမယ်၊ အသက်ကို တတ်နိုင်သမျှ မျှဉ်းမျှဉ်းရှူရမယ်၊ ဒါပေမယ့် အသက်ရှူတာ

လူမြင်ရင်လဲ အရေးမကြီးဘူး၊ မင်းမှာ နှလုံးခုန်တာ ရပ်သွားပေမယ့် အသက်တော့ နည်းနည်း ရှူနေသေးတယ်လို့ တို့က ပြောထားမှာပဲ၊ ဆေးတော့ တစ်လုံး နှစ်လုံး အထိုးခံရမယ်၊ ဒါပေမယ့် မင်းရဲ့ ခန္ဓာကိုယ်ကို ထိခိုက်စေမဲ့ဟာတွေတော့ မဟုတ်ဘူး၊ တင်ပါးမှာ မိုးရေ ဝမ်းစီစီလေးပဲ ထိုးမယ် လက်မောင်းသွေးကြောထဲကို ဂလူးကို့စ် အပျော့စား နည်းနည်း သွင်းမယ်၊ ပြီးတော့ ဂလူးကို့စ်အရည်ကျဲ ပုလင်းကြီး ဒရစ် (အစက်ချ) သွင်းပေးမယ်၊ ဒါပေမယ့် နှေးနှေးလေး ချထားမှာ၊ မင်းကိုယ်ထဲ အများကြီး ဝင်မှာ မဟုတ်ဘူး၊ ဝင်ရင်လဲ အန္တရာယ်မရှိဘူး၊ ဂလူးကို့စ် သောက်ရတဲ့ သဘောပဲ၊ အားဖြစ်တာပေါ့ကွာ ပြီးတဲ့နောက် မင်း ရင်ဘတ်ကို နှိပ်မယ်ကွာ၊ နှလုံးခုန်အောင် လုပ်ပေးတဲ့သဘော၊ မနာပါဘူး၊ ဟန်လောက်ပဲ လုပ်မှာ"

စတင်လီ မျက်နှာ နည်းနည်းပျက်သည်ထင်၍ ကျွန်တော်က "ဘယ်လိုလဲ စတင်လီ၊ မဖြစ်ဘူးလား" ဟု မေးလိုက်သည်။

"ဖြစ်ပါတယ် ခင်ဗျ၊ ကျွန်တော် စိတ်ဝင်စားပါတယ် လုပ်မှာပါ၊ ကဲ ဘာဆက်လုပ်ရဦးမလဲ၊ ပြောပါဦး၊ ပျော်စရာကြီးပဲ"

"ပြီးတော့ ကိုယ် ဆေးတစ်လုံး ထိုးချင်သေးတယ်ကွာ၊ ရင်ဘတ်မှာ ထိုးရမှာ အများကြီး မဟုတ်ဘူး၊ အရေပြားလေး မြုပ်ရုံပဲ၊ အပ်သေးသေးနဲ့ မိုးရေလေး နည်းနည်း ထိုးမှာ၊ မင်း ရင်အုပ်ကြွက်သားလဲ ရှိသားပဲ၊ ဒီလိုကွာ မင်းကို ဆေးတွေထိုး ရင်ဘတ်တွေ နှိပ်ပေမယ့် နှလုံးက မခုန်တဲ့အတွက် နှလုံးထဲကို တိုက်ရိုက် ဆေးထိုးသွင်းတယ် ဆိုတဲ့သဘော"

စတင်လီက ရှုံ့မဲ့ပြကာ "ရပါတယ်ဗျာ၊ ဆေးထိုးတာလောက်ကတော့ ရိုးနေပါပြီ၊ ဒါဆို ပြီးရောလား၊ ဘာ ထပ်လုပ်ချင်သေးသလဲ" သူက တောင်းဆိုနေသေးသည်။

"ဟုတ်တယ်၊ အဲဒါနဲ့ မပြီးသေးဘူး၊ ကိုယ်က ပညာကုန်ပြရမှာဆိုတော့ မင်း နှလုံးကို အီလက်ထရစ်ရှော့ခ်ပေးပြီး (လျှပ်စစ်ဓါတ်လိုက်အောင်လုပ်ပြီး) ပြန်နှိုးရဦးမယ်၊ အဲဒီတော့မှ မင်းက နှလုံးပြန်ခုန်ပြီး ပြန်အသက်ဝင် သတိရလာတဲ့သဘောနဲ့ တဖြည်းဖြည်း လှုပ်ရှား၊ မျက်လုံးတွေဖွင့် ဟိုကြည့် သည်ကြည့် အဲဒီလိုတွေ လုပ်ရမယ်" "အီလက်ထရစ်ရှော့ခ်က တကယ်လုပ်မှာလား ကျွန်တော် တကယ် ရှော့ခ် ရသွားရင်ကောဗျာ" ဒါတော့ သူ နည်းနည်း စိုးရိမ်သည်။

"မရပါဘူးကွာ၊ ဒါလဲ သဘောလောက်ပါ ကျဉ်ခနဲ ဖြစ်ရုံလောက်ပဲ၊ ဗို့အားနည်းနည်းလေးပါ"

စတင်လီက "အိုကေ၊ အိုကေ" နှင့် စိတ်ချသွားသည်။ သူက

လုပ်ချင်နေသည်။ ဘေးက နီနီကလည်း အားတက်သရော။ "ဘယ်တော့ လုပ်ကြမလဲ" မေးသည်။

"နက်ဖြန်မနက်၊ နက်ဖြန်မနက် ခုနှစ်နာရီလောက် ခင်ဗျားတို့အဖွဲ့ထွက်လာခဲ့ကြဗျာ ဈေးမှာ ဟိုဆိုင်ဒီဆိုင်ဝင်၊ ခင်ဗျားတို့ လူစုကို လူတကာ မြင်အောင် လုပ်ဗျာ၊ ဖြစ်နိုင်ရင် စတင်လီက မနေ့က များသွားလို့ အရက်နာကျနေသလိုလို သိပ် နေမကောင်းသလိုလို ဂိုက်မျိုး ဖမ်းထားကွာ၊ ရှစ်နာရီလောက် ကျတော့ ဈေးထဲကထွက်လာ၊ ကျွန်တော့် ဆေးခန်းနားက မုန့်ဟင်းခါးဆိုင်မှာ ဝင်ထိုင်ကြ၊ ထိုင်ပြီး ခဏနေတော့ စတင်လီက မေ့လဲပေါ့ဗျာ၊ ကျန်တဲ့အပိုင်းကတော့ စောစောက ပြောထားတဲ့အတိုင်း ဆက်လုပ်ကြတာပေါ့"

ထို့နောက် အစီအစဉ် အောင်မြင်ရေးအတွက် အရက်ခွက် ကိုယ်စီကိုင်ကာ ဆုမွန်ကောင်း တောင်းကြသည်။

ခဏနေတော့ ကျွန်တော်က အောင်ကျော့်ကို ဗိုလ်တဲရှေ့ ကမ်းစပ်ဘက် အသာလက်တို့ခေါ်ပြီး ပြောသည်။

"ပေ့ကောင် အရမ်းမလုပ်နဲ့ဦးကွ၊ လျှပ်စစ်တွေ ဘာတွေက စိတ်ချရတာမဟုတ်ဘူး၊ ရင်ဘတ်ဆေးထိုးတာလောက်နဲ့ ရပ်လို့မရဘူးလား"

"အဲဒီလောက်နဲ့ ငါက မကျေနပ်ချင်သေးဘူးကွ၊ လျှပ်စစ်ကုထုံးတွေ ဘာတွေနဲ့ဆိုရင် ပိုပြီး ပီပြင်သွားမယ်လို့ ငါထင်တယ်၊ ပြီးတော့ ဓါတ်လိုက်မှာလဲ မပူပါနဲ့၊ ငါ အခုလို စိတ်ကူးပြီးတဲ့အခါ ငါ တစ်ယောက်တည်း သေချာအောင် စမ်းကြည့်ပြီးပြီ၊ တို့ဆီက ဗို့အားမှ မပြည့်ဘဲကွ၊ ပြီးတော့ ခဏလေး ခလုတ်ဖွင့်တယ် ပိတ်တယ်ဆိုရုံပဲကွာ၊ စိတ်ချပါကွ ဘာမှ မဖြစ်စေရပါဘူး၊ ငါ အာမခံပါတယ်'

※

နောက်တစ်နေ့နံနက် ကျွန်တော်တို့အဖွဲ့ ငပလီမှ ဂျစ်ကားလေးငှားပြီး သတွဲမြို့ထဲ ထွက်လာကြသည်။ အစီအစဉ်အတိုင်း ဈေးထဲ လှည့်ကြသည်။ လူတွေပုံစံက အုန်းလက်ခမောက်တွေ ခရုပုတီးတွေနှင့် ဟိုနားစု ဓါတ်ပုံရိုက်၊ သည်နားစု ဓါတ်ပုံရိုက်ဆိုတော့ မြန်မာတိုးရစ်နှင့် နိုင်ငံခြားတိုးရစ်အဖွဲ့ တွဲပြီး ထွက်လာကြသည့် ပုံမျိုး။ စတင်လီက အနောက်တိုင်းသား စစ်စစ်၊ နီနီကလည်း ဘိုမဟုတ်ပေမဲ့ နိုင်ငံခြားသားမှန်း သိသာသည့်ရုပ်မျိုး အောင်ဇော်မိုးကလည်း တီရှပ်နှင့် ဂျင်းဘောင်းဘီ တိုပြတ်စုတ်ဖွားနှင့် လည်ပင်းမှာ ကင်မရာ တွဲလောင်းနှင့်ဆိုတော့ ဂျပန်လိုလို၊ ထိုင်းလိုလို။ ကျန်သောပုဂ္ဂိုလ်များမှာလည်း ငပလီမှာ နေ့ရောညပါ ပင်လယ်ရေစိမ်ကြ၊ အရက်သောက်ကြသဖြင့် မျက်နှာနီစပ်စပ်၊ ပွရောင်းရောင်းများ ဖြစ်ကာ သူလိုငါလို မြန်မာထဲက မဟုတ်သလို

ဘာလိုလို။

ဈေးထဲမှာ လူတွေ မျက်စိနောက်အောင် လုပ်ခဲ့ကြပြီး အောင်ကျော်ဆေးခန်းနားက မုန့်ဟင်းခါးဆိုင်မှာ ဝင်ထိုင်ကြသည်။ မုန့်ဟင်းခါး မှာကြ၍ မုန့်သည်က မုန့်ပွဲပြင်နေတုန်း တစ်ယောက်ကိုတစ်ယောက် မသိမသာ မျက်နှာရိပ်ပြကြပြီးနောက် စတင်လီ ပါးစပ်က ဘာမှန်းမသိ တစ်ခုခု ရေရွတ်ကာ နီနိုဘက်သို့ ထိုးလဲကျသွားသည်။ နီနိုက ကမန်းကတမ်း ထူမပြီး ပါးစပ်ကလည်း ဘယ်သူမှ နားမလည်နိုင်သည့် စကားတွေ စွတ်ရွတ်ပြောနေသည်။ ကျွန်တော်က ပြေးပြီး "စတင်လီ စတင်လီ" ဟုခေါ်ကာ ပျာယီးပျာယာနှင့် ရင်ဘတ်စမ်း လက်ကောက်ဝတ်စမ်းလုပ်ပြီး "ဒုက္ခပါပဲကွာ ဆေးရုံဖြစ်ဖြစ်၊ ဆေးခန်းဖြစ်ဖြစ် အမြန်ပို့မှပဲ၊ ဒီကောင်လေးမှာ နှလုံးရောဂါ ရှိတယ်" ဆိုတော့ မုန့်ဟင်းခါးသည်က "ဒီရှေ့ကဟာ ဆေးခန်းပဲ၊ အဲဒီကို ပွေ့ယူသွားကြပါလား" ဟု အကြံပြုသည်။

"ဟာ ဟုတ်တယ်ဟေ့" ဆိုပြီး ကျွန်တော်တို့အဖွဲ့သားတွေ စတင်လီကို ဝိုင်းပွေ့ကာ ဆေးခန်းထဲ ခေါ်လာခဲ့ကြသည်။ ကျွန်တော်တို့ နောက်က လူတွေ ဝိုင်းလိုက်လာသည်။ ရုတ်ရုတ်သဲသဲ အသံကြား၍ ထွက်လာသည့်ဟန်နှင့် ဆေးခန်းအတွင်းဘက် လူနာစမ်းသပ်သည့်အခန်းထဲမှ အောင်ကျော် ထွက်လာသည်။

"ဘယ်လို ဖြစ်ကြတာလဲ လူနာကို အထဲသွင်းပြီး ခုတင်ပေါ် တင်ကြပါ"

တံခါးပေါက်ကျဉ်းကျဉ်းထဲ စတင်လီကို ခဲခဲယဉ်းယဉ်း သွင်းယူရသည်။ စတင်လီက အသေကောင်ကြီးတစ်ကောင်လို ဦးကျိုးလည်ပြတ်နှင့် ခြေတွေလက်တွေ တွဲလောင်းကျလျက်။

မေးသည်။ "ကဲ ဖြစ်ပုံ မြန်မြန်ပြောကြပါ" အောင်ကျော်က လူနာလက်ကောက်ဝတ်ကို ကိုင်ကာ သွေးစမ်းရင်း"

ကျွန်တော်က အသံ ခပ်ကျယ်ကျယ်နှင့် "ဒီချာတိတ်က ငယ်ငယ်ကတည်းက နှလုံးရောဂါရှိပါတယ်။ မနှစ်ကတစ်ကြိမ် ဒီလိုပဲ မေ့လဲကျဖူးတယ်၊ ရန်ကုန်က ပါရဂူကြီးတွေနဲ့ ပြတော့ ခွဲစိတ်ကုမှ ကောင်းမယ်ဆိုလို့ နောက်လမှာ အမေရိကန်ပြန်ပြီး ခွဲစိတ်ဖို့ စီစဉ်ထားပါတယ်၊ ဒီကြားထဲ ပေလီမှာ အနားယူရင်း အလည် လိုက်ချင်လိုက်သွားဆိုပြီး ကျွန်တော်တို့နဲ့ သူ့မိဘနဲ့ ခင်မင်နေတာဆိုတော့ စိတ်ချလက်ချ ထည့်လိုက်တာ၊ တစ်ခုခုဖြစ်ရင်တော့ ကျွန်တော်တို့လဲ ပြဿနာပဲဆရာ၊ ဆရာ တတ်နိုင်သမျှ အကောင်းဆုံးသာ ကြိုးစားပြီး လုပ်ပေးပါ"

ကျွန်တော်က တတ်နိုင်သမျှ အတည်ပေါက် ဖြီးဖြန်းနေတုန်း အောင်ကျော်က ဆရာဝန်၏ အခန်းကဏ္ဍကို ကျနစွာ သရုပ်ဆောင်နေချေပြီ။

စတင်လီ၏ အကျီရင်ဘတ်လှန်ပြီး နားကျပ်နှင့် နားထောင်သည်။ သွေးပေါင်ချိန်ကိရိယာနှင့် သွေးချိန်သည်။ ပြီး လက်ကောက်ဝတ်ကို ပြန်စမ်းသည်။

“သွေးစမ်းလို့ မရတော့ဘူး၊ ဘလတ်ပရက်ရှာ ဇီးရိုး (သွေးပေါင်ချိန် သုည)"

ရင်ဘတ်ကို နားကျပ်နှင့် နားထောင်သည်။

“နှလုံးကတော့ နည်းနည်း ခုန်နေသေးတယ်၊ မမှန်ဘူး၊ ဟာ .. ရပ်သွားပြီ"

အောင်ကျော် စမ်းရင်းသပ်ရင်း တစ်ကိုယ်တည်း ပြောသလို သူ့အနားကပ်ပြီး ရပ်နေသည့် လူနာရှင်တစ်ဦးဖြစ်သူ ပန်းချီဆရာကိုစိုးသိမ်းကို ပြောသလိုနှင့် ခပ်ကျယ်ကျယ်လေး ပြောသည်။ ပြီး စတင်လီရင်ဘတ်ကို လေးငါးဆယ်ချက် ဖိနှိပ်ပြီး နားကျပ်နှင့် နားထောင်ပြန်သည်။ ထို့နောက် ဆေးပစ္စည်းထားသည့် စားပွဲသို့သွားကာ ဆေးတစ်ပုလင်း မြန်မြန်ဖောက် ဆေးထိုးအပ်နှင့် စုပ်ပြီး ယူလာသည်။ ကိုစိုးသိမ်းက စတင်လီဘောင်းဘီကို ကြယ်သီးဖြုတ်ပြီး တင်ပါးကို ဆေးထိုးနိုင်အောင် ပြင်ပေးသည်။ အောင်ကျော်က ဆေးကို ခပ်သွက်သွက် ထိုးလိုက်ပြီးနောက် အကြောဆေးထိုးသည့် ဆေးထိုးအပ်ကြီးနှင့် ဆေးရည်တချို့ စုပ်ယူလာပြန်ကာ တတောင်ဆစ်ကွေးက သွေးကြောထဲကို ထိုးသွင်းသည်။ စတင်လီလက် မသိမသာ တောင့်တင်းသွားသည်။ ကျွန်တော်က နောက်ဘက်ရှိလူများ မမြင်ရအောင် အမှတ်တမဲ့ ကွယ်ထားလိုက်သည်။ အောင်ကျော် နားကျပ်နှင့် နားထောင်ပြန်သည်။ တစ်နေရာ၊ နှစ်နေရာ၊ သုံးနေရာ ရွှေ့ပြီး နားထောင်သည်။

“မဆူပါနဲ့၊ အားလုံး တိတ်ကြပါ” ဟု လှည့်ပြောပြီး ထပ် နားထောင်ပြန်သည်။ အားလုံး အသက်ပင် ကျယ်ကျယ် မရှူရဲဘဲ ငြိမ်၍ ကြည့်နေကြသည်။ ခဏ ကြာတော့၊

“နှလုံး မခုန်တော့ဘူးဗျာ၊ အသက်တော့ နည်းနည်း ရှူနေသေးတယ်” ဟု ဆိုသည်။

“လုပ်ပါဦးဆရာ၊ ရသလောက် လုပ်ကြည့်စမ်းပါဦး” ကျွန်တော်က အသံတုန်တုန်နှင့် ပြောသည်။

နီနိုက မြန်မာစကား နားမလည်သော်လည်း အခြေအနေကို ရိပ်မိဟန်မျိုးဖြင့် အနားတိုးလာပြီး “စတင်လီ .. စတင်လီ" နှင့် ခေါ်ကာ ဘိုလိုရော ဖိလစ်ပိုင်လိုပါ ပေါက်တတ်ကရတွေ ရေရွတ်ကာ အိုက်တင်တွေ လျှောက်လုပ်နေသည်။ သူ့ကို လူတွေက ဝိုင်းကြည့်ကြသည်။ ဘိုကလေးနှင့် သိပ်ချစ်သည့် သူငယ်ချင်းဟု သနားကြဟန်တူရဲ့။ ကျွန်တော် နီနို့ကို ကြည့်ပြီး

ရယ်ချင်လာသည်။ အဖွဲ့သားတွေ မသိမသာ ကြည့်လိုက်တော့ ကျွန်တော့်လိုပဲ ရယ်ချင်နေကြပုံပေါ်သည်။ ဦးလှအောင်နှင့် ကိုမျိုးထွန်းတို့က မနေတတ်မှာ စိုးသည်ထင့်။ စိတ်မချမ်းသာသော မျက်နှာထားမျိုး ကြိုးစားဟန်ဆောင်ကာ အပြင်ခန်းသို့ သွားပြီး ထိုင်နေကြသည်။

အောင်ကျော်က နှလုံးပြန်ခုန်လာအောင် စတင်လီရင်ဘတ်ကို စည်းချက်မှန်မှန် နှိပ်ပေးသည်။ ထို့နောက် နားကျပ်နှင့် နားထောင်ပြီး "နည်းနည်း ပြန်ကြားရတယ်" ဟု ဆိုသည်။ နောက်ထပ် ဆယ့်လေးငါးချက် ဆက်နှိပ်ပြီးနောက် သူ့အနားက ကိုစိုးသိမ်းကို "ကျွန်တော်လုပ်တဲ့အတိုင်း တစ်စက္ကန့် တစ်ကြိမ်နှုန်းလောက် မှန်မှန်လေး နှိပ်ပေးထားပါ" ဆိုပြီး သူက ဆေးဗီရိုထဲမှ ဂလူးကို့စ်ပုလင်းကြီးတစ်လုံးနှင့် ဆေးသွင်းသည့် ပိုက်ကိုယူကာ ခုတင်ဘေးက တိုင်မှာ ချိတ်ပြီး စတင်လီလက်ဖျံမှ ဆေးသွင်းသည်။ ဆေးစက်ကို မှန်မှန်ကျအောင် ချိန်ပေးထားလိုက်ပြီး နောက်ထပ် ဆေးရည်လေးတစ်ခု စုပ်ယူလာပြန်ကာ ဂလူးကို့စ်ပုလင်းကြီးထဲ ထိုးထည့်သည်။

ပြီး ကိုစိုးသိမ်းကို ဖယ်စေ၍ စတင်လီရင်ဘတ်ကို ခပ်ပြင်းပြင်းလေး နှိပ်ပြန်ကာ နားကျပ်နှင့် စမ်းသည်။ အတန်ကြာ စမ်းကြည့်နေပြီးမှ၊

"နည်းနည်းတော့ ခုန်တယ်၊ မမှန်ဘူး ပြန်ရပ်သွားပြန်ပြီ"

နားကျပ်ကို ဖြုတ်ပြီး ရင်ဘတ်ကို ပြန်နှိပ်သည်။ ထို့နောက် ကျွန်တော့်ဘက်သို့ လှည့်၍၊

"ဒီအတိုင်း နှိပ်နေလို့ နှလုံးပြန်ခုန်ဖို့ မသေချာဘူး၊ နှလုံးသွေးကြောရပ်တာ ကြာသွားရင် ဦးနှောက်ထဲ သွေးမရောက်တဲ့အတွက် ဦးနှောက်သေသွားမယ်၊ အဲဒါဆိုရင် မရတော့ဘူး၊ ကျွန်တော် အခု နှလုံးထဲ တိုက်ရိုက် ဆေးထိုးရမယ်"

"လုပ်ပါ ဆရာ၊ လုပ်ပါ၊ ကြိုးစားပြီး လုပ်ကြည့်ပါဦး"

ကျွန်တော်က ပြာပြာသလဲ ပြောလိုက်သည်။

အောင်ကျော်က ဆေးထိုးအပ်သေးသေးနှင့် ဆေးရည်နည်းနည်း စုပ်ယူလာကာ...

"ကဲ .. ကဲ ဝိုင်းမနေကြပါနဲ့၊ နည်းနည်း အပြင်ထွက်ကြပါဦး" ဆိုပြီး စတင်လီအနား ကပ်သွားသည်။ အခန်းထဲက လူတချို့ အပြင်ထွက်မလို လုပ်သည်။ တချို့က နှလုံးထဲသို့ ဆေးထိုးသွင်းသည်ဆိုတာကို ကြည့်ချင်၍လားမသိ။ ရှေ့တိုးလာသည်။ ကျွန်တော်က "သိပ်မအုံကြပါနဲ့ဗျာ နောက်ဆုတ်ကြပါဦး" လှည့်ပြောပြီး တွန်းဖယ်နေတုန်း ဆေးထိုးပြီးသွားသည်။ အောင်ကျော်က

ဆေးထိုးသည့် အပ်ပေါက်နေရာကို ဂွမ်းကလေးနှင့် ဖိပြီး ပွတ်နေသည်၊ ထို့နောက် ဆေးထိုးအပ်ကို ပြန်ထားလိုက်ပြီး နားကျပ်နှင့် နားထောင်ပြန်သည်။ ခပ်ကြာကြာ နားထောင်နေပြီးနောက် အောင်ကျော် လက်လျှော့လိုက်ဟန်ဖြင့် နားကျပ်ကို ဖြုတ်ကာ ဆေးစားပွဲပေါ် ချထားလိုက်ပြီး၊

"မရတော့ဘူးဗျာ၊ နှလုံးက လုံးဝ ပြန်မခုန်တော့ဘူး၊ တခြားလဲ လုပ်စရာနည်းလမ်း မရှိတော့ပါဘူး ကျွန်တော်လဲ တတ်နိုင်သမျှ အစွမ်းကုန် လုပ်တာပဲ" ဆိုပြီး ကျွန်တော်တို့ကို ကြည့်နေသည်။ ထို့နောက် သူက ဂလူးကို့စ်သွင်းသည့်ပိုက်ကို ဖြုတ်မည့်ဟန်ပြင်သည်။ လူတချို့ အပြင်ထွက်သွားကြသည်။ ကျွန်တော်က တောက်တစ်ချက် ပြင်းပြင်း ခေါက်သည်။ နီနီက တအီးအီးနှင့် ငိုနေသည်။ အောင်ဇော်မိုးက နံရံမှာ မျက်နှာအပ်ထားသည်။

ထိုစဉ် အောင်ကျော် နောက်ဆုံးပိတ်အကြံတစ်ခု ရလာဟန်ဖြင့်...

"တစ်နည်းတော့ ရှိသေးတယ်ဗျာ၊ ရလိုရငြား စမ်းကြည့်ဦးမယ်၊ သူ့ကံပဲ" ဆိုပြီး ခုတင်ခေါင်းရင်းဘက်က သံငုတ်မှာ ချိတ်ထားသော မီးသီးကို ဖြုတ်ယူကာ မီးခေါင်းပါဖြုတ်သည်။ ဝက်အူလှည့်ကလေး တစ်ချောင်းကလည်း သူ့စားပွဲပေါ်မှာ အဆင်သင့် ရှိနေသည်။ အောင်ကျော်က ဝါယာကြိုးကို ဆွဲယူကာ ကြိုးစကို စတင်လီရင်ဘတ်မှာ ကပ်ပြီး ကျွန်တော့်အား ကိုင်ထားစေသည်။ ထို့နောက် သူက မီးခလုတ်ရှိရာသွားပြီး 'ရယ်ဒီ' ဆိုကာ ခလုတ်ကို ခပ်သွက်သွက် ဖွင့်ချည်ပိတ်ချည် နှစ်ကြိမ်ဆက်တိုက် လုပ်လိုက်သည်။ ရင်ဘတ်ကို တိုက်ရိုက် အထိခံရသောစတင်လီ ဘယ်လိုနေမည်မသိ။ သူ့လက်နှင့် ကျွန်တော့်ပေါင် ထိနေသည်ကို သတိမထားမိဘဲ ဝါယာကြိုးကိုင်ထားမိသော ကျွန်တော့်တစ်ကိုယ်လုံး ဖြန်းခနဲ ဖြန်းခနဲ ကျဉ်၍သွားသည်။ တစ်ခေါင်းလုံးလည်း ထူပူသွားသည်။

"အမယ်လေးဗျ ..၊ ကျွန်တော့်ပါ ဓါတ်လိုက်သွားတယ်"

ကျွန်တော့်ပါးစပ်က လွတ်ခနဲ အော်လိုက်မိသည်။

"ဟာ .. လှုပ်တယ်ဗျို့"

ဘေးပရိသတ်က ကျွန်တော့်ကို ဂရုမစိုက်။ စတင်လီအနားတိုးကာ ဝိုင်းအုံကြည့်ကြသည်။

စတင်လီ နည်းနည်းလှုပ်ပြီး ပြန်ငြိမ်သွားသည်။ အောင်ကျော်နားကျပ်ဖြင့် အတန်ကြာအောင် နားထောင်ကာ "ဟန်ကျပြီဗျို့၊ နှလုံးခုန်သံ မှန်နေတာပဲ၊ ဒိုင်း ဒိုင်းနဲ့ နေတယ် လျှပ်စစ်နဲ့ နှိုးမှ နိုးတော့တာပဲ" ဟု ဝမ်းသာအားရ ပြောလိုက်သည်။ ပြီး နာရီကြည့်ကာ လက်ကောက်ဝတ် သွေးစမ်းသည်။ "သွေးခုန်နှုန်းလဲ

မှန်သွားပြီဗျို့”။ သွေးပေါင်ပြန်ချိန်သည်။ ခပ်သွက်သွက်လေး ချိန်လိုက်ပြီး “မဆိုးဘူး၊ သွေးပေါင်လဲ တက်လာပြီ ဒီအတိုင်းဆိုရင် စောစောက ထိုးပေးထားတဲ့ဆေးတွေ အရှိန်နဲ့ တဖြည်းဖြည်း ပုံမှန်ပြန်ဖြစ်သွားမယ်” ဆိုပြီး ဝိုင်းကြည့်နေသူများဘက်သို့ လှည့်ကာ ပွဲပြီးပြီ ပြန်ကြတော့ဆိုသော သဘောမျိုးနှင့် “ကဲ ကဲ အားလုံး အပြင်ထွက်ပေးကြပါ၊ လူနာ အနှောင့်အယှက်မဖြစ်အောင် ဟု အောင်မြင်သော ဆရာဝန်လေသံနှင့် ဆိုလိုက်လေသည်။

※

နံနက်ဆယ်နာရီကျော် လူလည်း အတော်ရှင်းသည့်အချိန်ကျမှ ကျွန်တော်တို့ လူသိုက် စတင်လီကို ကားပေါ် ဖေးဖေးမမတွဲတင်ကြပြန်သည်။ လူရှေ့ သူရှေ့မှာ အောင်ကျော်ကို ရိုရိုသေသေ ကျေးဇူးစကား၊ ချီးမွမ်းစကားတွေ အထပ်ထပ်ဆိုကာ စိတ်ချရအောင် ဆရာလဲ လိုက်ခဲ့ပါဦးဟု ပြော၍ ဆေးသေတ္တာနှင့်တကွ ခေါ်လာခဲ့ကြသည်။

ဗိုလ်တဲမှာ ကိုယ့်ချည်းသက်သက်သာ ရှိတော့မှ စတင်လီက ဆိုသည်။ “ရင်ဘတ်ကို ဝိုင်းပြီး နှိပ်လိုက်ကြတာဗျာ၊ ရှိသမျှ နံရိုးတွေ အားလုံး ကျိုးပြီ အောက်မေ့တယ်၊ ခုထက်ထိ နာနေသေးတယ်ဗျ၊ အီလက်ထရစ်ရှော့ခ် ပေးတော့လဲ သတိထားနေတဲ့ကြားက ယောင်ပြီး အော်မိတော့မလို့ မနည်း အောင့်ထားရတယ် နည်းနည်းကျဉ်ရုံလောက် ဆိုလို့သာ တော်တော့တယ်ဗျာ၊ ဒီထက်များမယ်ဆိုရင်တော့ တကယ် နှလုံးသွေးရပ်သွားလိမ့်မယ်ထင်တယ်”

“အေးလေကွာ၊ ငါလဲ စတင်လီ လက်နဲ့ ထိနေတာ သတိမထားမိလို့ အချောင်ခံလိုက်ရသေးတယ် မင်းတို့မြို့က လျှပ်စစ်ဗို့အားမပြည့်ဘူးဆိုလို့ တော်တာပေါ့ကွာ၊ မဟုတ်ရင် တခါတည်း နှစ်လောင်းပြိုင် ဖြစ်သွားမယ်၊ မင်းလဲ ဆမ(ဆရာဝန်မှတ်ပုံတင်) ပြုတ်၊ ဆေးခန်းဒုက္ခတွေငြိမ်းပြီး ထောင်ဆရာဝန် လုပ်ရမဲ့ကိန်း ဆိုက်မယ်"

ဘယ်သူတွေ ဘာပြောပြော အောင်ကျော်ကတော့ တပြုံးပြုံး။ သူ အလွန် ကျေနပ်နေသည်။ အစီအစဉ်က အစအဆုံး ချောချောမောမော ဖြစ်သွားခဲ့သည်ကိုး။ သူက ဆိုသေးသည်။ “မင်းတို့က ဓါတ်လိုက်မခံဖူးလို့ပါကွ ဓါတ်အားက ဘယ်လောက်မှ မများပါဘူး၊ အေးလေ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့အားလုံးကို ကျွန်တော် အများကြီးအများကြီး ကျေးဇူးတင်တယ် ဆိုတဲ့အကြောင်း ကျွန်တော် အလေးအနက် ပြောပါရစေ၊ အထူးသဖြင့် စတင်လီပေါ့လေ၊ ကိုယ် မင်းကို ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူးကွာ၊ အမြဲတမ်း ကျေးဇူးတင်နေမှာပါ" အောင်ကျော်က ဝမ်းသာလှိုက်လှဲစွာ ပြောသည်။

စတင်လီကလည်း ဆိုရှာသည်။ “ကျွန်တော်လဲ ခင်ဗျားကို ဘယ်တော့မှ

မေ့မှာ မဟုတ်ပါဘူးဗျာ၊ ဒီအကြံအစည်မှာ ပါဝင်ခွင့်ရခဲ့တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်၊ ခင်ဗျားရဲ့ နည်းပရိယာယ်တွေသုံးပြီး ကျွန်တော်လဲ အမေရိကမှာ ကြီးပွားအောင် ကြံစည်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပြီဗျာ" ဟူ၏။

※

ရန်ကုန်ရောက်ပြီးနောက် အောင်ကျော်အကြောင်း မကြာခဏ တွေးတောနေမိသည်။ သူ၏ အခြေအနေ ဘယ်လိုရှိလေသနည်း။ ကျွန်တော်တို့လူစု ဆုံမိကြတိုင်း ငပလီမှာ ကခဲ့ကြသည့် ဇာတ်လမ်းကလေးကို ပြန်၍ စားမြုံ့ပြန်ကာ ရယ်ကြမောကြရင်း ဒေါက်တာအောင်ကျော်ကို သတိရကြသည်။ အောင်ကျော်ကား စာရေးရန်မှာခဲ့သော်လည်း ခြောက်လခန့်ကြာသည်အထိ သူ့ထံက စာတစ်စောင်မျှ မရသည့်အခါ ငါ့သူငယ်ချင်းတစ်ယောက်တော့ လုပ်ကြံမှုအစီအစဉ်တွေ ပေါက်ကြားလို့ အရှက်တကွဲ အကျိုးနည်းနဲ့ပဲ ထွက်ပြေးရလေရော့သလား၊ ဒါမှမဟုတ် ဒီလောက် ကြံကြံဖန်ဖန် လုပ်ကိုင်သည့်ကြားက အခြေအနေထူးခြား တိုးတက်လာခြင်း မရှိသည့်အတွက် စိတ်ပျက်ပြီး စာမရေးဘဲနေလေသလားဟု ကျွန်တော် တွေးတော စိတ်မောမိတော့သည်။

သို့သော်။

တစ်နေ့ စာအုပ်တိုက်မှာ ထိုင်၍ စာဖတ်နေတုန်း စားပွဲရှေ့မှာ လူတစ်ယောက် လာရပ်ပြီး လက်ထဲက စာအုပ်ကို ဆွဲယူသဖြင့် မော့ကြည့်လိုက်တော့ အောင်ကျော်။ လူက ဝလို့ ဖီးလို့။ ပါးစပ်ကြီး ပြဲနေအောင် ပြုံးထားသည်။

"ဟေ့ကောင် စာမရေး ဘာမရေးနဲ့ကွာ၊ ငါ့မှာတော့ စိတ်ပူလိုက်ရတာ၊ သတ်များသေသွားပြီလားလို့၊ ခုကော ဘယ့်နှယ်လဲ၊ ဆေးခန်း အခြေအနေ ကောင်းတယ်မဟုတ်လား"

"ဖြည်းဖြည်းပေါ့ သူငယ်ချင်းရယ်၊ အေးအေးဆေးဆေး ပြောကြတာပေါ့၊ လက်ဖက်ရည်လေးဘာလေး သောက်ရင်း" သူက ကျွန်တော့်ကို ပြုံးကြည့်ရင်း ဆိုသည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ကျွန်တော်က "ဟေ့ကောင်၊ ပြောကွာ၊ မင်း ဟန်ကျနေပြီမဟုတ်လား ဒုက္ခရောက်နေတုန်းက ပုံစံတစ်မျိုး၊ အခုကျတော့ မင်းက ဈေးကိုင်နေပြန်ပြီ"

"ဈေးမကိုင်ပါဘူးကွာ၊ ပြောပါ့မယ်၊ အများကြီး ပြောမလို့ပါ၊ ငါလဲ

ဟန်ကျနေပြီ ဟန်ကျတာမှ သေသေချာချာ ဟန်ကျတာ၊ အခု ငါ ဗိုလ်ဖြစ်သွားပြီကွ၊ ငါ ထိပ်ဆုံးပဲ၊ တစ်နေ့တစ်နေ့ လာလိုက်တဲ့ လူနာဆိုတာ မနက်အိပ်ယာက ထကတည်းက နေသာဝင်ရော၊ တစ်နေ့လုံး တစ်ချက်ကလေးမှ နားရတယ်မရှိဘူး”

“ခွေးမသား ကြွားနေပြန်ပြီ”

“တကယ်ပြောတာပါကွ၊ မင်းမို့လို့ ပြောတာ၊ မင်းတို့ လုပ်ပေးခဲ့တဲ့ ကျေးဇူးပေါ့ "

“အေးပါကွာ၊ ငါ အလကားနောက်တာပါ ငါက ဝမ်းသာလို့ပါ၊ ဆက်ပြောပါဦး"

“အေး၊ အဲဒါပေါ့ကွာ၊ လူနာတွေ အများကြီးလာတယ်၊ ထမင်းတောင် ဖြောင့်ဖြောင့် မစားရဘူး၊ မနက်စာဆိုတာ မစားရတာ များတယ်၊ လူနာကို ခဏနေပါဦးဆိုပြီး လက်ဖက်ရည်တို့ မုန့်ဟင်းခါးတို့ ကမန်းကတန်း မြှောမြှော ချရတယ်၊ ကွမ်းယာဆိုင်နဲ့ မုန့်ဟင်းခါးဆိုင်ကလဲ ပြောတယ်၊ ဆရာဝန်မှာ အလုပ်ချည်းပဲ လုပ်နေရတယ်၊ တစ်ရက်မှ ဝအောင်လင်အောင် စားရရှာတယ်မရှိဘူးတဲ့၊ သနားနေကြတယ်”

“မင်းဟာက ထမင်းသာ ဝဝမစားရဘူး ပြောတယ်၊ လူကျတော့လဲ ဝပြီးနေပါလားကွ”

“အေးကွ၊ အဲဒါတော့ စိတ်ချမ်းသာလို့နဲ့ တူတယ်၊ အလုပ်ပင်ပန်းတဲ့ကြားထဲက ဝ ဝလာတယ်၊ မင်းတို့ ပြန်သွားပြီး တစ်ရက်နှစ်ရက် ဆိုရင်ပဲကွာ၊ ခါတိုင်း ငါ့ရှေ့က ဖြတ် ဖြတ်ပြီး ဆိုက်ကားနဲ့ ဒိပြင်ဆေးခန်း သွားနေတဲ့လူနာတွေ ငါ့ဆီ တဖွဲဖွဲရောက်လာကြတယ်၊ တစ်လလောက်ဆိုရင် ငါ့ဆေးခန်းဟာ မြို့မှာ အစည်ကားဆုံး ဆေးခန်း ဖြစ်လာပြီ၊ တချို့က ခေါ်သေးတယ်၊ အမေရိကန်ဆေးခန်းတဲ့၊ စတင်လီကြားရင် အများကြီး ဝမ်းသာဦးမယ်၊ အမေရိကန်ကို အသက်ကယ်လိုက်တဲ့ ဆရာဝန်ဆီမှာ ဆေးကုရအောင်ဆိုပြီး မနက်မနက် ဆေးခန်းထဲမှာရော လမ်းဘေးမှာပါ ထိုင်ပြီး စောင့်တဲ့ ပရိသတ်ဟာ နည်းနည်းနောနော မဟုတ်ဘူး၊ မင်း မြင်စေချင်တယ်၊ အခုဆိုရင် ငါလဲ မနိုင်တော့ဘူးကွ၊ အချိန်ပြည့်ခိုင်းဖို့ တပည့်နှစ်ယောက် ခေါ်ထားရတယ် အပြင်မှာ လူနာတွေ နေရာချပေးဖို့ အခြေအနေ ကြည့်ပေးဖို့က တစ်ယောက်၊ အထဲမှာ ငါ့ကို ကူညီလုပ်ကိုင်ပေးဖို့က တစ်ယောက်"

“ကြီးပွားနေတဲ့သဘောပေါ့လေ”

“အေးပေါ့ကွ၊ အဲဒါ မင်းကျေးဇူးပဲ၊ ငါ မင်းကို အမြဲ သတိရတယ်၊

စတင်လီရော၊ မင်းတို့ တစ်ဖွဲ့လုံးပဲ၊ မင်းဆီ စာရေးမလို့ဟာ ငါက အကျိုးအကြောင်းကို အကျယ်တဝင့်ရေးချင်တယ်၊ အချိန်မရတာနဲ့ နေ့ရွှေ့ညရွှေ့ရင်း ကြာလာတော့လဲ ငါ ရန်ကုန်လာမှပဲ အားရပါးရ ပြောတော့မယ်ဆိုပြီး နေလိုက်တော့တာပဲ ငါ မင်းတို့ ငပလီလာတဲ့ အဖွဲ့တစ်ဖွဲ့လုံးနဲ့ တွေ့ချင်တယ်ကွာ၊ အောင်မြင်တဲ့ အထိမ်းအမှတ်နဲ့ သေသေချာချာ ပြုစုချင်တယ်၊ အဲဒါ မင်းအမြန်ဆုံး စီစဉ်ပေးစမ်းပါ၊ ငါက နောက်နှစ်ရက်ပဲ နေနိုင်မယ်။ ဆေးတွေ ဝါးတွေ ဝယ်ခြမ်းပြီး အမြန်ပြန်ပြေးရမယ်၊ လူနာတွေ မျှော်နေကြမယ်ကွ"

※

နောက်တစ်နေ့ ညနေ၌ကား အင်းလျားကန်ဟိုတယ်တွင် ဒေါက်တာအောင်ကျော်၏ အောင်ပွဲသဘင်ကို ငပလီဇာတ်အဖွဲ့သားများ စုံညီစွာဖြင့် ဝှဲချီး ကျင်းပကြလေသတည်း။

※※※

စာပေလုပ်သား။ ။ ၁၉၈၇၊ ဇူလိုင်

စာအုပ်ပိုး

သူ့နာမည်ကို သူ့ဘာသာစာနှင့်ရေးလျှင် ကိုသင်ကာဟု ရေးသည်။

သို့သော် မသိကျွမ်းသူများနှင့် တွေ့ဆုံမိတ်ဆက်သည့်အခါ 'သင်ကာ” ဟူ၍ မြန်မာလို ပီပီသသမပြော။ ခပ်လုံးလုံး ခပ်ရောရော ဘိုသံဝဲဝဲနှင့် ပြောလေ့ရှိသည်။

သည်တော့ လူတွေက နားမလည်။

“ကိုသင်္ခါလား” ဟု မေးလျှင်မဟုတ်ဟု သူမဆို။ ပြုံး၍ကြည့်နေမည်။ “ကိုသိင်္ဂါ” ဆိုလျှင်လည်း ထိုနည်းလည်းကောင်း။ သို့နှင့် လူတွေက သူ့ကို ကိုသင်္ခါ ခေါ်လိုက်၊ ကိုသိင်္ဂါ ခေါ်လိုက်၊ ရင်းနှီးလာသူတချို့ကလည်း ကိုသင်္ခါရ၊ ကိုသိင်္ဂါရ စသဖြင့် အမျိုးမျိုး ခေါ်နေကြသည်။

စင်စစ် သူ့နာမည်ဇာစ်မြစ်က မြန်မာမဟုတ်။ အင်္ဂလိပ်ဘာသာ Thinker ကို ဖလှယ်၍ ယူထားခြင်း ဖြစ်သည်။

'သင်ကာ' ဆိုသော နာမည်ကို သူ ကြိုက်၍ ယူထားသည်က ရိုဒန်၏ ပန်းပုရုပ်ကို နှစ်သက်ခြင်းကြောင့်ဖြစ်၏။ ပြင်သစ်ပန်းပုဆရာ Auguste Rodin ၏ The Thinker အမည်ရှိ ပန်းပုရုပ်။

The Thinker ကို သဘောကျသဖြင့် အဲသည် ပန်းပုရုပ်ပုံစံအတိုင်း မေးစေ့ကို ညာဘက်လက်ခေါက်လေးနှင့် ထောက်က တစ်ကိုယ်တည်း ထိုင်၍ အတွေးနက်နေသည့် သဏ္ဌာန်မျိုး သူ မကြာခဏ လုပ်နေတတ်သည်။ ဒါကိုမြင်ပြီး တချို့မိတ်ဆွေတွေက သူ့အား “ခင်ဗျား ထိုင်ပုံက ရိုဒန်ရဲ့ Thinker ပန်းပုရုပ် ထိုင်ပုံနဲ့ တထေရာတည်းပဲဗျာ” ဟု ပြောလျှင် သူ သဘောကျသည်။ သို့သော် “ခင်ဗျား နာမည်ကရော အဲဒီ ပန်းပုရုပ် Thinker ကို ယူထားတာပဲလား” မေးလျှင်တော့ သူ မဖြေဘဲ ပြုံး၍ပဲ ကြည့်နေပြန်သည်။

“ကိုသင်ကာ (သင်္ခါ။သိင်္ဂါ ..) ဘာအလုပ်အကိုင် လုပ်ပါသလဲ”မေးလျှင် “စာဖတ်တယ်ခင်ဗျ” ဟူ၍ ခပ်ရိုးရိုး ခပ်အေးအေးပဲ ဖြေသည်။ သူ့အဖြေကို ကြားလျှင် တစ်ဖက်လူ အံ့အားသင့်သွားမည်၊ ဒါမှမဟုတ် ဇဝေဇဝါ ဖြစ်မည်၊ သို့မဟုတ် နောက်နေတာလားဟူသော မျက်နှာမျိုးနှင့် ကြည့်မည်ဆိုတာ သူ သိပြီးဖြစ်သည်။ သို့သော် သူက ဘာမှ ထူးခြားသည့် ကိစ္စတစ်ခု မဟုတ်သလို မှင်သေသေ၊ အမြဲ သည်အတိုင်းပဲ ဖြေလေ့ရှိသည်။

ရုပ်ရည်က သူလိုငါလို အသက်အရွယ်က ၃၀-၄၀ ကြား၊ လက္ခဏာကလည်း သာမန်ထဲက။ အလုပ်အကိုင်မေးတော့ “စာဖတ်တယ်” တဲ့။ သည်တော့ ရိုးရိုးသားသား နားမလည်သူတို့အတွက် မေးချင်စရာ ဖြစ်နေသည်။ တချို့လည်း မနေနိုင်သဖြင့် တဲ့တိုးပင် မေးတတ်ကြသည်။ “စာဖတ်တဲ့အလုပ်နဲ့ ထမင်းစားလို့ရသလားခင်ဗျာ"

သည်တော့လည်း ကိုသင်ကာက ရိုးရိုးရှင်းရှင်းပဲ ပြန်ဖြေသည်။

“ဟုတ်ကဲ့၊ အမေ ရှိပါတယ်ခင်ဗျ” တဲ့။

အော် ဒီလိုလား။ အမေရှိတဲ့နောက် ထမင်းအိုး ရှိပြီပေါ့။ အားလုံး သဘောပေါက်သွားကြသည်။

※

မှန်သည်။ ကိုသင်ကာက အမေ့အရိပ်အာဝါသကို ခိုလှုံကာ စာဖတ်သည့်အလုပ်တစ်ခုကိုပဲ ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်နေသူ ဖြစ်သည်။

သူ့မှာ ဘာတာဝန်မှ မရှိဘူးလားဆိုလျှင်တော့ မဟုတ်။ တစ်နေ့လျှင်တစ်ကြိမ် သူ လုပ်ရတာ တစ်ခု ရှိသည်။ အဲဒါက ထမင်းချက်ရခြင်း ဖြစ်သည်။

ဘယ်လို ချက်ရသလဲ။

အဲ သူတို့ မိသားစု အကြောင်း ပြောမှ ဖြစ်မည်။

ကိုသင်ကာတို့က အမေတစ်ခု သားတစ်ခု ဖြစ်သည်။ ကိုသင်ကာ ၆ နှစ်သားအရွယ်တွင် ဖခင် ကွယ်လွန်ခဲ့ပြီးသည့်နောက် အမေက တစ်ဦးတည်းသော သားကလေးကို တစ်ကိုယ်တည်းပင် ရှာဖွေကျွေးမွေး ပြုစုလာခဲ့သည်မှာ ယခု ကိုသင်ကာ ၃၀ ကျော်၍ ၄၀ နား ချဉ်းလာသည်အထိ ဖြစ်သည်။ အမေက အင်းစိန်ဈေးထဲမှာ ကိုယ်ပိုင်ဆိုင်ခန်းရှိသည်။ မနက်စောစော ဈေးထွက်သည်။ ညနေစောင်းမှ ဈေးက ပြန်သည်။

အမေက မနက်စောစော အိပ်ရာမှ ထကာ လက်ဖက်ရည်ဖျော်၊ ထမင်းကြော် သားကလေးကို ခူးခပ်ကျွေးမွေး၊ ထို့နောက် နံနက်စာအတွက် ချက်ပြုတ်၊ ပြီးတော့မှ ဈေးသို့ထွက်သည်။ သွားခါ နီးမှာ “သားရေ၊ ညနေ ၅ နာရီထိုးရင် ထမင်းအိုး ခလုတ်နှိပ်နော်” ဟု မှာခဲ့သည်။

ကိုသင်ကာ နေ့စဉ် ဂရုတစိုက် လုပ်ရသည်က (ဝါ) ထမင်းချက်ရသည်ဆိုတာက ညနေ ၅ နာရီထိုးလျှင် မနက်က အမေ

အသင့်ပြင်ဆင်ထားခဲ့သည့် လျှပ်စစ်ထမင်းအိုးကို ခလုတ်နှိပ်ရခြင်းသာ ဖြစ်သည်။ သူ့သဘောချည်းသာဆိုလျှင် မနက်ကတည်းက များများချက် မနက်အိုးတစ်ခြမ်း ညအိုးတစ်ခြမ်း စားလိုက်လျှင် ပြီးသည်။ သို့သော် အမေ ထမင်းပျော့ပျော့ စားချင်တာ သိသဖြင့် ညနေ ၅ နာရီတွင် မပျက်မကွက် ထမင်းအိုးခလုတ်နှိပ်နိုင်အောင် သူ သတိထားပြီး လုပ်ရသည်။ သည်ကြားထဲ မကြာခဏ မေ့ မေ့နေတတ်သဖြင့် ယခုတော့ နာရီနှိုးစက်ပေးပြီး သူ့ကိုယ်သူ သတိပေးရသည်။ မနက် ၅ နာရီ နှိုးစက်နှင့် မနက် အိပ်ရာကထ။ ညနေ ၅ နာရီနှိုးစက်နှင့် ထမင်းအိုး ခလုတ်နှိပ်။

ကိုသင်ကာက အမေ ဈေးသွားနေသည့် တစ်ချိန်လုံး အိမ်မှာ စာထိုင်ဖတ်နေသည်တော့ မဟုတ်ပါ။

အိမ်တံခါးပိတ်ပြီး အပြင်ထွက်သည့်အခါလည်း ထွက်သည်။

အဓိက သူ ထွက်သည်က မြို့ထဲရှိ စာအုပ်ဆိုင်ကြီးများ၊ လမ်းဘေးစာအုပ်တန်းများနှင့် စာဖတ်သော မိတ်ဆွေများဆီသို့ ဖြစ်သည်။

မိတ်ဆွေတစ်ယောက်တွေ့လိုက်လျှင် သူများတကာလို ဟေ့လူ ဘယ်လဲဗျတို့၊ ကိုဘယ်သူကြီး နေကောင်းလားဗျတို့ ပြောဆိုနှုတ်ဆက်လေ့မရှိ။ အနီးသို့ ပြုံး၍ ကပ်လာကာ စကားဝှက်တစ်ခုပြောသလို လေသံမျိုးဖြင့် စာတစ်ကြောင်း နှစ်ကြောင်း ရွတ်ပြမည်။

ဥပမာ၊ "ကိုင်း ကောင်းနိုင်ကြသေးရဲ့လား မင်းသားကြီးရေ့၊ ဂျီနိုဝါနဲ့ လတ်ကာ မြို့နှစ်မြို့ကတော့ နပိုလီယန်ဆွေမျိုးသားချင်းတစ်စုရဲ့ ပိုင်စားနယ်မြေတွေ ဖြစ်ကုန်ပါပကောလား" ဆိုတာမျိုး။

တစ်ဖက်လူက အူကြောင်ကြောင် ဖြစ်နေမည်၊ ဒါမှမဟုတ် သူ့ အကြောင်း သိသူဖြစ်သဖြင့် "ဘယ်စာအုပ်ထဲကလဲ" ဟု မေးလျှင်၊....

"ဒါတောင် မသိဘူးလားဗျ၊ မြသန်းတင့် ဘာသာပြန်တဲ့ စစ်နဲ့ ငြိမ်းချမ်းရေးဝတ္ထုကြီး အစလေ" ဟု သူဖြေမည်။

သည်လိုပဲ။

"တောကို ကြည့်သည်၊ တောင်ကို ကြည့်သည် တောင်ပေါ်မှာလည်း တောရှိသည်" တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် သူ ဆက်၍ ရွတ်မည်။ (နတ်နွယ်၏ မြန်မာပြည်မြောက်ပိုင်း)

"ဟေ့ တို့နှစ်ယောက် နိုင်ငံရေး စ လုပ်ကြတဲ့အချိန်တွေ

မင်းမှတ်မိသေးသလား"

"မှတ်မိတာပေါ့ကွ မန္တလေး အင်တာကောလိပ်တုန်းကလေ" (သိန်းဖေမြင့်၏ ကျော်ငြိမ်း) စသဖြင့်။

သူ ရွတ်သော စာတွေက များသောအားဖြင့် ထင်ရှားသော ဝတ္ထုများ၊ ရေပန်းစားနေသော စာအုပ်စာတမ်းများ၏ အဖွင့်ဝါကျများ ဖြစ်တတ်သည်။

တစ်ခါတစ်ရံတော့လည်း မောင်ထင်၏ ဘဝတ္ထုထဲက "ရာဇဝင်ကို ချွေးနဲ့ ရေးရမယ်ဆိုတော့ ငန်ငြိငြိနေမှာပေါ့" ဆိုသော စာသားမျိုး။

ဗန်းမော်တင်အောင်၏ ဒေါက်တာရေချမ်းဝတ္ထုထဲမှ အရေးအသားကို လှောင်ပြောင်သည့် "ပတ်ဝန်းကျင်မှာ ငွေလရောင်တွေ ဖိတ်ကျနေလိုက်တာ၊ လိုက်ကောက်မယ့်သူလည်း တစ်ယောက်မှ မရှိပါလား" ဆိုသော စကားမျိုး။

ဆရာကြီးရွှေဥဒေါင်း တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များထဲမှ သူ သဘောကျသည့် ပြောလုံးတစ်ခုကို သူ့ဘာသာ ပြန်ပြင်ထားသည့် "ကိုဝင့်မော်သည် ကျန်းမာရေးအတွက် ဆေးဝါးအဖြစ် ဆောင်လာသည့် အင်္ဂလိပ်ရှောဘရန်ဒီတစ်လုံးကို ထုတ်လေရာ ကျွန်ုပ် ကြည်နူးလိုက်ပုံမှာ ပြောဖွယ်ရာ မရှိတော့ပေ ဆိုသော စကားမျိုးတွေ သူ ရွတ်ပြတတ်သည်။

အဲဒါတွေသည် သူ၏ လက်စွဲပဋိသန္ဓာရစကားများ ဖြစ်သည်။

အဲသည်နောက် စာပေသမားမိတ်ဆွေ(များ) နှင့် လက်ဖက်ရည်ဆိုင်မှာ သို့မဟုတ် တစ်စုံတစ်ယောက်၏ အိမ်မှာ စကားဝိုင်းဖွဲ့ဖြစ်မည်ဆိုလျှင် သူ ပြောမည့်အကြောင်းတွေက စာအုပ်အဟောင်း အသစ်တွေအကြောင်း၊ စာရေးသူများအကြောင်း၊ ထို့နောက် စာထဲကအကြောင်းအရာပေါင်းစုံ။

စာသမားရင်းချာတစ်ချို့က သူ့ကို စာနှင့်ပတ်သက်လာလျှင် အလွန်နှံ့စပ်ကျွမ်းကျင်သူအဖြစ်တော့ အသိအမှတ် ပြုထားကြသည်။ သို့သော် စာအုပ်စာပေအကြောင်းပြောသည့် သူ၏ လေသံဟန်ပန်ကိုကား သိပ်သဘောမတွေ့ကြ။

သူက စကားပြောလိုက်လျှင် သူ ပြောတာသည် အမှန်၊ ဘာမှ အငြင်းပွားစရာ မလိုသည့်အချက် အဲသည်အတိုင်း အားလုံး မှတ်ထားကြ ဆိုသည့်ပုံစံမျိုးနှင့် ပြောလေ့ရှိသည်။

လူကြိုက်များနေသည့် စာအုပ်တစ်အုပ်နှင့် ပတ်သက်၍ တစ်စုံတစ်ယောက်က အဲသည်စာအုပ် ဘယ်လောက်ကောင်းကြောင်း ပြောနေတုန်း

သူ ရောက်လာမည်ဆိုလျှင် ပထမလူ စကားဆုံးအောင် တပြုံးပြုံးနှင့် သူ နားထောင်နေမည်။ ပြီးတော့မှ အဲသည်စာအုပ်၏ အားနည်းချက်၊ အဲသည့် စာရေးသူ၏ ညံ့ဖျင်းချက်တွေကို တစ်ခုပြီးတစ်ခု ဆွဲထုတ်ကာ ဆစ်ပိုင်းဝေဖန်ပြမည်ဖြစ်သည်။ တစ်ဖက်လူက မကျေနပ်၍ ပြန်လှန်ငြင်းခုံမည်ဆိုလျှင် သူက သူ ဖတ်ထားသမျှ မတန်တဆတွေ ကိုးကားကာ အားနှင့်ဖိ၍ ချေမည်ဖြစ်သည်။ သူနှင့် ယှဉ်ပြိုင်ငြင်းခုံနိုင်ဖို့ မလွယ်။

တစ်ခါတလေ သူတို့ ဝိုင်းသို့ လာနေကျမဟုတ်သည့် စာပေဝါသနာရှင်လူငယ်လူသစ်များ မတော်တဆ ရောက်ရှိလာမည်ဆိုလျှင်မူ သည်လူငယ်တွေကို အကြံကောင်း၊ ဉာဏ်ကောင်းပေးရင်း တစ်ဝိုင်းလုံးကိုပင် တရားဟောသလို သူ ပြောတော့မည်။

ဥပမာ

"ခင်ဗျားတို့ စာပေ ဝါသနာပါတယ်၊ စာပေ လိုက်စားချင်တဲ့ဆန္ဒ ရှိတယ်ဆိုရင် တစ်ခု ပြောချင်တယ်၊ စာပေနဲ့ မွေ့လျော်တယ်ဆိုတာမှာ စာဖတ်တာရယ်၊ လေ့လာတာရယ် နှစ်ပိုင်းရှိတယ်၊ စာဖတ်တယ်ဆိုတာက ပျော်လို့ဖတ်တာ ကြိုက်လို့ဖတ်တာ၊ ဒါ ပထမအဆင့်၊ သာမန်အဆင့်၊ နည်းနည်းပဲဖတ်ဖတ် များများပဲဖတ်ဖတ် ပျော်လို့ ကြိုက်လို့ ဖတ်နေသမျှတော့ သာမန်အဆင့်ပဲ၊ လေ့လာတယ်ဆိုတာက ဒီထက် တစ်ဆင့်မြင့်လာပြီ၊ တစ်စုံတစ်ရာကို ခြေခြေမြစ်မြစ် သိဖို့အတွက် ဖတ်သင့်ဖတ်ထိုက်တဲ့စာကို ရှာပြီးဖတ်တဲ့အဆင့် ခင်ဗျား စာအုပ်တစ်အုပ်တည်းကိုပဲ အကြိမ်ကြိမ် အထပ်ထပ် ဖတ်နေပေမဲ့ အဲဒီ စာအုပ်အကြောင်း ကောင်းကောင်း သိချင်မှ သိမယ်၊ သူနဲ့ ဆက်စပ်တဲ့ နောက်ခံအကြောင်းတွေ မသိရင် သူ့ကို ပြည့်ပြည့်ဝဝ နားမလည်နိုင်ဘူး၊ ဆိုပါတော့၊ လူတစ်ယောက်ကို သူ လတ်တလောလုပ်နေတဲ့ အရာတစ်ခုတည်း ကြည့်ပြီး သူ့ကို အရင်က လုံးဝ မသိခဲ့ဖူးတဲ့ သူတစ်ယောက်က မှတ်ချက်တစ်ခုခု ချမယ်ဆိုရင် အဲဒီ မှတ်ချက်ဟာ လွဲဖို့များတယ် သူ့အကြောင်း သိတဲ့လူ၊ သူ့ ရာဇဝင်အူပေါက်ကို လျှောက်ကြည့်ထားတဲ့လူ၊ သူ့ လုပ်နည်းလုပ်ဟန်၊ သူ့ အကျင့်စရိုက်တွေ နောကျေထားတဲ့လူကတော့ ဒါ ဘာအဓိပ္ပာယ်ပဲ၊ ဘာရည်ရွယ်ချက်နဲ့ လုပ်နေတာပဲဆိုတာ ဒက်ခနဲနေအောင် ပြောနိုင်တယ်၊ စာအုပ်နဲ့ ပတ်သက်ရင်လည်း ဒီသဘောပဲ၊ ဘာကြောင့်လဲဆိုတော့ စာအုပ်ဆိုတာ တစ်အုပ်ချင်းသီးသန့် နေတာမဟုတ်ဘူး၊ သူ့မှာ အမျိုးအရိုး ရှိတယ် အုပ်စုရှိတယ်၊ မိတ်ဆွေရှိတယ်၊ ရန်သူရှိတယ်၊ ရာဇဝင်အူပေါက်ရှိတယ်၊ ဥပမာ၊ ကားလ်မာ့က်(စ)ရဲ့ အရင်းကျမ်းဟာ သူ့ဘာသာ တစ်အုပ်တည်း ပေါ်လာတာမဟုတ်ဘူး၊ သူ့အရင်က စာအုပ်တွေ၊ သူ့ကို ဖြစ်ပေါ်စေခဲ့တဲ့ စာအုပ်တွေရှိတယ်၊ ကားလ်မာ့က်(စ)ရဲ့ ခေါင်းထဲမှာ ဒီစာအုပ်နဲ့ ပတ်သက်တဲ့ အတွေးအခေါ်တွေ ဖြစ်ပေါ်စေတဲ့

စာအုပ်စာတမ်းတွေ အဲဒီစာအုပ်စာတမ်းတွေကို ရေးတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်၊ ပြီးတော့ သူ့ခေတ်ကာလ ပတ်ဝန်းကျင်အနေအထားတွေ အဲဒီအနေအထားတွေ အကြောင်းကို ကားလ်မာ့က်(စ) စိတ်ဝင်စားသွားစေမဲ့ ရှုထောင့်မျိုးတွေက ရေးတဲ့ စာအုပ်စာတမ်းတွေ ရှိတယ်၊ သူ့ရှေ့က လာခဲ့တာတွေကို သိမှ သူ့ကို ကောင်းကောင်း သိမယ်၊ အဲဒီနောက်မှာ သူ့ကို ထောက်ခံခဲ့တဲ့ စာအုပ်တွေ၊ သူ့ကို ဆက်ခံတဲ့ စာအုပ်တွေ၊ သူ့ကို ငြင်းဆန်ကန့်ကွက်တဲ့ စာအုပ်တွေ၊ သူက မြစ်ဖျားခံခဲ့ပြီးမှ သူ့ဆီက ဖွဲ့ထွက်သွားတဲ့ စာအုပ်တွေ စသဖြင့် ရှိတယ်၊ အစုအစည်းတွေ အတက်အလက်တွေ ဝန်းရံတာတွေ ဆန့်ကျင်တာတွေ အဲဒါတွေပါ နှံ့စပ်နိုင်သမျှ နှံ့စပ်အောင် လေ့လာဖို့ လိုတယ်၊ ပြီးတော့ နောက် အရေးကြီးတဲ့အချက်၊ ပြောလက်စနဲ့ ကားလ်မာ့က်(စ)ကို ဖတ်ရင် ကားလ်မာ့က်(စ)အကြောင်းပါ ဖတ်ဖို့လိုတယ် သူဟာ ဘာလဲ၊ ဘယ်ဘဝမျိုးက လာသလဲ၊ ဘယ်ကျောင်းတွေ တက်ခဲ့လဲ၊ ဘယ်စာအုပ်တွေ ဖတ်ခဲ့သလဲ သူ့ဆရာတွေက ဘယ်သူတွေလဲ၊ ဘယ်လို အဖြစ်အပျက်မျိုးတွေ သူ ကြုံတွေ့ခဲ့သလဲ၊ စသဖြင့်၊ ကားလ်မာ့က်(စ)လို ဒဿနသမား၊ ကျမ်းသမားမှ မဟုတ်ဘူး၊ နတ်ရှင်နောင်ရတု ဖတ်ရင်လည်း နတ်ရှင်နောင်အကြောင်း၊ သခင်ကိုယ်တော်မှိုင်းလေးချိုး ဖတ်ရင်လည်း သခင်ကိုယ်တော်မှိုင်းအကြောင်း၊ သူတို့ အတ္ထုပ္ပတ္တိ၊ သူတို့ ရေးတဲ့ တခြားစာတွေပါ ဆက်စပ်လေ့လာဖို့ လိုတယ်၊ အဲဒါမှ ဒီပုဂ္ဂိုလ်နဲ့ ပတ်သက်လို့၊ ဒီ စာအုပ်တစ်အုပ် ဒီစာတစ်ပုဒ်နဲ့ ပတ်သက်လို့၊ ကျယ်ဝန်းမျှတတဲ့ အမြင်နဲ့ သုံးသပ်နိုင်မယ်၊ အဲဒီအခါ အမှန်တရားနဲ့ နီးစပ်မယ်" စတာမျိုး။

※

တစ်နေ့ စကားဝိုင်းတစ်ခုမှာ စာအကြောင်းပေအကြောင်း ပြောကြရင်း တစ်ယောက်ကစတင်ကာ ကိုသင်ကာ စာတွေ သည်လောက် လျှောက်ဖတ်နေရသည့်ကိစ္စကို ဆွေးနွေးမေးမြန်းသည်။

ဘာကြောင့် ဖတ်သလဲ၊ ဘာရည်ရွယ်ချက်လဲ၊ စာဖတ်ခြင်းကြောင့် ဘာအကျိုးကျေးဇူးတွေ ခံစားလာရလိမ့်မယ်လို့ မျှော်မှန်းထားသလဲ စသဖြင့်။

ကိုသင်ကာ ပြုံးပြီး နားထောင်နေသည်။ ပြီးတော့မှ၊

"ခင်ဗျားစကား ကြားရတော့ ကျွန်တော် နယူတန်ကို သွားသတိရတယ်၊ ဒီလိုဗျာ၊ ခင်ဗျား စိတ်တော့မရှိနဲ့၊ စကားအလျဉ်းသင့်လို့ ပြောရတာ၊ သိပ္ပံပညာရှင်ကြီးနယူတန်ဟာ အင်မတန်မှ ပြုံးခဲရယ်ခဲတယ်၊ သူ့ဆီမှာ လက်ထောက်အဖြစ် ငါးနှစ်တိတိလုပ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တစ်ယောက်က နယူတန် ရယ်တာ တစ်ခါပဲ သူ တွေ့ဖူးတယ်တဲ့၊ ဘယ်အခါလဲဆိုတော့ ယူကလစ်ကို လေ့လာရင် ဘာ အကျိုးကျေးဇူး ခံစားရမလဲဆိုပြီး နားမလည်ပါးမလည်

လူတစ်ယောက်က ရမ်းသန်းပမ်းသန်း မေးလိုက်တဲ့အခါ နယူတန် ရယ်တာတဲ့၊ ယူကလစ်ဆိုတာ ခင်ဗျားလဲ သိပါတယ်၊ ရှေးဂရိသင်္ချာပညာရှင်ကြီး၊ ဂျီသြမေတြီပညာရှင်ကြ သြမေတြီပညာရှင်ကြီး၊ သူ ပြုစုခဲ့တဲ့ Elements ဆိုတဲ့ ဂျီသြမေတြီကျမ်းကြီးဟာ ကမ္ဘာ့သမိုင်းမှာ အထင်ရှားဆုံး သင်္ချာကျမ်း၊ ပညာရှင်တွေ နှစ်ပေါင်း ၂၀၀၀ ကျော် မှီဝဲဆီးကပ်ခဲ့ရတဲ့ကျမ်း၊ နယူတန်ကိုယ်တိုင်လည်း လေ့လာခဲ့ရတာ၊ ဒီလူ့ကျမှ ယူကလစ်ကို လေ့လာလို့ အကျိုးရှိပါ့မလား၊ သေချာရဲ့လား တွေးပူနေတော့ နယူတန်က ရယ်တာပေါ့၊ နောက်တစ်ချက်က နယူတန်ရယ်တာ ယူကလစ် ပြောဖူးတဲ့ စကားတစ်ခွန်း သွားသတိရလို့လည်း ဖြစ်နိုင်တယ်ဗျ နယူတန်ရဲ့အဖြစ်မျိုး ယူကလစ် ကိုယ်တိုင်လည်း ကြုံဖူးတယ်၊ ယူကလစ်ဆီမှာ ဂျီသြမေတြီပညာ လာသင်တဲ့ တပည့်တစ်ယောက်က သင်ခန်းစာ(၁) ဆိုပါတော့ဗျာ၊ ပထမဆုံး တစ်ပုဒ်စသင်လို့ နားလည်သွားပြီဆိုတဲ့အခါ ကျွန်တော် ဒါတွေတတ်လို့ ဘာရမှာလဲလို့ မေးတယ်တဲ့၊ အဲဒီအခါ ယူကလစ်က သူ့ အခိုင်းအစေတစ်ယောက်ကို လှမ်းခေါ်ပြီး 'ဟေ့ ဒီလူ့ကို ပိုက်ဆံ သုံးပြား ပေးလိုက်ကွာ၊ သူက သူသင်လို့ တတ်သလောက်အတွက် အကျိုးအမြတ် တစ်ခုခုရမှဖြစ်မှာကွ" လို့ ပြောသတဲ့၊ အဲဒါ ပညာကို ကမန်းကတန်း အလျင်စလို တန်ဖိုးဖြတ်လို့ မရဘူးဆိုတဲ့ အကြောင်း ပြောလိုက်တာ ဒီကနေ့ ကျွန်တော်တို့ စာဖတ်တယ်ဆိုတာ ယူကလစ်ပေါင်းများစွာ နယူတန်ပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ စာအုပ်စာပေတွေ လေ့လာဆည်းပူးနေတာ၊ ဒါ ပညာရှာနေတာပဲ၊ ဦးနှောက်ကို ဖြည့်နေတာပဲ၊ ဦးနှောက်ထဲမှာ အသိပညာတွေ ပြည့်လျှမ်းလာတဲ့အတွက် ဘာအကျိုးစီးပွားခံစားရမလဲ စဉ်းစားတာဟာ အမြင်ကျဉ်းမြောင်းရာ ရောက်တယ်၊ ပညာကို အားမနာရာ ရောက်တယ်ဗျာ"

"ဟုတ်ပါပြီဗျာ၊ အဲဒီတော့ လူတစ်ယောက်ဟာ ဘယ်လောက်ကြာအောင် စာတွေ ဖတ်နေရမလဲ"

တစ်ယောက် ဖောက်မေးသည်။

"မွေးသည်က သေသည်အထိ ဖတ်ရလိမ့်မယ်၊ အသိပညာနယ်ပယ်ဆိုတာ စကြဝဠာအနန္တလို အပြောကျယ်တယ်၊ တစ်ဘဝလုံး လေ့လာသော်လည်း မကုန်နိုင်ဘူး Life is short, and art is long, တဲ့ ဂရိဆေးပညာဆရာကြီး ဟစ်ပိုခရေးတီးစ်က ပြောခဲ့တယ် ကျွန်တော်တို့ရဲ့ တိုတောင်းတဲ့ဘဝလေးနဲ့ လိုက်လို့မမှီအောင်ကိုပဲ အသိဉာဏ်ပညာနယ်ပယ်က ကျယ်ဝန်းတယ်၊ သို့သော် မမှီနိုင်ဘူးဆိုပြီး လက်လျှော့နေလို့ မရဘူး၊ လူဟာ မနေ့ကထက် သည်ကနေ့ တိုးတက်အောင် အားထုတ်နေဖို့ လိုတယ် တစ်ရက်ထက်တစ်ရက် အသက်ကြီးရင့်လာသလို ပညာဗဟုသုတလည်း တစ်နေ့တခြား ကြီးမားလာဖို့ လိုတယ်၊ ဒီအတွက် မပြတ်ကြိုးစားနေဖို့ဟာ လူ့ ဝတ္တရားပဲ"

"လူ့ ဝတ္တရားက စာဖတ်တာနဲ့ ပြီးရောလားဗျာ၊ ထမင်းစားဖို့ အလုပ်ရော မလုပ်ရတော့ဘူးလား၊ ပွင့်ပွင့်လင်းလင်း ပြောမယ်ဗျာ ခင်ဗျားကိုယ်တိုင်အနေနဲ့ ဒီတစ်သက် ဝင်ငွေရှာတဲ့အလုပ် ဘာတစ်ခုမှ မလုပ်ဘဲ စာချည်းထိုင်ဖတ်သွားတော့မှာလား"

"ထမင်းစားဖို့အလုပ်ဆိုတဲ့ ကိစ္စ ကျွန်တော် ပြောရတာ အားနာတယ်ဗျာ၊ လူအများအပြားဟာ ထမင်းတစ်လုတ်အတွက် အချိန်ကုန်ခံ လူပင်ပန်းခံပြီး အလုပ်လုပ်ကြရတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ အဲဒီအတွက် ကျွန်တော် စိတ်မကောင်းပါဘူး သူတို့အပေါ် မစာနာတဲ့စိတ်မျိုး ကျွန်တော့်မှာ မရှိပါဘူး၊ သို့သော် အဲဒီအချက်ကို အကြောင်းပြုပြီး လူတိုင်း ထမင်းစားဖို့ အလုပ် လုပ်ရမယ်လို့ လုပ်ရမယ်လို့တော့ ခင်ဗျားတို့ တရားသေမှတ်မထားသင့်ဘူး၊ ကျွန်တော့် အခြေအနေအရ ကျွန်တော့်မှာ ထမင်းစားဖို့ ဝင်ငွေရှာတဲ့အလုပ်ဆိုတာမျိုး လုပ်စရာမှ မလိုဘဲဗျာ အနည်းဆုံး အခုချိန်ကနေ ကျွန်တော် ရှေ့ကို မှန်းမျှော်ကြည့်လို့ ရသလောက်ကာလအထိမှာ မလိုသေးဘူးဗျာ၊ ကျွန်တော့်ကိစ္စ ခင်ဗျားတို့ စိတ်ဝင်စားနေတယ်ထင်လို့ ကျွန်တော် ပြောမယ်၊ ခင်ဗျားတို့ သိတဲ့အတိုင်း ကျွန်တော့်မှာ အမေ ရှိတယ်၊ အမေက သူ့မှာ ထမင်းစားဖို့ ပိုက်ဆံရှာစရာ မလိုတော့ပေမယ့် တစ်သက်လုံး အကျင့်ပါလာတဲ့အတွက်ရယ်၊ ငါ့သားလေးအတွက်ဆိုတဲ့ တားဆီးလို့မရတဲ့ မေတ္တာကြောင့်ရယ် ကျွန်တော့်လို စာဖတ်ဖို့ ဝါသနာ မပါတာရယ် စတဲ့ အကြောင်းတွေကြောင့် ငွေရှာတဲ့အလုပ်ကို မရပ်မနား လုပ်နေတယ်၊ ကျွန်တော် တစ်သက်လုံး စာဖတ်သွားမှာ ဖြစ်သလို အမေကလည်း သေတဲ့အထိ ငွေရှာသွားမယ့် သဘောပဲ၊ ဒါပေမဲ့ ဒီကိစ္စက သူ့အတွက်လည်း သိပ် အပန်းတကြီးလို ဖြစ်မနေတော့ ကျွန်တော်လည်း ကြိုးစားပြီး တားဆီးမနေတော့ဘူး၊ ဒီအတိုင်းပဲ ထားတယ်၊ ဆိုချင်တာက အမေ့ဝင်ငွေတွေ စုဆောင်းငွေတွေဟာ တစ်နေ့တခြား တိုးပွားနေတယ်၊ လူကလည်း ကျန်းကျန်းမာမာကြီးဆိုတော့ သဘာဝအတိုင်း နေရမယ်ဆိုရင် ရှေ့ ၁၄-၅ နှစ်လောက်အထိတော့ ရှာဖွေနေဦးမယ့်သဘော ရှိတယ်၊ အမေမရှိတဲ့ အချိန်ကျတော့ ကျွန်တော့် အသက်လည်း အတော်အတန်ရှိရောပေါ့၊ ကျွန်တော်က ကမ္ဘေရှစ်ဆယ်သူဌေးသားလို ကိုယ်နားမလည်တဲ့ စီးပွားရေးလုပ်ငန်းတွေ သူများ မြှောက်ပေးတိုင်း လျှောက်လုပ်ပြီး မိဘ ချန်ထားခဲ့တဲ့ အမွေတွေ အလျင်စလို ကုန်အောင်ဖြုန်းမယ့်အကောင်မျိုးလည်း မဟုတ်တော့ သက်တမ်းစေ့လို့ သေရင်တောင် အနည်းဆုံး အိမ်တွေ မြေတွေလောက်တော့ ကျန်ခဲ့လိမ့်ဦးမယ်ထင်တယ်၊ အဲဒါတွေအတွက်တော့ အသက်ကြီးမှ ကြည့်စီမံခဲ့ရမှာပဲ"

သူနှင့် ယှဉ်ပြိုင်ပြောနေသူ စိတ်ခတ်ကျသွားတာ ကိုသင်ကာ မြင်လိုက်ရသည်။ သူက မသိမသာပြုံးကာ "ကဲ သွားဦးမယ်ဗျာ" ဟု တစ်ဝိုင်းလုံးကို

နှုတ်ဆက်ပြီး အိမ်သို့ ပြန်ခဲ့သည်။

※

လက်ဖက်ရည်ဆိုင်မှ ထွက်စက ပြုံးနေခဲ့သော ကိုသင်ကာ့မျက်နှာသည် အိမ်ဆီသို့ ခြေအနည်းငယ် လှမ်းမိလျှင်ပင် တည်၍သွားသည်။

နှစ်ပေါင်းများစွာ သူ စဉ်းစားလာခဲ့သည့် ဆင်ခြေဆင်လက်တွေဖြင့် တစ်ပါးသူတွေ နှုတ်ပိတ်သွားအောင် ပြောနိုင်ခဲ့သော်လည်း စင်စစ် သူ့ဆင်ခြေတွေကို သူ့ဘာသာသူ ဘဝင်မကျသလို ဖြစ်နေခဲ့တာ အတော်ကြာပြီ။

ပြီး ခုတလော ဘာကြောင့်မှန်းမသိ၊ သူ့ခေါင်းကလည်း သိပ် ရှင်းရှင်းလင်းလင်း ကြည်ကြည်လင်လင် မရှိချင်။

မှိုင်မှိုင်တွေတွေနှင့်ပင် ကိုသင်ကာ အိမ် ပြန်ရောက်လာသည်။

ကိုယ်လက်သန့်စင်ပြီးသည့်အခါ ပက်လက်ကုလားထိုင်မှာ ခဏတစ်ဖြုတ်ထိုင်ပြီး ထုံးစံအတိုင်း သူ့စာအုပ်တွေနားပဲ ရောက်သည်။

လက်သင့်ရာ စာအုပ်တစ်အုပ် ကောက်ကိုင်ပြီး လှန်ကြည့်သည်။ အထဲမှာ သူ့လက်ရေးတွေ အများကြီး။

သူက စာအုပ်ထဲမှာ မှတ်ချက်တွေ ပွနေအောင် ရေးတတ်သူ ဖြစ်သည်။ အထူးသဖြင့် fly-leaf လို့ ခေါ်သည့် ရှေ့-နောက် ရေခံစာမျက်နှာလွတ်တွေမှာ စာရေးသူအကြောင်း၊ စာအုပ်အကြောင်း မှတ်ချက်တွေ သူ ရေးလေ့ရှိသည်။ သူ့စာအုပ်တွေက အဲသည် စာရွက်တွေချည်းဖြုပြီး စာအုပ်စုချုပ်လျှင်ပင် ကိုသင်ကာ၏ စာပေအယူအဆနှင့် ဘဝအမြင်များဟူ၍ စာအုပ်တစ်အုပ် ဖြစ်လိမ့်မည်ထင်သည်။

စားပွဲပေါ်က စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ကောက်ကိုင်ကာ အထဲက ပုံနှိပ်စာလုံးတွေ မဖတ်ဘဲ သူ့လက်ရေးတွေချည်း လျှောက်ဖတ်ကြည့်နေသည်။

သူ အလွန်နှစ်သက်၍ အနည်းဆုံး တစ်လတစ်ခေါက်လောက်တော့ ဟိုလှန်သည်လှန် ပြန်လှန်ဖတ်ဖြစ်သော တရုတ်ပညာရှိရေးသည့် စာအုပ်ရှေ့ဘက် စာမျက်နှာလွတ်တွင် “ဘယ်သောအခါမျှ မကုန်ခန်းနိုင်သည့် ပဥ္စလက် လက်ဖက်ရည်အိုး၊ ငှဲ့လိုက်တိုင်း အလွန်အစပ်တည့်သည့် (ခေါင်းမညိတ်ဘဲ မနေနိုင်သည့်) လက်ဖက်ရည်ကျကျတစ်ခွက် အမြဲထွက်သည်” ဟူ၍ ရေးသားထားသည်။

သူများကဗျာစာပိုဒ်တွေ အများကြီး ကြားညှပ်ကိုးကားထားသည့်

ကဗျာဆရာ၏ ကဗျာရှည် စာအုပ်တွင် "ခင်ဗျားကဗျာက တချို့အပိုင်းတွေ သိပ်ကောင်းပြီး တချို့အပိုင်းတွေ သိပ်ညံ့တယ်၊ ခက်တာက ကောင်းတဲ့အပိုင်းတွေက သူများ ကဗျာစာပိုဒ်တွေ ဖြစ်နေတာပဲ" ဆိုသော မှတ်ချက်မျိုး သူ ရေးသည်။

ဟုတ်လောက်တာတွေရော၊ မဟုတ်လောက်စရာတွေပါ ရောပြွမ်းရေးသားထားသည့် ဆေးမြီးတို ဆရာ၏ ဆောင်းပါးပေါင်းချုပ်စာအုပ်တွင် "ထောပတ်ထမင်း ချက်နည်းမှားလျှင် ထမင်းတစ်အိုး လွှင့်ပစ်ရုံသာ ရှိသည် ဆေးမြီးတို အသုံးမှားလျှင် အသက်တစ်ချောင်း ဆုံးရှုံးသွားနိုင်သည်" ဆိုတာမျိုး။

'စာရေးသူ၏ အမှာ' တွင် အတော်ကြီးကြီးကျယ်ကျယ်တွေ ရေးသားထားသည့် ဝတ္ထုတိုဆရာ၏ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် အကြောင်းအရာ မထူး အတွေးအခေါ် မထူး၊ သူများရေး၍ ဖန်တစ်ရာ တေနေသည်များကို လိုက်ရေးထားပြီး အရေးအသားကလည်း တစ်ပြားသားမျှ မထူး" ဆိုတာမျိုး မှတ်ချက်တွေ သူ ရေးသည်။

သူ့မှတ်ချက်က ရေခံစက္ကူတွေမှာချည်း ရေးထားသည်တော့မဟုတ်။ အတွင်းစာမျက်နှာတွေ၏ နံဘေးအဖြူသားများမှာလည်း အနှံ့အပြား တွေ့ရတတ်သည်။

? တွေ။ !!! တွေ။ ဟုတ်ရဲ့လား၊ သေချာရဲ့လား၊ ... ရဲ့ ... စာအုပ်ထဲမှာ .. လို့ ရေးထားပါလား၊ မှန်တယ် သိပ်မှန်တယ်၊ တော်တယ်ဗျာ၊ တင်ပြပုံ သိပ်ရှင်းတယ်၊ ဟာဗျာ ဒါကြီး ဘာလို့ ထည့်ရေးရတာလဲ၊ ခင်ဗျားရဲ့ prejudice တွေ သိပ်ပေါ်လွင်နေပြီ၊ ကိုယ့်လူ အရမ်းမရေးနဲ့လေး Encyclopedia တစ်ခုခုလှန်ပြီး သေချာအောင် အရင် check လုပ်ပါလား။ စသဖြင့်။

ကိုယ့်ရေးသားချက်တွေကို ကိုယ့်ဘာသာ စိတ်ဝင်တစား ဖတ်ရှုနေရာက စာတစ်အုပ် ကောက်ကိုင်မိသည်။ ဝယ်လာခါစက တစ်ကြိမ် နည်းနည်း လှန်ကြည့်ပြီး နောက် ဖတ်မည်ဟု မေ့ထားမိသည့် စာအုပ်။

စာအုပ်က ထူထူထဲထဲ အဖုံးနှင့် အခ့်ချုပ်။ သို့သော် အတော် ဟောင်းနွမ်းဆွေးမြေ့လျက် ရှိပြီ။ သက်တမ်းကလည်း မနည်းတော့ပြီကိုး။

ပုံနှိပ်သည့် ခုနှစ်ကို ကြည့်တော့ ပထမနှိပ်ခြင်း၊ ၁၉၃၆ ခုနှစ်ဟု ရေးထိုးထားတာတွေ့ရသည်။ ၆၆ နှစ်တောင် ရှိပြီပဲ၊ စာအုပ်ကို သူ နည်းနည်း ပို၍ ရိုရိုသေသေ ကိုင်မိသည်။

စာအုပ်ထဲမှာ ပိုင်ရှင်လက်မှတ်နှစ်ခု တွေ့ရသည်။ ပထမတစ်ခုက ၁၉၄၆ ခုနှစ် နေ့စွဲနှင့်။ နာမည်က ပေါ်တူဂီလူမျိုးတစ်ယောက်၏ နာမည် ဖြစ်လိမ့်မည်ဟု

ကိုသင်ကာ ယူဆသည်။ စာအုပ်က ပေါ်တူဂီတွေ အကြောင်း ရေးသားထားသည့် စာအုပ်ဖြစ်ပြီး ပိုင်ရှင်အမည်က စာအုပ်ထဲမှာ ပါသည့် နာမည်တွေနှင့် ခပ်ဆင်ဆင် တူနေသောကြောင့် ဖြစ်သည်။

ဒုတိယပိုင်ရှင်က မြန်မာ။ အင်္ဂလန်ရောက်တုန်း စာအုပ်ဟောင်းဆိုင်တစ်ဆိုင်က ဝယ်ခဲ့တာ ဖြစ်နိုင်သည်။ လန်ဒန် ၁၉၅၅ ဟု ရေးထိုးထားသည်။

စင်စစ် စာအုပ်က သက်တမ်းထက်မက အိုမင်းလျက်ရှိသည်။ တစ်အုပ်လုံးမှာ ပိုးပေါက်ကလေးတွေ ပြည့်နေသည်။ စာအုပ်ပိုးတွေ နှိပ်စက်သည့်ဒဏ် အတော်ခံခဲ့ရသည့်ပုံ။

စာအုပ်အမည်က "အိန္ဒိယဒေသ စွန့်စားခန်းများ" ဖြစ်သည်။ ဝတ္ထုတော့မဟုတ်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ လောက်က အိန္ဒိယရှိ ပေါ်တူဂီသိမ်းပိုက်နယ်မြေများ၏ ဘုရင်ခံချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ ပေါ်တူဂီဗိုလ်ချုပ် အာဖွန်ဆိုဒယ်အယ်လဗျူကာကီ၏ နယ်ပယ်ချဲ့ထွင်ရေးလုပ်ငန်းများ၊ သက်စွန့်ဆံဖျား ဘဝအတွေ့အကြုံများကို မှတ်တမ်းတင်ထားသော စာအုပ်တစ်အုပ် ဖြစ်သည်။

နယ်ပယ်သေးငယ်၍ လူဦးရေလည်း နည်းပါးလှသည့် ပေါ်တူဂယ်ပြည်သား လူစွန့်စားတို့ အာဖရိက အာရေဗျ၊ အိန္ဒိယ၊ မလေးကျွန်းဆွယ်နှင့် အရှေ့အိန္ဒိယကျွန်းစု စသည်များသို့ ရောက်ပေါက်ကာ မိမိတို့အင်အားနှင့် မမျှအောင် ကျယ်ပြောသည့် နယ်ပယ်ဒေသများကို အလွန်တိုတောင်းသော ကာလအတွင်း အံ့သြဖွယ်တိုက်ခိုက်သိမ်းပိုက်အောင်နိုင်ခဲ့ကြပုံ၊ ခံတပ်များ ရဲတိုက်များ အခိုင်အမာ တည်ဆောက်ကာ သိမ်းပိုက်နယ်မြေကို ရေရှည်ထိန်းထားနိုင်အောင် အားထုတ်ကြပုံ၊ တစ်ဖက်သားတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခြေမှုန်းကြသကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း ကြောက်ဖွယ်လိလိ ရှင်းလင်းသုတ်သင်ခြင်း ခံကြရပုံတို့ကို ရေးသားထားသည်မှာ စိတ်ဝင်စားစရာလည်းကောင်း အံ့သြတုန်လှုပ်ဖွယ်လည်း ကောင်းလှသည်။

ခဏတစ်ဖြုတ် လှန်လှောရင်းက ကိုသင်ကာ စာအုပ်ကို လက်က မချနိုင်ဖြစ်ကာ ကာလီကပ်၊ ကမ်ဘေး၊ ကိုချင်၊ ဟော်မွတ်(ဇ) စသည့် အရပ်များသို့ ပေါ်တူဂီရွက်သင်္ဘောတွေ၊ ဓား၊ လှံ လက်နက်တွေ အမြောက်သေနတ်တွေနှင့်အတူ လိုက်ပါနေမိသည်။

စာအုပ်ထဲက အကြောင်းအရာတွေက မှတ်သားစရာကောင်းလှတာ အမှန်ပဲဖြစ်သည်။ သို့သော် ဘယ်စာအုပ် ဘယ်လောက်ကောင်းကောင်း ညနေစောင်းရောက်လျှင် ပက်လက်ကုလားထိုင်မှာ စာအုပ်ကိုင်ရင်း

အိပ်ပျော်သွားတတ်တာလည်း ကိုသင်ကာ့အကျင့်တစ်ခု ဖြစ်နေသည်။

ငိုက်ရင်း ဖတ်ရင်း၊ ဖတ်ရင်း ငိုက်ရင်း၊ စာအုပ်ထဲမှ ပုရစ်သံလိုလို ဝီစီမှုတ်သံလိုလို အသံမျိုးကြား၍ သူ ကြည့်လိုက်တော့ ပိုးထိုးပေါက်တစ်ပေါက်မှ ခေါင်းပြူ၍နေသည့် စာအုပ်ပိုးတစ်ကောင်။

သည်ကောင် ဘာတွေ အော်နေတာလဲ အကဲခတ်နေဆဲ အကောင်က မျက်စိရှေ့မှာပင် ကြီးသထက် ကြီးလာနေသလို ထင်ရသည်။

စာအုပ်စားသည့် ပိုးကောင်တွေကို ကိုသင်ကာ နည်းနည်းမှ သည်းညည်းခံလေ့မရှိ။ သူ့စာအုပ်တွေထဲမှာတွေ့လျှင် ချက်ချင်း ရှင်းလင်းနေကျ ဖြစ်သည်။ ယခုလည်း အကျင့်ပါနေသည့်အလျောက် လက်က ဖျတ်ခနဲ ရိုက်ဖြစ်သည်။ သို့သော် မမိလိုက်။ ပိုးကောင်က လုစ်ခနဲ ပျောက်သွားပြီး ခဏနေတော့ နောက်တစ်ပေါက်က ပြူထွက်လာကာ နှုတ်ခမ်းမွေးတလှုပ်လှုပ်နှင့် ကြည့်နေပြန်သည်။ ပုံစံက သူ့ကို နောက်နေ ပြောင်နေသလိုမျိုး။ နောက်တစ်ချက် ထပ်ရိုက်တော့ နောက်တစ်ကြိမ် ပျောက်သွားပြီး နောက်တစ်နေရာက ပြန်ပေါ်လာသည်။ နောက်တစ်ကြိမ်။ နောက်တစ်ကြိမ်။

ဘယ်လိုဖြစ်တာလဲ။ သည်လိုကောင်မျိုးတွေ သူ ရိုက်သတ် ဖိသတ် ညှပ်သတ်လာခဲ့တာ အကြိမ်ပေါင်း မရေနိုင်တော့။ သည်ကောင်ကျမှ ခက်နေသည်။

ပိုးကောင်က အပေါက်တစ်ခုမှ ပေါ်လာပြန်သည်။ မထိလေးစား ပုံစံနှင့်။

ထပ်ရိုက်သည်။ အပြေးအလွှား လိုက်ရိုက်သည်။

မထိ။ တစ်ချက်မှ မထိ။

ကိုသင်ကာ ရှက်သလို ဖြစ်သွားပြီး နောက်တစ်ကြိမ် ဟိုကောင် ခေါင်းပြူလာတော့ မရိုက်သေးဘဲ ကြည့်နေမိသည်။

“စာအုပ်သမား အချင်းချင်း မရက်စက်ချင်ပါနဲ့ဗျ”

သူ ကြည့်နေတုန်း ပိုးကောင်က လှမ်းပြောသည်။

“အမယ် .. စာအုပ်စားတဲ့အကောင်က ကြီးကြီးကျယ်ကျယ် ငါ ရိုက်ထည့်လိုက်ရလို့”

“ဒေါသမကြီးပါနဲ့ဗျ၊ ခုတင်ပဲ ခင်ဗျားရိုက်တာ ဘယ်နှစ်ကြိမ် ရှိပလဲ၊ ကျုပ်ကိုမှ မထိတာ၊ ဆက်ရိုက်ရင် ခင်ဗျား လက်နာရုံ စာအုပ် ပျက်စီးရုံပဲ ရှိမယ်၊ ခင်ဗျားနဲ့ ကျုပ် အေးအေးဆေးဆေး ဆွေးနွေးကြရင် မကောင်းဘူးလား”

"အမယ် အမယ်၊ ကြီးကျယ်သထက် ကြီးကျယ်လာပါလား၊ ခွေးမသားပိုး ငါ တကယ် ရိုက်မှာနော်၊ မမိမချင်း ရိုက်မှာ"

"စာသမားဆိုပြီး ဒေါသ တယ်ကြီးပါလား၊ အပြောအဆိုကလည်း အတော်ရိုင်းတာပဲ၊ မိဘက သင်ကြားမပေးဘူးလား၊ အမေက တစ်ဦးတည်းသော သားကလေးဆိုပြီး သိပ် အလိုလိုက်ခဲ့တာကိုး"

ကိုသင်ကာ ဒေါသထွက်ကာ ဗုန်းခနဲ ရိုက်ထည့်လိုက်သည်။

ပိုးကောင်က နောက်တစ်ပေါက်မှ ထွက်လာပြန်သည်။

"ဒီလို လုပ်လို့မရဘူးလေ၊ ကျုပ်က ခင်ဗျားထက် လျင်တယ်၊ နယ်မြေလည်း သိပ် ကျွမ်းတယ်၊ ဒါ ကျုပ်နေရာလေဗျာ၊ ခင်ဗျားက မနေ့တစ်နေ့ကမှ ဒီစာအုပ်တွေ့ပြီး အဟောင်းဈေးတောင်မဟုတ်၊ ပိဿာချိန်ဈေးလောက်နဲ့ရလို့ ဝယ်လာပြီး ဒါ ငါ့စာအုပ်၊ ငါအပိုင်လို့ လုပ်နေတာ၊ အမှန်က ဒါ ကျုပ်တို့ အိမ်ယာဗျ၊ ကျုပ်တို့က ဒီနေရာမှာ ဘိုးစဉ်ဘောင်ဆက် နေလာတာ၊ ဒီစာအုပ်ထဲမှာ ဥမင်လိုဏ်ခေါင်းပေါင်း သုံးသောင်းကျော်ရှိတယ်၊ ရှေးအစဉ်အဆက် ဖောက်သွားတာတွေ၊ ကျုပ်ကိုယ်တိုင် ဖောက်ခဲ့တာတွေလည်း မနည်းမနောပဲ၊ ဒီနေရာမှာ ခင်ဗျား ကျုပ်ကို လုံးဝ ယှဉ်လို့မရဘူး၊ ခင်ဗျား အားကြီးနဲ့ တဗုန်းဗုန်းထုနေရင် စာအုပ်ပျက်စီးမယ်၊ အခုနေ ခင်ဗျားကို တန်ခိုးရှင်တစ်ယောက်ယောက်က ကျုပ်တို့ လိုဏ်ခေါင်းတွေထဲ ဝင်နိုင်လောက်တဲ့ အရွယ်အစားရောက်အောင် ချုံ့ပေးပြီး ဒီ အထဲ လိုက်ဖမ်းစမ်းကွာလို့ လွှတ်ပေးလိုက်စေချင်တယ် အဲဒါမှ ခင်ဗျား တစ်ခါတည်း ရှုံးသွားမယ်၊ ကျွန်တော် နောက် မကြိုးစားတော့ပါဘူးလို့ တောင်းပန်ပြီး ပြန်သွားမယ်၊ ဒါမှမဟုတ် မလျှော့သေးဘူး၊ နောက်ထပ် စစ်ကူခေါ်ချင်တယ်ဆိုရင် လူတစ်ရာနှစ်ရာ ခေါ်လိုက်ဦး၊ လက်ချည်း မလာနဲ့ ဓားတွေ လှံတွေ ပေါ်တူဂီလုပ်တဲ့ အမြောက်တွေ လိုဏ်ခေါင်းထဲ ဆွဲလိမ့်ယူလာပြီး လိုက်ပစ်မလား၊ စာအုပ် တစ်အုပ်လုံးသာ မွမွကြေသွားမယ်၊ ကျုပ်ကို ရမှာ မဟုတ်ဘူး ကျုပ်က ခင်ဗျား မျက်စိရှေ့မှာတင် လှစ်ခနဲ လှစ်ခနဲ ပျောက်သွားမှာ၊ ဒါကြောင့် ကျုပ်တို့ အေးအေးဆေးဆေး ဆွေးနွေးရအောင်လို့ ပြောတာ၊ ကဲဗျာ ခင်ဗျား စဉ်းစားပါ ကျွန်တော်တို့ ညှိနှိုင်းဆုံးဖြတ်ထားတဲ့ အချက် ခင်ဗျားကို ပြောမယ်၊ ဒီနေ့ကစပြီး ခင်ဗျားလည်း ဒီစာအုပ်ကို ပိုက်ဆံပေးဝယ်ခဲ့တာ အကြောင်းပြုပြီး ဒီအိမ်မှာ ရှိတဲ့ တခြားစာအုပ်များနည်းတူ ခင်ဗျား အပိုင်စာအုပ်လို့ပဲ သဘောထားပါ၊ ဖတ်ချင်တဲ့အချိန် ကောက်လှန်ဖတ်ပါ၊ ကျွန်တော်တို့လည်းပဲ ဒီစာအုပ်ဟာ ကျွန်တော်တို့ ဘိုးဘေးတွေ လက်ထက်ကတည်းက နေလာတာဖြစ်လို့ ကျွန်တော်တို့အိမ်ရာ ကျွန်တော်တို့ စာအုပ်အဖြစ်နဲ့ ဆက်နေမယ်၊ ဒါပေမဲ့ ခင်ဗျားအတွက် အနှောက်အယှက်မဖြစ်ရအောင် ခင်ဗျား ဒီစာအုပ်ကို ကိုင်နေ

ဖတ်နေတဲ့အချိန်တိုင်း ခင်ဗျားရှေ့ ကျုပ်တို့ မထွက်ဘူး၊ ခင်ဗျား မမြင်နိုင်အောင် ရှောင်နေ ပုန်းနေပေးမယ်၊ ခင်ဗျားဘက်က တစ်ခုပဲ လုပ်ပေးပါ၊ ဒီစာအုပ်ကို လှန်တော့မယ်ဆိုရင် အဖုံးကို ခပ်သာသာ သုံးချက်ပုတ်ပြီး အသိပေးပါ ကျုပ်တို့ ရှောင်ဖို့ တိမ်းဖို့ အချိန်ရအောင်ပေါ့"

"အမယ် တော်တော်ကြီးကျယ်တဲ့ အစီအမံပဲ၊ ငါ့ စာအုပ်ထဲမှာ တရားဝင်နေထိုင်စားသောက်ခွင့် တောင်းနေတာပဲ၊ ကျွန်တော့်စာအုပ်ကို လွတ်လပ်စွာ ဖျက်ဆီးဝါးမျိုရန် သဘောတူခွင့်ပြုပါသည်ဆိုပြီး ကတိစာချုပ်မှာ လက်မှတ်ထိုးပေးလိုက်ရမဲ့ပုံပဲ၊ ဒါနဲ့ နေစမ်းပါဦး၊ ကျွန်တော်တို့ အားလုံး ညှိနှိုင်းဆုံးဖြတ်ထားတဲ့ အချက်ဆိုတော့ မင်းတို့က ဘယ်နှစ်ကောင်တုန်း၊ မင်းအပြင် နောက်ထပ် ရှိသေးလို့လား၊ ငါလည်း တစ်ကောင်မှ မတွေ့ပါလား"

"ဟုတ်ကဲ့၊ အဲဒါကြောင့် ခင်ဗျားနဲ့ ဒီစာအုပ်နဲ့ဟာ သိပ်မဆိုင်ဘူး ကျွန်တော်တို့နဲ့သာ ဆိုင်တယ်လို့ ကျွန်တော် ပြောချင်နေတာ၊ ဒီစာအုပ်အကြောင်း ခင်ဗျား ဘာမှ မသိတာ၊ အခုပဲကြည့်၊ ခင်ဗျားက ကျွန်တော်တစ်ယောက်ထဲနဲ့တွေ့ပြီး ဒီစာအုပ်ထဲမှာ ကျွန်တော်တစ်ယောက်တည်းပဲ နေတယ်လို့ ထင်နေတယ်၊ ကျွန်တော်တို့အမျိုးက စာအုပ်ထဲမွေးပြီး စာအုပ်စာပေနဲ့ ကြီးပြင်းရတာဆိုတော့ မလိမ်မညာတတ်လို့ ကျွန်တော် အမှန်အတိုင်းပဲပြောမယ်၊ ဒီအထဲမှာ ကျွန်တော့်အပြင် နောက်ထပ် ကျွန်တော့်အမျိုးအဆွေ စုစုပေါင်း ၁၀၀ ကျော် ရှိသေးတယ်"

"ဟာ အဲဒီလိုတော့ မဖြီးနဲ့ကွ၊ အကောင် ၁၀၀ ကျော်တောင် ငါ မမြင်အောင် ဘယ်နား သွားပုန်းမတုန်း"

"ရှိပါတယ်ဗျာ၊ ကျွန်တော် ပြောလိုက်တော့မှ ခင်ဗျား အတင်း လိုက်ရှာပြီး သတ်မနေနဲ့ဦး၊ ဒါပေမဲ့ ပြောလို့ရပါတယ်၊ သူတို့လည်း ကျွန်တော့်လောက်တော့ လျင်တဲ့သူချည်းပဲ၊ ခင်ဗျားဖမ်းလို့ မမိနိုင်ဘူး၊ တချို့က စာမျက်နှာတွေကြားမှာ၊ တချို့က အဖုံးကတ်ထူသားထဲမှာ၊ တချို့က အနှောင့်မှာ၊ တချို့က အဖုံးကပ်ထူနဲ့ အဖုံးပိတ်စကြားထဲမှာ၊ ခင်ဗျား မယုံဘူးလား၊ ကျွန်တော် ခေါ်ပြမယ်၊ ကဲဗျို့ နည်းနည်းပါးပါး ထွက်ပြကြဗျာ"

ပိုးကောင်က အော်လိုက်သည်နှင့် တစ်ပြိုင်နက် စာအုပ်ရှိ အပေါက်ပေါင်းများစွာမှ စာအုပ်ပိုးတွေ ခေါင်းပြူလာကြသည်။ နှုတ်ခမ်းမွေးတထောင်ထောင်၊ တလှုပ်လှုပ် တရွရွ၊ ကိုသင်ကာ ကြက်သီးမွေးညင်း ထကာ စာအုပ်ကိုပင် ပစ်ချမိမလို ဖြစ်သွားသည်။ တော်သေးသည်။ ပိုးကောင်တွေက ကိုယ်ထင်ပြပြီးနောက် လှစ်ခနဲ ပြန်ပျောက်သွားကြသည်။

"ဟ နည်းနည်းနောနော မဟုတ်ပါလားကွ၊ မင်းက ၁၀၀ ဆိုကွာ၊

ဟော့ကောင် မဖြစ်ဘူးဟေ့၊ ဒီလောက် အများကြီး၊ ငါ့စာအုပ် နက်ဖြန်သဘက် ကုန်သွားလိမ့်မယ်”

“မကုန်ပါဘူးဗျာ၊ ကျုပ်တို့က ဒီမှာ တစ်သက်လုံး နေကြရမှာ၊ ကိုယ့်အိမ်ကိုယ့်ရာပဲ၊ ဘယ် အခြောက်တိုက် ဖျက်ဆီးပါ့မလဲ၊ နောက် ၁၀ နှစ် အနှစ် ၂၀ ကြာတဲ့အထိ အခု အနေအထားထက် သိသိသာသာ ဆိုးမသွားစေရဘူး ကျုပ် အာမခံတယ်၊ အခုလည်း တမင်တကာ ထွက်ပြကြလို့သာ ကျုပ်တို့လူတွေ ခင်ဗျားမြင်ရတာ မဟုတ်ရင် ရှိမှန်းတောင် သိမှာမဟုတ်ဘူး၊ အဲဒီတော့ စောစောက ညှိနှိုင်းတဲ့အတိုင်း ခင်ဗျား သဘောတူလိုက်ရင် မကောင်းဘူးလား၊ ခင်ဗျား ဖတ်တဲ့အချိန် ကျုပ်တို့အားလုံး ရှောင်ပေးနေမယ်၊ ကျန်တဲ့အချိန်တော့ ဒါ ကျုပ်တို့ မြို့ ကျုပ်တို့ ရွာပဲ၊ ဟုတ်ပြီလား၊ ခင်ဗျားလည်း စာအုပ်သမား၊ ကျုပ်တို့လည်း စာအုပ်သမား၊ အချင်းချင်းတွေ အငြင်းပွားစရာ မလိုပါဘူးဗျာ”

“လာပြန်ပြီ စာအုပ်သမား၊ စာအုပ်စားတဲ့ ပိုးကောင်က ငါနဲ့ တန်းလာညှိနေတယ်”

“ဟုတ်တယ်လေဗျာ၊ စာအုပ်သမားအချင်းချင်းမို့ အချင်းချင်းလို့ ပြောတာ ခင်ဗျား မကြိုက်ဘူးလား စာအုပ်သမားဆိုတာ ညှာညှာတာတာ လျှော့လျှော့ပေါ့ပေါ့ ပြောထားတာ၊ တကယ်ဆို ‘စာအုပ်ပိုး' လို့ တိတိကျကျ ပြောချလိုက်လို့ရတယ်၊ ခင်ဗျားရော ကျုပ်ရော စာအုပ်ပိုးတွေချည်းပဲလေဗျာ၊ bookworm တွေ၊ bookworm ထဲမှာမှ ကျုပ်တို့က အဦးအစ bookworm စာအုပ်ပေါ်စကတည်းက ရှိလာခဲ့တာ၊ ခင်ဗျားတို့က နောက်မှပေါ်တဲ့ နောက်ပေါက် bookworm၊ ကျုပ်တို့ အမျိုးအနွယ်သမိုင်းထဲမှာ အခိုင်အမာ ရေးထားတာရှိတယ်၊ ၁၅၉၉ မှာ အင်္ဂလိပ် ပြဇာတ်ရေးဆရာ ဘင်ဂျွန်ဆင် (Ben Jonson) က ခင်ဗျားတို့လို စာအုပ်ကြားထဲ ခေါင်းမြုပ်ပြီး ဘာအလုပ်မှ မလုပ်ဘဲနေတဲ့ လူတွေကို စာအုပ်ပိုး (bookworm) လို့ ကျုပ်တို့နာမည်အတိုင်း ခေါ်လိုက်ရာကစပြီး အခေါ်အဝေါ် ရှုပ်ထွေးမှု ဖြစ်ခဲ့တာ"

“အမယ် အမျိုးအမည် မထင်ရှားတဲ့ အင်းဆက်ပိုးမွှားက ကျမ်းဂန်အကိုးအကားနဲ့ လုပ်လာပါလား”

“ခင်ဗျား မသိတိုင်း မထင်ရှားဘူး မလုပ်နဲ့လေ၊ တခြားမှာ လျှောက်ကြွားနေပေမဲ့ ခင်ဗျားက တကယ်တမ်း စာပေဗဟုသုတ နှံ့စပ်တဲ့လူမှ မဟုတ်ဘဲ၊ ကျုပ်တို့က သတ္တဝါလောကကြီး တစ်ခုလုံးမှာ ပညာအတတ်ဆုံး၊ ကျမ်းဂန်နဲ့ အနီးစပ်ဆုံး ပုဂ္ဂိုလ်တွေ၊ အမျိုးအမည် ဆိုတာလည်း အခိုင်အမာ အတိအကျ ရှိတယ် ကျုပ်တို့ မျိုးရိုးရဲ့ ဝိသေသနာမည်က လက်တင်ဘာသာနဲ့ ပေးထားတော့ ခင်ဗျား နားလည်ပါ့မလား မသိဘူး၊ Lepisma Saccharina တဲ့၊ အဲဒါ မှတ်ပုံတင်ထဲမှာ ရေးထားတာ၊ အရပ်ထဲမှာ အလွယ်တကူ ခေါ်ကြတာ ကိုငွေငါး

(Silverfish) တဲ့ဗျား၊ ခင်ဗျား မြင်တဲ့အတိုင်း ကျုပ်တို့ ကိုယ်လုံးကိုယ်ထည်က ရှည်ရှည်သွယ်သွယ် တပြောင်ပြောင်တလက်လက်နဲ့၊ လှုပ်ရှားသွားလာတာကလည်း ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်ဆိုတော့ ဒီနာမည်နဲ့ လိုက်တယ်ပဲ ဆိုရမှာပေါ့ဗျာ၊ ကျုပ်က အကြိုက်ကြီး မဟုတ်ပေမဲ့ ငြင်းတော့ မငြင်းနေပါဘူး”

“မင်း ငြင်းတော့ရော ရမှာလားကွ၊ ဒါ မင်းတို့ တစ်မျိုးလုံးကို ခြုံပြီး သိပ္ပံသမားတွေ ပေးထားတဲ့ နာမည်ပဲဟာ၊ တစ်ယောက်ချင်းကျတော့ မင်းမှာ ဘာနာမည်ရှိမှာလဲ၊ နာမည် သီးခြားပေးရအောင်ရော တစ်ကောင်နဲ့ တစ်ကောင် ဘာထူးခြားမှာမို့လဲ၊ အားလုံး အမြီးနှစ်ခွနဲ့ နှုတ်ခမ်းမွေးနှစ်ချောင်း ယမ်းတမ်းယမ်းတမ်းနဲ့ အကောင်တွေ ဘာမှ မကွဲပြားဘူး”

“ဟာ သွားပြီး မှားပြီ၊ ခင်ဗျားတို့လူတွေ အဲဒါ ခက်တာပဲ၊ ကိုယ်သိတာလေး နည်းနည်းကို အလုံးစုံထင်ပြီး ငါ့စကားနွားရ စွတ် ပြောကြတယ်၊ တစ်ဖက်သားကို အထင်သေးတဲ့စိတ်ကလည်း ကြီးမားတာကိုးဗျ၊ ခင်ဗျားတို့က ကျုပ်တို့ကို အမြီးနဲ့ နှုတ်ခမ်းမွေးချည်း မြင်သလို ကျုပ်တို့ကလည်း ခင်ဗျားတို့လူတွေကို အားလုံးပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပြီး ခြေထောက်နှစ်ချောင်းကြား စအိုပေါက်ရှိတဲ့ ကောင်တွေ၊ တစ်ယောက်နဲ့ တစ်ယောက် ဘာမှ မကွဲပြားဘူး၊ ရုပ်ရော အကျင့်ရော တစ်သဘောတည်းလို့ စွတ်ပြောရင် ရတာပေါ့ဗျာ၊ ဒါပေမယ့် မပြောပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့က သိနေတာကိုး၊ မုတ်ဆိတ်ရှည်တာချင်း တူပေမဲ့ တဂိုးနဲ့ တော်စတွိုင်းဟာ ဘင်္ဂါလီနဲ့ ရုရှား တခြားစီဆိုတာ ကျုပ်တို့ စာအုပ်ပိုးတွေ အားလုံး သိတယ်၊ ခင်ဗျားတို့ချင်း အဲဒီလို ကွဲပြားသလို ကျုပ်တို့ အချင်းချင်းလည်း ကွဲပြားတယ်ဗျ၊ သူ့ Identity နဲ့ သူ ရှိတယ်၊ နာမည်လည်း ရှိတယ်၊ ကြွားတယ်မထင်နဲ့၊ ကျုပ်ဆိုရင် စကားပြောကောင်းတာ စာကြီးပေကြီးတွေ နှံ့စပ်တာ အကြောင်းပြုပြီး အသိုင်းအဝိုင်းက ချီးမြှောက်ထားတဲ့ နာမည်ရှိတယ်၊ ဂန္ထဝင်မောင်ကျပန်းတဲ့၊ သည့်အပြင် ငယ်နာမည် ညိုကြီးတို့ ကျောင်းထားတုန်းက အိမ်က ပေးထားတဲ့ နာမည်တို့၊ အဲဒါ မကြိုက်လို့ နောက်မှ ထပ်ပြောင်းတဲ့နာမည်ပါ ပေါင်းရင် လေးမျိုးတောင် ရှိတယ်၊ ဟောဟိုမှာ ကြည့်၊ ကျုပ်တို့ စကားဝိုင်းကို စိတ်ဝင်စားလို့ ဟိုဘက်က ခေါင်းပြူလာတာဆိုရင် ကျုပ်တို့ အဘိုးဗျ၊ ခင်ဗျားမျက်စိထဲမှာ ကျုပ်နဲ့ အတူတူ ထင်ချင် ထင်နေပေမယ့် ကျုပ်တို့ ဆွေမျိုးရင်းချာတွေရော၊ ခင်ဗျား စာအုပ်စင် ခြောက်စင်မှာ နေထိုင်ကြတဲ့ ကျုပ်တို့ အမျိုးသားတွေ အားလုံးနီးပါးလောက်အဖို့တော့ အဝေးက မြင်ရုံနဲ့ သူ ဘယ်သူဆိုတာ ကွဲကွဲပြားပြား သိကြတယ် ကျုပ် အဘိုးမို့ ပြောတာမဟုတ်ဘူး၊ အင်မတန် ဥပဓိရုပ်ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးဗျ၊ ကျုပ်နဲ့ တခြားစီပဲ၊ ရုပ်ရည်သာမက ရာဇဝင်လည်း ရှိတယ်၊ နာမည်က စွယ်စုံကျော်ထင်တဲ့၊ ဦးတိုးလျှိုတဲ့၊ တိုးလျှိုး မဟုတ်ဘူးနော်၊ ခင်ဗျား အပေါင်းအသင်း စာအုပ်ဟောင်းရောင်းသမားတွေဆီက ဈေးချိုချိုနဲ့ ခင်ဗျား ဝယ်လိုက်တဲ့ အင်ဆိုင်ကလိုပီးဒီးယား အဟောင်းကြီး ၂၂ တွဲကို

အောကဇက်အထိ ကားဗား တူကားဗား တိုးလျှိုးပေါက် တစ်လနဲ့ အပြီးဖောက်တာ သူပေါ့ ကျုပ်တို့ အယ်လဗျူကာကီစာအုပ်နဲ့ အဲဒီ အင်ဆိုင်ကလိုပီးဒီးယားက မူလကတည်းက တစ်အိပ်တည်းကလေ၊ ကျောက်ကုန်းက ပင်စင်စား အဘိုးကြီး စာအုပ်တွေ၊ သူ ကွယ်လွန်တော့ သားမြေးတွေက စာပေတန်ဖိုး မသိလို့ ခင်ဗျား မိတ်ဆွေတွေဆီ ပိဿာချိန်နီးပါးဈေးနဲ့ ချရောင်းလိုက်ကြတာ ကျုပ်တို့ အဘိုးက အဲဒီ စွယ်စုံကျမ်းကို တစ်ပေါက်တည်း ဖောက်တာ မဟုတ်ဘူး၊ အခေါက်ခေါက် အပြန်ပြန် ဖန်တစ်ရာတေအောင် ဖောက်စားပြီး ကျေညက်ပြီးလို့ အခု ဒီဘက် ပြောင်းလာတာ၊ စာအုပ် တစ်အုပ်တည်းချည်း အသေ စွဲစားနေလို့ မဖြစ်ဘူးလေ။ ဖရန်စစ်ဘေကွန် ပြောတဲ့စကား ခင်ဗျား သိပါတယ်၊ တချို့ စာအုပ်တွေက မြည်းကြည့်ဖို့ တချို့ကို မျိုချ တချို့ကျတော့ ညက်ညက်ကျေအောင် ဝါးစား၊ အစာချေ အသွေးအသား ဖြစ်အောင်လုပ် ဆိုတာလေ၊ အဲဒီစကားကို တကယ် တိတိကျကျ လိုက်နာကျင့်သုံးတာ ကျုပ်တို့ပဲ ရှိတယ် ခင်ဗျားက တို့ကနန်းဆိတ်ကန်း မြည်းစမ်းရုံသက်သက်လောက်နဲ့ လူတတ် လျှောက်လုပ်နေတာ၊ လက်ဖက်ရည်ဆိုင်တွေမှာ စာပေဝိုင်းတွေမှာ လူ အထင်ကြီးအောင် အာဘောင်အာရင်း သန်သန်နဲ့ စာရေးဆရာနာမည်တွေ၊ စာအုပ်နာမည်တွေ လျှောက်ရွတ်၊ စာအုပ်အကြောင်းမှန်ရင် ငါ မသိတာမရှိ၊ ငါ အသိဆုံး လုပ်ပြီး ဘယ်ပုံနှိပ်ခြင်းက ဘယ်လို ဘာညာတော် လျှောက်ပြောနေပေမယ့် အထဲက စာတွေကျ ခင်ဗျား သေသေချာချာ မဖတ်ဘူးမဟုတ်လား စာအုပ်ပိုင်ရှင်တစ်ယောက် စာဘယ်လောက် ဖတ်မဖတ်ဆိုတာ ကျုပ်တို့ စာအုပ်ထဲ နေသူတွေ အသိဆုံးပေါ့ဗျာ”

ခင်ဗျား အလုပ်က စာအုပ် မြင်ရင် ဝယ်မယ်၊ စုမယ်၊ ဘယ်သူ့မှ မငှား၊ ငါ့စာအုပ်တွေ ငါ့စာအုပ်တွေ ဆိုပြီး ဖက်ထား သိမ်းထားမယ်၊ ခင်ဗျားလို လူမျိုးကို စာပေသမား မခေါ်ဘူး၊ စာဖတ်သမားလို့လည်း မပြောနိုင်ဘူး၊ စာအုပ်တွေ လျှောက်ဝယ်စုနေတဲ့ စာအုပ်စုသမားပဲ၊ စာအုပ်ရူးပဲ၊ နိုင်ငံတကာလို ပြောရင် bibliomaniac ပဲ ပိုက်ဆံလည်း မရှာရ၊ အမေ့ဆီက အလကားရနေတော့ ရူးအားကောင်းနေတာပေါ့"

“ဟေ့ကောင်၊ ဟေ့ကောင်၊ မင်းဟာက ပြောရင်း ပြောရင်းနဲ့ လွန်လာပြီ၊ ငါက စာအုပ်ကို အခြောက်တိုက် ဖက်နမ်းနေတဲ့ကောင် မဟုတ်ဘူးကွ"

ကိုသင်ကာ ယောင်တောင်တောင် ငေါင်တောင်တောင် နားထောင်နေရာက ရုတ်တရက် ကမူးရှူးထိုး ထပြောသည်။

“စာအုပ်မှာ ငါ တန်ဖိုးထားတာ အခွံအကာ မဟုတ်ဘူး၊ အတွင်းမှာပါတဲ့ စာထဲက အနှစ်သာရ၊ အနှစ်သာရကိုပဲ ငါ ထုတ်ယူတာ၊ ခံစားတာ၊ ခေါင်းထဲ ထည့်တာ၊ စာရေးသူရဲ့ စူးရှထက်မြက်တဲ့ အတွေးအခေါ် အယူအဆတွေ

ရသမြောက်တဲ့ အရေးအသား အဖွဲ့အနွဲ့တွေအတွက် စာအုပ်ကို ငါ ယုယပိုက်ထွေးတာ တန်ဖိုးထား သိမ်းဆည်းနေရတာ၊ မင်းလို စက္ကူအရသာ၊ စာအုပ်အနှောင့်က ကော် အရသာလောက် သိတဲ့အကောင်က ငါ့ကို စာအုပ်နာမည်လောက် ဖတ်ပြီး ဖြီးနေတဲ့အကောင်လိုဘာလို ပုတ်ခတ်စော်ကားပြီး မပြောနဲ့ကွ၊ ငါက စာသမား၊ တစ်သက်လုံး စာဖတ်လာတဲ့အကောင်၊ စာဖတ်တဲ့အလုပ်ကို လေးလေးစားစား လုပ်တဲ့အကောင်၊ စနစ်နဲ့ ဖတ်နေတဲ့အကောင်”

ကိုသင်ကာ အသည်းအသန် ခုခံပြောဆိုနေရသည်။ လူက ဒေါသဖြင့် ထူပူနေသည်။ ဘယ်စကားဝိုင်းမှာမှ သူ သည်လောက် အပြောအဆို မခံရဘူးခဲ့။

ပိုးကောင်က အသာစီးရနေသူ၏ လေသံဖြင့် ဆက်၍ သြဝါဒခြွေနေသည်။

“ဟုတ်ပါပြီ၊ ခင်ဗျား တကယ်စာဖတ်တယ်ပဲ ထားပါတော့၊ ဒါပေမဲ့ အဲဒီစာတွေ ဖတ်ပြီး ခင်ဗျား ဘာဖြစ်လာသလဲ၊ ကျုပ်လို ခန္ဓာကိုယ်မှာ အရောင်အဝါတွေ ထွက်လာသလား၊ ခင်ဗျား ကိုယ်တိုင်အတွက် ဘာအကျိုးရလဒ်တွေ တိတိကျကျ ရလာသလဲ၊ မိသားစုအတွက်၊ ရပ်ကွက်အတွက်၊ မြို့ရွာအတွက် တိုင်းပြည်အထိတော့ ထားလိုက်ပါ ဘာအကျိုးကျေးဇူးတွေ ထွက်ပေါ်လာသလဲ၊ ပတ်ဝန်းကျင်အတွက် ခင်ဗျား ဘာတွေလုပ်ပေးနိုင်ခဲ့သလဲ၊ ဘာတွေ လုပ်ပေးဖို့ရော အစီအစဉ် ရှိသလဲ၊ ပြောစမ်းပါ ခင်ဗျား ညာမနေနဲ့၊ ခင်ဗျားအကြောင်း ခင်ဗျား အမေလဲ သိတယ်၊ အခုဆိုရင် ခင်ဗျားဘာသာလည်း နည်းနည်းတော့ သိနေပြီ မဟုတ်လား၊ သိတဲ့အတွက် ခင်ဗျား အနေညီးနဲ့ အများတော့ အနေရခက်နေတယ် မဟုတ်လား၊ သူများကို ဖြီးလို့ရပေမဲ့ ကိုယ့်ကိုကိုယ်တော့ ဖြီးလို့မရဘူးဗျ၊ အချိန်တန်ရင် အလိမ်ပေါ်တာပဲ စဉ်းစားကြည့်လေ၊ ခင်ဗျားဘဝ ဘာအဓိပ္ပာယ် ရှိသလဲ၊ လူ့ပြည်မှာ လာနေ၊ စာတွေ ထိုင်ဖတ်ရင်း အိုသေပြီး ပြန်သွားမယ် ဆန်ကုန်မြေလေးလို့ ပြောကြတာ တခြားလူတွေအတွက် သိပ်မမှန်ဘူး ခင်ဗျားကျမှ သေသေချာချာ မှန်တာ”

ကိုသင်ကာ ဒေါသထွက်သထက် ထွက်လာသည်။ တခြား စာသမားတွေနှင့် ဝိုင်းဖွဲ့သည့်အခါ အထိမိဆုံး စကားလုံးတွေ အံဝင်ခွင်ကျသုံးကာ ချက်ကျလက်ကျ ပြောတတ်သလောက် သည်ပိုးကောင်နှင့်ကျမှ သလိုဖြစ်နေသည်။ စာအုပ်ပိုးကို စကားနှင့် မတုံ့ပြန်။ အသေရိုက်နိုင်ရန်သာ သူ ကြိုးစားသည်။ သို့သော် လက်က ဆွဲ၍ မရ။ ပိုးကောင်က အရှိန်မပျက် ဆက်၍ ပြောမြဲ ပြောဆဲ။

“ကျုပ်တို့က စာအုပ်ထဲနေပြီး စာအုပ်ကို စားတဲ့ စာအုပ်ပိုးစစ်စစ်ဗျ၊ ရိုးရိုးသားသား သဘာဝအတိုင်းနေတာ၊ ဘယ်သူ့ကိုမှ လိမ်ညာမစားဘူး၊ ခင်ဗျားက စာဖတ်ချင်ယောင်ဆောင်ပြီး မအေကို ညာစားနေတဲ့လူ သူများတွေလည်း ဒါမျိုး

ငယ်ငယ်က လုပ်တတ်တာ ကြားဖူးပါတယ်၊ အမေက သားရေ ဘာလေးတစ်ခု လုပ်ပေးစမ်းပါဆိုရင်၊ အမေ သား မအားဘူး၊ စာဖတ်နေတယ်၊ အဲဒါဆိုရင် အမေက မခိုင်းတော့ဘူး၊ သူ့ဘာသာ လုပ်လိုက်တယ်၊ ကလေးမှာ ကျောင်းစာက အရေးကြီးတယ် မဟုတ်လား၊ ခင်ဗျားက ကလေးတွေ အလုပ်မလုပ်ချင်တဲ့အခါ ညာတဲ့ အဲဒီနည်းမျိုးနဲ့ ကိုယ့်အမေကို တစ်သက်လုံး ညာစားနေတယ်၊ တကယ်ဆို အမေတစ်ခု သားတစ်ခု ရှိတယ် ကိုယ်က တစ်ဖက်တစ်လမ်းက ကူပါလား၊ တစ်လှည့်တစ်ပြန် ကြည့်ပါလား၊ အခုတော့ မဟုတ်ဘူး၊ အမေကချည်း တကုပ်ကုပ်နဲ့ ရှာဖွေ၊ ခင်ဗျားက တစ်သက်လုံး ခိုင်းစား၊ သုံး၊ စည်းစိမ်နဲ့ နေ၊ မအေကို မညှာမတာ ခိုင်းစားနေလိုက်တာ၊ ကျုပ်တို့ အင်းဆက်လောကထဲမှာ ပုရွက်ဆိတ်တွေက ပျကောင်တွေ မွေးပြီး ခိုင်းစားသလို၊ ပျကောင်တွေ ထိန်းထားပြီး ပျကိုယ်က ထွက်တဲ့ အချိုရည် အဆီအနှစ်တွေနဲ့ အာဟာရ ဖြည့်တင်းကြသလို၊ ခင်ဗျားတို့လူတွေထဲက တချို့လူတွေ နွားမွေးပြီး နွားနို့ မှန်မှန် ညှစ်သောက်ကြသလို၊ ခင်ဗျားက အမေတစ်ယောက် မွေးထားပြီး မရှက်မကြောက် ခေါင်းပုံဖြတ်နေ သွေးစုပ်နေတာ၊ ကလေးတုန်းက ဒီအမေ နို့စို့ပြီး လူဖြစ်လာတယ်၊ ကြီးလာတော့လည်း ဒီအမေကို ခိုင်းစားတုန်း၊ နို့ညှစ်သောက်တုန်း၊ သေတဲ့အထိ ခိုင်းဦးမှာ ခင်ဗျားဟာ အတော်ယုတ်မာတဲ့ လူပဲ၊ ခေါင်းပုံဖြတ်သမား လူလူချင်း အဆီအနှစ် ထုတ်စားတဲ့ ကပ်ပါးကောင်၊ အချောင်သမား၊ အမေကို နို့စားနွားမလို အသုံးချနေတဲ့လူ၊ .....

စာအုပ်ပိုးက ဟိုအပေါက်က ထွက်ပြီးအော်လိုက်၊ သည်အပေါက်က ထွက်ပြီး အော်လိုက် လုပ်နေသည်။

ကိုသင်ကာ ချွေးသီးချွေးပေါက် ကျလာသည်။ ဒေါသက အထွတ်အထိပ် ရောက်နေပြီ၊ ခေါင်းထဲမှာ ထူပူနေသည်။ ရင်ထဲမှာ တင်းကျပ်နေသည်။ အသက်ရှူသံက တရှူးရှူး တရှဲရှဲ။

သည့်ထက် ဒေါသထွက်ရလျှင် ဒေါသနှင့်အတူ အသက်ပါ ပါသွားမည်ဟု ထင်ရသည်။

သို့သော် ဒေါသက ဖွင့်ထုတ်၍မရ။ ပိုးကောင်ကို အသေချေဖို့ သူ ကြိုးစားသည်။ လက်ဝါးနှင့် တအား ဖိရိုက်သည်။ ရိုက်၍မရ။ ပိုးကောင်နှင့် ထိခါနီးမှာ လက်ကြီးက လေးသွား နှေးသွားသည်။ အားနှင့် ရိုက်သည်။ မထိ၊ မနာ၊ မသေ။

ပိုးကောင်က ဟိုအပေါက် ထွက်လာလိုက်၊ သည်အပေါက်က ထွက်လာလိုက်၊ ကပ်ပါးကောင် အချောင်သမား ...၊ အော်လိုက် ဟစ်လိုက်။

တစ်ချက်မှာတော့ လက်ကို လှုပ်၍ ရသွားသည်။

ထိသွားပြီ။

ဗုန်းခနဲ မြည်ပြီး စာအုပ်ကြီး လွတ်ကျသွားသည်။ အတွင်းက စာရွက်တချို့ ကျွတ်ထွက်ကာ အိမ်ရှေ့ဝရန်တာမှာ ပြန့်ကျဲသွားသည်။

ကိုသင်ကာ အိပ်ချင်မူးတူး ဇဝေဇဝါ ထလာသည်။ ရင်ထဲမှာ တဒိန်းဒိန်း ခုန်နေဆဲ။

လေမှာ ဝေ့ဝဲသွားသော စာရွက်တစ်ရွက်က ကြမ်းပေါက်ကျဲကျဲထဲ တည့်တည့်ကျကာ ခဏ ထိုးထိုးထောင်ထောင် ဖြစ်နေပြီးနောက် အောက်သို့ လျှောကျသွားသည်။ ကိုသင်ကာ့ မျက်စိထဲတွင် ပေါ်တူဂီတို့၏ ကာရာဗယ်ရွက်သင်္ဘောတစ်စင်း ဟော်မွတ်(ဇ်) ရေလက်ကြားထဲ ဖြတ်သန်းဝင်ရောက်သွားတာ မြင်လိုက်ရသလိုလို။

အိမ်ရှေ့က ဂျောက်ခနဲ အသံကြား၍ လှည့်ကြည့်လိုက်တော့ ဈေးက ပြန်လာသော အမေ ဖြစ်နေသည်။

"အမေ နေသိပ်မကောင်းတာနဲ့ ဒီနေ့ စောစောပြန်လာခဲ့တယ် သားရေ၊ တုပ်ကွေးများ မိချင်နေလား မသိဘူး"

အမေက ခြံတံခါး ဖွင့်ပြီး ဝင်လာသည်။ ကိုသင်ကာ သံဆန်ခါကွက်တံခါးကို ဖွင့်ပေးတော့ အမေ အိမ်ပေါ် ရောက်လာသည်။

"စာရွက်တွေလည်း ပြန့်ကျဲလို့ပါလား၊ ငါ့သား တစ်ယောက်တည်း စာဖတ်ရင်း ရန်ဖြစ်နေပြန်ပြီ ထင်တယ်"

ပြောပြောဆိုဆို အမေက ပလတ်စတစ်ဆွဲခြင်းကို ချကာ ပြန့်ကျဲနေသော စာရွက်တွေ လိုက်ကောက်နေသည်။

ကိုသင်ကာ ကြောင်တက်တက်နှင့် ရပ်နေရင်းက အမေ့ ဆွဲခြင်းဆီ လှမ်းကြည့်မိသည့်အခါ မနက်က သူ မှာလိုက်သဖြင့် အမေ ဈေးက ဝယ်လာခဲ့သည့် နွားနို့တစ်ပုလင်း သူ့ကို ခပ်တင်းတင်း ပြန်ကြည့်နေတာ မြင်လိုက်ရလေသည်။

※※※

မဟေသီ။ ၂၀၀၂၊ ဩဂုတ်

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR